
www.burmeseclassic.com

# တောညို

မဟာသံမဏိတံတိုင်းလိုလူ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စောညို

## မဟာသံမဏိတံတိုင်းလိုလူ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၄၇၀၅၀၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၄၆၀၅၀၂

၂၀၀၅ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှ၊စာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

စေတနာ
စာပေ

# စောညို



## မဟာသံမဏိတံတိုင်းလိုလူ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

- ✰ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ✰ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ✰ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ✰ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✰ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✰ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✰ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ✰ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✰ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ✰ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ✰ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ✰ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✰ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✰ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ✰ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ✰ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✰ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✰ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✰ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ဇာတ်လမ်းစဦး(၁)

BURMESE CLASSIC .com

ရင်နာရပါသည်။

လွမ်းဆွတ်တသရင်မောရပါသည်။

လိုက်ရှာရပေဦးတော့မည်။

စုံနံ့သာမြိုင်ရှာပုံတော်ဖွင့်သလို ရှာပုံတော်ဖွင့်ရပေဦးတော့မည်။

ဘယ်မှာလိုက်ရှာရပါ့မလဲ။

ကမ္ဘာအနှံ့စကြာဝဠာမြေအဆုံး လိုက်ရှာရတော့မလား။

ငရဲမီးလျှံတို့ပဲတားတား၊ အန္တရာယ်မဟာတံတိုင်းပဲတားတား ရင်ဆိုင်ဖြိုဖျက်ရပါ့မလား။

သူ့ဘဝတွင် "ဆွတ်ပျံ့ကေသရာ"သည် အပျော်ရွှင်ပုံးပေးနိုင်သူ၊ ကြည်နူးဆွတ်ပျံ့ညွတ်နူးဖွယ်ကောင်းသော သာ[illegible]မှု

www.burmeseclassic.com

www.burmeseclassic.com



များပေးနိုင်သူဟု ယူဆခဲ့၏။

ဦးကေသရာသည် သူမဆုံးမီကာလတွင် ဆွတ်ပျံ့ကေသရာအား တစ်ဘဝလုံးပြုစုစောင့်ရှောက်ပါ၊ အမှားရှိလျှင် သည်းခံပါဟု စနေထွန်းကို မှာသွားခဲ့ပါသည်။

ဆွတ်ပျံ့ကေသရာသည် စနေထွန်းကိုတွေ့စက ဒီလူဟာ လူချောတစ်ယောက်၊ မိမိလိုပဲ ငွေကြေးချမ်းသာသူတစ်ယောက်ဟူသော အသိသညာအမှတ်ပြုရုံက လွဲလို့မချစ်ခဲ့ပါ။

စနေထွန်းသည် မြန်မာနိုင်ငံတွင် ကင်မက်စရီနှင့်ဘွဲ့ယူပြီး ထိုမှမဟာသိပ္ပံဘွဲ့တစ်ခုကို ထပ်ယူလိုက်သည်။

ပြီးတော့ စီးပွားရေးဇုန်ထဲ ပစ်ဝင်လာသည်။

သူက ဦးကေသရာနှင့်တွေ့ပြီး နှစ်ဦးရှယ်ယာလုပ်ခဲ့ကြသော စီးပွားရေးများတွင် ပြည်တွင်းကားထုတ်လုပ်မှု၊ ပြည်ပကားတင်သွင်းဖြန့်ချိမှု၊ ပြည်တွင်းရေလုပ်ငန်းစီးပွားရေးတို့ကို အချက်ကျကျ၊ ပိုင်နိုင်သော အသိ၊ ပိုင်နိုင်သော ဉာဏ်တီထွင် ကွန့်မြူးမှုတို့နှင့် လုပ်ကိုင်ခဲ့ရာ ဦးစွာတွင် ဦးကေသရာမှာ ဆရာဖြစ်ရာမှ နောက်ဆုံးတွင် စနေထွန်း၏နောက်လိုက်ဖြစ်လာတော့သည်။

နိုင်ငံခြားငွေတွေက မျှော်မှန်းထားသည်ထက်ပို၍ ပို၍ဝင်လာသည်။ ဦးကေသရာနှင့် စနေထွန်း၏အမိကရည်ရွယ်ချက်က ထိုဝင်လာသောနိုင်ငံခြားငွေများနှင့် မြန်မာနိုင်ငံ၏စီးပွားရေးနယ်ပယ်ကို ပိုမိုချဲ့ထွင်တိုးတက်စေရေးပင်ဖြစ်၏။

မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်လာလေ၊ နိုင်ငံ၏ကြွယ်ဝကျော်ဇောမှု ပိုမိုလာလေလေဖြစ်မည်ကို နားလည်ထား၏



ဒါပေမဲ့ ...

သူတို့၏စီးပွားရေးက လမ်းခုလတ်မှာပင် ရပ်တန့်သွားခဲ့သည်။

ဖြစ်ပုံက သည်လိုပါ ... ။

ဦးကေသရာသည် ငယ်စဉ်မှစပြီး အင်္ဂရတ်တွင် ဝါသနာပါသည်။ သူမချမ်းသာမီကာလက အင်္ဂရတ်ပညာလိုက်စားရာတွင် အင်္ဂရတ်ဆရာအမျိုးမျိုးကို ရှာသည်။ အင်္ဂရတ်ဖိုထိုးသည်။

မြန်မာနိုင်ငံအနှံ့သွားသည်။ ပင်လယ်ပြင်ဘက်ကိုတောင် ရောက်ခဲ့ဖူးသည်။ သူ့တွင် ပြဒါးသေသည်၊ သံသေသည်၊ ငွေဖြစ်အောင်လုပ်နိုင်သည်ဟူသော သတင်းများပျံ့နှံ့ခဲ့၏။

ဆွတ်ပျံ့၏မေမေနှင့် ဦးကေသရာတို့လက်ထပ်ပြီးကတည်းမှစပြီး ဦးကေသရာသည် အင်္ဂရတ်လုပ်ငန်းကို ရပ်စဲလိုက်၏။

စီးပွားရေးကိုမှတ်ည်လုပ်ကိုင်လာရာ တစ်စတစ်စချမ်းသာလာခဲ့ရသည်။ ဆွတ်ပျံ့ကို မွေးသည်။

ဆွတ်ပျံ့မေမေသည် ဆွတ်ပျံ့ဆယ်နှစ်သမီးဘဝတွင်ဆုံးသွားခဲ့၏။

လူ့လောကကြီးကို ဇနီးဖြစ်သူက မျက်ကွယ်ပြုသွားပြီးသည့်နောက်တွင် ဦးကေသရာသည် အိမ်ထောင်ဟူသောနောက်ထပ်အပူမီးတစ်ခုကို ထပ်မရှာတော့ဘဲ မုဆိုးဖိုဘွဲ့နှင့်ပဲ သမီးကလေး၏ဘဝကို တင့်တယ်အောင် ထူထောင်ပေးခဲ့သည်။

သူပဲ အဖေ၊ သူပဲ အမေပေါ့။

ဒါနှင့်ပဲ ဆွတ်ပျံ့တစ်ယောက် လူလားမြောက်လို

www.burmeseclassic.com

www.burmeseclassic.com



လူ့လောကထဲခြေစုံပစ်ဝင်နိုင်အောင် ဘွဲ့တစ်ခုရခဲ့သည်။ စီးပွားရေး ဘွဲ့တစ်ခုပဲ။

ဦးကေသရာက သူ့သမီးအား စင်္ကာပူမှာပဲဖြစ်ဖြစ်၊ ထိုင်းမှာပဲဖြစ်ဖြစ်၊ ယူကေခေါ် အင်္ဂလန်မှာပဲဖြစ်ဖြစ် စီးပွားရေးလုပ်ငန်းတစ်ခုခုကို ထူထောင်ပေးဖို့ စဉ်းစား၏။

သို့သော်လည်း တစ်သက်လုံးစောင့်ရှောက်တွယ်တာလာခဲ့ရသော ထိုသမီးလေးကို ရပ်ဝေးလွှတ်ပြီး ပင်လယ်ရပ်ခြားမှာ စီးပွားရှာခိုင်းဖို့ရန်အတွက် မလွှတ်နိုင်အောင် တွယ်တာနေခဲ့သဖြင့် နှောင့်နှေးကြန့်ကြာနေခဲ့ရသည်။

ဆွတ်ပျံ့ကတော့ ဘယ်သွားသွား သွားပြီးအလုပ်လုပ်ရမှာကို မနှစ်သက်သော်လည်း ဖခင်စိတ်ချမ်းသာအောင် လုပ်ပေးရန်ကို စိတ်ဆုံးဖြတ်ခဲ့၏။

ဆွတ်ပျံ့နှစ်ဆယ့်တစ်နှစ်သို့အရောက်တွင် သူတို့၏ လုပ်ငန်းခွင်သို့ ချောမောလှပသော ခေတ်ပညာတတ်စီးပွားရေး ပညာရှင်တစ်ယောက်ဝင်လာ၏။

ရှယ်ယာလုပ်ဖို့ကို ဘယ်တုန်းကမှ စိတ်ကူးမတည်ခဲ့ဘဲ ကစ်ကိုယ်တော်စီးပွားရေးလုပ်ခဲ့သော ဦးကေသရာသည် စနေထွန်းဆိုသော လူငယ်လူချောကလေးကိုတွေ့ရှိရာမှ သူ့စီးပွားရေးခွင်ထဲတွင် လက်ခံခဲ့သည်။

ကုမ္ပဏီ၏ရာခိုင်နှုန်းလေးပုံသုံးပုံကို စနေထွန်းထည့်ဝင်နိုင်ခဲ့သည်။ ဆွတ်ပျံ့နှင့်လည်း တွေ့ဆုံခဲ့ရ၏။

ဆွတ်ပျံ့က စနေထွန်း ဘယ်လောက်ချောချော



စိတ်မဝင်စားခဲ့ပါ။ အကြောင်းသော်က တက္ကသိုလ်မှာ ချစ်လာရသော သူ့ချစ်သူမင်းစိုးထိုက်ရှိနေသောကြောင့်ပဲ ... ။

ဒါပေမဲ့သူမတို့၏စီးပွားရေးတွင်ဦးကေသရာကစနေထွန်းကို အားကိုးလာသည်နှင့်အမျှ စနေထွန်း၏တည်ထွင်ကြံဆမှုတွေ၊ စီးပွားရေးခွင် ချဲ့ထွင်မှုတွေများလာတော့ စနေထွန်း၏လုပ်ရည်ကိုင်ရည်ကို သတိမမူဘဲ မနေနိုင်အောင်ရှိခဲ့ရ၏။

ဦးကေသရာကလည်း စီးပွားရေးတိုးတက်အောင်ပြုခဲ့သော စနေထွန်းကို အပြတ်အားကိုးလာတာကိုလည်း သတိထားမိခဲ့၏။

စနေထွန်းဆိုသည့် ငနဲလေးမှာ သူ့မိဘတွေက မန္တလေးမှာရှိပြီး သူကရန်ကုန်စီးပွားရေးခွင်တွင် တစ်ကိုယ်တော်လာလုပ်ခြင်းသာဖြစ်သည်။

မန္တလေးမှ စီးပွားရေးသမားတွေမှာ ရန်ကုန်က စီးပွားရေးသမားတွေထက် ပိုမိုချမ်းသာကြသူတွေ။

စနေထွန်း၏မိဘတွေကလည်း ပိုမိုချမ်းသာပြီး စနေထွန်း၏စီးပွားရေးကို ကျားကန်ကန်ပေးထားခဲ့ကြသူတွေ။

သူတို့သားကို သူတို့စိတ်ချယုံကြည်၏။

စနေက ဆွတ်ပျံ့ကို လှတာ၊ ချောတာ၊ နူးညံ့တာ၊ ပညာတတ်တာတွေကို တွေ့စေကာမူ ဆွတ်ပျံ့နည်းတူ သူမအပေါ် စိတ်မဝင်စားခဲ့ပါ။

ဒါပေမဲ့ ...

ကြာကြာတွေ့တော့ စွဲဆိုသလို ဆွတ်ပျံ့၏[illegible]ကို

www.burmeseclassic.com

www.burmeseclassic.com



တွယ်တာမှု၊ ပညာတတ်ပေမဲ့ ချမ်းသာပေမဲ့ မောက်မာမှုမရှိတာတွေကို သတိပြုလာမိသည်။

စီးပွားရေးတွင် အကြံဉာဏ်များပေးတတ်တာကိုလည်း သတိမူလာရာမှ ဆွတ်ပျံ့အပေါ် စိတ်ဝင်စားလာ၏။

ဆွတ်ပျံ့သည် မင်းစိုးထိုက်နှင့်တွဲသွား တွဲလာရှိစေကာမူ သူမကိုယ် သူမထိန်းလာနိုင်သည်။ အချိန်မဲ့ အခါမဲ့သွားသွားလာလာလည်း မရှိ။

သောကြာနှင့် တနင်္ဂနွေတွင် သူမနှင့် မင်းစိုးထိုက်တို့ ဗိုလ်ချုပ်ဈေး ဘင်ဘီလက်ဖက်ရည်ဆိုင်မှာ တွေ့ချင်တွေ့၊ ဒါမှမဟုတ် မစ္စတာဂစ်တာလို လက်ဖက်ရည်ဆိုင်၊ ဒါမှမဟုတ် ဂျေဒိုးနပ်(စ်)လိုဆိုင်မှာတွေ့။

ပြီးတော့ ပလာဇာတို့ မိနီမားကတ်တို့သွား၊ လိုတာလျှောက်ဝယ်၊ စကားပြော၊ ပြီးတော့ ချစ်သူတို့ထုံးစံအတိုင်း ဘုရားသွား၊ ရုပ်ရှင်သွား၊ ဒါလေးပဲပေါ့။

အင်းလျားစောင်းမှာ၊ ကန်တော်ကြီးစောင်းမှာ ထိုင်တာတို့ မလုပ်။

ဒါသိက္ခာကျတဲ့အလုပ်လို့ သူမက ဆိုချေ၏။

ကဲ … ကောင်းပြီ။

ချစ်သူမဟုတ်သူနှင့် ချစ်သူဖြစ်နေသူယောကျ်ားသားနှစ်ယောက်ကို နှိုင်းယှဉ်ကြည့်ရအောင်။

မင်းစိုးထိုက်မှာ စနေလောက်မချောသော်လည်း အားကစားသမားဖြစ်ခဲ့သူမို့ စနေထက် တောင့်တင်းသန်မာ၏။



ယောကျ်ားပီသသော ရုပ်ရည်ရှိ၏။ သူ့ရုပ်နှင့် မြဲပွေမည်ဆိုလျှင် 'မ'ချောလေးတွေက ရေပိုးကောင်လေးများ ကိုယ်တွင်ကပ်ငြိတွယ်သလို ကပ်တွယ်လာနိုင်၏။

ဆွတ်ပျံ့မသိအောင် ပွေတာတွေလည်းရှိခဲ့ရာ ဆွတ်ပျံ့ မကြားတကြားသိထား ကြားထားတာတွေ ရှိ၏။

ဩော် … ယောကျ်ားပဲလေ … ဒါလောက်တော့ရှိမှာပေါ့ဟူသောအသိနှင့် ဆွတ်ပျံ့က ခွင့်လွှတ်ထားပေးလိုက်၏။

မင်းစိုးထိုက်မှာ စနေလိုပဲ သိပ္ပံဘွဲ့တစ်ခုရှိ၏။

သူက စီးပွားရေးကို စိတ်မဝင်စား။ ခပ်သော့သော့နေ ခပ်ပေါ့ပေါ့စားဆိုတဲ့ အစားထဲကပဲ။

ပထမရေတို့၊ မြေနေရာတို့၊ အဆောက်အအုံတို့နှင့် သက်ဆိုင်သော ဌာနတစ်ခုတွင် ဝင်လုပ်၏။

နယ်မြေက ဌာနခွဲတစ်ခုတွင် ဝင်လုပ်ရာမှ ရေခတို့ အမှိုက်ခတို့ဆိုတာတွေကို လိမ်ကောက်၏။ ငွေတွေ အလွဲသုံးစားလုပ်၏။

သူလုပ်တာတွေကို သူမရှင်းနိုင်တော့ ထိုဌာနမှ မင်းစိုးထိုက်ကို အလုပ်မှထုတ်ပစ်လိုက်၏။

ကိစ္စမရှိ။

ကုမ္ပဏီတစ်ခုတွင် အဆက်အသွယ်တစ်ယောက်နှင့် သွားလုပ်သည်။ အဲသည်မှာလည်း သူမမြဲ။

ဘယ်မြဲမလဲ။

ငွေတွေကို ကလိန်းကလက်နှင့် အလွဲသုံးစားလုပ်ခဲ့

www.burmeseclassic.com

တာကိုး။ ထောင်မကျတာတောင် ကံကောင်း။

အဲသည်ကထွက်ပြီး ယောင်လည်ယောင်လည်ဖြစ်သည်။ ဒါတွေကိုလည်း ဆွတ်ပျံ့သိ၏။

ဆွတ်ပျံ့ဆီမှလည်း ငွေတွေကို ချေးချေးသုံး၏။

ငွေဟူသည် ချေးငှားရာမှ သွားလမ်းရှိပြီး ပြန်လမ်းမရှိသောအရာမို့ သူ့ဆီမှချေးငွေများကို ဆွတ်ပျံ့ဘယ်တော့မှ ပြန်ရသည်မရှိ။

ရှိပါစေတော့။

ချစ်သူဆိုတော့လည်း ပေးရမှာပေါ့။

ယခုလက်ရှိတွင်ကား ပွဲစားဝင်လုပ်နေသည်။ ကားပွဲစားဆိုတာ ခပ်ရှုပ်ရှုပ်ခပ်လည်လည်တွေက များသည်။ သည်လိုရှုပ် သည်လိုလည်မှ သူတို့ခမျာ စားရမှာကိုး။

စကားရှုပ်၊ လက်ရှုပ်။

ဝင်ငွေက ခပ်ကုပ်ကုပ်။

ယောကျ်ားသားနှစ်ယောက်ကို ဆွတ်ပျံ့ယှဉ်တွက်ကြည့်တော့ သူမဘဝတွင် ဘယ်သူ့ကို ခွာ၊ ဘယ်သူ့ကိုလာအောင် အိမ်ထောင်ပြုရမည်ကို သဘောပေါက်လာသည်။

ခုခေတ်အိမ်ထောင်ရေးက အချစ်နှင့်မပြီးပါ။

အနှစ်ရှိသောအိမ်ထောင်ရေးသည်စီးပွားရေးကောင်းမွန်မှုပဲဖြစ်သည်။

အကြွေတွေပျောက်သလို အချစ်ကိုဖျောက်ဖျက်ပစ်လို့ရနိုင်သည်။ ရုပ်ရှင်ထဲကလို ဝတ္ထုတွေရုပ်ပြတွေထဲကလို စိတ်ကူးယဉ်ပြီး အချစ်ကိုတန်ဖိုးထား ဘဝကိုအနှစ်နာခံလို့ကတော့ လက်တွေ့မှာ မြောင်းထဲရောက်သွားမှာ သေချာသည်။



ဒါကို ဦးနှောက်မီမီနှင့် ဆွတ်ပျံ့က စဉ်းစားမိလာတော့ မင်းစိုးထိုက်ကို ဆွတ်ပျံ့က တစ်စတစ်စ အနာမှ ပလပ်စတာခွာသလို ဖြည်းဖြည်းချင်း ခွာခဲ့၏။

ထိုနည်းတူ တစ်ဖက်မှသူမအပေါ် စိတ်ဝင်စားလာသော နှလုံးသား၏ချစ်ကြင်မှု အရိပ်အငွေ့တွေပြလာသော စနေထွန်းအား ချစ်ပန်းဝေဝေအပြုံးတွေ ကြွေခဲ့မိ၏။

အဲသည်အတွင်း စီးပွားရေးမှာ ဖောက်လာတာက ဦးကေသရာ။

သူသည် ငွေတွေကို အလဟသသုံးဖြုန်းခြင်းမဟုတ်။ သူများကို ပေးကမ်းသည်လည်းမဟုတ်။ လောင်းကစားပြုလုပ်သည်လည်း မဟုတ်။

သူငယ်စဉ်က ဝါသနာပါခဲ့သော အင်္ဂလိပ်လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခြင်းဖြစ်၏။

သူလုပ်ထားသော ဖိုအိမ်ကလေးမှာပင် ဖိုထိုးခြင်းဖြင့် အချိန်ကုန်သည်။

သံသေတစ်ပြည်ဝ၊ ပြဒါးသေ တစ်ဆွေဝဆိုသော အင်္ဂလိပ်စကားကို သူယုံကြည်သည်။

ဖိုထိုးတာ ဖိုဆွဲတာက ပိုက်ဆံအကုန်အကျများသည်။ တကယ်လို့ ဒီအလုပ်မှာလုပ်ပြီဆိုလျှင်လည်း တခြားသောအလုပ်ကိုမှ စိတ်မဝင်စားတော့။

www.burmeseclassic.com



စီးပွားရေးဆိုလျှင် ဝေလာဝေးပဲ။

"ငါ့အလုပ်က ရွှေဖြစ်သွားပြီဆိုရင် ... ဘာမှမပူနဲ့ ရွှေစင်ပြဒါးထည့်လိုက်တာနဲ့ ရွှေတစ်ကျပ်သားက တစ်ဆယ်သားကိုဖြစ်သွားနိုင်တယ် ... ရွှေတစ်ဆယ်သားကို ဖိုထဲထည့်ထိုးလိုက်တာနဲ့ ရွှေတစ်ပိဿဖြစ်သွားနိုင်တယ် ... ရှင်အဇ္ဇဂေါဏက ပုဂံပြည်ကြီးကို ကြွယ်ဝချမ်းသာအောင် လုပ်သလို ငါဆိုတဲ့ကေသရာကလည်း မြန်မာနိုင်ငံကြီးကို တကယ့်ရွှေနိုင်ငံဖြစ်အောင် လုပ်နိုင်တယ် အဂ္ဂိရတ်ပေါက်သွားရင် ... ရွှေမရှား ငွေမရှားမဲ့ကွ ... "

သူက စနေထွန်းကို ပြောပြ၏။

အဂ္ဂိရတ်လုပ်ရင်းလုပ်ရင်း အဘိုးကြီးပေါက်သွားပြီဟုတော့ စနေထင်၏။

အဂ္ဂိရတ်ပညာကို စနေထွန်းမယုံကြည်ပါ။ တချို့အဂ္ဂိရတ်ပညာရှင်တွေက အဂ္ဂိရတ်မှ ပြဒါးဓာတ်လုံး၊ သံဓာတ်လုံးတို့ကို မီးနှင့်ရေ၊ အပူနှင့်အာကာသဓာတ်တွေကို သိပ္ပံနည်းကျတွက်ပြသော်လည်း စာထဲတွင် ဖတ်ခြင်း၊ ကြားသိခြင်း သိရှိခဲ့ရသော စနေမှာ လက်မခံပါ။

ဘာကြောင့်လဲဆိုတော့ သူက ဓာတုဗေဒဘွဲ့နှင့် မဟာသိပ္ပံဘွဲ့ကိုရရှိထားသောသူ ဖြစ်သောကြောင့်ပါပဲ။

ဝိဇ္ဇာနည်းသည် သိပ္ပံနည်းကျမဟုတ်သောကြောင့် ရွှေဖြစ်တာ ပြဒါးရှင်ဖြစ်တာတွေကို လုံးဝမယုံကြည်။

ဖိုထိုးခြင်း၊ ဖိုဆွဲခြင်းသည် အချိန်ကိုအလဟသဖြုန်းပစ်ရာရောက်သည့်အပြင် လူ့စိတ်ကူးတွေကို ဖောက်လွှဲဖောက်ပြန်



ဖြစ်စေသည်ဟုပဲ ယူဆသည်။

"ဖိုထိုးမဲ့အစား အဲဒီအချိန်တွေမှာ ဇရတ်ကောင်းပင်တို့ ... ကော်ဖီပင်တို့ ပန်းလှလှတွေ စိုက်တာကမှ တကယ့်ရွှေဖြစ်ငွေဖြစ်ရဦးမယ် ... ဆွတ်ပျံ့ဒက်ဒီကြီးကတော့ စိတ်ကူးနဲ့ပဲ အချိန်ကုန်တော့မှာပဲ ... "

စနေက ဆွတ်ပျံ့ကို ပြောဖူးသည်။

သူမဒက်ဒီအား စနေကပြောတာကို ဆွတ်ပျံ့က ပထမတော့ လက်ခံခြင်းမရှိသေးပါ။

ဒါပေမဲ့ သူမ တကယ်ဆင်ခြင်လိုက်သောအခါ အဂ္ဂိရတ်ကြောင့် ရွှေဖြစ်ငွေဖြစ်နှင့် ချမ်းသာသွားတာကို တစ်ခါမှမမြင်တွေ့ဖူးပါ။

သူမဒက်ဒီသည်လည်း အဂ္ဂိရတ်အလုပ်နှင့်အချိန်ဖြုန်းနေသောကြောင့် ရက်တွေ လတွေကြာလာတော့ စီးပွားရေးလုပ်ငန်းတွေ တန့်လာတာကို သတိထားမိ၏။

တချို့လုပ်ငန်းတွေမှာ ဒက်ဒီလုပ်မှရတာတွေရှိ၏။

အင်တာနက်တွေ၊ အီးမေးတွေ ဘယ်လိုပဲကောင်းကောင်း စီးပွားရေးနယ်ပယ်တွင် လူချင်းဆက်သွယ်မှုနှင့် ယုံကြည်မှုက အဓိကဖြစ်၏။

ဒါတွေနှင့် ဒက်ဒီကအဆက်အစပ်တွေပြတ်လာတော့ လုပ်ငန်းတွေ တန့်သွား၏။

သည်နေရာတွင် စနေထွန်းသာမရှိလျှင် [illegible]ဆင်းသွားနိုင်၏။ ဒါကြောင့် ဒက်ဒီ့နေရာတွင် ဆွတ်ပျံ့က[illegible]ရာက သူမ

www.burmeseclassic.com

www.burmeseclassic.com



ဝင်နေရာယူပါစေဆိုတော့လည်း ဒက်ဒီဂရုမပြု။

ဒက်ဒီတော့ ခက်နေပါပြီ။

ဒက်ဒီ့ကိုစနေထွန်းကရှင်းပြလျှင်ဒက်ဒီကလက်မခံ။

"မင်းရှိသားပဲကွာ ... "

ဟူသောစကားသာလျှင် အဖတ်တင်ခဲ့သည်။

ဆွတ်ပျံ့က မိမိတို့၏စီးပွားရေးအခြေအနေကိုတင်ပြလျှင် ...

"စနေရှိသားပဲ ... သမီး ဒက်ဒီက အသက်ကြီးလာပြီ ... သူ့ကိုပဲ အားကိုးရတော့မှာ ... "

ဟူသော စကားတွေပဲ ရရှိသည်။

ဒက်ဒီ ပျင်းသွားလေပြီကော။

အင်္ဂရတ်သမားသည် သူ့အင်္ဂရတ်ကိုပဲ ဂရုစိုက်တော့သည်။ သူ့စိတ်၊ သူ့အာရုံ၊ သူ့သမထသည် ထိုဖိုထိုးခြင်းအပေါ်မှာပဲတည်နေသဖြင့် အင်္ဂရတ်မှလွဲ၍ ဘာကိုမှစိတ်မဝင်စားတော့။

အင်္ဂရတ်ထိုးနေချိန်တွင် ထွက်ငွေပဲရှိ၏။ ဝင်ငွေ မရှိ၊

"ဆွတ်ပျံ့ရယ် ... အဘိုးကြီးစိတ်ချမ်းသာသလိုပဲ လုပ်ပါစေနေပါစေတော့ ... ကိုယ်ပဲ တတ်နိုင်သရွေ့ စီးပွားရေးလမ်းကြောင်းကို ပဲ့ကိုင်သွားရတော့မယ် ... "

စနေက နောက်ဆုံးသည်စကားကိုပဲ ပြောလိုက်၏။

ခုလိုအချိန်မျိုးတွင် စနေငွေလိမ်လျှင်ရသည်။ အလုပ်ကိုလိမ်လျှင် ရသည်။ အားလုံးသည် စနေ့လက်ထဲမှာရှိသည်။

ဒါပေမဲ့ စနေက သည်လိုမရိုးမသားမလုပ်ပါ။



သူ့နေရာတွင် မင်းစိုးထိုက်သာဆိုလျှင် အလုပ်ရော ငွေတွေပါ နေ့မြင်ညပျောက်ဖြစ်ကုန်မှာ သေချာသည်။

ယောကျ်ားနှစ်ဦး၏ စာဂနှင့် အရည်အသွေးကို ကြည့်ကာ ဆွတ်ပျံ့သည် သူမ၏နှလုံးသားကို နေရာအပြောင်းအရွှေ့ လုပ်ခဲ့သည်။

အချစ်သည်လည်း ရွှေ့လျားခဲ့ရချေ၏။

စနေထွန်းသည် ရုပ်ရည်ချောမောသလောက် စိတ်သဘောထားမြင့်မားကြီးကျယ်သူဟု ဆွတ်ပျံ့ယူဆ၏။

အကြောင်းကတော့ ... မိမိအပေါ်တွင် ဆွတ်ပျံ့၏ ကုန်ဆုံးသွားသော အချစ်ကိုမူတည်၍ မင်းစိုးထိုက်က စနေထွန်းကို တိုက် ခိုက်လာ၏။

ပထမဆုံး စနေ၏ လန်း(န်)ကရူဆာကားဘီးတွေကို လူအလစ်တွင် သူ့လူတချို့အား ဖောက်ခွဲဖျက်ဆီးခိုင်း၏။

ဒုတိယတွင် ကားမှန်တွေကို ခွဲပစ်ခိုင်း၏။

ခိုင်ခန့်သောဘီးတွေ၊ ကားမှန်တွေဖြစ်စေကာမူ ဖျက်ဆီးမှုအောက်တွင် နစ်နာဆုံးရှုံးရတာ အမှန်။

ပြန်လည်ပြုပြင်ရသော တန်ဖိုးကလည်း နည်းလှသည်မဟုတ်ပါ။

တတိယတွင် စနေကားကို မောင်းအလာ ရေကျော်မောင်အေးလက်ဖက်ရည်ဆိုင်အနီး မီးပွိုင့်တွင် လူတစ်ယောက်က စနေ၏ကားက ဝင်တိုက်သည့်သဖွယ် သူ့ကိုယ်သူ အတိုက်ခံ၏။

နဂိုကတည်းက ကြံစည်လာသူမို့ သူ့ကိုယ်သူငွေ့

www.burmeseclassic.com

www.burmeseclassic.com



အသေမခံ။ ပွန်းရုံပွဲရုံပဲရှိ၏။

ကံကောင်းသည်က စနေကားမောင်းလျှင် မြို့ထဲမှာ မနှေးမမြန်မောင်းတတ်ခြင်းပဲဖြစ်၏။ အဲသည်နေ့က ဗိုလ်ချုပ်လမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းလာစဉ် ရေကျော်လမ်းမကြီးမီးပွိုင့်နားမှာ တိုက်ခြင်းဖြစ်၏။

ဘာပဲဖြစ်ဖြစ် အမှုတော့ဖြစ်ရသည်။

ယာဉ်ထိန်းရဲရုံးတွင် ပြဿနာရှင်းရ၏။

စနေက ထုချေသည်။

သူကားကို မောင်းလာတာအရှိန်နှေးကြောင်း၊ မီးပွိုင့်မှာ မောင်းခွင့်ရတာ မီးစိမ်းနေပြီဖြစ်လို့ အမောင်းတွင် အတိုက်ခံရသူက ဖြတ်ကူးခွင့်မရဘဲ ကူးပြေးလာလို့ အတိုက်ခံရတာဖြစ်ကြောင်း ပြော၏။

ဒါကို ယာဉ်ထိန်းရဲကလည်း မြင်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် ရှင်းကြလင်းကြတော့ ယာဉ်ဥပဒေတွင် ကားမောင်းသူက ဘယ်လိုတိုက်တိုက် အမှားပဲဖြစ်နေသည်။

စနေသည် အတိုက်ခံရသူကိုကြည့်သည်။ အဝတ်အစားခပ်နွမ်းနွမ်းဖတ်ဖတ်နှင့် လူလည်ရုပ်။

ဒါမျိုးလုပ်စားနေတာကြာပြီဖြစ်ကြောင်း သူ့ဆားဗစ်(စ်)(Service)လုပ်ငန်းက ရုပ်နှင့်သက်သေခံနေ၏။

အမှုလုပ်မည် ဘာမည်ကြိမ်းဝါးနေသဖြင့် စနေက ဘာပဲဖြစ်ဖြစ် တောင်းပန်ရ၏။ ရဲတွေက စေ့စပ်ပေးသည်။

အမှုမှာ မိမိမလွန်သော်လည်း အမှုဖြစ်လျှင် အချိန်



ကုန်တော့မှာမို့ ကြေအေးရာ ကြေအေးကြောင်း စေ့စပ်ပေးမှုများကြောင့် ငနဲသားကို ဆေးဖိုးဝါးခဆိုပြီး ငွေတစ်သောင်းပေးလိုက်ရ၏။

ငွေတစ်သောင်းရသော ထိုငတိမှာ ပျော်ရွှင်မြူးထူးစွာနှင့် အမှုမလုပ်တော့ဘဲ ရဲစခန်းမှ ထွက်သွားသည်။

စနေထွန်းက သူ့လိုင်စင်ကို ရဲများဆီမှပြန်ယူပြီး ကျေးဇူးရှင်တွေကျေနပ်မှ သူ့ကားပေါ် ပြန်တက်လာနိုင်၏။

ငနဲသားသွားရာကို ကားနှင့်လိုက်ကြည့်၏။ ငတိက တစ်ခါက ရုပ်ရှင်ဇော်ရုံဘေးရှိ လမ်းကလေးထဲမှ ရွှေဘုန်းပွင့်ဘုရားဘက်ကိုသွားသည်။ ဘုရား၏ထောင့်တစ်နေရာတွင် လူတစ်ယောက်က သံလမ်း ဟိုမှာဘက်မှာ ရပ်နေ၏။

အဲသည်လူကို သိလိုက်တာပါ။

စနေလိုက်တာတာကို ကားတိုက်ခံရသူက မသိ။

ရပ်စောင့်နေသူက ဆွတ်ပျံ့၏ချစ်ဦးသူ မင်းစိုးထိုက်။

မင်းစိုးထိုက်နှင့် ကားတိုက်ခံရသူတို့စကားပြောကြ၏။ ငွေတွေကို ရေတွက်ကာ ကားတိုက်ခံရသူက မင်းစိုးထိုက်အား လှမ်းပေးသည်ကိုလည်း တွေ့ရသည်။

စနေတွင် ကင်မရာပါသည်။

အကြောင်းစုံကိုရိုပ်မိလိုက်တော့ စနေ၏စိတ်ထဲမှာ မသက်မသာဖြစ်သွားသည်။

မင်းစိုးထိုက်က သူ့အားခွေပြီကို သိလိုက်သည်။

မင်းစိုးထိုက်က အဲသည်လူနှင့် လူချင်းခွဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို ဓာတ်ပုံလျှို့ဝှက်ရိုက်ပြီးသောစနေက သူ့ကား ကို ပြန်မောင်းထွက်သွားသည်။

သူက အဲသည်အကြောင်းကို ဆွတ်ပျံ့အား မပြောခဲ့ပါ။

မင်းစိုးထိုက်ကို ရှောင်ရှားခဲ့သော ဆွတ်ပျံ့၏နှလုံးသားထဲတွင် မင်းစိုးထိုက်အား မုန်းတီးမှုကို မပေးချင်ပါ။

ဆွတ်ပျံ့စိတ်မချမ်းမသာဖြစ်မှာကိုလည်းစိုးရိမ်သည်။

တစ်ခါတစ်ရံ သူကစဉ်းစားသည်။

မိမိသည် မင်းစိုးထိုက်၏အချစ်ကို လုယူသော အချစ်ဓားပြများဖြစ်နေလေပြီလားဟူ၍ ... ။

တကယ်တော့ မိမိက ဘာမှမလုယူခဲ့ရပါ။

ဆွတ်ပျံ့ကသာ သူမ၏အချစ်ကို မိမိအား ပြောင်းရွှေ့အပ်နှံခဲ့ခြင်းသာဖြစ်သည်။

မင်းစိုးထိုက်ကို လျစ်လျူရှုပြီးထားလို့မရပြီကို စနေ သိတယ်ပေါ့။ သည်တော့ စားသတိ၊ သွားသတိ၊ လာသတိပဲ။

သူ့မှာ အထက်က စစ်ဗိုလ်မရှိဘဲ အမြဲပဲသတိဆွဲနေ ရသည်။ သူပုန်မရှိဘဲ အမြဲပဲကိုယ့်အန္တရာယ်ကိုယ်ကြည့်နေရ၏။

မလွယ်ကြောပါလား။

သည်အတွင်း ဦးကေသရာမှာ ပြဿနာတက်လာ၏။ မီးနားတွင် တစ်နေကုန် တစ်နေခန်းနေပြီး မီးအပူဟပ်ခံနေရသည်။ အညောင်းမိသည်။ အအိပ်ပျက် အစားပျက်ဖြစ်သည်။

ဒါတွေစုကိုင်တော့ တစ်နေ့မှာ အပူခံပြီး ရေချိုးမှား



လိုက်တာကြောင့် အပူဝင်ကာ အိပ်ရာထဲလဲတော့သည်။

ထူးဆန်းတာက သူ့တင်ပါးတွင် သွေးစုနာလို အဖု ကြီးတစ်ခု ပေါက်လာသည်။ အဲသည်အနာကို ဦးကေသရာက ဆရာ ဝန်မပြဘဲ လုံ့ခွက်ထဲမှ ဓာတ်ပြာတွေယူကာ သိပ်ထည့်သည်။

ဓာတ်ပြာဆိုတာတည့်သလား၊ မတည့်သလားမသိ။

ပိုးများရှိနေပုံဖြင့် အနာထဲပိုးဝင်ပြီး အဆက်ပတစ် (Aceptic)ခေါ် အနာပိုးဝင်ဖြစ်သည်။ နောက်အနာကြီး ရင်းလာ တော့မှ ဆရာဝန်ခေါ်သည်။

အိမ်တွင် ဆွတ်ပျံ့နှင့် အခိုင်းအစေ မိန်းကလေးနှစ် ယောက်၊ ခြံစောင့်ယောကျာ်းတစ်ယောက်။

ဒါပဲလေ။

ဆွတ်ပျံ့က ညည်းတွားယောင်ယမ်းနေသော ဖခင် ကိုကြည့်ကာ ဘာလုပ်ရမည် မသိ။

မျက်ရည်တွေ စီးကျလာလျက်မှပဲ သူမ၏လက်ကိုင် ဖုန်းနှင့် စနေထွန်းကို ခေါ်ယူသည်။

စနေထွန်းလာတော့ ဆရာဝန်မှာ ရောက်နေချေပြီ။

သူမတို့နေတာက ကုက္ကိုင်းလမ်းမကြီး၏တစ်နေရာ တွင်ဖြစ်သောခြံ ... ကြီးနှင့်ဖြစ်သည်။ ခြံကို အီလက်ထရွန်နစ်စနစ် နှင့် စီမံထားသည်။

အတွင်းမှခလုတ်ကိုနှိပ်မှ ခြံဝမှသံထည်တံခါးရွက် ကြီးနှစ်ချက်က တအိအိပွင့်သွားသည်။ ခြံထဲတွင် ဘာဂလာအချက်ပေး (Burglar Alarm)ခေါ် သူခိုးဖမ်းစက်လည်း တပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကို ကျော်ဖြတ်ခွင့်ပေးမှပဲ စနေထွန်းဝင်လာနိုင်ခဲ့၏။

ဆရာဝန်က လူနာကိုစစ်ဆေးပြီး လူနာ၏အနာမှာ အတွင်းလှိုက်စား၍ စအိုနှင့်ဆက်နေရာ စအိုမှာ အပေါက်ပိတ်နေတာ စိုးရိမ်ရကြောင်း ဆေးရုံတင်သင့်ကြောင်း ပြောသည်။

သူတို့တိုင်ပင်ပြီး ဗဟိုစည်ဆေးရုံကို တင်သည်။

အသက်ကို ငွေနှင့်လုရသည်။

ဆေးရုံမှာပင် ခွဲစိတ်ကုသမှုပြုသည်။ တစ်ပတ်လောက်ဆေးရုံမှာနေပြီး ပြန်ဆင်းလာသည်။

စနေမှာ ဆွတ်ပျံ့၏တောင်းပန်ချက်အရ ဆွတ်ပျံ့၏အိမ်မှာပဲ နေရသည်။

တိုက်ကြီးက နှစ်ထပ်တိုက်ကြီးဖြစ်သည်။

တိုက်ကြီး၏အောက်ထပ်အခန်းတစ်ခန်းထဲတွင် စနေထွန်းနေရသည်။

သူ့အခန်းထဲတွင် တယ်လီဗေးရှင်း၊ အောက်စက်ဗီစီဒီ(ကာရာအိုကေပါ ဆိုနိုင်သည်)၊ စလောင်းစက်တစ်ခုပါ ပေးထား၏။ အဲယားကွန်း(ဝင်းဒိုးစက်)နှင့် ရေခဲသေတ္တာပါထားပေးထားသည့် အခန်းဖြစ်၏။

ထိုအခန်းသည် နိုင်ငံခြားဧည့်သည်များလာလျှင် နှစ်ယောက်သုံးယောက်အိပ်နိုင်သော အခန်းဖြစ်သည်။ အိမ်သာနှင့် ရေချိုးခန်းလည်း ရှိ၏။

နိုင်ငံခြားစီးပွားရေးဧည့်သည်တွေ အဲဒီမှာလာတည်း



ခဲ့ဖူး၏။ တစ်ယောက်အိပ် ခုတင်သုံးလုံးရှိသော အခန်းကျယ်ဖြစ်သည်။

ခြင်မဝင်ရအောင် ခြင်လုံသံဇကာတွေလည်း ပြတင်းပေါက်မှာတပ်ပေး၍ နံရံကပ်အုပ်ဆောင်းမီးလုံးတွေပါရှိ၏။

စနေက အဲဒီအခန်းမှာ နေသည်။

စကားပြောလိုလျှင် ဖုန်းရှိနေတာကြောင့်အခန်းဖုန်းကိုမသုံးလျှင်လည်း ရသည်။

အထက်ထပ်တွင် ဦးကေသရာနှင့် ဆွတ်ပျံ့ကေသရာတို့၏ အိပ်ခန်းရှိနေပါသည်။

တစ်ညတွင် သူခိုးဖမ်းစက်မှ အချက်ပေးခေါင်းလောင်းသံလေးတွေ ဆူညံလာသည်။

ဦးကေသရာမှာ အိပ်ရာမှမထနိုင်သော်လည်းအခိုင်းအစေမိန်းကလေးတွေမှအစ အားလုံးနိုးပြီးထကြသည်။

စနေက တိုက်တံခါးကို ရီမုကွန်ထရိုး(Remote Control)ကိရိယာနှင့် ဖွင့်သည်။

အီလက်ထရွန်းနစ်တံခါးပွင့်သွားတာနှင့် ခြံထဲတွင် တပ်ဆင်ထားသော မီးသီးတွေက ဟိုမှသည်မှ ဖျတ်ခနဲ ဖျောက်ခနဲ ဖြိုးခနဲ လင်းလာ၏။

မီးအားတွေကောင်းဆဲမှ စနေထွန်းက ပြေးထွက်သည်။

"ကိုစနေ သတိထား ..."

ဆွတ်ပျံ့က စိုးရိမ်တကြီးလှမ်းအော်သည်။ ခြံ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကိုဘလှိုင်က တုတ်ကြီးတစ်ချောင်းဆွဲထွက်လာသည်။

ခြံထဲတွင် ရေကူးကန်၊ ရေပန်း(Water Fountain)ခုံ တစ်ခု။ ပြီးတော့ ပတ်ပတ်လည်မှာ စိုက်ထားသော သကြားပင်တွေ။

သကြားပင်မှ သကြားသီးတိုးလို့တွဲလောင်းများပင် မီးရောင်အောက်မှာ မြင်နေကြရ၏။

စနေနှင့် ကိုဘလှိုင် ခြံကိုဖြတ်ပြေးကြသည်။

ဟော ... ဟိုမှာ။

သူခိုးက အတွင်းထဲရောက်နေသည်။

တစ်ကိုယ်လုံးမှာ အဝတ်နက်တွေဝတ်၍ ခေါင်းတွင် အနက်ရောက်အနားပြားကြီး ဦးထုတ်တစ်လုံးကို ဆောင်းထားသည်။

ဘယ်သူရယ်လို့ ပီပီသသ မသိနိုင်။

သူက စနေတို့လာတာ မလာတာကိုမကြည့်ဘဲ မြေပေါ်တွင် သုံးလေးကြိမ် ခုန်သည်။ ခုန်လိုက်တိုင်း ခုန်လိုက်တိုင်း တစ်ကြိမ်နှင့် တစ်ကြိမ်မြင့်မြင့်တက်သွားသည်။

နောက်ဆုံးအကြိမ်တွင် လူနှစ်ရပ်ကျော်ကျော်လောက် မြင့်တက်သွားသည်။

ခြံမှာ ဆင်တစ်ရပ်အမြင့်ခန့် အုတ်ဘောင်များပြုလုပ်ခတ်ထားရာ ထိုဆင်တစ်ရပ်ခန့်အမြင့်ကို ကျော်လွှား၍ အပြင်သို့ ကျွမ်းပစ်ထွက်သွားတော့သည်။

အီလက်ထရွန်းနစ်ခြံတံခါးရှက် သံတံခါးတွေကို ကိုဘလှိုင်က သူ့ခိုရုံကလေးထဲမှ နှိပ်လိုက်၏။ တံခါးရွက်တွေက ဖြည်းညင်းစွာ ပွင့်ထွက်သွားချိန်မှာ စနေထွန်းက သံတံခါးကြားမှ လိုးကာ ထွက်ကြည့်သည်။



လွတ်သွားပြီ။

အဝတ်နက်ဝတ်ထားသော ကျူးကျော်သူက ညီညာပြန့်ပြူးသော ကတ္တရာလမ်းမကြီးပေါ်မှာ စကိတ်ကိုကျွမ်းကျင်စွာစီး၍ ထွက်ပြေးချေပြီ။

လမ်းမီးရောင်များအောက်တွင် ကားသွားကားလာ ရှင်းနေ၏။

ဟိုးအဝေးရှိ ဘီယာဆိုင်တစ်ဆိုင်မှ ကာရာအိုကေ သီချင်းဆိုသံတစ်သံကို နွေလေညင်းနှင့်အတူ နားဆင်လိုက်ရ၏။

တစ်နေရာတွင် ကားတစ်စီးက လမ်းဘေးမှာ ရပ်ထားတာကို နောက်မီးနီနီကလေးတွေအရ သိရသည်။

အဝတ်နက်နှင့်လူက ထိုကားထဲဝင်ရောက်ပြီးသည့်နောက် ကားမှာတစ်ရှိန်ထိုး ထွက်သွားတော့၏။

အဲသည်ညမှာ သူတို့မအိပ်နိုင်ကြဘဲ သူခိုးအကြောင်း ပြောမဆုံးတော့ပါ။

သူခိုးဝတ်စားထားပုံမှာ သူခိုးနှင့်မတူ။

နိုင်ငံခြားရုပ်ရှင်တွေထဲကလို ဝတ်စားထားသော သူခိုးဖြစ်သည်။ အမြင်အားဖြင့် ထူးဆန်းသည်လို့တော့ စနေထွန်း ထင်သည်။

ပြီးတော့ ခြေထောက်တွင် စပရိန်ပါသော စကိတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးကို စီးထားသေးသည်။ သူ့ကိုယ်က ဆက်ကပ်ထဲက ကျွမ်းပစ်သမားတွေလို လေထဲသုံးလေးကြိမ်မြောက်ကာ ခြံပြင်သို့ ကျွမ်းပစ်ထွက်သွားတာကိုပဲ ကြည့်ပါတော့လေ။

သာမန်ဖောက်ထွင်းဖို့လာသော သူခိုးဟုတ်ဟန်မတူ။

သည်အကြောင်းတွေကို အိမ်ဖော်မလေးတစ်ဦးဆီမှ သိရသော ဦးကေသရာမှာမျက်နှာပျက်သွားသည်။ တစ်စုံတစ်ရာကို လေးလေးနက်နက်တွေးနေဟန်တူသည်။

မနက်မိုးလင်းတွင် ဝတ်စုံနက်ဝတ်၍ ဖောက်ထွင်းလာသူထံမှ တစ်စုံတစ်ရာသဲလွန်စ တွေ့ရလိုတွေ့ငြား အိပ်ရာမှ စနေက စောစောထပြီး ထိုနေရာတွင် သွားရှာသည်။

ဘာကိုမှ မတွေ့ခဲ့ရပါ။

ထူးဆန်းတာက ဦးကေသရာမှာ ရောဂါသက်သာသလိုနှင့် အမောဖောက်လာသည်။ ပါးစပ်မှ မောသည်ဟုလည်း ပြောသည်။ ဘယ်ဘက်ရင်အုံကိုနှိပ်၍ အောင့်သည်ဟုလည်း ပြောသည်။

ဆရာဝန်ကို ခေါ်ရပြန်၏။

အောက်ပိုင်းမှာ ခွဲပြီးပြန်ချုပ်ထားသဖြင့် ချုပ်ရိုးမကျက်သေးတာမို့ သိပ်လှုပ်ရှားလို့ မရပါ။

ဒေါက်တာထင်ပေါ်က စမ်းသပ်၍ ဦးကေသရာတွင် နှလုံးရောဂါဝင်နေပြီး နှလုံးအားနည်းနေသည်ဟုလည်း ပြောပြ၏။

"ဆေးရုံမှာဆိုရင် အောက်စီဂျင်သွင်းရင် ကောင်းမယ် ...



ချုပ်ရိုးမကျက်သေးဘဲ ဘာလို့ဆေးရုံက ဆင်းလာတာလဲ"

ဒါက ဒေါက်တာထင်ပေါ်ရဲ့ အမေးစကား။

လူနာအခန်းပြင်မှာ ဒေါက်တာထင်ပေါ်နှင့် ဆွတ်ပျံ့ မတ်တပ်ရပ်ကာ တီးတိုးစကားပြောနေကြသည်။ စနေက ပစ္စည်းဂိုထောင်တစ်ခုသို့ စစ်ဆေးရန် ထွက်သွားချေပြီ။

"သူက ဖွတ် ဆရာရဲ့ ... ဆေးရုံမှာ မနေဘူးချည်းပြောနေလို့ ... ပြန်ခေါ်လာရတာ ... "

"ဂရုစိုက်မယ် ... နာ့(စ်)တောင် ထားပေးရမယ် ... တတ်နိုင်ရင် အောက်စီဂျင်ပိုက်နဲ့ အောက်စီဂျင်သွင်းရမယ် ... မနက်ဖြန် လုပ်ပေးလိုက်မယ် ... "

ဒေါက်တာထင်ပေါ် ပြန်သွားသည်။

စိတ်မချမ်းမြေ့စွာ ကျန်ခဲ့သူက ဆွတ်ပျံ့။

အဲသည်ညဦးတွင် ဦးကေသရာက သူ့အိပ်ခန်းထဲသို့ စနေထွန်းနှင့် ဆွတ်ပျံ့ကို ခေါ်တွေ့သည်။

မျက်နှာသည် ဖျော့တော့တော့ရှိနေ၏။ နားထင်နားရင်းတွေ မကျသော်လည်း နှာခေါင်းနှင့် မျက်လုံးတွေက ချိုင့်ဝင်စပြုနေ၏။

ဒါပေမဲ့ အသံကတော့ မာသည်။

"ဒက်ဒီက သမီးနဲ့ စနေကို မေးစရာရှိလို့ပါ ... "

"ပြောပါ ... ဒက်ဒီ ... "

"သမီးနဲ့ စနေနဲ့ မေတ္တာသက်ဝင်နေကြတယ် မဟုတ်လား ကွယ့် ... "

www.burmeseclassic.com

www.burmeseclassic.com



သည်စကားတွင် မျက်နှာကပါ မေးလိုသောအရိပ်အယောင်တွေ ပေါ်သေနည်း။ ဆွတ်ပျံ့ပင်လျှင် ခေတ္တငိုင်သွားပြီးမှ ဖြည်းလေးသောအသံနှင့် ...

"ဟုတ်ပါတယ် ဒက်ဒီ ... "

"မောင်စနေထွန်းကကော ... "

"ဟုတ်ကဲ့ ... အန်ကယ်(လ်) ... ကျွန်တော်နဲ့ ဆွတ်ပျံ့ မေတ္တာမျှနေကြပါတယ် ... "

"ကောင်းပါတယ်ကွာ ... အန်ကယ် မကန့်ကွက်ပါဘူး ... မင်းအန်ကယ့်သမီးကို မေတ္တာမျှနေတာ ဘယ်အထိရည်ရွယ်ထားသလဲ ... "

"ခင်ဗျာ ... "

"ချစ်တယ်ဆိုတဲ့နောက်မှာ ရည်ရွယ်ချက်တွေရှိမှာပေါ့ ..."

"ကျွန်တော် ဆွတ်ပျံ့ကိုလက်ထပ်ဖို့အထိ ရည်ရွယ်ထားပါတယ် ... "

"ပြီးတော့ကော ... "

"ကျွန်တော် သူ့ကိုတစ်သက်လုံး စိတ်ချမ်းသာအောင် ထားပါမယ် ... "

"ပြီးတော့ကော ... "

"သူ့ကို တစ်သက်လုံး ချမ်းချမ်းသာသာနဲ့ နေနိုင်အောင် ကြိုးစားသွားပါ့မယ် ... "

"ပြီးတော့ကော ... "

"သူ့အတွက်ဆို ဘာမဆိုအနစ်နာခံပေးပါ့မယ် ... "



"ပြီးတော့ကော ... "

"ဩော် ... အန်ကယ်ရယ် ... ဒါပဲ ကျွန်တော်ပြောတတ်တော့တယ် အန်ကယ် ... "

"လိုသေးတယ်ကွယ့် ... "

"ဘာလဲ ခင်ဗျ ... "

"ငါ့သမီးကို အသက်နဲ့ထပ်တူ စောင့်ရှောက်မယ်ဆိုတာလေ ချစ်သူဆိုတာ ချစ်သူဘဝနဲ့နေရင် ကိုယ့်ရည်းစားယောကျ်ားဟာ ကိုယ်ရံတော်တပ်မှူးလေးပေါ့ကွာ ... အိမ်ထောင်ရက်သားကျပြီဆိုရင်တော့ မယားအတွက် လင်ယောကျ်ားဟာ မဟာတံတိုင်းပဲ ... သံမဏိခံတပ်ပဲ ... "

"စိတ်ချပါ ... ဆွတ်ပျံ့ကို ကျွန်တော်အသက်ပေးစောင့်ရှောက်ပါ့မယ် ... ဒါပေမဲ့ ဆွတ်ပျံ့မှာ ရန်သူမှမရှိတာ ခင်ဗျာ"

"နီး ... နီး ... မင်း ဒီလိုမတွက်နဲ့ ... ဆွတ်ပျံ့မှာ အန္တရာယ်မရှိဘူးလို့ မပြောနိုင်ဘူးကွ ... ငါ မင်းကိုမေးနေပြောနေတာတွေဟာ ဆွတ်ပျံ့အတွက် လိုအပ်ချက်တွေပဲလို့ ထင်တယ် ... "

အဘိုးကြီး ကယောင်ကတမ်းနှင့် ဘာတွေပြောနေသလဲလို့ စနေက စဉ်းစားနေသည်။

အင့် ... ဟင် ... သူကြည့်ရတာလည်း ကယောင်ကတမ်းဖြစ်ပုံမပေါ်ပါဘူး။

အဘိုးကြီးမျက်နှာမှာ ကြည်ကြည်လင်လင်ရှိသည်။ အသက်ငါးဆယ်နီးပါးရှိနေမှတော့ အဘိုးကြီးလို့ပဲ ခေါ်ရမှာပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



"ညက ခြံထဲလူဝင်တာ မင်းတို့အသိပဲနော် ... "

"ဟုတ်ကဲ့ ... "

"ဒါဟာ အန္တရာယ်ပဲ ... မင်းတို့မသိပေမဲ့ ငါသိတယ် ... ဒါ အန္တရာယ်ပဲ ... အချိန်ရောက်လာပြီဆိုတော့ အန္တရာယ်က တော့ လာမှာပဲ ... "

"ဒက်ဒီ ဘာတွေပြောနေတာလဲ ... "

"အန်ကယ် သတိထားပါ ... "

စနေရော ဆွတ်ပျံ့ပါ အသံထွက်သွားကြသည်။

ဦးကေသရာ မျက်နှာမှာ တည့်တည်ကြည်ကြည်ပဲ ဖြစ်သည်။

"မင်းတို့ ငါ့အနားမှာ ထိုင်ကြစမ်း ... ငါပြောစရာတွေ ရှိ တယ် ... "

စနေထွန်းရော ဆွတ်ပျံ့ပါ မတ်တပ်ရပ်လျက်ရှိနေ ကြရာမှ နီးရာကြိမ်ကုလားထိုင်ခုံတစ်လုံးစီကိုဆွဲယူ၍ ထိုင်ချလိုက် ကြသည်။

ဦးကေသရာသည် မျက်နှာကြက်ကို ငေးကြည့်နေ သည်။

ပြီးတော့မှ သက်ပြင်းချလိုက်သည်။

◇⊙◇



## ဇာတ်လမ်းစဉ်(၂)

နောက်တစ်နေ့မနက်တွင် ဦးကေသရာကို သေဆုံး လျက်သား တွေ့ကြရသည်။

စတင်တွေ့ရသူမှာ အိမ်ဖော်မလေး အေးသက်ဆွေ ဖြစ်၏။

သူမက မနက်မိုးလင်းလျှင် မျက်နှာသစ်ရေနှင့် သွား တိုက်ဆေး၊ သွားတိုက်တံတို့ကို ဦးကေသရာဆီ သွားပို့မြဲ။

ယနေ့နံနက်သွားပို့သည်။ ပြီးတော့ ညက အိပ်ရေး ပျက်လို့ အိပ်ပျော်နေသော ဆွတ်ပျံ့၏အိပ်ခန်းသို့လာရောက်၍ အလန့်တကြား နှိုးသည်။ ဦးကေသရာ နှိုး၍ ခေါ်၍မရကြောင်းပြော သည်။

ဆွတ်ပျံ့က လာကြည့်သည်။

ဦးကေသရာခမျာ သူ့အိပ်ရာထဲမှာပဲ အသက်ကုန် ဆုံးနေချေပြီ။

ဆွတ်ပျံ့က အော်ငိုသည်။ အိမ်စေမလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က လာနှိုးသဖြင့် စနေပင် အိပ်ချင်မူးတူးနှင့် ရောက်လာသည်။

အချိန်က မနက်ခြောက်နာရီကျော်စ။

နွေ၏နေက ပူပူလောင်လောင်နှင့် ထွက်ပြူနေချေ၏။

ဦးကေသရာသေဆုံးကြောင်းသိရတော့ စနေအံ့အားသင့်နေသည်။ မနေ့ညကပဲ အကောင်းပကတိ သူတို့နှင့်စကားပြောခဲ့သေးသည်။ ခုမနက်ကြီးဆုံးရတယ်ဆိုတော့ မယုံကြည်နိုင်စရာ။

သူ့ကို ကုသပေးနေသော မိသားစုဆရာဝန်ဒေါက်တာထင်ပေါ်ကို ကမန်းကတန်းဖုန်းဆက်ခေါ်ရ၏။ ဒေါက်တာထင်ပေါ် သူ့ကားနှင့် ရောက်လာသည်။

အလောင်းကိုစမ်းသပ်စစ်ဆေးပြီးတော့ နှလုံးရောဂါကြောင့် ရုတ်တရက် အိပ်ရင်းသေဆုံးသွားနိုင်ကြောင်း ပြောသည်။

ဒါကို ဆွတ်ပျံ့ကလက်ခံသော်လည်း စနေထွန်းက လက်မခံနိုင်ပေ။

ဒေါက်တာထင်ပေါ် တာဝန်ထမ်းဆောင်နေသောဆေးရုံသို့ပင် အလောင်းကိုယူသွားပြီး ရောဂါစမ်းသပ်ရှာဖွေရေးဆိုင်ရာ ဆရာဝန်လက်ထဲအပ်ကာ ဘာရောဂါနှင့် သေဆုံးရသည်ကို စူးစမ်းရှာဖွေလို၏။

ဆွတ်ပျံ့က ပထမတော့ သဘောမတူ။

စနေထွန်းက ပြောလွန်းအားကြီးသောကြောင့် ဒေါက်တာထင်ပေါ်၏ အကူအညီနှင့် အလောင်းကို ဆေးရုံသို့ ပို့



လိုက်၏။

အဲဒီမှာ ပိုမိုပြီး အံ့ဩဖွယ်တုန်လှုပ်ဖွယ်ကောင်းလှ၏။

ဦးကေသရာ၏အလောင်းကို ခွဲစိတ်စမ်းသပ်ရာ ရင်ခေါင်းထဲတွင် အသည်းများ၊ နှလုံးနှင့် အူများရှာဖွေတွေ့ရှိခြင်း မရှိတော့ဘဲ ဦးကေသရာအလောင်းမှာ အူများ၊ နှလုံးနှင့် အသည်းများကင်းမဲ့နေသော အလောင်းကောင်ကြီးဖြစ်နေသောကြောင့်ပေတည်း။

ဆွတ်ပျံ့မှာ သည်သတင်းကြောင့် စိတ်ထိခိုက်သလိုမူးမေ့လဲကျသွားရှာသည်။

စနေက ညှော်ခန်းဗွင် ဆွတ်ပျံ့ကို သတိရအောင်ပြုစုလျက်မှ နှုတ်မှ "ဒူကူးနား ... ဒူကူးနား" ဟု ရေရွတ်လိုက်မိတော့၏။

သည်သတင်းကို လူသူမသိ၊ မပျံ့ပွားအောင် စနေနှင့်ဆွတ်ပျံ့က ဒေါက်တာထင်ပေါ်ကိုလည်းကောင်း၊ ခွဲစိတ်သူဆရာဝန်ကိုလည်းကောင်း တောင်းပန်တိုးလျှိုးရသည်။

သေသူ၏ဂုဏ်သိက္ခာထိခိုက်နစ်နာဆုံးရှုံးမှာစိုးသောကြောင့်ဖြစ်သည်။

ဒေါက်တာထင်ပေါ်တို့ကလည်း တော်ရှာပါသည်။ နှုတ်ကိုလုံအောင် ထိန်းကြသည်။ သေသူမှာ ဘာလက်နက်နှင့်မှု သတ်ဖြတ်ခံထားရခြင်းမရှိ။ နှလုံးနှင့် နှလုံးအားနည်းခြင်းရောဂါရှိနေရာမှသေသည့်အချိန်တွင် အတွင်းကလီစာများမရှိခြင်းသည် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဝန်နှစ်ယောက်၏ဆေးအတွေ့အကြုံတွင် ပထမဆုံးသော အတွေ့အကြုံပဲဖြစ်၏။

ရာဇဝတ်မှု မဟုတ်သောကြောင့် ဆေးမှတ်တမ်းအဖြစ်ပဲ တင်ထားလိုက်ကြသည်။

နဂိုနှလုံးရောဂါနှင့် သေဆုံးသည်လို့ပဲ မှတ်ချက်ပေးလိုက်ကြသည်။

စနေမှာ အံ့သြတွေဝေနေသလောက် ဆွတ်ပျံ့မှာ ထိတ်လန့်မျက်နှာပျက်နေရှာသည်။

မျက်နှာကြီး၊ ဂုဏ်သိက္ခာအသိုင်းအဝိုင်းနှင့် ပြည့်သော ဦးကေသရာမှာ အသုဘတွင် စည်ကားသိုက်မြိုက်သည်။ ထိန်ပင်မှာပင် ဂူသွင်းလိုက်ကြ၏။ နိုင်ငံခြားသားစီးပွားရေးသမားတချို့ပင် အသုဘကို လိုက်လံပို့ဆောင်ကြသည်။

ဆွတ်ပျံ့မှာ ငိုလို့မဆုံးရှာတော့။

ပထမ မိခင်ကွယ်လွန်ခဲ့သည်။ မိခင်မရှိသည့်နောက် ဦးကေသရာပင် ဆွတ်ပျံ့ကေသရာ၏ဖခင်၊ ဆွတ်ပျံ့ကေသရာ၏ မိခင်ဖြစ်ခဲ့သည်။

ယခု ဖခင်ရော မိခင်ပါ သေဆုံးသွားခဲ့ချေပြီ။

ရွှေတောင်လည်း ပြို၊ ငွေတောင်လည်း ပြို။

ဒါပေမဲ့ သူမအတွက် မဟာသံမဏိတံတိုင်းကြီး ကျန်ရှိခဲ့ပါသေးသည်။ သူက စနေထွန်း။

စနေက ဆွတ်ပျံ့ကို ယုယသည်။ ကြင်နာသည်။ အားပေးစကားတွေ ပြောသည်။



ဒါကြောင့်သာ ဆွတ်ပျံ့ထူထူထောင်ထောင်ဖြစ်ခဲ့ရ၏။ ချစ်သူ၏ အားပေးစကားသည် ဘိုင်ထရွန်၊ ရီဗိုက်တာအားဆေးတို့ထက် အဆပေါင်းများစွာ အစွမ်းထက်လှပါသည်။

အိမ်တွင် ခုနစ်ရက်လည်ဆွမ်းကျွေးအပြီးတွင် ရှစ်ရက်မြောက်တွင် နာမည်ကြီးဟိုတည်တစ်ခု၏ခန်းမကို ငှားရမ်းကာ ရက်လည်ဆွမ်းကျွေးလိုက်သည်။

ငွေကြေးတတ်နိုင်သူ၊ ပေါကြွယ်ဝသူအချို့၏ အသုဘကို ဂုဏ်ပြုမှုတစ်ရပ်၊ သေသူအတွက် ဂုဏ်ပြုမှုတစ်ရပ်ပါပဲ။

တစ်လအပြည့်မှာတော့ ကြည်ညိုခန့်ညားဖွယ်ရာသော နာမည်ကြီးဘုန်းကြီးကျောင်းတစ်ခုတွင် တစ်လပြည့်ဆွမ်းကျွေး၏။

ဒါကို စနေက မလုပ်ချင်။

"ရက်လည်ပြီးမှတော့ သေသူဟာ ကုသိုလ်ကောင်းမှုရသွားပြီပဲ ... တစ်လမှာ ထပ်ကျွေးဖို့ လိုသေးသလား ... ရှေးက ခုနစ်ရက်လည်ရင် ကျွေးတာပဲ ... "

"ခေတ်က ပြောင်းလာပြီလေ ... လူတွေက ကွန့်ကွန့်လာကြတာပဲ ... ဆွတ်ပျံ့တို့မလုပ်ရင် အဖေအပေါ် စေတနာမရှိဘူးလို့ ပြောနေကြဦးမယ် ... "

"လူ့လောကကြီးမှာ လူတွေကပဲ အလုပ်များအောင် ဂုဏ်တက်ကြွားချင်အောင် ဖန်တီးနေကြတာပဲ ... အေးလေ ဆွတ်ပျံ့သဘောပေါ့ ... ဒါဆွတ်ပျံ့ဖေဖေပဲ ... "

နာမည်ကြီးဘုန်းကြီးကျောင်းတွင် ဆွမ်းကျွေးပြီးရုံ

www.burmeseclassic.com

www.burmeseclassic.com



နှင့် အားမရနိုင်သေးဘဲ စနေက သူ့ယောက်ျမလောင်းကြီးအတွက် ကုသိုလ်ကောင်းမှုဆိုပြီး နာရေးအကျိုးဆောင်အသင်းတစ်ခုကို ငွေ ဆယ်သိန်း၊ မြို့စွန်ရှိ နွမ်းပါးသော ပရိယတ္တိ၊ ပရိပတ္တိဘုန်းကြီးကျောင်း များသို့ ငွေသိန်းနှစ်ဆယ်ကို လိုက်လံလှူပစ်၏။

နာရေးအကျိုးဆောင်အသင်းကို စနေထွန်းက အံ့မတန်လေးစားသည်။ လောကတွင် လူတွေပြုနိုင်ခဲ့သော အလုပ်တစ်ခုကို လောကီ၊ လောကုတ္တရာ ဆက်နွယ်ပြီး လူမှုရေးအကူအညီပေးအသင်းတစ်ခုဖြစ်ကြောင်း မကြာခဏပြောသည်။ နာရေးအကျိုးဆောင်သူရဲကောင်းများလို့လည်း သူကခေါ်တွင်သည်။

သူတို့သည် အယုတ်၊ အလတ်၊ အမြတ်မရွေး လူလူချင်းအမြင်နှင့် အကူအညီပေးနေကြသူတွေ မဟုတ်လား။ မြင့်မြတ်သောစိတ်ဓာတ်ရှိသူတွေမို့ စနေထွန်းက သာခုခေါ်လိုက်ပါတယ်။

တစ်လပြည့်ပြီး နောက်တစ်နေ့မှာ စနေထွန်းပြဿနာကြုံချေပြီ။

ဖခင်မရှိပြီမို့ လက်ကလည်း မထပ်ရသေးတာမို့စနေထွန်းမှာ ဆွတ်ပျံ့၏အိမ်တွင် မနေတော့ပါ။

ဆွတ်ပျံ့ကလည်း ဖခင်မရှိပေမဲ့ နေရဲပါသည်ဆိုတာကြောင့် အိမ်ဖော်မိန်းကလေးတွေနှင့်ပင် ထားလိုက်၏။

သည်ကနေ့ မနက်တွင် စနေထွန်းက ကုမ္ပဏီကိစ္စနှင့် ဆွတ်ပျံ့ဆီ ဖုန်းဆက်သည်။

အိမ်ဖော်မလေးခင်ဆွေသက်၏အသံပေါ်လာသည်။

"အစ်ကို ... ပြီးခဲ့တဲ့ တစ်နာရီကပဲ မမက အစ်ကိုခေါ်လို့



ထွက်သွားတယ်လေ ... "

"ဘာရယ် ... "

"အစ်ကိုပဲ ဖုန်းဆက်ခေါ်တာပဲ ... အဲဒါ အစ်ကိုခေါ်လို့ သွားဦးမယ် ... မိသက်တို့ကို အိမ်ကောင်းကောင်းစောင့်ရှောက်ထားလိုက်ဆိုပြီး ထွက်သွားတာပဲ ... "

စနေထွန်း ငိုင်ကျသွားသည်။

စနေထွန်းနေတာ သဃ်္ဃန်းကျွန်းတစ်ခုသော ရပ်ကွက်ရှိ သီရိရတနာလမ်းထဲမှာဖြစ်၏။

သူနေထိုင်တာက သီးသန့်ရပ်ကွက်လိုဖြစ်နေကာ လူရှည်သန့်များသည်။

စနေက သူ့လန်ကရူဇာကားနှင့် ခုနစ်မိုင်တွင်ရှိသော ဦးကေသရာ၏ကုမ္ပဏီသို့ အလျင်အမြန်သွားသည်။

ကုမ္ပဏီတွင် ဆွတ်ပျံ့ကေသရာရောက်နေပြီလား။

မတွေ့ပါ။

ရင်ထဲ ပူသွားသည်။ မိမိက ဆွတ်ပျံ့ကို ဖုန်းမခေါ်ခဲ့ပါ။ ဒါဆိုလျှင် တစ်ယောက်ယောက်က မိမိကိုယ်စား ဆွတ်ပျံ့ကို ညာခေါ်သွားခဲ့ပြီပေါ့။

ဆွတ်ပျံ့ကို လိမ်လည်ခေါ်နိုင်သောလူကို စဉ်းစားတော့ သူ့စိတ်အာရုံထဲတွင်ပေါ်လာတာက မင်းစိုးထိုက်။

သည်ကောင်က ဆွတ်ပျံ့၏ပထမဦးဆုံးသော ရည်းစား၊ ဦးစွာ အဖယ်ရှားခံလိုက်ရတာမို့ သူ့ရင်ထဲတွင် ဆွတ်ပျံ့ကို ...စာကြေချင်မှ ကြေမည်။ ဦးကေသရာမရှိချိန်မှာ သူက ဆွတ်ပျံ့

www.burmeseclassic.com

www.burmeseclassic.com



ကို ထင်သလို ရမ်းနိုင်သည်။

စနေက သူ့စိတ်ကို အေးအေးထားသည်။

ကားပွဲစားတန်းတစ်ခုသို့ သွားသည်။ တာမွေဘက်မှ ကားပွဲစားတန်းဖြစ်သည်။ သည်ငနဲ အဲသည်ပွဲစားတန်းတွင် ရှိတတ်သည်ဟု ကြားသည်။

သူပွဲစားတန်းတွင် စုံစမ်းသည်။

ပွဲစားတန်းသို့ မင်းစိုးထိုက်မလာတာ သုံးလေးရက်လောက်ရှိပြီဟု ပြောကြသည်။ သူ့အကြောင်းကို မသိမသာစုံစမ်းကြည့်တော့ ဤအတိုင်းသိရ၏။

မင်းစိုးထိုက်က မိန်းမရှုပ်တတ်သည်။

ငတိသည် ခုတ်သည့်နေရာတွင် ကြောင်ထက်ဆိုးသည်။

ဘယ်သူ့မျက်နှာကိုမှ မထောက်ဘဲ ခုတ်တတ်ပြီး သူများ၏စားခွင်ကိုပါ ဝင်ရောက်စားကျက်လုတတ်သည်။

အပေါင်းအသင်းအပေါ်တွင် သစ္စာမရှိ။

ဒါတွေကို ကားပွဲစားတန်းရှိ လူတချို့က ပြန်ကြားရေးလုပ်သည်။ ဘယ်သူကမှ မင်းစိုးထိုက်အပေါ် ခင်ခင်မင်မင်နှစ်နှစ်လိုလို ပေါင်းသင်းချင်ပုံမပေါ်။

သူဘယ်မှာနေသလဲလို့မေးတော့လည်း ဘယ်သူကမှ အတိအကျမပြောနိုင်။

သည်မျှအကျင့်စာရိတ္တချွတ်ယွင်းနေသူသည် ဆွတ်ပျံ့ကို ချောင်ပိတ်ခေါ်ဆောင်သွားနိုင်သည်မှာ မမှားနိုင်တော့။



စနေရင်နာနေသည်။

ဒေါသဖြစ်နေသည်။

ချစ်သူဆုံးရှုံးပြီပေါ့။

ဘာပဲဖြစ်ဖြစ် သည်အမှုတွင် ဆွတ်ပျံ့က ဖောက်ပြန်သည်မဟုတ်။ မင်းစိုးထိုက်ကသာ တစ်ဖတ်သတ်ပြုမူသွားခြင်းဖြစ်ပါသည်။

ချစ်သူရေတိမ်နစ်လို့ ဆုံးရှုံးပါစေ၊ ဆွတ်ပျံ့ကို ပြန်ယူမည်၊ ချစ်သူမသန့်စင်ဦးတော့ ရေဆေးယူပြမည်။

တို့ချစ်တာ ဆွတ်ပျံ့ရဲ့ခန္ဓာကိုယ်မဟုတ်။

ဆွတ်ပျံ့ရဲ့ နှလုံးသားကိုချစ်တာပါပဲ။

ဆွတ်ပျံ့ရဲ့ အချစ်စိတ်ကို ချစ်တာပါပဲ။

ပြီးတော့ မိမိကို သူ့ဖခင်က ယုံကြည်လို့အပ်ခဲ့မှတော့ လူသားဒိုင်းမဟုတ်တောင် မဟာသံမဏိတံတိုင်းလိုလူစားအဖြစ် ဆွတ်ပျံ့ဘဝကို ကြံ့ကြံ့ခိုင်ခိုင် အကာအကွယ်ပေးရမည်။

ဒေါသကို မျိုသိပ်ပြီး သူစုံစမ်းချက်အရ မြို့နယ်တစ်နယ်က စည်ပင်ရုံးကိုသွားသည်။ မင်းစိုးထိုက် သည်မှာလုပ်ခဲ့မလုပ်ခဲ့ စုံစမ်း၏။

အဲသည်မှာ မင်းစိုးထိုက်နေသော သူ့မိဘအိမ်လိပ်စာကို ရသည်။

ငတိက ဗြဟ္မစိုရ်လမ်းမှာနေသည်။ ဗြဟ္မစိုရ်လမ်းသည် တောင်ဥက္ကလာနန္ဒဝန်ဈေးနားမှာဖြစ်သည်။

- မြန်မာတိုင်းရင်းဆေးကုဌာနတစ်ခုနှင့် မနီးမဝေးမှာ

www.burmeseclassic.com

www.burmeseclassic.com



နေ၏။

သူ့ကားကို ရှိထားသောလိပ်စာအရ အိမ်ရှေ့တွင် ရပ်၏။ အိမ်ထဲတွင် မိန်းကလေးချောချောလေးတစ်ယောက် ဝတ္ထု ဖတ်နေသည်။ သူမကိုယ်သူမ ရုပ်ရှင်မင်းသမီးတစ်ယောက်လိုပဲ ဝတ်စားထားသည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စားမဲ့ ဟာလေးပဲ။

စနေထွန်းကို သူမမြင်တော့ ငေးသွားသည်။ ပြီးမှ သတိရ၍ ထရပ်ကာ သွက်သွက်လက်လက် အမူအရာကလေးနှင့်...

"ဟင် ... အစ်ကို ... အစ်ကို ဘယ်သူ့ကို တွေ့ချင်သလဲ သိုက်သိုက်ကို လာကြိုတာလား ..."

"ဒါ ... ကိုမင်းစိုက်ထိုက်အိမ်လား ..."

"ဟုတ်ပါတယ် ..."

ပြောပြီး စနေ့ကို မခို့တယို့ကလေးပြန်ကြည့်ကာ...

"အစ်ကိုက သိုက်သိုက်ကို လာကြိုတာလား ..."

"တို့ ကိုမင်းစိုက်ထိုက်နဲ့ တွေ့ချင်လို့ပါ ..."

"ဟင် ..."

ကောင်မလေး အမူအရာစိတ်ပျက်သွားသလိုပဲ ဟင် လို့တောင် အသံထွက်သွားသေးရဲ့။

သူမသည် စနေ့ရုပ်ကို ရဲတင်းနစ်လိုစွာပြုံးပြုံးကလေး ကြည့်လိုက်ပြီးမှ ...

"အစ်ကိုက ကိုကို့မိတ်ဆွေလား ..."

စနေကတည်တည်ကလေးပဲ ခေါင်းညိတ်ပြသည်။ သည်တော့မှ သူမက အိမ်ခန်းထဲလှမ်း၍ ...



"မေမေရေ ... မေမေ ... ဟောဒီမှာ ကိုကို့ဧည့်သည် ..."

အသံနှင့် မရှေးမနှောင်းပင် မိန်းမကြီးတစ်ယောက် အတွင်းအိမ်ခန်းထဲမှ ထွက်လာသည်။ သူမသည် မီးဖိုချောင်တွင် အလုပ်လုပ်နေရဟန်တူသည်။ ပြာမှုန်အနည်းငယ်ကို ဆံပင်များတွင် ကပ်ငြိလျက်သား တွေ့ရ၏။

"သူငယ် ... ဘာလဲကွယ် ..."

"ကျွန်တော် ကိုမင်းစိုးထိုက်ရဲ့ မိတ်ဆွေပါ ... သူနဲ့ တွေ့ချင်တယ် ... အိမ်ထဲမှာရှိတယ် မဟုတ်လား ..."

မိန်းမကြီးက ခေါင်းခါယမ်းပြသည်။

"သူအိမ်ကို ပြန်မလာတာ သုံးရက်လောက်ရှိပြီကွယ့် ...ကိစ္စ က အရေးကြီးလို့လား ..."

"ကျွန်တော့်ကားကို ရောင်းဖို့ သူ့ကိုပြထားပါတယ် ... အဲဒါ အကျိုးအကြောင်းမသိရသေးလို့ သူ့ကိုလာမေးတာပါ... "

"ဟုတ်လား ... သူပြန်မလာတာ သုံးရက်လောက်ရှိနေပြီပဲ မင်းနဲ့ ဒီမှာချိန်းထားသလား ..."

စနေက စဉ်းစားပြီးမှ ခေါင်းကိုညိတ်ပြ၏။ ပြီးတော့ "ကားကို တခြားဝယ်မယ့်လူကလည်း လာနေတယ် ... သူကလည်းကားဝယ်မယ့်လူနဲ့ ဆိုင်ပေးမယ် ပြောထားတယ်... အဲဒါ ဘယ်သူ့ကို ပိုဈေးရမလဲဆိုတာ ကျွန်တော် သိချင်လို့ သူနဲ့တွေ့ချင်တာပါ အဒေါ် ..."

"ဒီကောင်က ခြေသိပ်များတာပဲ ... သမီးသိုက်သိုက် ... နင်သိသလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သိမလဲ မေမေရယ် ... မေမေ့သားက သွားချင်ရာ သွားနေတာ ... သမီးက ရှုတင်ပဲရောက်နေတော့ သူ့ခြေစကြောကို ဘယ်လိုသိမှာလဲ ... "

ခပ်ဆောင့်ဆောင့်ကလေး ပြောပြီးမှ တစ်စုံတစ်ခုကို သတိရသလို ...

"တစ်ခုတော့ သိထားတယ် ... "

"ပြောပါ ... ညီမ ... "

"သူသွားနေကျ ဘီယာဆိုင်တစ်ဆိုင်တော့ ရှိတယ် ... ဒါပေမဲ့ ... ဒီတောင်ဥက္ကလာထဲမှာ မဟုတ်ဘူး ... ရန်ကုန်ထဲက သူညနေရောက်ရင် ဒီဘီယာဆိုင်မှာ ထိုင်လေ့ရှိတာတော့ သိုက်သိုက်ကို ပြောဖူးတယ် ... "

"ကျေးဇူးပါပဲ ညီမရယ် ... "

စနေ၏အပြုံးနှုတ်ခမ်းပြည့်ပြည့်လေးနှင့် ပါးနှစ်ဘက်ရှိ မသိမသာချိုင့်ဝင်နေသော ပါးချိုင့်ကြောင့်ထွက်ပေါ်လာသော အပြုံးသည် နှစ်လိုဖွယ်ရာ ဆွဲဆောင်မှုရှိ၏။

ရုပ်ပါတွင် ငြိသွားသောငနဲ့မလေးက အပြုံးတွင်ပါ ထပ်မံငြိသွားပြီးတော့ မင်းစိုးထိုက်ရှိမည့် ဘီယာဆိုင်နေရာကို သွက်သွက်ကလေး ထုတ်ဖော်သည်။

ဩော် ... ရုပ်ပါရုံရှင်ရယ်။

စနေက ကျေးဇူးတင်စကားတွေပြောပြီး ထွက်အလာ သူမက လှမ်းမေးသည်။

"အစ်ကို့နာမည် ဘယ်လိုခေါ်သလဲ... ဟင်... အစ်ကို... "



"စနေ ... "

"ရှင် ... "

"စနေထွန်း ... "

ပြောပြီးတော့ စနေထွန်းလှည့်ထွက်သွား၏။ သည်တော့ ကောင်မလေးက မာရာဒိုနာဘောင်းဘီ၊ ဂျော်ဒန်းနိုးစပို့ရှပ် အပြာနုနှင့် ရှောင်နေကာမျက်မှန်ကို ခေါင်းထက်တွင် ပင့်တင်ထားသော စနေ၏ကျစ်လျစ်အချိုးကျသော နောက်ပိုင်းခန္ဓာကိုယ်အလှကိုကြည့်ကာ သူမအမေအား ...

"ကြည့်ပါဦး အမေရယ် ... ချောလိုက်တာနော် ... ကိုကို့မိတ်ဆွေတွေထဲမှာ ဒီလောက်ချောတဲ့လူရှိမှန်း မသိခဲ့ဘူး... သိုက်သိုက်တို့ ရှုတင်တွေထဲက မင်းသားတွေထက်တောင် ချောသေးတယ် ... "

"အေး ... ချောရင်သေလိုက် ... "

မိန်းမကြီးရဲ့ ခပ်ပြက်ပြတ်စကား။

သားက တစ်မျိုး၊ သမီးက တစ်မျိုး။

သူမရင်ထဲမှာ မိခင်တစ်ယောက်အနေနှင့် ဘယ်လိုမှ ဘဝင်မကျ။

◇⊙◇

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၃)

ညနေရောက်ဖို့အတော်ကလေးစောင့်လိုက်ရသည်။

သည်အထဲ ဆွတ်ပျံ့အိမ်ကို ဆွတ်ပျံ့ရောက်ပြီလား လို့ မကြာခဏ ဖုန်းဆက်မေးရသေး၏။

တစ်ဖက်က အဖြေကတော့ နိုးမှ နိုး … ။

ခင်ဆွေသက်က မေးလိုက်ချေသေးသည်။ ရဲကိုတိုင် ရမလားတဲ့။ သူမမှာ အိမ်ဖော်ပေမဲ့ ရှစ်တန်းလောက်အထိ နေခဲ့လို့ အနည်းငယ်တော့ လည်လည်ပတ်ပတ်ရှိ၏။

ရဲကိုမတိုင်နှင့်ဦး။ မသင့်လျော်တဲ့ကိစ္စဖြစ်နေက ဂုဏ်သိက္ခာထိခိုက်နိုင်မှာ စိုးရသည်။ နှစ်ဆယ့်လေးနာရီစောင့်ကြည့် ရဦးမည်ဟု ပြောခဲ့လိုက်ရ၏။

ဆွတ်ပျံ့ကို မင်းစိုးထိုက်ဆီမှ အပိုင်ပြန်သိမ်းရမည်။

ညနေလေးနာရီတွင် မင်္ဂလာတောင်ညွန့်စက်ရုံလမ်း ရှိတော်ဝင်ပလာဇာနှင့်နီးသော မန္တလေးဘီယာဆိုင်ထဲသို့ စနေထွန်း ရောက်လာသည်။



ထိုဘီယာဆိုင်သည် အေးရှားလိုက်စတိုးဆိုင်ဝင်း အတွင်းမှာရှိကာ မသားနားသော်လည်း တင့်တောင်းတင့်တယ်နေ ရာတစ်ခုဖြစ်ကာ သေသပ်ကျနသည့်ဆိုင်တစ်ဆိုင်ဖြစ်၏။

ဘီယာရော စားသောက်စရာတွေပါ စျေးနှုန်းသက် သာသလောက် လာရောက်စားသုံးသူတွေကို ဆိုင်ဝန်ထမ်းတွေက ပြုစုရာမှာ စည်းကမ်းကျနသေသပ်မှုရှိ၏။

စားသုံးသူတွေကို စိတ်ချမ်းမြေ့စေ၏။

စားပွဲ၊ ကုလားထိုင်များသည် သပ်သပ်ရပ်ရပ်နှင့် အတွဲလိုက်ရှိသည်။

စနေထွန်း သူ့ကားကို ဘီယာဆိုင်နားရှိ ဝင်းထဲတွင် ဆိုက်ထားခဲ့လိုက်သည်။

ဆိုင်ထဲဝင်ချိန်တွင် လူအတော်ပြည့်စပြုနေချေပြီ။

သူ့မျက်လုံးတွေက မင်းစိုးထိုက်ကို ချာချာလည်ရှာ လိုက်သည်။ မတွေ့ပါ။

ဆွတ်ပျံ့ကို ခိုးယူပေါင်းသင်းခဲ့သော သည်ငနဲ ဒီနေ ရာကို ဒီနေ့လာမှ လာပါ့မလားဟုလည်း ဝင်လာရင်းတွေး၏။

စားပွဲတစ်ခု လစ်လပ်နေသည်။ ချောင်ကျသော စားပွဲပဲဖြစ်၏။ ဆိုင်ထဲဝင်တာနှင့် အဲယားကွန်း၏အေးချမ်းသော အထိအတွေ့ကြောင့် စိတ်တော့ချမ်းသာသွားသည်။

သူက စားပွဲတွင်ထိုင်အပြီးမှာ ဝန်ထမ်းလူငယ်တစ် ယောက် ရောက်လာ၏။ သူက သူသောက်နိုင်မည့် ဘီယာတစ်ဖန် ခွက်နှင့် ငါးမုန့်တစ်ပွဲကို မှာလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကို စနေထွန်းမကြိုက်သော်လည်း ဘီယာကိုတော့ အခါသင့် သင့်သလို အနည်းအကျဉ်းသောက်တတ်သည်။

ပူအိုက်သောရာသီတွင် ဘီယာ၏အေးမြမြခါးသက်သက်အရသာလေးသည် ပါးစပ်ထဲတွင် ထူးကဲနှစ်သက်ဖွယ်သောအရသာလေးပေးတတ်၏။

"ညီလေး ... မင်းစိုးထိုက်ကို မင်းသိသလား ... "

ဘီယာခွက်လာချသော ဆိုင်ဝန်ထမ်းလူငယ်လေးကို စနေက သိလိုသဲပြား စုံစမ်းလိုက်သည်။ မဆိုးပါ။

"သိပါတယ် ... "

"သူလာသွားပြီးပြီလား ... "

"မလာသေးဘူးခင်ဗျ ... "

"သူက ကိုယ့်သူငယ်ချင်းပါ ... ဒီနေ့ ဒီမှာချိန်းထားတယ် ညီလေးရ ... "

"သူလာရင် ငါးနာရီ ငါးနာရီခွဲမှလာတတ်တာ အစ်ကို... "

"ဒီနေ့လာမယ် ... ထင်ပါတယ်နော် ... "

"မနေ့ကတောင် လာသေးတာပဲ ... "

ပြောပြီး ကောင်လေးထွက်သွားသည်။ စနေထွန်း၏ ရင်ထဲမှာတော့ လာပါစေလို့ပဲ ကြိတ်ဆုတောင်းနေ၏။

ဆွတ်ပျံ့ကို လိမ်ညာခေါ်ပြီး ပေါင်းသင်းနေသောသည်ငနဲလာမှ လာပါဦးမလားလို့လည်း ကြောင့်ကြမိ၏။ တစ်နေရာတွင် ပြနေသော ရုပ်မြင်သံကြားကို ကြည့်နေမိ၏။

ဆုတောင်းပြည့်ပါပြီ။



ဆိုင်ဝန်ထမ်းလေးပြောတာ မှန်ပါသည်။

စနေထွန်း၏ လက်တွင်ပတ်ထားသော ရိုးလက်(စ်) လက်ပတ်နာရီက ငါးနာရီကျော်စပြုချိန်တွင် မင်းစိုးထိုက် ဆိုင်ထဲဝင်လာ၏။

ဆိုင်ထဲတွင် စနေထွန်း၏နေရာမှလွဲ၍ အခြားနေရာတွင် လူပြည့်နေပြီ။ စကားတီးတိုးပြောသံလေးတွေ၊ စီးကရက်ငွေ့တွေ ကြိုကြားကြိုကြား ထွက်နေ၏။

နေရာကိုလိုက်ရှာသော မင်းစိုးထိုက်အား စနေထွန်းက လက်တစ်ဖက် ထောင်ပြလိုက်၏။

နေရောင်တွေက ညှိုးစပြုပြီး စနေထွန်းရုပ်မှာ နေရောင်မဟပ်သော ချောင်မို့ သူ့ရုပ်ကို အမှတ်တမဲ့ မသိလိုက်ရ။

မင်းစိုးထိုက်မှာ သူ့အသိတစ်ယောက်ဟူသော စိတ်နှင့်လာရာ အနီးရောက်မှ စနေထွန်းမှန်းသိလိုက်တော့ အိုးတိုးအန်းတန်းဖြစ်သွားသည်။

"လာပါဗျာ ... ထိုင်ပါ ... ကျုပ် ခင်ဗျားကို စောင့်နေတာ"

မပြုံးမရယ်မျက်နှာနှင့် စနေထွန်းကပြောသည်။ မင်းစိုးထိုက်မှာဒုတိယအချစ်ဖြစ်သွားသောစနေထွန်းကိုကောင်းကောင်းသိ၏။ သိလို့လည်း နှောက်ခဲ့ဖူးပြီးပြီ။

မင်းစိုးထိုက်မျက်နှာပျက်သွားပြီးမှ ဟိုဟိုသည်သည်နေရာကြည့်ရာ မရှိတော့သည်မို့ ခပ်လေးလေးဝင်ထိုင်လိုက်သည်။

"ခင်ဗျားက ဘာအတွက်စောင့်နေတာလဲ ... "

"ခင်ဗျားရဲ့ မတော်မတရားမှုပေါ့ ... "

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... "

"ပထမအချစ်နဲ့ ဒုတိယအချစ်ကို ဆွတ်ပျံ့ရွေးချယ်ရမှာ ဒုတိယအချစ်ဖြစ်တဲ့ ကျုပ်က ဆွတ်ပျံ့ကို အဓမ္မလုယူခဲ့တာ မဟုတ်ပါဘူး ... ကိုမင်းစိုးထိုက် ... "

"ခင်ဗျား ဘာကိုဆိုလိုတာလဲ ... "

စနေ၏ရှေ့တွင် ဘီယာနှစ်ဖန်ခွက်ရှိနေပြီး တစ်ဖန်ခွက်က အလွတ်။ ကျန်တစ်ဖန်ခွက်က သောက်လက်စ။

စားပွဲထိုးရောက်လာသည်။

မင်းစိုးထိုက်က ဘီယာတစ်ဂျားနှင့် လက်ဖက်သုပ်တစ်ပွဲပဲမှာသည်။

"ကျုပ်ဆိုလိုတာက ... အင်း တည့်တည့်ပဲပြောမယ် ... ကိုမင်းစိုးထိုက် ... ဆွတ်ပျံ့ကို ခင်ဗျားအခုဘယ်မှာထားလဲ ... "

သည်စကားက မင်းစိုးထိုက်ကို အံ့အားသင့်သွားစေသည်။ သူ၏ထွားကျိုင်းသောခန္ဓာကိုယ်နှင့် ပုံစံကျကျကခွေးကောလိညှပ်ထားသော ဆံပင်တွေအောက်မှ မျက်လုံးတွေက ကြောင်စီစီဖြစ်နေ၏။

စနေထွန်းက ဆက်ပြောသည်။

"ကျုပ် ဆွတ်ပျံ့ကိုတွေ့ချင်တယ် ... ခင်ဗျားလက်ထဲရောက်လို့ ဘယ်လောက်ညစ်နွမ်းသွားပေစေ ... ကျုပ်ရေဆေးယူမယ် ... Rose ဆပ်ပြာမွှန်နဲ့ ဆေးယူမယ် ... "

"ကိုစနေထွန်း ... ခင်ဗျားသောက်တာ နှစ်ဖန်ခွက်တောင်



မကုန်သေးဘူး ... ရူးကြောင်မူးကြောင်ဖြစ်နေပြီလား"

"ကျုပ် ဘာရူးကြောင်မူးကြောင်ရမှာလဲ ... ခင်ဗျားသာရူးကြောင်မူးကြောင်ဖြစ်တာ ... ကျုပ်က ဆွတ်ပျံ့ရဲ့အချစ် ဒုတိယလူလည်းဖြစ်ကရော ကျုပ်ကားကိုပျက်စီးအောင် လုပ်တယ် ... ကျုပ်ကို ကားတိုက်ပြီး ထောင်ထဲရောက်အောင် ကြိုးစားတယ် ... အခု ဆွတ်ပျံ့ကိုလည်း တစ်ခါတည်း သွေးဆောင်ခေါ်ငင်သွားတယ် ... ခင်ဗျား ဘာကောင်လဲ ... "

ဘီယာရှိန်ကလေးရဲ့ ခံစားမှု၊ ရင်တွင်းမှ ခံစားချက်တွေက စနေကို အောင့်သက်သက်ဖြစ်စေသည်။ ဒေါသကြောင့် မသိဖသာလေးကျယ်သွား၏။

"ခင်ဗျား လူကြီးလူကောင်းပါ ကိုစနေထွန်း ... တိုးတိုးပြောပါဗျာ ... ခင်ဗျားက ကျွန်တော်ထက် ပိုဂုဏ်သရေရှိတဲ့လူပါ ... သက်တူရွယ်တူချင်းပေမဲ့ ခင်ဗျားက ကျွန်တော့်ထက်ပိုပြီး ဂုဏ်သိက္ခာရှိနေတာပဲ ... "

အေးအေးသက်သာလေသံနှင့် မင်းစိုးထိုက် ပါးစပ်မှ စကားလုံးတွေ ထွက်လာ၏။ စနေ သူ့စိတ်ကိုပြန်ဆင်ခြင်မိ၏။

သူတောင် အေးသေးတာပဲ ကိုယ်က သူ့ထက်ပိုအေးရမှာပေါ့။

"ကျုပ်စိတ်ထိခိုက်သွားတယ် ကိုမင်းစိုးထိုက် ... ဆွတ်ပျံ့ဟာ ကျွန်တော့်ရဲ့ အချစ်ဦးသူပါ ... သူ့ရဲ့ဒုတိယအချစ်က ကျွန်တော်ပေမဲ့ ကျွန်တော့်ရဲ့အချစ်ဦးက သူပဲ ... သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားက ဖမ်းခေါ်သွားတယ်ဆိုတော့ ... ”

“နေဦးဗျာ ... ခင်ဗျားစွပ်စွပ်ပြောမနေနဲ့ဦး ... ဆွတ်ပျံ့ကို ကျွန်တော် လုံးဝမခေါ်ဘူး ... သူ့ကို တစ်စုံတစ်ယောက်က ခင်ဗျားကိုယ်စားလိမ်ပြီး ခေါ်သွားတာဖြစ်မယ် ... ကျွန်တော်တောင် ခင်ဗျားပြောမှ သိရတာပါ ... ”

မင်းစိုးထိုက်မှာ ဘီယာတစ်စက်မှ မသောက်ရသေး။ ဘီယာမူး မူးပြီးပြောတာလည်း မဟုတ်။ သူ့မျက်နှာကြည့်တော့လည်း ပကတိရိုးသားစင်ကြယ်မှု အပြည့်အဝပေါ်နေသည်။

“ဒါဆို ... ”

စနေထွန်း တစ်ချက်စဉ်းစားပြီး ...

“ဒါဆို ... ခင်ဗျားတကယ်ပြောတာလား ... ကိုမင်းစိုးထိုက်”

“ကျွန်တော် ဆွတ်ပျံ့နဲ့ မတွေ့တာကြာပါပြီ ... ကျွန်တော့်ကို သူခွဲခွာတဲ့အကြောင်း သူနောက်ဆုံးတွေ့ဆုံပြောပြီးကတည်းက ကျွန်တော် သူနဲ့မတွေ့ရတော့ပါဘူး ... သူ့ကို ချိန်းလည်း သူက မလာဘူး ... နောက်ဆုံး ခင်ဗျားနဲ့လက်တွဲနေကြပြီဆိုတာကို သိကတည်းက ကျွန်တော်လက်လျှော့ခဲ့ပါတယ် ... သူ့ကို ကျွန်တော်မေ့ပျောက်နိုင်အောင် ကြိုးစားနေတာ ဒီကနေ့အထိပဲ ... ”

“ခင်ဗျား... ကျွန်တော့်ကို နှောင့်ယှက်ခဲ့တယ် မဟုတ်လား”

“ဒါက မခံချင်တတ်တဲ့ မနာလိုတတ်တဲ့ လူ့သဘာဝစိတ်ကလေးနဲ့ပါ ... ဒါပေမဲ့ ကျွန်တော့်အမှားတွေကို ကျွန်တော်သိတယ် ... ခင်ဗျားဟာ ယောကျ်ားကောင်းပီသစွာ ကိုယ့်



ဘဝကိုယ်ကြိုးစားခဲ့တယ် ... ကျွန်တော်က မကြိုးစားခဲ့ဘူး ဆွတ်ပျံ့ကို ကျွန်တော်ချစ်ခဲ့ပေမဲ့ ဆွတ်ပျံ့က ကျွန်တော်နဲ့ ရရင် ဘဝမှာ ဘယ်လိုရင်ဆိုင်လိမ့်မလဲဆိုတာ မစဉ်းစားမိခဲ့ဘူး ... ခုတော့ ကိုယ့်အမှားတွေကိုယ်သိလို့ ကျွန်တော် ပြုပြင်နေချိန်မှာ ဆွတ်ပျံ့ကို နှောင့်ယှက်ဖို့လည်း ကျွန်တော် မစဉ်းစားခဲ့ပါဘူး ... ကိုစနေထွန်း ... ”

မှာထားသော ဘီယာတစ်ဂျားနှင့် လက်ဖက်သုပ်က ရောက်လာသည်။

“ဘီယာနဲ့လက်ဖက်သုပ်က တကယ်လိုက်တယ်ဗျ ... ချိ(စ်)နဲ့ စားရမြည်းရသလိုပဲ ... ဘဲကင်တို့ ကြက်ကင်တို့နဲ့ ဘီယာကလိုက်တာ မဟုတ်ဘူး ... စားစမ်းပါဦးဗျာ ... ”

“တော်ပါပြီဗျာ ... စားပါ ... ဆွတ်ပျံ့ကို ခင်ဗျားမခေါ်တာ အမှန်ပဲနော် ... တကယ်ပဲနော် ... ”

“ယောကျ်ားကြီးတန်မဲ့ ကျိန်ပြောရရင် မကောင်းပါဘူးဗျာ ဒါပေမဲ့ ဆွတ်ပျံ့အပေါ်ချစ်တဲ့စိတ်က မကုန်သေးသလို ... သူ့ကို ကျွန်တော်အစမ္မအနိုင်ယူဖို့လည်း မစဉ်းစားမိပါဘူး သူ့ကို ကျွန်တော်ခေါ်ဖို့နေနေသာသာ ... ဒီနေ့အထိ ဆွတ်ပျံ့နဲ့ ကျွန်တော်မတွေ့ရသေးပါဘူး ... ယောကျ်ားတန်မဲ့ ကျိန်ဆိုလည်း ကျိန်လိုက်ပါ့မယ် ... ”

“ဒါဆို ... ဘယ်သူခေါ်မလဲ ... ”

“မောင့်အပြင် နောက်တစ်ယောက်ရှိသေးတယ်ဆိုတဲ့ ဇာတ်ကားလို ခင်ဗျားအပြင် နောက်တစ်ယောက်များ ရှိသေး

www.burmeseclassic.com

www.burmeseclassic.com



သလားဆိုတာ ... စဉ်းစားပါဦး ... ဒီလိုပြောလိုက်လို့တော့ ဆောရီးဗျာ ... ”

ကားပွဲစားပီပီ စကားပြောညက်လှသည်။

စနေက ခေါင်းကိုယမ်းလိုက်သည်။ ဤအတွင်း သူ့ခေါင်းထဲမှာ တစ်ခုခုကို သတိရလိုက်၏။

ဒူကူးနား ... ဒူကူးနား ... ။

ဦးကေသရာမသေမီမှာ နတ်မိစ္ဆာကြီးဒူကူးနားအကြောင်းပြောခဲ့၏။ သူ့နောက်သို့ လူတစ်စုလိုက်လံလာပြီကိုလည်း ပြောခဲ့သည်။ တစ်ညမှာ ဦးကေသရာ၏ခြံထဲသို့ရှိစဉ် အဝတ်နက်ဝတ်ထားသော လူတစ်ယောက်ဝင်ခဲ့ဖူး၏။

သူတို့လက်ချက်ဖြစ်နိုင်သလား။

ဒါဆို သည်လူတွေက ဘယ်သူလဲ။

သူတို့ပဲ ဆွတ်ပျံ့ကိုခေါ်သွားမှာပဲ။

ဒါက သေချာသောအတွေးပဲဖြစ်သည်။ သူ့မျက်နှာကို မင်းစိုးထိုက်က ဘီယာငုံ့သောက်ရင်း အကဲခတ်၍ ...

“ဘယ်လိုလဲ ... တွေးမိပြီလား ... ”

“ဟုတ်ပြီ ... တွေးမိပြီ ... ခင်ဗျားမဟုတ်ရင် သူတို့ပဲ”

“ဘယ်သူလဲ ... ”

“မသိဘူး ... ”

“ဟာ ... ကိုစနေထွန်း ခင်ဗျားတော်တော်ကြောင်တဲ့လူပဲ ဘီယာလေးနှစ်ခွက်လောက်နဲ့ မမူးသင့်သေးပါဘူး ... ”

“ကျွန်တော် သူတို့ကို မသိဘူး ... သူတို့ကတော့ ဆွတ်ပျံ့



တို့သားအဖကို သိထားပုံပဲ ... ”

“ခင်ဗျားစကားတွေက ဘာအဓိပ္ပာယ်တွေလဲ ... ”

သည်တော့ စနေထွန်းက ဦးကေသရာမသေမီက ဦးကေသရာပြောခဲ့ပုံတွေကို ချုံ့လှပ်ပြီး အဝတ်နက်ဝတ်ထားသော လူတစ်ယောက်ခြံထဲကို ညဉ့်အချိန်မှာ ကျူးကျော်ဝင်ရောက်လာခဲ့ပုံ၊ မိမိတို့နိုးလာတာကြောင့် စကိတ်စီးပြီး ထွက်ပြေးသွားပုံများကို ပြောပြ၏။

လက်ဖက်တစ်ဇွန်းကိုကောက်ယူဝါးစားရင်းမှ မင်းစိုးထိုက်က စိတ်ဝင်စားလာသော အမူအရာနှင့် ...

“ခင်ဗျားတွေ့ခဲ့တာ ရုပ်ရှင်ဆန်ဆန်ပါပဲလား ... အင်း ... ဒါဆို ဒီလူတွေ ဒါမှမဟုတ် ဒီလူရဲ့လက်ချက်ဖြစ်နိုင်တယ်... အင်း ... နေဦး ... ”

လက်ဖက်ဝါးလိုက် ဘီယာတစ်ကျိုက်သောက်လိုက်လုပ်ပြီးမှ မင်းစိုးထိုက်က စဉ်းစားသည်။ ထိုမှ စနေထွန်း၏လက်ကို သူ့လက်နှင့် ပုတ်လိုက်ကာ ...

“ပြီးခဲ့တဲ့ တစ်ပတ်က ကားပွဲစားတန်းမှာ ကျွန်တော်ရှိတုန်း လူတစ်ယောက် ကျွန်တော့်ဆီရောက်လာတယ်ဗျ ... သူက ကျွန်တော့်ကို သိထားပုံပဲ ... ဆွတ်ပျံ့နဲ့ ဦးကေသရာ အကြောင်းမေးတယ် ... ကျွန်တော်က ဒီလူနဲ့အဖွဲ့ကျသွားပြီး ဆွတ်ပျံ့တို့ နေပုံထိုင်ပုံ ချမ်းသာပုံတွေကို ပြောမိတယ် သူတော်တော်စိတ်ဝင်စားပုံပဲ... ကျွန်တော်က ဘာကြောင့် မေးသလဲလို့ သူ့ကိုပြန်မေးတော့ သူကဆွတ်ပျံ့တို့နဲ့ ပွား

www.burmeseclassic.com

www.burmeseclassic.com



ရေးရှယ်ယာလုပ်ချင်လို့ စုံစမ်းကြည့်တာပါတဲ့ ... ကျွန်တော်က ခင်ဗျားလုပ်လို့မရတော့ဘူး ... ဦးကေသရာဆုံးပြီလို့ ပြောရော အတော်အံ့အားသင့်သွားပုံရတယ် ... ”

“ဒီလူရဲ့ ပုံပန်းက ... ”

“မျက်လုံးကျယ်ကျယ် ... မျက်နှာမသွယ့်တစ်သွယ်နဲ့ မေးရိုးပေါ်တယ် ... ရုပ်က ပတန်ကုလားစပ်သလိုပဲ ... ပါးသိုင်းမွေးတွေလည်း နည်းနည်းပါးပါးရှိတယ် ... အသက်က သုံးဆယ်နဲ့လေးဆယ်ကြားပဲ... သူစီးလာတာက ခေတ်ပေါင်းဖောက်(စ်)ဝက်ဂွန်လိပ်ခုံးကား အနီကလေးပဲ ... ဝတ်ထားတာကလည်း စမတ်ပွမ်ပါတယ် ... ”

ဆွတ်ပျံ့၏အပေါင်းအသင်းတွေထဲ၊ ဦးကေသရာအပေါင်းအသင်းတွေထဲမှာ သူမသိပါ။ အဲဒီပုံကိုရှာကြည့်၏။ မတွေ့ပါ။

သူ့မိတ်ဆွေထဲမှာလည်း မရှိကြောင်း စနေထွန်းသိသည်။

“သူ့နာမည်က ... ”

“သူပြောသွားတာကတော့ ... ဘားမောင်မှိုင်းတဲ့ ... ”

“ဘားမောင်မှိုင်း ... ဘားဆိုတော့ အရက်ဘားတွေပဲရှိတယ် အရက်မောင်မှိုင်းလား ... ”

“သူ့ကြည့်ရတာ အရက်သမားတော့ ဟုတ်ပုံမရဘူး...အရက်လည်း သောက်မထားဘူး ကိုစနေထွန်း ... ”

“သူနေတာကကော ... ”



“ကျွန်တော် မမေးထားလိုက်မိဘူး ... ”

“ဘာကြောင့်... ခင်ဗျား ဒါတွေပြောတာလဲ ကိုမင်းစိုးထိုက်”

“ကျွန်တော်စဉ်းစားကြည့်တော့ မသင်္ကာလို့ဘဲ ... သူက ဘာကြောင့် ဆွတ်ပျံ့တို့အကြောင်း လာမေးရတာလဲ ... ခုဆွတ်ပျံ့ပျောက်နေပြီ ... ”

“ခင်ဗျားပြောသလိုဆို ဒီလူကပဲ ဆွတ်ပျံ့ကို လိမ်ခေါ်သွားနိုင်လို့လား ... ”

“ထင်တာပဲလေ ကိုစနေထွန်းရဲ့ ... ဆွတ်ပျံ့တို့ရဲ့ စီးပွားရေးပဲဖြစ်ဖြစ် ... ဦးကေသရာကပဲ မသေမီမှာ တစ်ခုခုမရှင်းမရှင်းလုပ်ခဲ့တာဘဲဖြစ်ဖြစ် ... နောက်ဆုံး သူမရှိတော့ ဆွတ်ပျံ့အပေါ် ခေါင်းပုံကျလာနိုင်တာပဲ ... ဟုတ်ပြီ ... ဒီလူပဲဖြစ်ရမယ် ... ”

ကိုစိုးမင်းထိုက်၏စကားက ကျိန်းသေတွက်ထားသော စကား။

သူကျိန်းသေတွက်သလိုပဲ စနေကလည်း အသေအချာတွက်မိ၏။

“ဟုတ်မှာပါပဲ ... တကယ်ဆို ဒီလူမောင်မှိုင်းဟာ ခင်ဗျားဆီ ဆွတ်ပျံ့အကြောင်း ဘာလာစုံစမ်းစရာရှိလဲ ... ကြည့်ရတာ ခင်ဗျားနဲ့ ဆွတ်ပျံ့ဆက်သွယ်နေတာ သိတဲ့ပုံပဲ ... ”

“ဒါဆို ... ကျွန်တော့်အပေါ် သံသယရှင်းသွားပြီပေါ့ ... ”

စနေထွန်း ခေါင်းညိတ်လိုက်သည်။ ယင်းမှစိတ်ပျက်သလို ခေါင်းကိုယမ်းလိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ... မဖြစ်နိုင်တော့ဘူး ... "

"ဘာမဖြစ်နိုင်တာလဲ ... "

"အဲဒီလူကို မိဖို့ပေါ့ ... ကိုမင်းစိုးထိုက်ရယ် ... "

"ဘာဖြစ်လို့ မမိရမှာလဲ ... ရဲကိုတိုင်ရင်ပြီးပြီ ... "

"ရဲတိုင်ရင် ... ဆွတ်ပျံ့ကို အဲဒီလူဖမ်းခဲ့တာမဟုတ်ရင် ရဲကို အလုပ်ပိုပေးသလိုဖြစ်နေဦးမယ် ... ကျွန်တော်တို့ကိုယ်တိုင် စုံစမ်းမယ်ဗျာ ... သူဘယ်မှာနေတယ်ဆိုတာ မသိတာခက်တယ် ... "

"အေးဗျာ ... ကျွန်တော်ကလည်း ညံ့တယ် ... မမေးလိုက်မိဘူးဗျ ... အင်း ... နေဦး ... "

သူမျက်မှောင်ကုတ်လိုက်၏။ မင်းစိုးထိုက်၏မျက်မှောင်ကုတ်လိုက်စဉ် မျက်ခုံးထူထူနှစ်ခုကိုကြည့်ကာ မျက်ခုံးထူတဲ့လူတွေဟာ တော်တော်ဉာဏ်များတတ်ကြတာပဲဟု တွေးနေသည်။

"ကျွန်တော်မှတ်မိတာတော့ ရှိတယ်ဗျ ... "

"ဘာလဲ ... "

"သူ့ကားနံပါတ်ကို အဲဒီတုန်းက ကျွန်တော်မှတ်ထားလိုက်မိတယ်... ကားပွဲစားလုပ်နေတော့ မျက်လုံးတွေက အကျင့်ပါနေတယ် ... "

"ဒါဆိုပြောဗျာ ... "

မျက်ခုံးထူတဲ့လူများ တယ်များမှတ်ဉာဏ်ကောင်းပါလားဟု စနေထွန်းက တွေးယူရလောက်အောင် တစ်ပတ်လောက်က အမှတ်မထင်မှတ်ထားခဲ့သော ကားနံပါတ်ကို မင်းစိုးထိုက်က



ပြောပြ၏။

စနေထွန်းက သူ့မှတ်စုစာအုပ်ကလေးကို ထုတ်၏။ အဲသည်မှာ အများတကာ၏ ဖုန်းနံပါတ်တွေကို ရေးထားတာရှိသည်။ အဲသည်ထဲမှာ မင်းစိုးထိုက်ပြောသော ကားနံပါတ်ကို ထည့်မှတ်လိုက်၏။

"ကျွန်တော် ဆွတ်ပျံ့ကို ဆက်ရှာတော့မယ် ... "

"ခင်ဗျားက တစ်ကိုယ်တော်လုပ်မလို့လား ... ဒါဝမ်းမင်းရှိုး (One Man Show)မဟုတ်ဘူးဗျနော် ... "

"ဘာကိုဆိုလိုတာလဲ ... "

"ဆွတ်ပျံ့ရဲ့ပထမအချစ်က ကျွန်တော်ဆိုတာ ခင်ဗျားမေ့နေသလား ... "

"ရှင်းရှင်းပြောဗျာ ... "

"ခင်ဗျားတစ်ကိုယ်တော်မလုပ်နဲ့ ... နှစ်ကိုယ်တော်လုပ် ... ကျွန်တော်ပါ ဆွတ်ပျံ့ကိုရှာမယ် ... "

"ဖြစ်နိုင်ပါ့မလား ... "

"မင်းစိုးထိုက်ရဲ့သတ္တိကို စမ်းကြည့်လိုက်လေ ... "

"ကြိုက်သွားပြီ ... ဒါဆို သဘောတူတယ် ... "

ပြောရင်း စနေထွန်းက လက်ဖြန့်ပေးသည်။ သူ့လက်ဝါးကို မင်းစိုးထိုက်က ၎င်း၏လက်ဝါးနှင့် အပေါ်မှ ဖတ်ခနဲပါတွေ့ရိုက်လိုက်သည်။

ပြီးတော့ ကိုယ့်ဖန်ခွက်ကိုယ်ကောက်ယူ၍ ဖန်ခွက်ချင်းထိကာ တို့(စ်)လုပ်လိုက်ကြသည်။ နှုတ်မှလည်း ...

www.burmeseclassic.com

www.burmeseclassic.com



"ခွတ်ပုံ့ ဘေးရန်ကင်းရှင်းပါစေ ... "
"အောင်မြင်ပါစေ ... "
"ချီးယားစ်(Cheers) ... "
"ချီးယားစ် ... "

◇◉◇



## ဇာတ်လမ်းစဉ်(၄)

စနေထွန်းနေထိုင်ရာ သိရိရတနာလမ်းသို့ မင်းစိုး ထိုက်လိုက်မလာပါ။

သူ့ကိုယ်စား ဖုန်းပဲဝင်လာသည်။

စနေထွန်းမှာ ဦးကေသရာမရှိကတည်းက ကုမ္ပဏီ ရှယ်ယာဝင်အဖြစ် ဦးကေသရာကိုယ်စားသို့မဟုတ် ခွတ်ပုံ့ကိုယ်စား ဝင်ရောက်ပြီး ယာယီအုပ်ချုပ်နေရ၏။

ဒါကလည်းနဂိုကတည်းက ဦးကေသရာကသူမသေမီ စနေထွန်းကို ကိုယ်စားမဟုတ်ဘဲ တွဲဖက်အဖြစ် လုပ်ကိုင်ခိုင်းထား၏။

ဦးကေသရာ ဖိုထိုးနေချိန်တွင်မှာ စနေကပဲဝင်လုပ်နေတော့ အမည်၊ မှတ်ပုံတင်နှင့် ကုမ္ပဏီလိုင်စင်မှလွဲ၍ ကျန်တာတွေက စနေထွန်းကိုယ်တိုင်ပိုင်ရှင်လိုဖြစ်လာ၏။

စနေထွန်းက ကုမ္ပဏီကိုသိမ်းရန်လည်း မရည်ရွယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ပျံ့၏ခွင့်ပြုချက်နှင့် ဆက်လက်လုပ်ကိုင်ထိန်းသိမ်းပေးနေခြင်းသာဖြစ်သည်။

ယခုလည်း ဆယ့်တစ်နာရီမှာ ကုမ္ပဏီကိုသွားတော့မည်လို့ အဝတ်အစားလဲခိုက် လက်ကိုင်ဖုန်းခေါ်သံကြောင့် လက်ကိုင်ဖုန်းကို ဆွဲယူနားထောင်လိုက်၏။

"ဟုတ်ကဲ့ စနေထွန်းပါ ... "

"ဩော် ... ကိုစနေထွန်း ... ကျွန်တော် စိုးမင်းထိုက်ပါ"

"ပြောပါ ... "

"မောင်မှိုင်းရဲ့အိမ်လိပ်စာကို စုံစမ်းလို့ရပြီ ... သူနေတာ ထွာမွေ နတ်ချောင်းက သီရိလမ်းမှာပဲ ... "

"ကောင်းပြီဗျာ ... ကျွန်တော်သွားမယ် ... "

"ကျွန်တော်လည်း လိုက်မယ်လေဗျာ ... ထားမပစ်ခဲ့နဲ့"

"အိုကေ ... ဘယ်မှာတွေ့မလဲ ... "

"အာသောကလမ်းထိပ်မှာ ကျွန်တော်စောင့်နေမယ် ... ခင်ဗျားအခုလာမလား ... "

"လာမယ် ... ခင်ဗျား ဘယ်ကစကားပြောနေတာလဲ"

"တာမွေဈေးရှေ့မှာရှိတဲ့ ထီဆိုင်တစ်ဆိုင်က ပြောနေတာ"

"အာသောကလမ်းနဲ့ ခင်ဗျားနဲ့ နီးသားပဲ ... စောင့်နေလေ"

စနေထွန်း အာသောကလမ်းကို အရောက်သွားတော့ စောင့်နေသော မင်းစိုးထိုက်နှင့် တွေ့ရသည်။ မင်းစိုးထိုက်မှာ စိတ်ပါလက်ပါနှင့် စိတ်အားထက်သန်ပုံလည်း ရှိသည်။

"မောင်မှိုင်းလိပ်စာကို ခင်ဗျား ဘယ်လိုစုံစမ်းသလဲ ... "



"ကညနမှာ ကျွန်တော့်မိတ်ဆွေတွေရှိတယ်လေ ... အခုတစ်ခုကောင်းတာက ကညနမှာ ကိုယ့်ကားကိုယ်ဝယ်ရင် ကိုယ်တိုင်ပိုင်ရှင်လုပ်ရတော့ မိတ်ဆွေတွေရဲ့ကားနံပါတ်နဲ့ အမျိုးအစားပြောပြတော့ သူတို့ရှာပေးပါတယ် ... ကားအိုကားဟောင်းပေမဲ့ အကွခရာစဉ်လိုက်ဆိုတော့ လွယ်ပါတယ် ဒီကားကိုပြီးခဲ့တဲ့သုံးလောက်ကမှ ဒီလူဝယ်တာ ... "

"ဩော် ... ဩော် ... "

လန်ကရူဇာကားပေါ်တွင် စနေထွန်းနှင့် ဘေးချင်းယှဉ်ထိုင်လျက် မင်းစိုးထိုက်က ပြောနေသည်။

"ဒီမောင်မှိုင်းဆိုတဲ့ပုဂ္ဂိုလ်ဟာ တစ်ချိန်က "အာကာမောင်"ဘွားဆပ်ကပ်ထောင်ထားတဲ့လူပဲ ... သူက ဆိုဗီယက်နဲ့ ပီကင်းပြန်လို့လည်း သိရတယ် ... ကမ္ဘာလုံးပေါ်မှာ စကိတ်စီးတာတို့ ... ကောင်းကင်ဘားကစားတာတို့ ... ကျွမ်းပစ်တာတို့ တော်တော် တော်တယ်လို့ ကြားရတယ် ... "

"ဘယ်သူ့ဆီကလဲ ... "

"မင်းစိုးထိုက်စုံစမ်းချက်တွေပါ ... "

သူက ခပ်ကြွားကြွားပြောသည်။ စနေထွန်းထက် အပေါင်းအသင်းကောင်းသဖြင့် စုံစမ်းရေးမှာ သာလွန်နေပါပကော။

"နှစ်ဆယ့်လေးနာရီရဲ့ သုံးပုံနှစ်ပုံအတွင်းမှာ ခင်ဗျားစုံစမ်းချက်တွေက တော်ပါတယ် ... ခင်ဗျားအရည်အသွေးမဆိုးဘူး ... "

"ဟဲ ... ဟဲ ... ဟဲ ... မင်းစိုးထိုက်ပဲဗျာ ... ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လည်း ကျွန်တော့်ဟာကလေးတွေနဲ့ပေါ့ ... "

ဆွတ်ပျံ့၏ ပထမချစ်သူကို ဒုတိယချစ်သူက ဘာမှ ပြန်မပြောဘဲ ပခုံးတွေကိုပဲ တွန့်ပြ၏။

သီရိလမ်းဆိုတာ မေတ္တာညွှန့်ရပ်ကွက်ထဲမှာရှိ၏။ ချောင်းကလေး၏တစ်ဖက်တွင် နာမည်ကြီးဘုန်းကြီးကျောင်းတစ်ကျောင်း တည်ရှိနေသည်။

တိုက်တာအိမ်ရာတွေလည်းရှိသည်။

တစ်ချိန်တစ်ခေတ်က ညစ်ပတ်ပေရေနေသောသည်ရပ်ကွက်မှာ ယခုအချိန်ကာလတွင် သန့်ပြန့်စွာရှိနေ၏။

လမ်းတွေကလည်း ပြန့်ပြန့်ပြူးပြူးပါပဲ။

တိုက်ခန်းတစ်ခန်းပေါ်သို့ တက်လိုသဖြင့် ရရှိသောလိပ်စာအရ တိုက်တစ်တိုက်ရှေ့တွင် ရပ်လိုက်သည်။

မလှမ်းမကမ်းတွင် ချောင်းကလေးနှင့် ယင်းချောင်းနှင့်ကပ်နေသော ဘုန်းကြီးကျောင်းတစ်ကျောင်းရှိ၏။

ထိုကျောင်းမှ စာအံသံတွေ ထွက်ပေါ်နေသည်။ နေမင်း၏အရှိန်အဝါက ထွန်းတောက်ပူပြင်းလှ၏။

အေးစက်နေသော လေအေးပေးစက်ရှိရာကားထဲမှ ထွက်လိုက်သည်နှင့် အပူရှိန်ကို နှစ်ယောက်စလုံးအနက် စနေထွန်းက ပိုပြီးမခံမရပ်နိုင်အောင် ရှိ၏။ တစ်နေရာတွင် ချောကလက်ရောင် ဘောက်စ်ဝက်ဂွန်ကားကလေး။

ဒါတွေကိုဘေးဖယ်ပြီး တိုက်ပေါ်သို့တက်လာသည်။

"သူ့မိန်းမတွေ သားသမီးတွေရှိသလား မသိဘူး ... ရှိနေရင်



မေးလို့ ကောင်းပါ့မလား ... "

"မေးမယ်ဗျာ ... ဆွတ်ပျံ့တို့ကို သူဘာလို့လာစုံစမ်းသလဲဆိုတာ သိရအောင်မေးမယ် ... လူဆိုတာ မေးမြန်းခံရလို့ စိတ်မလုံရင် အမူအရာပျက်နေမှာ သေချာတယ် ... "

လှေကားမှတက်လာစဉ် မင်းစိုးထိုက်၏အပြောကို စနေက တုံ့ပြန်ပြောခဲ့သည်။ ထိပ်ဆုံးသို့ ရောက်လာသည်။

အခန်းနှစ်ခန်းအနက် တစ်ခန်းကို ခေါက်လိုက်၏။

"ဘယ်သူလဲ ... "

အမျိုးသမီးတစ်ယောက်၏ မေးသံ။

"ကိုမောင်မှိုင်းနဲ့ တွေ့ချင်လို့ပါ ... "

တံခါးက ချောက်ခနဲချက်ကျသံနှင့် ပွင့်သွား၏။ အသက်လေးဆယ်နီးပါး ပိန်ပိန်ပါးပါးမိန်းမတစ်ယောက် ပေါ်လာပြီး မျက်နှာချင်းဆိုင်အခန်းတစ်ခန်းကို လက်ညှိုးထိုးပြသည်။

ပြီးတော့ တံခါးကို ဒိုင်းခနဲပြန်ပိတ်လိုက်သည်။

"ရိုင်းလိုက်တာ ... "

စနေထွန်းက ခံပြင်းစွာပြောမိသည်။

မင်းစိုးထိုက်က ဂရုမစိုက်ဟန်နှင့် ...

"ရန်ကုန်မှာ ဒါတွေအပုံကြီး ... တိုက်အပေါ်ဆုံးထပ်တွေမှာနေတော့ လူတွေကို အလကားနေရင်း လန့်နေကြတယ် ... စားပြလိုလို ... သူခိုးလိုလို အောက်မေ့နေကြတာ ... မဆန်းပါဘူး ... "

သည်နေရာတွင် ကားပွဲစားပီပီ မင်းစိုးထိုက်က

www.burmeseclassic.com

www.burmeseclassic.com



စနေထွန်းထက်ပိုပြီး အတွေ့အကြုံများသည်။ လူတွေအကြောင်း ပိုတီးခေါက်မိဟန်တူသည်။

မျက်နှာချင်းဆိုင်အခန်းမှာ ပြောင်လက်သော ကျွန်းသားတံခါးနှင့် ပြုလုပ်ထား၏။ လူခေါ်ခေါင်းလောင်းနှိပ်သီးလည်း ရှိသည်။

ပလပ်စတစ်နှိပ်သီးကို စနေထွန်းက နှိပ်လိုက်၏။ အတွင်းမှ ခေါင်းလောင်းမြည်သံမကြားရ။

"ခေါင်းလောင်းအသံဝင်သွားပြီ ... "

စနေထွန်း၏နှုတ်မှ တီးတိုးပြောသံအဆုံး မျောက်လက်ကို သူမခေါက်ရမီ မင်းစိုးထိုက်က လက်ခေါက်ဖျားနှင့် တဒေါက်ဒေါက်ခေါက်လိုက်သည်။

"ဘယ်သူလဲ ... "

မိန်းကလေးတစ်ယောက်၏အသံ။

"ကိုမောင်မှိုင်းနဲ့ တွေ့ချင်လို့ပါ ... "

ခဏအကြာ ချောက်ခနဲ ချက်ပြုတ်သံပေါ်လာသည်။ တံခါးရွက်တွေကို စနေထွန်းက တွန်းဖွင့်လိုက်၏။

"အမေ့ ... "

အထဲမှ မိန်းကလေးတစ်ယောက်၏. မတိုးမကျယ်အသံ။

အတွင်းခန်းထဲကို စနေထွန်းရော မင်းစိုးထိုက်ပါ ဝင်ရောက်သွားမိကြသည်။

တွေ့ရပါပြီ။



မောင်မှိုင်းဆိုတဲ့ငနဲကို မဟုတ်။

မိန်းမချောသက်ငယ်ကလေးတစ်ယောက်။ ငတိမလေးမှာ အဝတ်အစားကပိုကရို၊ မျက်နှာတွင် မိတ်ကပ်တချို့ပျက်လို့။

"ဟင် ... ညီမလေး ... "

"ဟင် ... ကိုကို ... "

တကာယ့်ကို အံ့အားသင့်စရာပဲ။ အခန်းထဲ ကျွံအဝင်မှာ အတွင်းက မိန်းကလေးကိုမြင်တာနှင့် မင်းစိုးထိုက်အသံထွက်သွားသည်။

ကောင်မလေးမျက်နှာမှာ တစ္ဆေသရဲတွေ့သလို ပြူးတူးပြဲတဲဖြစ်သွားရုံမက မျက်နှာမှာလည်း ဖြူလျော်လျော်ဖြစ်သွားသည်။ နှုတ်မှလည်း ခေါ်ငင်လိုက်သည်။

တစ်ယောက်ကိုတစ်ယောက် ငိုင်ကြည့်နေမိကြသည်။

ထိုအတွင်းမှပင် ...

"သိုက်သိုက် ... ဘယ်သူလဲကွ ... "

မေးသံနှင့်အတူ အတွင်းခန်းမှ လူတစ်ယောက်ထွက်လာ၏။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်း၊ မျက်နှာက လေးထောင့်အသွင်ရှိသည်။

သူ့ကိုယ်အထက်ပိုင်းတွင် အင်္ကျီမရှိ။

အောက်ပိုင်းတွင် ဖီတိုဒီတို ဒူးဆစ်လောက်ရှိ ဂျင်းဘောင်းဘီတိုကို ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ ... ဘာတွေလဲ ... ဩော် ... "

သူက ခပ်ဆတ်ဆတ်မေးပြီးမှ မင်းစိုးထိုက်မျက်နှာကိုမြင်သည်နှင့် ဩော်ဟု အသံထွက်သွားသည်။

ဒါတွေကို စနေထွန်းက မြင်သည်။ ကောင်မလေးကိုတွေ့တော့ မင်းစိုးထိုက်ညီမသိုက်သိုက်ဆိုတာလည်း သိသည်။

မင်းစိုးထိုက်မှာ အတွင်းခန်းမှ အမျိုးသားထွက်လာတာကို မြင်ရလို့ ချက်ချင်းအဓိပ္ပါယ်ပေါက်သွားပြီးတော့ မျက်နှာကြီးရဲခနဲဖြစ်သွားသည်။

"သိုက်သိုက် ... နင် ဒီမှာဘာလာလုပ်တာလဲ ဟင် ... "

ကောင်မလေး ပြန်မဖြေနိုင်။

နှုတ်ခမ်းကလေးတပြင်ပြင်ဖြစ်နေသော်လည်း တုန်လှုပ်ချောက်ချားနေဟန်တူသည်။ စကားသံမထွက်နိုင်။

"ပြောစမ်း ... နင် ဒီမှာဘာလာလုပ်တာလဲလို့ ... "

မင်းစိုးထိုက်အမူအရာမှာ လက်ထဲမိုးကြိုးရှိလျှင် မိုးကြိုးနှင့် ခွင့်တော့မလို။

နှုတ်မှ အသံကလည်း အမြောက်ပစ်သံထက်ကြောက်စရာကောင်းနေသည်။

ကောင်မလေးမှာဘာမှမပြောနိုင်ဘဲသူ့ကိုတစ်လှည့်ထွက်လာသူ ငတိကိုတစ်လှည့်ကြည့်နေရာမှ ခေါင်းကိုအဓိပ္ပါယ်မဲ့ယမ်းခါနေသည်။

ယောက်ျားပီပီသဘောပေါက်သည်။ မိမိလည်း မိန်းမတချို့နှင့် ပွေရှုပ်ခဲ့ဖူးသည်။ သူ့ညီမအခြေအနေကိုမြင်တာနှင့် ဘာဆိုတာကို မင်းစိုးထိုက်နားလည်သည်။



ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ တုန်လှုပ်ခြင်းများသည် သူ့တစ်ကိုယ်လုံးကို လွှမ်းမိုးသွားသည်။

မျက်နှာက ပြူးပြူးပြဲပြဲဖြစ်ကာ ...

"ဟင် ... နင်ပြောတော့ ရှူတင်ဆို ... ရှူတင်မသွားဘဲ ဒီမှာဘာလာလုပ်နေသလဲ ... မိသိုက် ... နင့်ဘဝဘယ်ရောက်သွားပြီလဲဟင် ... နင် ဒါကိုမသိဘူးလား ... "

"ညီမ ... ညီမလေး ... "

"ဟာ ... ကဲဟာ ... "

မင်းစိုးထိုက် ရုတ်တရက် ဒီလိုလုပ်လိမ့်မည်ဟု စိတ်ကူးထဲ မထင်မှတ်သောကြောင့် စနေထွန်းက မင်းစိုးထိုက်လက်ကို မဆွဲမိ။

"အား ... အမေ့ ... "

မင်းစိုးထိုက်လက်ဝါးပြင်က မော်ဒယ်ဆန်သော မင်းသမီးဆန်သော သိုက်သိုက်၏ပါးပြင်ကလေး တစ်ဖက်ပေါ် ဖြန်းခနဲကျသွားသည်။

ကောင်မလေး ယိုင်လဲလုလုဖြစ်သွားရှာ၏။

အနီးရှိ ကြိမ်ကုလားထိုင်တစ်လုံး၏လက်ရမ်းကို သူမလက်ကလေးနှင့် ထိန်ထားလိုက်လို့သာ ပုံလဲမသွားခြင်းဖြစ်၏။

"ခွေးမ ... အမိုက်မ ... မဟုတ်တာလုပ်စားတယ် ... သတ်ပစ်မယ် ... နင့်ကိုသတ်ပစ်မယ် ... "

နောက်ထပ်တစ်စုံတစ်ခုလုပ်တော့မည့်ဟန်[illegible]နှင့်

www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးထိုက် ရှေ့ကိုတိုး၏။ သည်တစ်ခါတော့ စနေထွန်းက ဝင်ဆွဲ၏။

"ကိုမင်းစိုးထိုက် ... သတိထားပါဗျာ ... ဒါ ခင်ဗျားညီမလေးပါ ... "

"ဒီကောင်မ ကျုပ်အရှက်ကိုခွဲတယ်ဗျ ... ဘယ်လိုကောင်မလဲ သတ်ပစ်တာ အေးတယ် ... "

"သတ်ပစ်လိုက်ရင် မအေးဘူးဗျ ... ခင်ဗျားကို ရဲဖမ်းမယ် ထောင်ကျမယ် ... ခင်ဗျား ကားပွဲစားလုပ်ရမှာမဟုတ်ဘူး"

"နေပါဦး ... ကျုပ်အိမ်မှာ ခင်ဗျားတို့ ဘာလာရှုပ်နေတာလဲ ... "

ဒီမေးခွန်းကို အတွင်းမှထွက်လာသူကမေးလိုက်၏။ သူ့မျက်နှာမှာ စိတ်ဆိုးဟန်နှင့် ပုပ်သိုးနေသည်။

"ဒါ ကျုပ်ညီမဗျ ... တောက် ပြောရမှာရှက်တယ် ... တောက် ... "

မင်းစိုးထိုက်၏ တောက်ခေါက်သံပြင်းသည်။

"ခင်ဗျားညီမဆိုလည်း အေးအေးသက်သာပြောပေါ့ဗျာ ... ကျုပ်အိမ်ပေါ်မှာ ရိုက်လား နှက်လားမလုပ်ပါနဲ့ ... ကျုပ်မကြိုက်ဘူး ... "

"အံမာ ... "

မင်းစိုးထိုက်က ဒေါသနှင့် ထွက်လာသူကို ရင်ဆိုင်သည်။ မင်းစိုးထိုက်ကိုယ်မှာ မသိမသာ တုန်နေသည်။

စနေထွန်းရှေ့ဆိုတော့ ရှက်တာပေါ့။



"ကိုကို ... ညီမလေးကို မရိုက်နဲ့ ... ဒါ ကိုကိုအသုံးမကျလို့ ညီမလေး ကိုယ့်အားကိုယ်ကိုး ငွေရှာရတာ ... အဖေမရှိတော့တဲ့နောက် ... အစ်ကိုကြီးအဖရာအနေနဲ့ ကိုကိုဘာ အားကိုးရလို့လဲ ... အိမ်ရဲ့ဝင်ငွေကို ရှာမပေးဘူး ... ကိုကို ရရင် ကိုကိုပဲ သုံးဖြုန်းပစ်တယ် ... ဗီဒီယိုရုံတင်ထဲ ညီမလေးပါတော့ရော ... ဘယ်လောက်ရမှာမို့လို့လဲ ... မေမေ့စားစရိတ် ... ညီမလေးစရိတ်... အိမ်စရိတ်ကို ညီမလေးဖာသာ ညီမလေးရှာရတယ် ... ကိုကိုလုပ်တာ မတရားဘူး ... ကိုကို့ကို မုန်းတယ် ... မုန်းတယ် ... "

တော်လှန်ခြင်းသည် ဖိနှိပ်ခြင်းကြောင့်ဖြစ်သလို တရားလွန်လုပ်ရပ်ကိုပြန်လည်ပေါက်ကွဲခြင်းသည် ခံပြင်းမှုကြောင့်သာဖြစ်၏။

ပြောပြီးသည်နှင့် သိုက်သိုက်ဆိုသောမိန်းကလေးမှာ ဘယ်သူ့ကိုမှ ဂရုမစိုက်တော့ဘဲ အိမ်ပေါ်မှဆင်းပြေးသွားတော့၏။

မျက်ရည်များသည် သူမ၏ပါးပြင်နုနုကလေးပေါ်မှာ စိုရွှဲနေသည်။

မင်းစိုးထိုက်မှာ သူ့ညီမကိုလှမ်းမခေါ်မိပါ။

ငိုင်တွေကျန်ခဲ့သည်။

မိန်းကလေးရဲ့ တိုတိုပြတ်ပြတ်နှင့် ပြောသွားသော စကားလုံးတွေက တဒင်္ဂတွင် သူ့နှလုံးသားကို ထိသွားဟန်တူ၏။

စနေထွန်းကတော့ လောကကြီး၏အဖြစ်အပျက်တွေကိုပဲ အံ့သြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွတ်ပျံ့အမှုကို လာရောက်စုံစမ်းကာမှ မင်းစိုးထိုက်ရဲ့ရင်နာစရာအဖြစ်တွေကို လာတွေ့နေသည်။

သူ့ညီမ၏ဘဝပျက်စီးမှုကို လာတွေ့နေ၏။

"ခင်ဗျားတို့ ထွက်သွားပါ ... ဘာတွေမှန်းလဲ မသိဘူး... "

ငိုင်နေတဲ့ မင်းစိုးထိုက်ကိုလည်းကောင်း၊ ဘာပြောရမှန်းမသိ စဉ်းစားနေသော စနေထွန်းကိုလည်းကောင်းကြည့်ကာ အခန်းထဲမှထွက်လာသူက ဟိန်းဟောက်လိုက်သည်။

မင်းစိုးထိုက်သည် ဒေါသရောင်မျက်လုံးများနှင့် အဲသည့်လူကိုကြည့်နေပြီးမှ လှေကားအတိုင်း ပြေးဆင်းသွားသည်။

သူ့ညီမနောက်ကို လိုက်ဟန်တူသည်။ စနေထွန်းက မတားလိုက်ပါ။

သူ့အခန်းပြီးလျှင် ကိုယ့်အခန်းရဲ့ပြကွက်ကို အကွက်ဖော်ရမှာပဲ။ ပိန်းဗောင်းနောင်ဂျိန်နှင့်ဖော်ရမည်ဆိုလည်း ဝန်မလေး။

"ခင်ဗျားနာမည် ကိုမောင်မှိုင်းလား ... "

"ဟုတ်တယ် ... မင်းက ... "

"ကျုပ်နာမည် စနေထွန်း ... ခင်ဗျားကို မေးစရာရှိတယ်"

"မေးတယ်ဆိုတာ ရဲတွေ စုံထောက်တွေမှ မေးနိုင်တာ ... မင်းက ရဲလား ... "

"ရဲမဟုတ်ဘူး ... ဒါပေမဲ့ ကျုပ်မေးခဲ့တာ မဖြေခဲ့ရင်တော့ ရဲလက်ထဲကို အပ်မယ် ... "

"အောင်မာ ... မင်းက ဘာကောင်လဲ ... "

"ကျုပ်စနေထွန်းလို့ ပြောပြီးပါပကော ... ခင်ဗျား ကိုမင်း



စိုးထိုက်ဆီသွားပြီးတော့ ဆွတ်ပျံ့ကေသရာနဲ့ သူ့အဖေ ဦးကေသရာတို့အကြောင်း သွားစုံစမ်းတယ်လို့ သိရတယ် ... ဘာအကြောင်းကြောင့် စုံစမ်းတာလဲ ... "

"မင်းနဲ့ ဘာဆိုင်သလဲ ... "

"ဆိုင်တယ် ... ဆွတ်ပျံ့ဟာ ကျုပ်ချစ်သူ ... သူ့အဖေမရှိတော့တဲ့နောက်မှာ ကျုပ်က သူ့ကိုသံမဏိတံတိုင်းလို အကာအကွယ်ပေးနေရတဲ့လူ ... အခု သူပျောက်သွားတယ် ... ခေါ်သွားနိုင်တဲ့လူက ခင်ဗျားနဲ့ မင်းစိုးထိုက်နှစ်ယောက်ပဲရှိတယ် ... အခု မင်းစိုးထိုက်မဟုတ်ဘူး ... ခင်ဗျားပဲကျန်တယ် ... "

စကားကိုပြန်မပြောဘဲ စနေထွန်းကို မောင်မှိုင်းက စေ့စေ့ကြည့်နေသည်။ စနေကလည်း ရဲရဲတင်းတင်းပဲ မောင်မှိုင်းကို ပြန်ကြည့်နေသည်။

စနေ့မျက်လုံးတွေက မောင်မှိုင်းမျက်လုံးတွေထက် အားစက်မာကျောပြီး အတွင်းစိတ်အားပါသည်။ ထိုမျက်လုံးတွေ၏ ဟန်ကို မောင်မှိုင်းက မခံနိုင်သလို သူ့မျက်လုံးတွေကို လွှဲဖယ်လိုက်သည် ...

"မင်းသိချင်သလား ... "

"သိချင်တယ် ... "

"သိချင်ရင် ခဏနေ ... ငါအဝတ်အစားလဲပြီးမှ စကားပြောမယ် ... ခဏလေး ... "

သူကပြောပြီးတော့ အတွင်းခန်းထဲ ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အရေအတွက် အနည်းငယ်လောက်ပဲစောင့်နေလိုက်ရသည်။ ကိုမှိုင်းက ပြန်ထွက်လာ၏။

စောစောကလို ကိုယ်တုံးလုံးမဟုတ်တော့ဘဲ အင်္ကျီလက်ရှည်နှင့် ဘောင်းဘီကို သပ်ယပ်သားနားစွာ ဝတ်ထား၏။

အဲ ... မျက်နှာကလည်း ပြုံးလို့။

ကောင်းသောပြုံးခြင်း မဟုတ်ပါ။

ထိုအပြုံးနှင့် ဆန့်ကျင်ဘက်ကတော့ သူ့လက်တစ်ဖက်ထဲတွင် သေမင်းတိုင်းနိုင်ငံသို့ အချိန်မရွေးပို့ပေးနိုင်သော ပစ္စတိုတစ်လက်ကို ကိုင်ဆောင်ထားလေရဲ့။

"အဲဒါ ပွိုင့်လေးဆယ့်ငါး ဘရောင်နင်ပစ္စတိုခေါ်တယ် ... ဒီသေနတ်ကိုမင်းမြင်ဖူးကောင်း မြင်ဖူးပေမဲ့ ... သူ့ကျည်ဆန်အရသာကိုတော့ ခံစားဖူးမှ ခံစားဖူးမယ် ... ငြိမ်ငြိမ်နေ"

"ခင်ဗျား မတော်တရော်တွေ မလုပ်စမ်းပါနဲ့ ကိုမောင်မှိုင်း လက်နက်မဲ့ ငြိမ်းချမ်းရေးစကားပြောစမ်းပါ ... "

"ငါက လက်နက်နဲ့ပဲ စကားပြောတတ်တယ် ... ဒီတော့ မင်းကောင်မလေးကိုလည်း တွေ့ချင်တယ် ... မင်းလည်း မနာချင်ဘူးဆိုရင် အေးအေးသက်သာ ငါနဲ့လိုက်ခဲ့ ... ထော်လော်ကန့်လန့်လုပ်ရင် ငါကပစ်သတ်မှာ ... "

ကိုမောင်မှိုင်းအသံက ခြိမ်းခြောက်သံတွေ ပြွတ်သိပ်နေလေရဲ့။

သူ ကိုမှိုင်းကို သေနတ်သမားကို ခုခံနိုင်စွမ်းရှိပါသည်။ သို့တစေ ဆွတ်ပျံ့နှင့်တွေ့ရမည်ဆိုတော့ ဒီလူနှင့် နောင်ကျိန်



ဖာတ်ခင်းရမည့်အရေးကိုဘေးဖယ်ထားဖို့ပဲ ရှိ၏။

မင်းစိုးထိုက် ဘယ်ရောက်သွားပြီလဲ။

သူကရှေ့မှသွားစဉ် မင်းစိုးထိုက်ကို တွေးနေသည်။

သူ့ညီမနောက်လိုက်သွားလေမလား။

သူ့နောက်တွင် ကိုမှိုင်းက မသိမသာကပ်ပါလာ၏။ ဘေးလူတွေ မမြင်ရအောင် သေနတ်ကိုင်လက်ပေါ်တွင် နက်ပြာရောင်အနားပြား ဦးထုပ်တစ်လုံးကို လက်တစ်ဖက်နှင့် ကိုင်အုပ်ပေးထား၏။

ဤဦးထုပ်မှာ စပိန်တွေနွားတိုက်ပွဲမှာ နွားသတ်သမားဆောင်းသော ဘင်ဒါရီးယိုးခေါ် အနားပြားဦးထုပ်မျိုးဖြစ်၏။

စနေထွန်းကားပေါ်တက်သည်။

မင်းစိုးထိုက်ကို မျက်လုံးကစားသည်။

ငနဲသားကို လုံးဝမတွေ့။

သူ့ဘေးတွင် မင်းစိုးထိုက်အစား ကိုမှိုင်းက သေနတ်ကစ်လက်နှင့် နေရာယူခဲ့သည်။

"ကိုင်း ... မင်းအနားမှာ သေနတ်နဲ့ ငါရှိတယ် ... ငါမောင်းခိုင်းရာကို မောင်းပေတော့ ... သာသာကြည်ကြည်မောင်းရင် ... မင်းအချစ်ကလေးနဲ့ တွေ့မယ် ... ဉာဏ်များပြီး ထိပ်တိုက်လုပ်မယ်ဆိုရင်တော့ မင်းနဲ့ယမမင်းနဲ့ တွေ့ကြမှာပဲ ... "

◈⊙◈

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၅)

ယမမင်းနှင့် မတွေ့ရပါ။

သူ၏စိတ်ထဲတွင် ထိုလူသည် ထူးဆန်းသည့်လူတစ်ယောက်လို့တော့ ထင်သည်။

စနေထွန်းကို ကိုမှိုင်းက ပဲခူးကားလမ်းအထိ ခေါ်သွားသည်။ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှည်းကူးကိုတောင် ကျော်လာရသည်။

လမ်းတွင် တစ်ဦးတစ်ယောက်မှ စကားမပြောပါ။ စနေထွန်းက သူ့စိတ်ထဲတွင် ကိုမှိုင်းကို ရန်သူလို့မမှတ်ဘဲ သူ့အပေါင်းအသင်းလို့ပဲ သဘောထားပြီး ပျော်ပျော်ရွှင်ရွှင် ကားမောင်းနေမိ၏။

တစ်ခါတစ်ခါ စတီရီယိုတေးတစ်ပုဒ်ကို လေကလေးချွန်မိသည်။

ကိုမှိုင်းကသာ သေနတ်တစ်ချိန်ချိန်နှင့် သတိထားနေခဲ့ပြီး ဟိုမောင်းသည်မောင်း ပြောနေသည်။

စနေထွန်းက အေးဆေးသောအမူအရာနှင့် တစ်ခါ



တစ်ခါ လေချွန်သောအခါ နားမလည်သလိုကြည့်ပြီး သည်ကောင် ပရိယာယ်လုပ်နေတာပါဟုထင်ပြီး ပိုသတိထားသည်။

သည်လိုနှင့် လှည်းကူးကျော်တော့ ဖောင်ကြီးဘက်သွားသောလမ်းကို မောင်းခိုင်း၏။

စနေထွန်း အဲသည့်ဘက်ကို ရောက်ဖူးသည်။

ကားလမ်းအတိုင်း နှစ်မိုင်ကျော်လောက် မောင်းလျှင် နာမည်ကြီး'ပခန်းကျော်'ထန်းရည်ဆိုင်ကို ရောက်နိုင်သည်။

ထို'ပခန်းကျော်'ထန်းရည်ဆိုင်သည် ထန်းရည်ကောင်းသလောက် ထန်းရည်နှင့်လိုက်ဖက်သော ကြွက်သား၊ ဖားသား၊ ရှော်ဘဲ တောဘဲ၊ ငှက်စသည့်အကောင်မျိုးစုံ၊ ဆက်သားကြော်ကအစ အသုပ်စုံအထိ ရနိုင်သည်။

စနေထွန်း တစ်ခါက နိုင်ငံခြားသားနှစ်ယောက်သုံးယောက်ကို ထိုဆိုင်အထိခေါ်ပြီး ထန်းရည်တိုက်ခဲ့ဖူးသည်။

သူကိုယ်တိုင်ကလည်း ဘီယာထက် ထန်းရည်ကို ပိုကြိုက်တတ်၏။

ကားက ပခန်းကျော်ဆိုင်ကိုဖြတ်ပြီး သုံးလေးဖာလုံအရောက်မှာ ကားကိုရပ်ခိုင်းလိုက်၏။

သည်တော့မှ စနေက ကားကိုရပ်ရင်း ...

"ထန်းရည်ဆိုင်ကိုကျော်ခဲ့ပြီဗျ ... ခုလိုနေပူချိန်မှာ ထန်းရည်သောက်ရရင် သိပ်ကောင်းမှာပဲ ..."

"ဗိုက်ထဲ ကျည်ဆန်အဝင်ခံရရင် ပိုမကောင်းဘူးလား ..."

"မလုပ်ပါနဲ့ဗျာ ... အူတွေထွက်လာရင်ကြည့်မကောင်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



နေပါ့မယ် ... ”

“ဆင်း ... ”

သူ့ခါးကို သေနတ်ပြောင်းနှင့် အထိုးခံရ၏။ ကားတံခါးဖွင့်ကာ တစ်ဖက်မှ ဆင်းသည်။ ကားနှင့် သုံးလေးပေသို့ကွာအောင် ကိုမှိုင်းကသွားခိုင်းပြီး သူကိုယ်တိုင် ထိုအပေါက်မှဆင်းသည်။

ရှေ့လှမ်းလှမ်းတွင် ရွာကလေးရှိ၏။

ဖောင်ကြီးဘက်မှလာသော ခရီးသည်တင်ကားတစ်စီးနှင့် ကိုယ်ပိုင်ကားနှစ်စီးက သူတို့ကား၏လာရာလမ်းသို့ မောင်းနှင်သွားကြသည်။

သူတို့ကို ဂရုမစိုက်မိကြ။

မြင်နေရသောရွာကလေးရှိရာသို့ စနေထွန်းကို ခေါ်သွား၏။

အိမ်ခြေသုံးလေးဆယ်လောက် ရှိပါလိမ့်မည်။

ရွာတွင်းရှိ အိမ်တွေက အကွက်ကျဲကျဲဆောက်ထားသည်။ ရွာဝတွင် ဘုန်းကြီးကျောင်းရှိသည်။

ကျောင်းပရဝုဏ်မှာ ခြောက်သွေ့နေသည်။

ဘုန်းကြီးကျောင်း၏သည်မှာဘက်တွင် လယ်ကွင်းတွေ။

ယင်းလယ်ကွင်းတွေကို ဖြတ်လိုက်တော့ ရွာနားတွင် ပျဉ်ထောင်အိမ်တစ်လုံးရှိနေသည်။

နေကလည်း ပူလိုက်တာ။



စနေက နေကာမျက်မှန်တပ်ထားသလို ကိုမှိုင်းကလည်း နေကာမျက်မှန်တပ်ထားသည်။

အိမ်ထဲတွင် ပရိဘောဂအနည်းငယ်ရှိသည်။ အိမ်ရှေ့တွင် လူတစ်ယောက်က ကောက်ရိုးပုံတချို့ကို ခက်ရင်းနှင့် ဆွနေ၏။

“သူ ဘာလုပ်နေသလဲ ... အိပ်နေသလား ... ”

အဲသည်လူကို မေးလိုက်တာက ကိုမှိုင်း။

“ရှိတယ် ... အိမ်ထဲမှာ ဘာလုပ်နေသလဲတော့ မသိဘူး”

စနေထွန်းကို ထိုလူကပြန်ဖြေရင်း အကဲခတ်သည်။ စနေက မျက်မှန်တွင်းမှ မျက်လုံးများနှင့် အားလုံးကို ခြုံငုံအကဲခတ်သည်။

“ဝင် ... ”

တစ်ခွန်းတည်းပဲ ကိုမှိုင်းကပြောသည်။

အိမ်ထဲသို့ရောက်သည်။ လူတစ်ယောက်ကို ဦးစွာတွေ့ရ၏။ မြင်တာနှင့် ထူးဆန်းသည်ဟု ထင်၏။

သူ့တစ်ကိုယ်လုံးသည် မည်းနက်သောအသားအရေရှိ၏။ နှာခေါင်းက ပွပြီး မျက်လုံးတွေပြူးကျယ်ကာ နှုတ်ခမ်းလန်သည်။ လူတစ်ကိုယ်လုံး အသားရောင်က မည်းနက်ပြီး အနောက်တိုင်းဝတ်စုံတွင် အင်္ကျီလက်ရှည်နှင့် ဘောင်းဘီဝတ်ဆင်ထားရင်း အင်္ကျီလက်ရှည်ကို တံတောင်အထိ ခေါက်ထားရ၏။

အရပ်ငါးပေကိုးလက်မရှိသော စနေထက် တစ်ပေကျော်လောက် နိမ့်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



လူက ပုသည်။ ခေါင်းက ဆံပင်တွေကပါးပြီး မြက်ပင်တွေလို တိုနံ့နံ့နှင့် ကွေးကွေးကောက်ကောက်ပေါက်နေ၏။

သူ့မျက်လုံးများသည်မျက်သားတွေဖြူကာ ရက်စက်မည့်အရိပ်အယောင်တွေရှိသည်။

စနေတို့ဝင်လာတာကို လက်နှစ်ဖက်နောက်ပစ်ကာ အေးဆေးသက်သာကြည့်နေသည်။

သူ့ကိုမြင်မြင်ချင်း ကပ္ပလီနီဂရိုးတစ်ယောက်လို့ပဲ စနေမှတ်ကာ စိတ်ထဲအထူးအဆန်းဖြစ်နေသည်။

"မစ္စတာဘန်ဒွတ် ... မင်္ဂလာနေ့ပဲဗျာ ... "

အင်္ဂလိပ်စကားနှင့် ကိုမှိုင်းက နှုတ်ဆက်သည်။ သူ့အင်္ဂလိပ်စကားကို မြန်မာပြန်လျှင် အထက်ပါအတိုင်း အဓိပ္ပာယ်ရ၏။

"မင်္ဂလာနေ့ပဲ ... မစ္စတာမှိုင်း ... ခင်ဗျားလက်ထဲမလဲ သေနတ်ကြီးနဲ့ပါလား ... ဘယ်သူ့ကို ခေါ်လာတာလဲ ... "

သူကလည်း မြန်မာပြန်လျှင် ဤအဓိပ္ပါယ်ရသော အင်္ဂလိပ်စကားနှင့်ပဲ ပြော၏။

"ဟိုကောင်မလေးဆွတ်ပျံ့ရဲ့ ရည်းစားတဲ့ ... သူက ကောင်မလေးကို လိုက်ရှာနေတယ်လေ ... ကြာရင် ရဲသိသွားမှာစိုးလို့ ကျွန်တော်ခေါ်လာတာ ... "

"ဟုတ်လား ... ခင်ဗျား အဲဒါတွေ စိတ်ချရတာပဲ ... သူက ဘယ်ကလဲ ... "

"မေးကြည့်ပါ ... ကျွန်တော်တော့ မမေးရသေးဘူး ... "



သည်တော့ အသားမည်းမည်းပုပုကပ္ပလီက စနေကို ကြည့်၍ ...

"ထိုင်ပါ ... "

သူ့ထိုင်ပါဟူသော စကားက မြန်မာလိုသက်ဝင်သော အင်္ဂလိပ်စကား။

စနေက နီးရာကုလားထိုင်တွင် ထိုင်ချလိုက်၏။

"ကိုစနေထွန်း ... မင်းအင်္ဂလိပ်လို ပြောတတ်သလား... "

ကိုမှိုင်းက စနေထွန်းကို မြန်မာလိုမေးသည်။ စနေထွန်းက မထေမဲ့မြင်ပုံမျိုးနှင့် နှုတ်ခမ်းကိုတွန့်ကာ ...

"ကျုပ်ဘဝဂါကျောင်းသားမဟုတ်ဘူး ... အင်္ဂလိပ်စကားပြောရရင် ခင်ဗျားကိုတောင် ဒီစကားနဲ့ ဖိသတ်နိုင်ဦးမယ်"

စနေပြောတာကို ကိုမှိုင်းက ဂရုမစိုက်ဘဲ မစ္စတာဘန်ဒွတ်ဟု အခေါ်ခံရသော ကပ္ပလီဘက်လှည့်၍ အင်္ဂလိပ်စကားနှင့် ...

"ခင်ဗျားမေးချင်တာကို မေးနိုင်ပါတယ် ... သူအင်္ဂလိပ်စကားပြောတတ်တယ် ... မစ္စတာဘန်ဒွတ် ... "

မစ္စတာဘန်ဒွတ်ကား ထိုင်နေသောစနေထွန်းဘက် လျှောက်လာသည်။ သစ်သားကုလားထိုင်ပေါ်တွင် ထိုင်နေသော စနေရှေ့တွင် လက်နှစ်ဖက်နောက်ပစ်ရပ်နေလိုက်ကာမှ စနေထက် အနည်းငယ်ပဲ သူ့အရပ်က မြင့်သည်။

သူ့ဆီမှ နိုင်ငံခြားဖြစ် အမွှေးနံ့သာတွေ ရနေ၏။

"ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ ... ကျုပ်နာမည် မစ္စ

www.burmeseclassic.com

www.burmeseclassic.com



တာဘန်ဒွတ်ပါ ... ”

တစ်ဖက်က ယဉ်ယဉ်ကျေးကျေးမေးလာတော့ စနေထွန်းကလည်း ကောင်းကောင်းမွန်မွန်ပြန်ဖြေသည်။ အင်္ဂလိပ်လိုပါ။

“ကျုပ်လူကြီးလူကောင်းတစ်ယောက်ပါ ... ကျုပ်နာမည် စနေထွန်း... မစ္စတာဘန်ဒွတ် ကျုပ်အမျိုးသမီးတစ်ယောက်ကို လိုက်ရှာနေတယ် ... သူ့ကို ခင်ဗျားတို့ ဖမ်းထားတယ် အဲဒါ တွေ့ချင်တယ် ... ”

“ဟုတ်ပါတယ် ... ကျုပ်တို့ဖမ်းထားပါတယ် ... သူ့ကိုလက်ဖျားနဲ့တောင် မတို့ပါဘူး ... ”

“သူ့ကို အခုခေါ်ပေးပါ ... ”

“ဝမ်းနည်းပါတယ် ... ”

“ဘာကြောင့် ဖမ်းတာလဲ ... ”

ပြောရင်းမေးရင်း စနေထွန်းရင်ထဲ ဒေါသလှိုင်းကလေးတွေ ကြွစပြုလာသည်။ မစ္စတာဘန်ဒွတ်ဆိုသူအား ပြောရင်းမှ ကိုမှိုင်းဘက်လှည့်ကာ မြန်မာစကားနှင့် ...

“ပေ့လူ ... မောင်မှိုင်းဆိုတဲ့လူ ... ကျုပ်ချစ်သူတစ်ခုခုဖြစ်ရင်တော့ ခင်ဗျားဖင် ခေါင်းရောက် ... ခေါင်းက ဖင်ကိုရောက်အောင် ကျုပ်လုပ်ပြမယ်... ခင်ဗျား ကပ္ပလီကိုလည်း စီစီညက်ညက်ချေပြမယ် ... ခင်ဗျားသေနတ်ကို သောက်ဂရုစိုက်လိမ့်မယ် မထင်နဲ့ ... ”

ပြောပြီး ကပ္ပလီအသားနက်ကောင်ဘက်လှည့်၍ ...



“ခင်ဗျားတို့ ဘာလို့ဆွတ်ပျံ့ကေသရာကို ဖမ်းထားတာလဲ”

“ကျုပ် သူ့ဆီက လိုချင်တာရှိလို့ ... ”

“ဘာလိုချင်တာလဲ ... ”

“တဲလစ်(စ်)မန်း(Talisman) ... ”

တဲလစ်(စ်)မန်းဆိုတာ ‘အမြူတေ’ပဲဖြစ်သည်။

(သည်နေရာတွင် အမြူတေကို မြန်မာအခေါ်အနေနှင့် ‘အမတေ’လို့ပဲ ရေးသွားပါမည်။ စာရေးသူ)

“ကျုပ်ရဲ့ဘိုးဘွားလက်ထက်က ‘အမတေ’ပါ ... ”

“ဟာ ... အဓိပ္ပါယ်မရှိဘူး ... ဆွတ်ပျံ့မှာမှ မရှိတာ ... ”

“သူ့အဖေပစ္စည်း သူ့ပစ္စည်းပဲဖြစ်မှာပေါ့ ... ”

“သူ့အဖေ ... သူ့အဖေက သေခဲ့ပြီပဲ ... ”

“အဖေသေပေမဲ့ ပစ္စည်းက မသေပါဘူး ... မစ္စတာထွန်း... ကျုပ် မစ္စတာထွန်းလို့ပဲ ခေါ်တတ်တယ် ... ”

ဟုတ်မှာပေါ့။

သူတို့လျှာထဲတွင် ‘စနေ’ဆိုတာ အခေါ်ရခက်လိမ့်မည်။ မှတ်လည်း မှတ်မိမည် မဟုတ်။

“ကျုပ်သိပြီ ... ခင်ဗျားပြောတဲ့အမတေဆိုတာ ဆွတ်ပျံ့ဆီမှာရှိတယ်ထင်လို့ ခင်ဗျားက ဖမ်းတယ်ပေါ့ ... ”

သည်တော့ ကပ္ပလီက ခေါင်းညိတ်ပြသည်။ ဖြူဖွေးသော သွားတွေကို ဖြီပြသည်။

“ခင်ဗျား ဘယ်ကလဲ မစ္စတာနီဂရိုး ... အာဖရိက,ကလား ... အမေရိက,ကလား ... အမေဇုန်ဘက်ကလား ... ”

www.burmeseclassic.com

www.burmeseclassic.com



သူက မစ္စတာဘန်ဒွတ်ကို ဘုခပ်ကျကျကပဲ ပြောသည်

မစ္စတာဘန်ဒွတ်သည်စနေ၏ဘုတောက်စကားတွေကို စိတ်ဆိုးဟန်မရှိ။

"ကျုပ်ကအိန္ဒိယသမုဒ္ဒရာထဲမှာရှိတဲ့ကျွန်းကလေးတစ်ကျွန်းက တိုင်းရင်းသားတစ်ယောက်ပါ ... ကျုပ်တို့ကျွန်းကို ပစ်ကနေကျွန်း(Pikney Island)လို့ခေါ်တယ် ... ကျုပ်တို့တိုင်းရင်းသားတွေဟာ ထရိုက်(Tribe)ခေါ်တဲ့ လူမျိုးစုတစ်စုပဲ... ပစ်ဂမီလူမျိုး(Pigmi Tribe)က ဆင်းသက်လာတဲ့မျိုးနွယ်စုပါ ... ဒါပေမဲ့ ကျုပ်တို့ ပစ်ကနေလူမျိုးစုတွေဟာ ဒုတိယကမ္ဘာစစ်မဖြစ်ခင် ကိုလိုနီနယ်ချဲ့အောက်မှာ အသွားအလာရှိတဲ့ အင်္ဂလိပ်တွေကြောင့် ပစ်ဂမီလူမျိုးတွေလို မရိုင်းစိုင်းဘဲ ယဉ်ကျေးလာကြတယ် ... သာသနာမစ်ရှင်တွေကို အင်္ဂလိပ်တွေက စေလွှတ်တော့ ဒီပစ်ကနေလူမျိုးတချို့ဟာ ခရစ်ယာန်ဘာသာကို ကိုးကွယ် ... နတ်ကိုးကွယ်တယ်... ပင်လယ်ကို ကိုးကွယ်တဲ့လူမျိုးလည်း ရှိတယ် ... "

ပရိုင်းမိတ်ယဉ်ကျေးမှုခေတ်တစ်ခေတ်မဟုတ်သော်လည်း ကျယ်ပြန့်သော ပင်လယ်သမုဒ္ဒရာအတွင်း၌ လူမျိုးစုအမျိုးမျိုး၊ ကျွန်းအမျိုးမျိုးတွင်နေထိုင်ကြသော ကမ္ဘာ့လူသားအချို့အကြောင်းကို စနေသိသည်။

ပစ်ကနေကျွန်းဆိုတာ၊ပစ်ကနေလူမျိုးဆိုတာသူမသိခဲ့ပါ။ မထင်ရှားသော လူမျိုးစုတစ်စုနှင့် ကျွန်းတစ်ကျွန်းသာရှိလိပ့်



မည်။

ဒါပေမဲ့ စနေက စိတ်ဝင်စားမှုနှင့် နားထောင်ပေး၏။

"ကျုပ်အဘိုးအဘွားတွေက နတ်ကိုးကွယ်တယ် ... ကျုပ်တစ်ယောက်ပဲ ခရစ်ယာန်ဘာသာ ကိုးကွယ်တယ် ... ကျုပ်တို့လူမျိုးတွေဟာ ပင်လယ်ထဲမှာ ငါးဖမ်းရင်း အသက်မွေးတယ် ... လယ်ယာကိုင်းကျွန်းအကြောင်းတွေကို နားလည်ကြတာ မဟုတ်ဘူး ... လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဒုတိယကမ္ဘာစစ်မဖြစ်မီလေးမှာ ဦးဖိုးထော်ဆိုတဲ့လူတစ်ယောက်ဟာ လှေငယ်ကလေးနဲ့ မျောလာရင်း ... ကျုပ်တို့ကျွန်းကို ရောက်ခဲ့တယ် ... အဲဒီတော့မှ မြန်မာလူမျိုးနဲ့ မြန်မာနိုင်ငံဆိုတာ အိန္ဒိယသမုဒ္ဒရာထဲနဲ့ ဆက်နေတဲ့ ဘင်္ဂလားပင်လယ်အော်တစ်ဖက် ကပ္ပလီပင်လယ်ပြင်ဘက်မှာရှိနေတယ်ဆိုတာ ... သိလာတယ် ဒါတွေဘာကြောင့် ကျုပ်ပြောသလဲ သိလား ... ခင်ဗျားက ကျုပ်ကို နီဂရိုးလို့ ထင်မှာစိုးလို့ ... "

"သမိုင်းကြောင်းအရဆိုရင်တော့ ... နီဂရိုးတွေ ... ပစ်ဂမီတွေ ခင်ဗျားတို့ ပစ်ကနေတွေဟာ နီဂရွိုက်(စ်)အမျိုးအနွယ်တွေပါပဲ ... တချို့က နီဂရိုတိုလို့ ခေါ်တာပေါ့ ... "

"ကျုပ်ပြောနေတာက ... သမိုင်းကြောင်းကိုပြောနေတာ မဟုတ်ဘူး မစ္စတာထွန်း ... ကျုပ်ပြောနေတာ မဒမ်ကာလအတွက် ပြောနေတာပါ... ကာလုဆိုတာ ကျုပ်တို့ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com



ခွဲဖူးတဲ့ နတ်မယ်တော်ပဲ ... အဲဒီ့မယ်တော်လိုလှလို့ မဒမ်ကာလုလို့ခေါ်တာပါ ... မဒမ်ကာလုကို ဖမ်းထားတာဟာ သူ့ဆီက ကျုပ်တို့ဘိုးဘွားပိုင်တဲ့ 'အမတေ'ကို ယူသွားတယ် ယူတဲ့လူက သူ့အဖေပဲ ... "

"အေးလေ ... ခင်ဗျားတို့တောင်းချင်ရင် သူ့အဖေဆီမှာ တောင်း ... သေမင်းအထိ လိုက်တောင်း ... "

စနေထွန်းပြောနေသော အင်္ဂလိပ်စကားတွေမှာ မစ္စတာဘန်ဒွတ်၏ အင်္ဂလိပ်စကားလောက် မခန့်ညားသော်လည်း သွက်လက်သည်။ အေးဆေးတည်ငြိမ်သည်။

သူ့စကားမှာ ယနေ့ကမ္ဘာတွင် သုံးစွဲနေကြသော အမေရိကန်အင်္ဂလိပ်ခေါ် ခေတ်ပေါ်စကားဖြစ်၏။ သဒ္ဒါသိပ်မလို။

ဒါပေမဲ့ ဘရုတ်သုက္ခစကားမဟုတ်ပါ။ တိုတိုရှင်းရှင်းပဲ ပြောသွားသည်။

"ခင်ဗျားသိပ်စိတ်ဆိုးနေမှန်း သိပါတယ် ... ဒါပေမဲ့ ကျုပ်က ခင်ဗျားစိတ်ဆိုးသွားရင် ခင်ဗျားကိုယ်မှာ အန္တရာယ်ဖြစ်နိုင်တယ် ... "

"ခင်ဗျားလိုချင်တဲ့ပစ္စည်းကတော့ သူ့ဆီမှာမရှိနိုင်ပါဘူး ... သူဆိုတာ ခင်ဗျားခေါ်တဲ့ မဒမ်ကာလုဆီမှာပါ ... ကျုပ်သိရသလောက် သူ့အဖေက သူ့ကိုဘာမှမပေးခဲ့ပါဘူး ... ဘာဆိုတာ ခင်ဗျားပြောတဲ့ပစ္စည်းနဲ့ပတ်သက်တာပါ ... မစ္စတာဘန်ဒွတ် ... "

"ခင်ဗျား ဘယ်လိုသက်သေပြနိုင်သလဲ ... "





"ကျုပ်ကို မဒမ်ကာလုနဲ့တွေ့ပေးပါ ... ကျုပ် သူနဲ့ဆွေးနွေးပါရစေ ... "

စနေထွန်း၏ တောင်းဆိုမှုမှာ ပျော့ပျောင်းမှုတော့ ဆောင်သွားပါသည်။

အင်္ဂလိပ်စကားနားလည်ပြီး ဘေးမှနားထောင်နေသော ကိုမှိုင်းက ...

"သူနဲ့ ကောင်မလေး ဘာတွေပြောမလဲဆိုတာ သိရအောင် ကျွန်တော်တို့ နားထောင်ကြည့်ရင် ... ကောင်းမယ် မစ္စတာဘန်ဒွတ် ... "

"ဒါဆို ... မိန်းကလေးကို သွားခေါ်ပေးလိုက် ... "

ဘန်ဒွတ်၏အရပ်မှာ ပုနေသောကြောင့် သူ့အသက် ဘယ်လောက်ဆိုတာ ခန့်မှန်းလို့မရပါ။

အိမ်ရှေ့ခန်းမှ အိမ်အတွင်းခန်းထဲသို့ ကိုမှိုင်းဝင်သွား၏။ စနေက ငြိမ်ငြိမ်သက်သက်ထိုင်စဉ် ရှေ့တွင် ဘာဖြစ်လာမလဲလို့ ဦးစားနေသည်။

အတွင်းမှ အသံအချို့ ကြားရ၏။

မကြာမီမှာပင် လမင်း၏အလှက ပေါ်လာ၏။

အိမ်အတွင်းခန်းထဲမှ ဦးစွာထွက်လာသူမှာ ဆွတ်ပျံ့ ကသရာပင်။

သူမ၏လက်တွင်လည်းကောင်း၊ ကိုယ်တွင်လည်း ကောင်း ကြိုးများတုတ်နှောင်ခြင်း မရှိပါပေ။ ပါးစပ်တွင်လည်း ဆို့ ပတ်ထားခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



"ကို ... "

"ဆွတ်ပျံ့ ... "

ချစ်သူနှစ်ဦး၏ တစ်ယောက်ကိုတစ်ယောက်ခေါ်သံ သည် အခန်းထဲမှာ မကျယ်လောင်ဘူးဆိုပေမဲ့ တိုးတိုးသက်သာ တော့ မဟုတ်ပါ။

စနေထွန်းက ထိုင်ရာမှ ထလိုက်၏။

ဆွတ်ပျံ့က စနေထွန်းဆီပြေးလာတော့ မယောင်

သို့လင့်ကစား ဆွတ်ပျံ့၏လက်ကလေးတစ်ဖက်ကို ကိုမှိုင်းက ဖမ်းဆွဲထားလိုက်သည်။

"ကိုယ့်နေရာမှာ ကိုယ်နေကြ ... "

ဟိန်းဟောက်သံမဟုတ်သော်လည်း ပြောလိုက်သံ ကတော့ တင်းမာလှသည်။ ပြောလိုက်သူက ကိုမှိုင်း။

ပြီးတော့လည်း သူကစနေထွန်းကို သေနတ်ထော ပြလိုက်သည်။ စနေထွန်း ကိုယ်ရှိန်သတ်လိုက်သည်။

ဘန်ဒွတ်ကတော့ လက်နှစ်ဖက်ပိုက်၍ ကစားပွဲတ ခုကိုကြည့်သလို အေးအေးပဲကြည့်နေ၏။

"လွှတ် ... အခု ကျွန်မလက်ကိုလွှတ် ... "

ဒေါသသံကလေးနှင့် ဆွတ်ပျံ့က အော်၍သူမ လက်ကို ကိုမှိုင်း၏လက်ထဲမှ ဆောင့်ခါပစ်လိုက်သည်။

ကိုမှိုင်းက အသာတကြည်ပင် လွှတ်ပေးလိုက်၏။

မျက်ရည်စနှစ်စသည် မိန်းမတို့၏ဒေါသနှင့် ဝမ်းနည် စိတ်အဖြစ် ပါးပြင်ပေါ်သို့ ရှေ့ပြေးအဖြစ်ကျလာသည်။



"မငိုပါနဲ့ ဆွတ်ပျံ့ရယ် ... ကိုယ်လေ ဆွတ်ပျံ့ကိုလာခေါ် တာပါ ... "

"ဆွတ်ပျံ့ကို ကို့အသံမျိုးလုပ်ပြီး လိမ်ခေါ်တယ် ... ပြီးတော့ ဆွတ်ပျံ့မသိတာကို မေးတယ် ကို ... ဆွတ်ပျံ့ဘာလုပ်ရ မလဲ ... "

သူမအသံမှာ ကလေးက လူကြီးကိုတိုင်သံမျိုး။

"ပြီးတော့ ... မေးမရတာနဲ့ ဆွတ်ပျံ့ကိုသတ်ပစ်မယ်တဲ့"

"ဘယ်သူက ပြောတာလဲ ... "

"ဟိုလူကြီး ... "

သူမကတော့ ကိုမှိုင်းကို မေးငေါ့ပြသည်။

"ခင်ဗျားက အနိုင်ကျင့်လှချည်လား ... "

စနေက ဒေါသဖြစ်ကာ ရှေ့သို့တစ်လှမ်းတိုးလိုက် ၏။ ဒါကို ကိုမှိုင်းက အရေးမထားဘဲ သေနတ်ကိုထောင်ပြ၏။

"မင်းထက် ဒီသေနတ်က ပိုဒေါသကြီးလိမ့်မယ် စနေထွန်း"

ကိုမှိုင်းအသံက တကယ်လုပ်မည့်အသံ။

"ဒါရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး ... "

"အေး ... ခင်ဗျားအတွက်လည်း ဆပ်ကပ်ပြနေတာမဟုတ် ဘူး ... ကိုမှိုင်း ... "

ကိုမှိုင်း ဆပ်ကပ်ထဲမှထွက်လာမှန်း သိ၏။ ကိုမှိုင်း မျက်မှောင်ကုတ်သွားသည်။

"မင်း ငါ့ကိုသိတယ် ... "

"ခင်ဗျား ပုရွတ်ဆိတ်တွင်းထဲ လိုက်ပုန်းဦး ... ခင်ဗျားဘယ်

www.burmeseclassic.com

www.burmeseclassic.com



ကလဲဆိုတာ ကျုပ်သိတယ် ... ”

ကိုမှိုင်းကြီး ငြိမ်သွားသည်။

“ကို ... ဆွတ်ပျံ့ကို ကိုလာကယ်တာလား ... ”

“ဟုတ်တယ် ဆွတ်ပျံ့ ... ”

သူက ဘန်ဒွတ်ဘက် မျက်နှာလှည့်၍ ...

“မစ္စတာဘန်ဒွတ် ... ဒီလိုလုပ်ပါ ... ဒီမိန်းကလေးကိုလွှတ်လိုက်ပြီး ကျုပ်ကိုဖမ်းပါ ... ခင်ဗျားတို့ မကျေနပ်မချင်း ကျုပ်ကို မလွှတ်နဲ့ ... ”

“ဘယ်ရမလဲ ... ကောင်မလေးက အဓိကဗျ ... ကျုပ်ပစ္စည်းရမှ လွှတ်မယ် မစ္စတာထွန်း ... ”

“ခင်ဗျားအကျပ်ကိုင်စရာမရှိ အကျပ်ကိုင်နေတယ်ဗျာ ... ခင်ဗျားတို့လိုချင်တဲ့ပစ္စည်း ဆွတ်ပျံ့ဆီမှာ မရှိဘူး ... ”

“ခင်ဗျားပြောစရာ မလိုပါဘူး မစ္စတာထွန်း ... မစ္စတာမှိုင်း ကောင်မလေးကို မေးကြည့်စမ်းပါ ... ကျုပ်လိုချင်တဲ့ပစ္စည်း ပေးမလား မပေးဘူးလားလို့ ... ”

ဆွတ်ပျံ့မှာ ဘွဲ့ရထားသော်လည်း အင်္ဂလိပ်စကားကို မပြောတတ်။ သည်တော့ ကမ္ဘာလှည့်ဆပ်ကပ်သမား ကိုမှိုင်းက စကားပြန်လုပ်ရ၏။

ဆွတ်ပျံ့က ငြင်းဆိုသည်။

ယခုကိစ္စသည် သူမဖခင်၏မသေမီကကိစ္စဖြစ်သည်။ သူမနှင့် လားလားမှမဆိုင်သည့်အပြင် ဤပစ္စည်းသည် သူမလက်ထဲတွင် မရှိ၊ တခြားနေရာတွင်ရှိသည်ဟု ပြောသည်။



ကိုမှိုင်းက ဒါကိုဘန်ဒွတ်အား အင်္ဂလိပ်စကားနှင့် ပြန်ပြော၏။

“ဟုတ်လား ... ဒါဆို ဘယ်မှာလဲလို့ ... ”

သူက စိတ်အားထက်သန်စွာနှင့် ကိုမှိုင်းကိုမေးခိုင်း၏။ ကိုမှိုင်းက ပြန်ပြောပြ၏။

“ဒီပစ္စည်းဟာ ဒီမြန်မာနိုင်ငံမှာ မရှိဘူးတဲ့ ... ဘင်္ဂလားပင်လယ်အော်နဲ့ အိန္ဒိယသမုဒ္ဒရာစပ်ကြား ကျွန်းတစ်ကျွန်းမှာတဲ့ ... ကူဒူးနားကျွန်းက ဒူကူးနားနတ်မိစ္ဆာကြီးဆီမှာတဲ့”

ဘာကိုမှ နားမလည်နိုင်သလို ဘန်ဒွတ်က ခေါင်းကိုယမ်းသည်။ သူ့မျက်နှာတွင် ပထမဦးဆုံး စိတ်မရှည်မှုတွေပေါ်လာသည်။

“ကျုပ်သည်းခံမှုအတိုင်းအတာ ကုန်ဆုံးသွားပြီ ... ဒီတစ်ခါမပြောရင်တော့ ဒီမဒမ်ကာလုကို သတ်ပစ်မိလိမ့်မယ် ... ပေးစမ်း မင်းသေနတ် ... ”

သူ့လက်က မြန်သည်။ ကိုမှိုင်းလက်ထဲမှ သေနတ်ကိုယူပြီးတော့ ဆွတ်ပျံ့၏နဖူးကို ချိန်လိုက်သည်။

ဆွတ်ပျံ့က မျက်ဝန်းထက်ရှိ မျက်ခွံကလေးတွေကို ပိတ်လိုက်သည်။ သူမ သေရတော့မည်။

စိတ်ထဲမှာ ကြောက်ရွံ့ခဲ့သော်လည်း တကယ်သေရမည်ကိုသိသောအခါ သူမ၏စိတ်မှာ ထူးထူးဆန်းဆန်းပကတိအေးချမ်းသွား၏။

“နေဦး ... ”

www.burmeseclassic.com

www.burmeseclassic.com



စနေထွန်း၏ တားမြစ်လိုက်သံ။

"ခဏလေး နေလိုက်ပါဦး ... "

စနေ၏ ထပ်ပြောသံ။ ဆွတ်ပျံ့ကို သေနတ်ချိန် လျက်မှ ဘန်ဒွတ်က စောင့်ငဲ့ကြည့်၏။

"ဘာလဲ မစ္စတာထွန်း ... "

"သူ့အဖေဟာ မသေခင်မှာ အဲဒီ့အမတေအကြောင်းကို ပြော ခဲ့တယ်... ခင်ဗျားတို့က အမတေခေါ်ပေမဲ့ ကျုပ်တို့ကတော့ ပြဒါးရှင်လို့ခေါ်ရမှာပဲလေ ... ဒီပြဒါးရှင်ဟာ ဦးကေသရာ လက်ထဲမှာလည်း မရှိဘူး ... သူ့သမီးလက်ထဲမှာလည်း မရှိ ဘူး ... ကူဒူးနားကျွန်းက နတ်မိစ္ဆာကြီး ကူဒူးနားဆီမှာရှိ တာပဲ ... "

"ခင်ဗျား ဘယ်လိုပြောနိုင်သလဲ ... "

"ဦးကေသရာက သူမသေမီမှာ ဒီအကြောင်းတွေကို ကျုပ်နဲ့ သူ့သမီးဆွတ်ပျံ့ ရှေ့မှာ ပြောတာပဲ ... "

"ခင်ဗျား ဘယ်လိုသက်သေပြနိုင်မှာလဲ ... "

"သူပြောတုန်းက ကျုပ်တို့က ကက်ဆက်ခွေနဲ့ အသံသွင်း ဖမ်းယူထားတာ ရှိတယ် ... "

"တိပ်ခွေလား ... "

"ဟုတ်တယ် ... "

"အဲဒီ့တိတ်ခွေ ဘယ်မှာလဲ ... "

ဘေးမှဆွတ်ပျံ့က သူတို့ပြောတာတွေကို နားလည် သော်လည်း စကားပြောရာမှာ အလေ့အကျင့်မရှိသောကြောင့်



မပြောတတ်ပါ။

သို့လင့်ကစား နောက်ဆုံးမေးခွန်းကိုတော့နားလည် နေတာမို့ မြန်မာလိုပဲ ...

"ကျွန်မလက်ထဲမှာရှိပါတယ် ... အိမ်မှာပါ ... "

ဟု ပြောလိုက်သည်။ ဘန်ဒွတ်က ကိုမှိုင်းအား သူမ ဘာတွေပြောတာလဲဟု မေးလျှင် ကိုမှိုင်းက ဦးကေသရာပြောသော စကားများကို ဖမ်းယူထားသည့် အသံသွင်းတိပ်ခွေက ဆွတ်ပျံ့လက် ထဲတွင်ရှိကြောင်း အိမ်မှာထားခဲ့ကြောင်း ရှင်းပြ၏။

"ဒါဆို ဒီအသံသွင်းတိပ်ခွေကို ကျုပ်လိုချင်တယ် ...သက်သေ အဖြစ်ရအောင် ယူပေးပါ ... "

ဒါကို ဆွတ်ပျံ့က ယူပေးနိုင်ကြောင်းပြော၏။ သူတို့ တိုင်ပင်ကြသည်။ လူချင်းအလဲအလှယ်လုပ်ရန် သဘောတူသည်။

တိပ်ခွေကို ဆွတ်ပျံ့က ကိုမှိုင်းနှင့် အိမ်သို့သွားယူစဉ် စနေထွန်းက လူချင်းလဲပြီး နေရစ်ရန် သဘောတူ၏။

ကိုမှိုင်းက လက်ခုပ်သုံးချက်တီးလိုက်၏။

အိမ်ခန်းအတွင်းမှ မှုန်တေတေ မိုက်တိုက်တိုက် မျက်နှာပေးတွေနှင့် စနေထွန်းအရွယ် လူငယ်သုံးယောက်ထွက်လာ ၏။

ပိုပြီး စိတ်ချရအောင် စနေထွန်းကိုယ်ကို ကြိုးနှင့် ဖွဲ့ပ်လိုက်ကြသည်။

"ဆွတ်ပျံ့ရေ ... ကိုယ်တော့ အာဋ္ဌဝကဘီလူးစောင့်တာ ထက် ပိုကျဉ်းကျပ်သွားပြီ ... ဂုမ္ဘာန်တစ်ထောင်စောင့်ရှင်

www.burmeseclassic.com

www.burmeseclassic.com



တောင် ဒီလောက်မကျဉ်းကျပ်ဘူး ... အီးတောင်ပေါက်လို့ လွယ်ပါ့မလား မသိဘူး ... ”

ဆွတ်ပျံ့ထွက်ကာနီးမှာ စနေက ပြက်ချော်ချော် ပြောလိုက်သောစကား။

သည်စကားကို သူမထွက်မီ ကိုမှိုင်းက ဘန်ဒွတ်အား ပြန်ပြောပြလိုက်သောအခါ ဘန်ဒွတ်က ဟက်ဟက်ပက်ပက်ရယ် ပြီးလျှင် တစ်ခုပဲပြောသည်။

“ဒီလူဟာ အတော်သတ္တိရှိတဲ့လူပဲ ... သေကိန်းရောက်နေ တာတောင် ရယ်စရာပြောနေသေးတယ် ... ဟေ့လူ ... မစ္စတာထွန်း ... ဒီကိစ္စမှာ မှန်မှန်ကန်ကန်ဖြစ်ရင်တော့ ... ခင်ဗျားနဲ့ ကျုပ် မိတ်ဆွေဖြစ်ပြီသာမှတ် ... ”

◈⊙◈



## ဇာတ်လမ်းစဉ်(၆)

တိပ်ခွေသွားယူတာ ရုပ်ရှင်တစ်ပွဲစာပဲကြာ၏။

ဤအချိန်အတွင်း စနေထွန်းသည် ကုလားထိုင် နောက်မှီပေါ် ခေါင်းကိုတင်ထားသည်။

စိတ်အာရုံကို စုစည်းနေသည်။

ထိုမှ သူ့အတွေးက ကျန်ရစ်ခဲ့သော မင်းစိုးထိုက်နှင့် သူ့ညီမသိုက်သိုက်တို့အကြောင်း တွေးနေသည်။

သူတို့မောင်နှမ ဘယ်လိုဖြစ်ကြဦးမှာလဲ။

သိုက်သိုက်က ရှုတင်ဗီဒီယိုရိုက်မည်ပြောပြီး တစ် ဖက်က ‘လိုင်း’ဝင်နေဟန်တူ၏။

ဒါကြောင့်သာ မောင်မှိုင်းနှင့် သွားဆုံစည်းပေလိမ့် မည်။ ‘ဘား’မောင်မှိုင်းသည်ကော ဘယ်လိုလူစားလဲ။

ဘန်ဒွတ်လို နိုင်ငံခြားသားတစ်ယောက်၏ အခိုင်း ခံဖြစ်နေတာ အတော်ရင်နာစရာလို့ဆိုမလား၊ ခံပြင်းစရာလို့ ဆို မလား။

www.burmeseclassic.com

www.burmeseclassic.com



မောင်မှိုင်းသည် ရာဇဝတ်မှုကို ကျူးလွန်ရာမှာ နှောင့်နှေးမည့်လူတော့ ဟုတ်ပုံမရပါ။

ဘန်ဒွတ်သည် စနေကို ဆက်စကားမပြောခဲ့ပါ။ သူသည်လည်း သည်နေရာတွင် နေပုံမရပါ။

အကြောင်းကိစ္စကြောင့်သာ ဤနေရာတွင်လာရောက်ပုံရှိ၏။

သူသည် တစ်နေရာရာတွင်လျှို့ဝှက်တည်းခိုကောင်းတည်းခိုလိမ့်မည်။

တစ်နာရီခွဲကျော်ကျော်ကြာပြီး ဆွတ်ပျံ့နှင့် ကိုမှိုင်းတို့ရောက်လာသည်။

ကိုမှိုင်းလက်ထဲတွင် ဆန်ညိုကြက်ဆက်တစ်လုံးနှင့် ဆယ့်နှစ်ဗို့ဘက်ထရီတစ်လုံးပါလာသည်။

သူတို့က ဘက်ထရီနှင့် ဆက်ကာ ကက်ဆက်ကိုဖွင့်ခဲ့၏။

* * *

"ဒက်ဒ့်အကြောင်းကို သမီးရော မောင်စနေထွန်းပါ သိချင်ကြမှာပဲနော် ... ဒက်ဒ့်အကြောင်းဆိုတာ ဒက်ဒီရဲ့မျိုးရိုးဇာတိမဟုတ်ဘူး ... သမီးအမေနဲ့ ဒက်ဒီအကြောင်းမပါခင်မှာ ဒက်ဒီဘာလုပ်ခဲ့တယ် ... ဘာဖြစ်ခဲ့တယ်ဆိုတဲ့ အကြောင်းပဲ"

"ဒက်ဒီဟာ ငယ်စဉ်က ဆင်းရဲခဲ့ပါတယ် ... ပညာရေးမှာ ခုနစ်တန်းတောင် မအောင်ခဲ့ဘူးလေ ... နာမည်က ကေသရာဆိုပေမဲ့ ဘာကိုမှမစိုးမိုးနိုင်ခဲ့ပါဘူး ... တောင်သာမှာမွေး



လာပြီး မိဘကိုလုပ်ကျွေးချင်တဲ့စိတ်နဲ့ ဇာတိကခွဲခွာလာတယ် ... ညီအစ်ကိုမောင်နှမမွေးချင်းပေါက်ဖော်သုံးဦးပဲရှိတယ်ဆိုတာ သမီးသိပြီးသားပါ ... ဒက်ဒီရန်ကုန်ကိုရောက်တဲ့အချိန်ဟာ ဆိုရှယ်လစ်ခေတ်ဟောင်းပါ ... ခုခေတ်နဲ့တခြားစီပါ ... ခုခေတ်မှာ အရာရာတိုးတက်နေပြီး ခေတ်ဟောင်းတုန်းကအရာရာဆင်းရဲခဲ့တယ်... လူတွေကျပ်တည်းခဲ့ကြတယ် ... တီထွင်မှုကိုလည်း အားမပေးဘူး ... အစစအရာရာမှာလည်း အရင်းရှင်ဆိုတဲ့အမြင်နဲ့ နှိပ်ကွပ်ခဲ့တယ် ဒက်ဒီဟာ အဲဒီခေတ်မှာ လက်ဖက်ရည်ဖျော်သမား ... ရေခဲရေရောင်းစတဲ့ တခြားကျပန်းအလုပ်တွေလုပ်ခဲ့ရတယ်လေ"

"ဒက်ဒီလည်း ချမ်းသာခြင်းကြီးပွားကို ရှာပေမဲ့ ... အဲဒီခေတ်မှာ အမြင်ကျဉ်းတဲ့လူတွေကြောင့် ချမ်းသာဖို့ဆိုတာ မတွေးရဲဘူး ... ချမ်းသာတဲ့လူတွေကတော့ ဘို့သမား ... ငါးစားသမားတွေနဲ့ ကပ်ဖားရပ်ဖားတွေပဲ ... တိုင်းပြည်တစ်ပြည်မှာ ကွန်မြူနစ်တို့ ဆိုရှယ်လစ်တို့အုပ်စိုးရင် ဘယ်တော့မှ မကောင်းဘူး သမီး ... တိုင်းပြည်ရော အစိုးရရော ဆင်းရဲတယ် ..."

"အဲဒီခေတ်ဟောင်းတုန်းက ဒက်ဒီစိတ်ညစ်ညစ်နဲ့ မှောင်ခိုကယ်ရီလည်း လုပ်ခဲ့ဖူးတယ် ... လူတွေဟာ ချမ်းသာဖို့ အလုပ်လုပ်ခွင့်မရတော့ ခိုးလုပ်ကုန်ကြတာပေါ့ ... မှောင်ခိုကြောင့် ကုန်ဈေးနှုန်းတွေ တက်လာတယ် ... လူတွေလည်း စိတ်ဆင်းရဲကြရတယ် ... ဒက်ဒီပြောချင်တာက ကွန်

www.burmeseclassic.com

www.burmeseclassic.com



မြူနစ်တို့ ဆိုရှယ်လစ်တို့ကို လက်ခံမိမှာ စိုးလို့ပါ ... ဒက်ဒီက အဲဒီခေတ်ဟောင်းကို သိပ်မုန်းတာ ... တစ်ပါတီစွဲနဲ့ သူတို့ပါတီကိုပဲ ကောင်းစားအောင် လုပ်ခဲ့တာပဲ ... ဒက်ဒီ စိတ်ညစ်ညစ်နဲ့ မှောင်ခိုစက်လှေတစ်စီးနဲ့ လိုက်သွားတယ် စက်လှေအလုပ်သမားပေါ့ ... အဲဒီတုန်းက ဒက်ဒီဟာ အသက်နှစ်ဆယ်ပဲရှိဦးမယ် ... ”

“ပင်လယ်ပြင်မှာလည်း ဓားပြတိုက်တယ် ... ဒက်ဒီတို့စက်လှေဟာ ပီနန်ဘက်ကို ဦးတည်ချိန်မှာ မှောင်ခိုစက်လှေတွေကို လိုက်ဖမ်းတဲ့ရေတပ်နဲ့တွေ့တာပဲ ... ဒက်ဒီတို့လည်း လွတ်အောင်ပြေးတာ ... ကံကောင်းချင်တော့ မုန်တိုင်းကျလာတယ် ... မုန်တိုင်းကြောင့် လွတ်သွားတယ် ... မှောင်စနေထွန်း ... ဒါပေမဲ့ လှေဟာ ပီနန်ဘက်ဦး ၊ ၊ည်တော့ဘူး ... ဘင်္ဂလားပင်လယ်အော်ထဲ တိုးဝင်သွားတယ် ... အဲဒီမှာ ပင်လယ်ဓားပြတွေနဲ့ သွားတွေ့တယ် ... သူတို့ဟာ မြန်မာ့ရေပိုင်နက်ထဲ ကျူးကျော်လာတဲ့ ပသျှူးပင်လယ်ဓားပြတွေပဲ ... ရက်လည်း ရက်စက်တယ် ... ဒက်ဒီတို့လှေကို သူတို့ဓားပြတိုက်ကြတယ် ... ပြောရဦးမယ် ... အဲဒီတုန်းက ဒက်ဒီဟာ ဘုရားတရားရတနာသုံးပါးကို ကြည်ညိုတယ်”

“တစ်နေ့ကို သံဗုဒ္ဓေဂါထာ မနက်ခုနစ်ခေါက် ... ညခုနစ်ခေါက်ရွတ်တယ် ... မိဘတွေကိုလည်း နေ့တိုင်းကန်တော့တယ် ... အမိဌာန်လည်းပြုတယ် ... ကိုယ့်မိဘတွေကို လုပ်ကျွေးချင်တဲ့ ဆန္ဒမှန်ရင် ဘေးအန္တရာယ်ကင်းပြီး ချမ်းသာ



ပါစေလို့ ပေါ့ကွယ် ... ထူးဆန်းတာက ပသျှူးပင်လယ်ဓားပြတွေဟာ ဒက်ဒီတို့လှေကို ဝင်ရောက်တိုက်ခိုက်ပြီး လူတွေကို ဖမ်းဆီးသတ်ပစ်တယ် ... အဲဒီတုန်းက ဒက်ဒီဟာ ပဲ့စင်နားမှာရှိတယ် ... ဘုရားတရားပဲ အောက်မေ့ပြီး ဒက်ဒီဟာ သံဗုဒ္ဓေဂါထာကိုပဲ တိုးတိုးရွတ်ဆိုနေမိတယ်... ကြောက်တာတော့ အရမ်းကြောက်တာပေါ့ ... ဒါပေမဲ့ ထူးဆန်းတာက ပဲ့စင်နားမှာထိုင်နေတဲ့ ဒက်ဒီ့ကို ပသျှူးဓားပြတွေက လုံးဝမမြင်ကြဘူး ... မသိကြဘူး ... သူတို့ဘာသာနဲ့ သူတို့အော်ကြပြောကြပြီး ပစ္စည်းတွေယူငင် ... လှေအလုပ်သမားတွေရော လှေသူကြီးရော ... ပဲ့နင်းကိုပါ တစ်ယောက်မကျန်သေနတ်နဲ့ပစ် ဓားတွေနဲ့ခုတ်ပြီး လှေပေါ်က ကန်ကန်ချတယ် ... မသေတဲ့လူလည်း ရေနစ်သေ ... ငါးမန်းဆွဲလို့သေနဲ့ပေါ့ ... ”

“သူတို့ကိစ္စတွေပြီးတော့ သူတို့သင်္ဘောပေါ်ကို ပြန်သွားကြတယ် ... ဒက်ဒီ့ကို သူတို့မမြင်ကြတာဟာ အင်မတန်ဆန်းတာပဲ ... နောက်မှ ဒက်ဒီတွေးမိတာက ဒက်ဒီဟာ ဘုရားတရား ကြည်ညိုပြီး ... သံဗုဒ္ဓေဂါထာကို ရွတ်တာကြောင့် နတ်သိကြားတွေက ဒက်ဒီ့ကို ဓားပြတွေက မမြင်အောင် ကာကွယ်စောင့်ရှောက်ပေးတယ်လို့ပဲ ယူဆတယ်ကွယ့်”

“ဒက်ဒီဟာ စက်လှေပေါ်မှာ ကျန်ခဲ့တယ် ... စက်လှေကြီးက စက်မောင်းမဲ့လူမရှိ ... ပဲ့ကိုင်မဲ့လူမရှိတော့ ရေထဲမှာ မျောချင်ရာ မျောနေတော့တာပေါ့ ... လှေပေါ်မှာက ဒက်ဒီ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းပဲ ... အားငယ်ပြီး ကြောက်လိုက်တာလည်း မပြောနဲ့တော့ ... ကုန်းပတ်ပေါ်မှာ သွေးတွေလွှမ်းပြီး လူသေအလောင်းတွေလည်း ရှိနေတယ် ... ဒက်ဒီလည်း အားတင်းပြီး ဒီလူသေအလောင်းတွေကို ပင်လယ်ထဲဆွဲပစ်ချရတာပေါ့ ... ဒါပေမဲ့ပေါ့ ညဘက်ရောက်လာတော့ သရဲချောက်ခံရပါလေရော ... ”

“တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ သရဲချောက်ခံဖူးတယ် ... လူမမြင်ရဘဲနဲ့ ကုန်းပတ်ပေါ်မှာ ပြေးလွှားသံတွေ ... အော်ဟစ်သံတွေ ... ညည်းညူသံတွေ ဆူညံနေတာပဲလေ ... ဒက်ဒီလည်း ပွဲစင်က မခွာရဲဘူး ... ဒက်ဒီအားကိုးတဲ့ သံဗုဒ္ဓေဂါထာနဲ့ပဲ စည်းဝိုင်းချပြီး အိပ်တယ် ... တစ်ခုတော့ရှိတယ် သေတဲ့လူတွေရဲ့ ဝိညာဉ်တွေဟာ ဒက်ဒီ့ကို လာမနှောင့်ယှက်ကြဘူး ... သံဗုဒ္ဓေဂါထာတန်ခိုးနဲ့ တူပါတယ် ... ”

အဲဒီနေရာရောက်တော့ ကက်ဆက်ပိတ်သွားသည်။

ကိုမှိုင်းက ပိတ်လိုက်ခြင်းပါ။ သူက ထိုကက်ဆက်ပိတ်သည့်နေရာရောက်သည်အထိ မစ္စတာဘန်ဒွတ်က မပြုံးမရယ် ခပ်တည်တည်ပဲ နားထောင်သည်။ သူနားလည်တာလည်း ရှိမည်။ နားမလည်တာလည်း ရှိမည်။ ဥပမာ သံဗုဒ္ဓေဂါထာဆိုတာကို သူနားလည်မှာ မဟုတ်။

ဘာသာပြန်ပြီးသောအခါ အသံပြန်ပေါ်လာအောင် ကိုမှိုင်းက ကက်ဆက်ကိုပြန်ဖွင့်သည်။

“အဲဒီညမှာ ဒက်ဒီအိပ်တော့ အိပ်မက်မက်တယ် ... အင်း



ပြန်သတိရပါတယ် ... အိပ်မက်ထဲမှာ ဒက်ဒီ့ရုပ်ပဲမြင်ရပြီး အဲဒီ့ဒက်ဒီ့ရုပ်က ဒက်ဒီ့ကို ပြန်ပြောတယ် ... စက်လှေမြောတဲ့အတိုင်း လိုက်သွားပါ ... ကျွန်းတစ်ကျွန်းကိုရောက်လိမ့်မယ် ... အဲဒီ့ကျွန်းမှာ သူတော်စင်တချို့နဲ့ လူရိုင်းတချို့ရော နေလိမ့်မယ် ... ဒက်ဒီ့ကို သူတို့ကယ်ကြပါလိမ့်မယ်လို့ပြောပြီးတော့ ဒက်ဒီက အိပ်မက်ထဲမှာ ပျောက်သွားတယ်... ”

“ဒက်ဒီ လန့်နိုးတော့ ပင်လယ်ထဲမှာ မှောင်နဲ့မည်းမည်းပဲ ကောင်းကင်မှာ ကြယ်ပွင့်ကလေးတွေပဲ မြင်ရတယ် ... လေကလည်း တိုက်လိုက်တာ တစ်ကိုယ်လုံးတောင် အေးစိမ့်လာတယ် ... ဒက်ဒီလည်း ကြောက်ကြောက်နဲ့ ငိုမိတယ် ကိုယ့်ကိုယ်ကို သေပြီလို့လည်း ထင်တယ် ... ဒါပေမဲ့ ဒက်ဒီ ခြေတွေလက်တွေလှုပ်ရှားနိုင်တော့ မသေဘူးဆိုတာ ပြန်ယုံကြည်တယ် ... ဒက်ဒီအိပ်မက်အကြောင်း ပြန်တွေးတယ် ဂယောက်ဂယက်အိပ်မက်လို့လည်း မှတ်လိုက်တယ် ... ”

“ပြန်အိပ်ပျော်သွားတာ မနက်မိုးလင်းမှ နိုးတယ် ... အလင်းရောင်လာပေမဲ့လည်း ပင်လယ်ထဲမှာ မြူတွေနှင်းတွေနဲ့ ပိတ်နေတယ် ... စက်လှေကြီးကလည်း မျောမြဲမျောနေတယ် ... ဒါလောက် မြူတွေနှင်းတွေပိတ်နေတာ စက်လှေဟာ တစ်ခုခုနဲ့ တိုက်တော့မှာပဲလို့ ထင်နေတယ် ... ဒက်ဒီဟာစိတ်အားငယ်ငယ်နဲ့ သံဗုဒ္ဓေဂါထာကို အဆက်မပြတ်ရွတ်နေမိတုန်း အရာဝတ္ထုတစ်ခုက စက်လှေကိုယ်ထည်ကို ဒုန်းခနဲ ဝင်တိုက်တယ် ... နောက် ဒုန်းခနဲ ဒုန်းခနဲ့တိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဒက်ဒီက ကျောက်ဆောင်တွေနဲ့ တိုက်တာပဲလို့ ထင်ပြီး ငုံ့ကြည့်တဲ့အခါ မည်းခနဲ မည်းခနဲအရာတွေ တွေ့တယ် ... ပထမတော့ ငါးမန်းတွေလို့ ထင်တာပေါ့ သမီး"

"သေသေချာချာ မြူနှင်းတွေကြားထဲမှာကြည့်တော့မှ လင်းပိုင်အကောင်ကြီးတွေမှန်း သိရတယ် ... သူတို့ဟာ ရေထဲမှာ မြူးနေကြတာကိုး ... အဲဒီအတွင်း အသံတစ်သံကို နားထဲမှာ ကြားရတော့တယ် ... ရေထဲခုန်ချ ... ရေထဲခုန်ချဆိုတဲ့အသံပေါ့ ... ဒက်ဒီလည်း ပထမတော့ မခုန်ပါဘူး ... ဒါပေမဲ့ အဲဒီအသံက တိုက်တွန်းလွန်းအားကြီးတော့ စိတ်ရှုပေါက်ပြီး တစ်ခါတည်း ရေထဲခုန်ချလိုက်မိတာပဲလေ... "

"ရေထဲရောက်တော့မှ ငါတော့ရေထဲရောက်နေပြီဆိုတဲ့အသိနဲ့ ကြောက်အားလန့်အားကူးခတ်မိတော့တာပေါ့ ... အတော်ကလေးကူးမိတယ်ဆိုရင်ပဲ သတ္တဝါတစ်ကောင်ကောင်က ဒက်ဒီ့ကို သူ့ကျောပေါ်တင်ပြီး ကူးခတ်တော့တာပဲ ... အဲဒါဟာ လင်းပိုင်ကြီးတစ်ကောင်ပါ ... လင်းပိုင်ကြီးဟာ ဒက်ဒီ့အသက်ကို ကယ်ခဲ့တဲ့ကျေးဇူးရှင်ကြီးပါ ... တိရစ္ဆာန်တစ်ကောင်ရဲ့ ဒက်ဒီ့အသက်ကိုကယ်လိုက်တဲ့ကျေးဇူးကို ဒီနေ့အထိ ဒက်ဒီမမေ့ပါဘူး သမီး ... "

"သူ့ကြောင့် ကျွန်းတစ်ကျွန်းရဲ့ ကုန်းပေါ်ရောက်ခဲ့တယ် ... ကုန်းပေါ်ရောက်တာနဲ့ ဒက်ဒီမေ့မျောသွားတယ် ... ဒက်ဒီသတိပြန်ရတော့ ဒက်ဒီဟာ တဲတစ်တဲမှာ ရောက်နေတယ် အဲဒီတဲဟာ သစ်ရွက်သစ်ခက်တွေနဲ့ လုပ်ထားတယ်... ဒက်ဒီ



သတိရပြီးကြည့်လိုက်တော့ စကားတွေကလည်း အနားမှာ ဆူညံနေတာပဲ ... ဒက်ဒီသတိရပြီးကြည့်လိုက်တော့ အနားမှာ အသားမည်းနက်နေတဲ့ လူပုပုကပွလီတွေကို တွေ့ရတယ် ... နောင်အခါမှာ သူတို့ဟာ ဒက်ဒီ့ရဲ့ကျေးဇူးရှင်တွေပါပဲ ... မကြာခင်ပဲ လူတစ်ယောက်ဝင်လာတယ် ... သူ့တစ်ကိုယ်လုံးဟာ အဝတ်ဖြူတွေဝတ်ထားတယ် ... အသားကတော့ မည်းနေတယ် ... ဒီကျွန်းပိုင်ရှင်ပါပဲ ... နောင်မှသိရတာက သူတို့လူမျိုးတွေဟာ ပစ်ဂမီလူရိုင်းတွေရဲ့ အဆက်အနွယ်ဖြစ်ပြီး ပစ်ကနေလူမျိုးလို့ခေါ်တယ် ... မစ်ရှင်တစ်ခု ဒုတိယကမ္ဘာစစ်မဖြစ်မီ စစ်ကြိုခေတ်က ပစ်ကနေကျွန်းကို ရောက်လာပြီး သာသနာပြုလို့ ရိုင်းနေတဲ့လူမျိုးစုတွေထဲက တချို့ဟာ ခရစ်ယာန်ဘာသာကို ကိုးကွယ်လို့ လူယဉ်ကျေးတွေဖြစ်လာကြတယ်လို့ ပြောတယ် ... "

"ဒက်ဒီနဲ့တွေ့တဲ့ ကျွန်းရဲ့အကြီးအကဲနာမည်က ခရစ်ယာန်လိုတော့ ပက်ထရစ်လို့ခေါ်တယ် .... သူ့တိုင်းရင်းသားနာမည်က ဂျမူးလို့ ခေါ်တယ် ... ဒက်ဒီကတော့ သူ့ကို ပက်ထရစ်လို့ပဲခေါ်တယ် ... သူက ဒက်ဒီ့ကို သူတို့ဘာသာစကားနဲ့ရော အင်္ဂလိပ်ဘာသာစကားနဲ့ မေးတယ် ... ပြောတယ် ဒက်ဒီက အင်္ဂလိပ်လိုလည်း မတတ် ... သူတို့ဘာသာစကားလည်း မတတ်တော့ ခြေဟန်လက်ဟန်နဲ့ ဗမာစကားနဲ့ပဲ ပြန်ပြောတယ် ... သူလည်း စကားနားမလည်ပေမဲ့ လက်ဟန်ခြေဟန်နဲ့ ပြောတာတွေကို သဘောပေါက်ပုံရပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီဒုက္ခရောက်လာမှန်းသိလို့ ဒုက္ခသည်အဖြစ် ဒက်ဒီ့ကို ကယ်ထားလိုက်တယ် ... ဒက်ဒီ အဲဒီမှာကောင်းကောင်းနေရပါတယ် ... သူတို့ဟာ အရုပ်ဆိုးပေမဲ့ စိတ်နှလုံးသားတွေက ဖြူစင်အေးချမ်းကြပါတယ် ... ”

“ဒက်ဒီလည်း အဲဒီမှာနေတာ တစ်နှစ်နီးပါးကြာတော့ သူတို့စကားတွေကို နားလည်တတ်ကျွမ်းလာတယ် ... ပက်ထရစ်ဟာ အသက်အတော်ကြီးပြီး ဒက်ဒီနဲ့စာရင်သူက အဖေအရွယ်ပဲလေ ... သူ့မှာ သားတစ်ယောက်ရှိတယ် ... အက်တီးဘန်ဒွတ်လို့ခေါ်တယ် ... ဘန်ဒွတ်က အိန္ဒိယမှာ ပညာသွားသင်နေတယ် ... သူကောလိပ်တက်ပြီးရင် ဒီကျွန်းကို ပြန်လာ ... အားလုံးကို ပြုပြင်ပြီး စာတွေသင်ပေးသွားမယ် ပြောတယ် ... ဘန်ဒွတ်ကိုတော့ ဒီနေ့အထိ ဒက်ဒီမမြင်ဖူးခဲ့ဘူး ... ဘာကြောင့်လဲဆိုတော့ ပက်ထရစ်တို့အပေါ် ကျေးဇူးရှင် ကျေးဇူးရှင်မှန်းမသိဘဲ ဒက်ဒီသစ္စာဖောက်မိခဲ့လို့ပဲ”

ကက်ဆက်ကို ပိတ်လိုက်၏။

ဦးကေသရပြောတာတွေကို ကိုမှိုင်းက ဘန်ဒွတ်အား ပြန်ပြောပြသည်။ ဘန်ဒွတ်က စိတ်ပါဝင်စားစွာ နားထောင်ပြီး ခေါင်းညိတ်လာ၏။

သူ့နာမည်က ပါလာပြီကိုး။

ကက်ဆက်ကို ပြန်ဖွင့်သည်။

“ဒက်ဒီဟာ ပက်ထရစ်နဲ့ ရင်းနှီးတော့ ဒက်ဒီက ဒက်ဒီဟာ မြန်မာဖြစ်ကြောင်း ပြောပြလိုက်တယ် ... သူဟာ တွေဝေ



စဉ်းစားနေပြီးမှ သူ့ပါးစပ်က ဘီးမား ဘီးမားလို့ခေါ်တယ် ပြီးတော့ သူသိမ်းဆည်းထားတဲ့မြေသေတ္တာထဲက ပစ္စည်းတချို့လာပြတယ် ... ပုရပိုက်အချို့ပဲ ... အဲဒီ့ပုရပိုက်မှာ မြန်မာစာတွေနဲ့ ရေးထားတယ် ... နားလည်တာလည်းရှိတယ် နားမလည်တာတွေလည်းပါတယ် ... ဒက်ဒီဖတ်ကြည့်တော့ နားလည်တာ ပါလာတာတွေရှိတယ် ... ဒါဘယ်ကရသလဲ မေးတော့ ပက်ထရစ်က ပြန်ပြောတယ် ... စစ်ကြိုခေတ်က မြန်မာလူမျိုးဦးဘိုးထော် ဆိုတဲ့လူဟာ တစ်ကျွန်းကျပြီး လှေကလေးနဲ့ထွက်ပြေးလာရာက သူတို့ကျွန်းကို ရောက်လာတယ်တဲ့ ... ”

“အဲဒီမှာ ခရစ်ယာန်မစ်ရှင်တွေက ကျွန်းကိုအုပ်စိုးနေကြပြီ ဦးဘိုးထော်ကို သူတို့က ဗုဒ္ဓဘာသာမှ ခရစ်ယာန်အဖြစ် သွတ်သွင်းတာကို လုံးဝလက်မခံပဲ မြန်မာတွေရဲ့ ဂမ္ဘီရပညာတွေထဲက ထူးဆန်းအံ့သြဖွယ်ရာကောင်းတဲ့ အင်္ဂါရတ်ပညာကိုပြမယ်ဆိုပြီး သူ့ဖာသာသူ အင်္ဂါရတ်ပညာမှာသုံးတဲ့ ခဲ၊ ဘင်၊ သံ၊ ဂျုတ်၊ ပြဒါး၊ သွပ်၊ ဒန်၊ ဘော်၊ ရွှေဆိုတဲ့ဓာတ်ကိုးပါးကို မရမက တပင်တပန်းရှာတယ် ... အင်္ဂါရတ်ပညာကို သုံးတယ် ... သူ့မှာ သူဖော်ယူလာတဲ့ အင်္ဂါရတ်ထိုးနည်းကျမ်းပုရပိုက်တွေပါလာတယ် ... အဲဒီအတိုင်း သူကထိုးတာ ပြဒါးအမတေတွေဖြစ်လာတယ် ... လူတွေ နေထိုင်မကောင်းရင် ဒီပြဒါးအမတေကို သောက် ... တစ်ခါတည်း ပျောက်ပဲ ... သူတို့စားတဲ့ အစားထဲမှာ ဒီပြဒါးအမတေကိုမြှုပ်ပြီး မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့အစားကိုစားရင် ဒီလူဟာ တစ်လကိုးသီတင်းအာဟာရပြီးတယ် ... ပြီးတော့ ကြေးဆယ်ဆ ... ရွှေတစ်ဆရောပြီးထိုးရင် အားလုံးဟာ ရွှေဖြစ်တယ် ... တကယ်တော့ ပြဒါးရှင်ပါ ... သူ့ကို ကွမ်းရွက်နဲ့ ဖမ်းထားရတယ် ... ကျွန်းပေါ်မှာကွမ်းပင်တွေကို အိန္ဒိယက ယူစိုက်ထားတော့ ပြဒါးရှင်ကိုကြွတ်နဲ့ထည့်ထားတယ်... ဒီပြဒါးရှင်ဟာ ဘယ်လောက်စွမ်းသလဲဆိုရင် သေတဲ့လူကို ဒီပြဒါးရှင်ပါးစပ်ထဲထည့်တာနဲ့ သေသူဟာ ပြန်ရှင်နိုင်တယ် ... လူရှင်ဆိုရင် ဒီပြဒါးရှင်မြို့ချတာနဲ့ ရုပ်ပြောင်းရုပ်လွှဲလုပ်လို့ရတယ်လို့ ပြောတယ်လို့ပက်ထရစ်က ဒက်ဒီ့ကို ပြန်ပြောပြတယ် ... "

"နောက် ... ဦးဘိုးထော်ဟာ မြန်မာတွေရဲ့အတတ်ပညာဟာ ဘယ်လောက်လေးစားစရာကောင်းသလဲဆိုပြီး ... ခရစ်ယာန်ဘုန်းတော်ကြီးကို ဒီပြဒါးရှင်ရဲ့အစွမ်းအချို့ကိုပြတော့ ဘုန်းတော်ကြီးလည်း ဦးဘိုးထော်ကို ဘာသာပြောင်းဖို့ ဆွယ်လို့မရတော့ဘူးတဲ့ ... ဦးဘိုးထော်ဟာ ဒီကျွန်းပေါ်မှာနေရင်းက တစ်ဖက်က ဆေးဆရာလုပ်ရင်း အသက်ထက်ဆုံး နေထိုင်သွားတယ် ... သူသေတော့ ဒီပြဒါးရှင်ကိုသူ့ပါးစပ်ထဲထည့်ဖို့ စဉ်းစားခဲ့ပေမဲ့ သူက လုပ်ခဲ့ဟန်မတူဘူး ... မသေမီမှာ ပက်ထရစ်ရဲ့အဘိုးကို ပေးခဲ့တယ် ... ပုလင်းကလေးတစ်လုံးထဲမှာ ကွမ်းရွက်နဲ့ပတ်လုံးထားပြီး တစ်လတစ်ခါ ကွမ်းရွက်ကို လဲပေးရတယ် ... အဲဒီလိုလဲတဲ့အခါပြဒါးရှင်ကို လွတ်မသွားအောင် သတိထားရတယ် ... ပက်



ထရစ်အဘိုးအဘွားတွေဟာ ခရစ်ယာန်အယူယူကြပေမဲ့ ဒီပြဒါးရှင်ကိုတော့ သိမ်းထားတယ် ... တရိုတသေ သိမ်းထားတယ်လို့ ပက်ထရစ်က ပြောတယ် ... "

"သူက ပုရပိုက်ရော ပြဒါးရှင်ခတ်လုံးရှိတဲ့ ပုလင်းကလေးကိုပါ ပြတယ် ... ထူးဆန်းတာက ကွမ်းရွက်နဲ့ ဘယ်လိုအုပ်ထားထား ... အမှောင်ထဲမှာ အဲဒီပုလင်းကို ကြည့်လိုက်ရင်ပုလင်းဟာ အလင်းရောင်တွေဖြာထွက်နေတာပဲ ... ဒီပြဒါးရှင်ကို ပက်ထရစ်ဆီမှာတောင်းရင် ဘယ်နည်းနဲ့မှပေးမှာမဟုတ်ဘူး ... ဒီတော့ ခိုးယူထားမှပဲလို့ ဒက်ဒီ့စိတ်ထဲမှာပြဒါးရှင်ကို လိုချင်စိတ်ဖြစ်ပေါ်လာတယ် ... ဒါနဲ့ တစ်နေ့မှာ ဒက်ဒီကြာကြာမနေချင်တာရယ် ... ဒီပြဒါးရှင်ကို လိုချင်တာရယ်ကြောင့် ပက်ထရစ်တို့အလစ်မှာ ဒက်ဒီဟာ ပြဒါးရှင်ပါတဲ့ ပုလင်းလေးကိုခိုးယူ ... စားနပ်ရိက္ခာတချို့ကို သူတို့ရဲ့ လုံးထွင်းသစ်လှေပေါ်တင်ဆောင်ပြီး ကျွန်းကလေးကထွက်ပြေးလာတယ် ... "

"ဒက်ဒီက နဂိုကတည်းက အကြံနဲ့ထွက်လာတာမို့ ပင်လယ်ထဲမှာ အရှေ့အနောက်တောင်မြောက်လုပ်ပြီး မှတ်တယ်... ဘယ်ကျွန်း ဘယ်နေရာဆိုတာကို မှတ်တယ် ... စိတ်ထဲမှာမှတ်ခဲ့တယ် ... ပင်လယ်ထဲက သမုဒ္ဒရာထဲရောက်နေတာမသိဘူး ... အိန္ဒိယသမုဒ္ဒရာအစပ်ပါပဲ ... အဲဒီမှာ ကျွန်းတစ်ကျွန်းကို တွေ့တော့ သောက်ရေလိုနေတာနဲ့ သောက်ရေရလိုရငြား ဝင်ကပ်လိုက်တယ်... အဲဒီ့မှာ ကျွန်းသူကျွန်းသား

www.burmeseclassic.com

www.burmeseclassic.com



တွေကို ထပ်တွေ့တယ် ... သူတို့ကျတော့ ပစ်ကနေကျွန်းသားတွေနဲ့ မတူဘူး ... အသားတွေက ဖြူပြီး မိန်းမယောကျ်ားရုပ်တွေ အတော်အလှတယ် ... အသက်ကြီးရွယ်အိုမတွေ့ရဘဲ အားလုံးငယ်ငယ်ရွယ်ရွယ် သက်တူရွယ်တူတွေပဲ ဒါပေမဲ့ သူတို့မျက်နှာတွေက ကြမ်းကြုတ်ရက်စက်တဲ့အသွင်ရှိတယ် ... သူတို့ပါးစပ်က ဘာပဲပြောပြော ကူဒူးနား ... ကူဒူးနားလို့ပဲ ပြောတယ် ... အဲဒါကလွဲပြီး ဘာမှမပြောကြဘူး ... "

"ဒက်ဒီက သူတို့ကိုတွေ့ရင် မကြောက်ဘူး ... ပစ်ကနေကျွန်းသားတွေပြောတဲ့ စကားနဲ့ပြောကြည့်တယ် ... သူတို့နားမလည်ဘူး ... ကူဒူးနားပဲပြောတယ် ... ဒက်ဒီ ဒီကျွန်းပေါ်ရောက်သွားချိန်ဟာ နေဝင်ရီတရောအချိန်ပဲ ... သူတို့က ဒက်ဒီ့ကို စားမတတ်ဝါးမတတ်ကြည့်ကြတယ် ... ပါးစပ်ကလည်း ကူဒူးနားပဲ ... ဒက်ဒီကျွန်းပေါ်လာတာ ကြိုက်ပုံမရဘူး... ဒက်ဒီက သူတို့ကို ရေရှမလားလို့ပြောလည်း နားမလည်ဘူး ... ညကြီးမိုးချုပ်တော့ ဒက်ဒီလည်း ကျွန်းက မခွာချင်သေးဘူး ... "

"အဲဒီလူစုဟာ ညမိုးချုပ်လာတော့ ဒက်ဒီ့ကို ရန်ပြုမယ်ပြင်တယ် ... ဒက်ဒီက သံဗုဒ္ဓေဂါထာရွတ်ပြီး ပြဒါးရှင်ပါတဲ့ပုလင်းကို ကိုင်လိုက်တဲ့အခါ သူတို့ဟာ ကြောက်အားလန့်အားထွက်ပြေးသွားကြတယ် ... ဒက်ဒီလည်း ကမ်းစပ်မှာပဲထိုင်ပြီး ကျွန်းကထွက်သွားရကောင်းမလား ... မထွက်ဘဲနေရကောင်းမလား စဉ်းစားနေတုန်းမှာပဲ ကျွန်းတစ်နေရာက ကူဒူးနား ... ကူဒူးနားဆိုတဲ့အသံတွေ ကြားရတယ် ... ဒက်ဒီသွားကြည့်ချိန်မှာ လထွက်နေပြီ... ပင်လယ်ထဲမှာ လထွက်ရင် သိပ်ကြည့်ကောင်းတာပဲ ... ကျွန်းသူကျွန်းသားတွေဟာ အဝတ်အစားမပါဗလာကိုယ်လုံးတီးနဲ့လရောင်အောက်မှာ ရပ်နေကြတယ် ... "

"သူတို့ရှေ့မှာ အရုပ်ကြီးတစ်ရုပ်ရှိတယ် ... သစ်ပင်ရဲ့ပင်စည်တစ်ပင်ကို ထွင်းထုလုပ်ထားတဲ့ အရုပ်ကြီးပဲ ... အရုပ်ကြီးက လူသဏ္ဌာန်ဖြစ်ပြီး အရုပ်ဆိုးလိုက်တာမှ ကြောက်စရာကြီးပါ ... ပါးစပ်ကြီးပြဲပြီး နှုတ်ခမ်းတွေမှာ နီရဲနေတယ်... လက်ကြီးနှစ်ဖက်က တစ်ခုခုကို ဖမ်းတော့မဲ့ ဟန်မျိုးနဲ့ မြှောက်ဆန့်ထားတယ် ... မျက်လုံးကြီးတွေကလည်း ပြူးပြူးကြီးပါပဲ ... အသားဖြူတဲ့ ကိုယ်လုံးတီးကျွန်းသူကျွန်းသားတွေဟာ ဒီအရုပ်ကြီးရှေ့မှာ ဒူးထောက် လက်တွေမြှောက်ပြီး ကူဒူးနား ကူဒူးနားလို့ အော်နေလိုက်ကြတာ တစ်ကျွန်းလုံးကို ဆူညံနေတော့တာပဲလေ ... ဒက်ဒီလည်း ကြောက်တာပေါ့ ... ဒီကောင်တွေဟာ လူရိုင်းတွေပဲ နတ်ကိုးကွယ်မိစ္ဆာကိုးကွယ်တဲ့ကောင်တွေပဲ ... ငါတော့ပြေးမှပဲဆိုပြီး ပြန်ပြေးလာတယ် ... လှေနဲ့ပြန်ပြေးဖို့ စိတ်ကူးပေမဲ့ ထူးဆန်းတာက ဒက်ဒီ့စိတ်ကို တစ်ယောက်ယောက်က ဆွဲထားသလိုမသွားချင်ပြန်ဘူး ... ခက်တာက မှောင်မည်းမည်းထဲမှာ လရောင်အားကိုးနဲ့ခရီးထွက်ပေမဲ့ လရောင်ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရင် ခက်ရချည်ရဲ့ဆိုတဲ့အတွေးနဲ့ လှေနားက သောင်ပြင်ပေါ်မှာ ကံသာလျှင် အမိ ... ကံသာလျှင် အဖဆိုပြီး သံဗုဒ္ဓေဂါထာကို စည်းချ ... ပြဒါးရှင်ပါတဲ့ ပုလင်းကို ရင်မှာပိုက်ပြီး အိပ်တော့တာပဲ ... အိပ်ပျော်လုဆဲဆဲမှာ လူသံတွေကြားတယ် ... ထကြည့်လိုက်တော့ သမီးရယ် ... ဒီကူဒူးနားကျွန်းသားတွေဟာ ဝတ်လစ်စလစ်တွေနဲ့ တင်းပုတ်တွေ ... တုတ်တွေ ကျောက်တုံးကို ကိုင်ပြီး ဒက်ဒီ့ကို သတ်ဖို့လိုက်ရှာကြတာကိုး ... ဒါပေမဲ့ သံဗုဒ္ဓေတန်ခိုးကြောင့် သူတို့ ငုတ်တုပ်ထိုင်နေတဲ့ ဒက်ဒီ့ကို မတွေ့ကြဘူး ... ဆူဆူညံညံအသံတွေကို ကြောက်စရာအသံတွေပေးပြီး ကျွန်းက တောထဲဝင်သွားကြတယ်လေ ... အသံတွေ ပျောက်သွားတော့မှ ဒက်ဒီလည်း သတိနဲ့ အိပ်ရတော့တာပေါ့ ... ”

သည်စကားတွေကို ကိုမှိုင်းက ရှင်းပြပြန်သည်။ ဘန်ဒွတ်မျက်နှာမှာ အံ့သြသောမျက်နှာ၊ ယုံရခက်သောမျက်နှာဖြစ်သွားသည်။ ကက်ဆက်ကို ဆက်လက်ဖွင့်ရန် လက်ရိပ်ပြလိုက်သည်။

“အဲဒီမှာ ဒက်ဒီအိပ်မက်မက်တယ် ... အိပ်မက်ကိုတော့ ဒက်ဒီ ဒီနေ့အထိ ပြက်ပြက်ထင်ထင်မှတ်မိနေတုန်းပါပဲ ... အိပ်မက်ကလည်း စင်းခဲ့မှန်ခဲ့တာကိုး ... ဒက်ဒီရဲ့အိပ်မက်ထဲမှာ ကူဒူးနားကျွန်းပေါ်က ကြောက်စရာကောင်းတဲ့ ကူဒူးနားနတ်မိစ္ဆာကြီးဟာ ဒက်ဒီ့အနားကိုရောက်လာတယ် ... သူက ဒက်ဒီ့ကို မြန်မာလိုပဲ ပြောတယ် ... မင်းအိပ်လို့စည်းချထားလို့ ငါဝင်လို့မရဘူး ... မင်းကို ငါဆောင်မစောင့်ရှောက်ချင်



လို့လာတာ ... ငါနဲ့မင်းဟာ ဟိုးရှေးရှေးတုန်းက မိတ်ဆွေတွေ ... မင်းဒုက္ခရောက်နေတာကို ငါကူညီမယ်လို့ပြောတယ် ... ဒက်ဒီက ခင်ဗျား ဘယ်လိုကူညီမှာလဲလို့မေးတယ် ... သူက ငါ့ကို မင်းရဲ့ပြဒါးရှင်ကိုပေးပါ ... ငါမင်းကို ဒီပင်လယ်ထဲက လွတ်အောင် လုပ်ပေးမယ် ... မင်းနဲ့ ဒီပြဒါးရှင်နဲ့ မထိုက်တန်ဘူး ... အဲဒီလိုပေးခဲ့ပြီး မင်းကြီးပွားချမ်းသာချင်တယ်ဆိုရင် မင်းရဲ့အူတွေ အသည်းတွေ နှလုံးတွေကို ငါ့ကိုပူဇော်ပါလို့ပြောပြီးတော့ ပျောက်သွားတယ် ဒက်ဒီနိုးလာတော့ ဒီအိပ်မက်ကိုပြန်ပြီးစဉ်းစားတယ် ... ”

“အိပ်မက်ထဲကဟာ တကယ်ပဲလား ... တကယ် ငါဒီပြဒါးရှင်ကိုပေးလိုက်ရင် ငါ ဒီပင်လယ်သမုဒ္ဒရာထဲက လွတ်မလားလို့ပေါ့ ... တကယ်တော့ ဒက်ဒီဟာ ပင်လယ်သမုဒ္ဒရာကြီးထဲမှာ တစ်နှစ်ကျော်ကျော်နေလာရတော့ ငြီးငွေ့နေပြီ ... ကိုယ့်နိုင်ငံကိုပဲ ကိုယ်ပြန်ချင်နေပြီ ... နောက်ဆုံး ဆုံးဖြတ်လိုက်တယ် ... ဒီပြဒါးရှင်ဟာ ငါနဲ့မထိုက်တန်လို့ ငါ့ကိုဒုက္ခပေးနေတာ ... ဒီနတ်မိစ္ဆာကြီးဆီမှာထားခဲ့ပြီး ငါလိုချင်တာ ငါတောင်းဆိုမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ တောထဲဝင်လာတယ် ... ”

“ထူးခြားတာက မနေ့ညကတွေ့ခဲ့ရတဲ့ ကူဒူးနားလူရိုင်းတွေကို တစ်ယောက်မှ အစမနမတွေ့ရတော့ဘူး ... နတ်မိစ္ဆာကြီးရှိရာကို သွားတယ် ... ဒက်ဒီက နတ်မိစ္ဆာရုပ်ထုကြီးကို ကြည့်လိုက်တော့ အိပ်မက်ထဲက ရုပ်ထုအတိုင်းပဲ ... မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



က မျက်လုံးတစ်ခုပျက်ပြီး သစ်သားပေါက်လို ဟောက်ပက် ကြီးဖြစ်နေတယ် ... ဒက်ဒီက ပုလင်းထဲက ကွမ်းရွက်နဲ့အုပ် ထားတဲ့ ပြဒါးရှင်ကို ကွမ်းရွက်နဲ့အတူယူပြီး ရုပ်ထုကြီးပေါ် တွယ်တက်တယ် ... အဲဒီအချိန်မှာ ရုပ်ထုကြီးက လှုပ်သလို ဖြစ်နေတယ် ... ဒက်ဒီလည်း နတ်မိစ္ဆာရုပ်ထုကြီးရဲ့ ပခုံးကို နင်းပြီးတော့ ဟောက်ပက်ဖြစ်နေတဲ့ မျက်လုံးနေရာကို ပြဒါးရှင်လုံး ထည့်လိုက်တယ် ... ပြဒါးရှင်ဓာတ်လုံးက ကွမ်းရွက်ကိုခွာ ကြည့်လိုက်တယ် ... ပြဒါးဟာ ပျံတက် သွားလိမ့်မယ်ထင်တယ် ... မပျံဘူး ... မျက်လုံးနေရာထဲ မှာပဲ ဝပ်နေတယ် ... မောင်စနေထွန်းက မေးနေတယ်... ပြဒါးဟာ ဘယ်အရွယ်အစားရှိသလဲလို့ ... ”

“မင်းမေးတာ မှန်တယ် ... ပြဒါးဟာ ဆီးစေ့အရွယ်လောက် ပဲရှိတယ် ... ဖြာထွက်နေတဲ့အရောင်တွေ ကွန့်မြူးနေတယ် ဒက်ဒီက အဲဒီနတ်မိစ္ဆာရုပ်ထုကြီးအောက် ပြန်ဆင်းပြီး သူ့ဆ မှာ ဆုတောင်းတယ် ... ကျွန်တော် ခင်ဗျားလိုချင်တဲ့အဂ္ဂ အညီကို ပေးတဲ့အနေနဲ့ ကျွန်တော့်ပြဒါးကို ခင်ဗျားကိုပေး ပြီးပြီ ... ကျွန်တော့်ကို ပင်လယ်ထဲက လွတ်ပြီး ကိုယ့်နိုင်ငံ ကိုယ်ပြန်ရောက်အောင် ကြည့်ရှုဆောင်မပေးပါလို့ ပြေ လိုက်တယ် ... ပြီးတော့ ကျွန်တော်နိုင်ငံကိုရောက်တာန ကျွန်တော် ချမ်းသာအောင် ဆောင်မကြည့်ရှုပါ ... အဲ အတွက် ခင်ဗျားလိုချင်တဲ့ ကျွန်တော့်အူတွေ ... အသည်း တွေ နှလုံးတွေကိုပေးပါ့မယ်လို့ပြောခဲ့တယ် ... အဲဒီအချိ



မှာ ဒက်ဒီ့တစ်ကိုယ်လုံးဟာ ကြက်သီးဖြန်းဖြန်းထသွား တယ် ... ”

“ဒက်ဒီလည်း လှေကလေးရှိရာကို ပြန်လာကယ် ... အဲဒီမှာ ဒက်ဒီ့နားထဲမှာ ‘လှေပေါ်တက်တော့ ...’ ဆိုတဲ့ အသံတစ်သံ ကြားလိုက်မိသလိုပဲ ... ဒက်ဒီလည်း လှေပေါ်တက်ထိုင် တာပေါ့ ... သစ်သားလုံးထွင်းလှေကလေးဟာ ဒက်ဒီလည်း ထိုင်မိရော တစ်ခါတည်း လူမမြင်ရဘဲ တစ်ဦးဦးက ဆွဲခေါ် သွားသလို လှေကိုဆွဲခေါ်သွားတယ် ... ဒက်ဒီတောင် လှော်ဖို့မလိုတော့ဘူး ... အခု သမီးတို့မြင်နေကြတဲ့ စက် တပ်ပဲ့ချိတ်စက်လှေလိုပဲ တရှိန်ထိုးကို သွားတာ ဒက်ဒီအံ့ လည်း အံ့သြသွားတယ် ... ကြောက်လည်း ကြောက်သွား တယ် ... ဒါပေမဲ့ ပင်လယ်ပြင်မှာ ဘာအန္တရာယ်မှမရှိဘူး စားနပ်ရိက္ခာကလည်း ကုန်နေပြီ ... ဒီတော့ ဒက်ဒီလည်း ညည်းမိတယ် ... ငါတော့အစာငတ်သေမှာပဲလို့... ထူးဆန်း လိုက်တာ သမီးရေ ... အဲဒီလို ညည်းပြီး မကြာခင်မှာ ပင် လယ်ရေထဲက ပင်လယ်ငါးမုတ်ကြီးတစ်ကောင်ဟာ ပင် လယ်ထဲကနေ လှေပေါ်ခုန်တက်လာတယ် ... ဒီလိုပဲ ငါးကို ဖမ်း ... ငါးက သွေးတွေကို စုတ် ... အသားတွေကို အစိမ်း စားပစ်တယ် ... နောက်တစ်ကောင် ခုန်တက်လာပြန် တယ် ... ဒီလိုပဲ ဖမ်းစားပစ်လိုက်တာပဲ ... နောက်တစ် ကောင် ခုန်တက် ... ဒီလိုပဲ စား ... ဗိုက်ဝသွားတော့ တော်ပါတော့ပြောတာနဲ့ မခုန်တက်တော့ဘူး ... ညနေပိုင်း

www.burmeseclassic.com

www.burmeseclassic.com



လည်းကျရော လှေဟာ ကျွန်းတွေရှိရာဘက်ကိုရောက်နေတယ် ... ဒက်ဒီလည်း ဝမ်းသာသွားတာပေါ့ ... နောက်ဆုံးလှေဟာ လူဆွဲသလို ဆွဲမခံရဘဲ မျောပါသွားပြီး ကျွန်းတစ်ကျွန်းမှာ သွားတင်နေတယ် ... ”

“ဒီကျွန်းပေါ်မှာ ငါးဖမ်းတဲ့ရခိုင်အမျိုးသားတွေ နေကြတာကိုး ... ဒက်ဒီလည်း အရမ်းဝမ်းသာသွားတာပဲ ... ကျွန်းပေါ်မှာက ရွာကလေးတစ်ရွာတည်းရယ် ... ပင်လယ်ဓားပြတွေတိုက်တာခံရပြီး လှေတစ်စီးနဲ့ မျောလာရာက ဒုက္ခရောက်လာတဲ့အကြောင်း ပြောပြပါတယ် ... သူတို့က ဒက်ဒီကိုပြုစုကြတယ်... အဲဒီမှာ ဒက်ဒီ တစ်လလောက်ကြာတယ်... နောက် တပ်မတော်ကလာတဲ့ ရေယာဉ်တစ်ခုမှာ ဒက်ဒီကိုထည့်ပေးလိုက်ကြတယ် ... ဒက်ဒီ စစ်တွေကိုရောက်လာတယ် ... အဲဒီစစ်တွေမှာ ဦးထွန်းလှဖြူဆိုတဲ့ လူကြီးကငါးပွဲစားပဲ ... ငါးလှေတွေလည်း ပိုင်တယ် ... ဒက်ဒီကအဲဒီမှာ ဝင်လုပ်ရင်း ဦးထွန်းလှဖြူရဲ့အယုံကြည်ရဆုံး တပည့်ဖြစ်လာတယ် ... ဦးထွန်းလှဖြူရဲ့သမီး ... သမီးရဲ့မေမေခိုင်နှင်းသဇင်နဲ့ ဒက်ဒီတို့ ကြိုက်မိကြတယ် ... ခိုင်နှင်းသဇင်က ဆယ်တန်းကျောင်းသူ ... စစ်တွေက အ.ထ.ကကျောင်းမှာပဲ တက်တယ် ... သမီးတို့မေမေ ဆယ်တန်းအောင်တဲ့နှစ်မှာ သမီးရဲ့အဘိုးဖြစ်တဲ့ ဦးထွန်းလှဖြူက အဖေနဲ့ သူ့သမီးကို သဘောတူပေးစားခဲ့တယ် ... ဒက်ဒီကလည်းအလုပ်ကြိုးစားတာကိုး ... ”



“သမီးမေမေလည်း တက္ကသိုလ်ဆက်မတက်ဖြစ်ခဲ့တော့ဘူး ဒက်ဒီက ဘုန်းကြီးကျောင်းစာလောက်ပဲ တတ်ပြီး ... သမီးအမေက ဆယ်တန်းအောင်တော့ ယောက္ခမဦးထွန်းလှဖြူက ‘ငါ့သား မင်းက မင်းမိန်းမထက်ပညာရေးနိမ့်ကျတယ် မင်း ကျောင်းနေလို့လည်း မရတော့ဘူး ... ဒီတော့ အင်္ဂလိပ်စာနဲ့ အင်္ဂလိပ်စကား[illegible] ကျွမ်းကျင်အောင်သင်ချေဆိုပြီး စပယ်ရှယ်အင်္ဂလိပ်ကို[illegible] တစ်ခုအဖြစ် ... ဆရာနဲ့ ထားပေးတယ် ... နှစ်နှစ်အတွင်း[illegible]ပဲ ဒက်ဒီဟာ အင်္ဂလိပ်စာအရေးအပြောအဖတ်တွေ ကျွ[illegible]းကျင်လာတယ် ... ဆရာပြောတယ် ... အင်္ဂလိပ်စာက[illegible]မ်းကျင်ချင်ရင် အင်္ဂလိပ်စာတွေဖတ်ရတယ် ... သတင်း[illegible]တွေ ဖတ်ရတယ်လို့ ဟိုခေတ်တုန်းက ထုတ်ခဲ့တဲ့ ဂ[illegible]ဒီးယန်း(Guardian)တို့(Working People)တို့ကို ဖတ်ရတယ် ... အဲဒီထဲက ခေတ်ပေါ်ကိုယ်မသိတဲ့ ဗော်ကာဗြူလာရီ(Vocabulary)တွေကို ထုတ်နှုတ်ကျက်မှတ်ရတယ် ... ကိုယ်မသိတဲ့ အဓိပ္ပာယ်မီးနင်း (Meaning) တွေကို တစ်နေ့ ဆယ်လုံးကျ ကျက်ပြီး ဝါကျလုပ်ရတယ် ... အဲဒီတော့ မီးနင်းတွေကို မှတ်မိလွယ်တဲ့အပြင်အရေးရော အပြောရော အဖတ်တိုးလာတယ် ... ဒက်ဒီကျွမ်းကျင်လာတော့ အင်္ဂလိပ်ဝတ္ထုတက်(စ်)ဘုတ်(Text Book)တွေ ဖတ်တယ် ... တစ်ခုတော့ရှိတယ် ... အမေရိကန်ဝတ္ထုတွေကို သွားမဖတ်နဲ့ ... ချာချာလည်သွားမယ် ... သူတို့ရေးသားထားတာတွေက အမြီးအမောက်တည့်တာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး ... သူတို့ဝေါဟာရနဲ့ရေးတာ ... အင်္ဂလိပ်စာအတော်ကျွမ်းကျင်မှ သူတို့စာအုပ်တွေဖတ် ... ဒါတောင် I don't know လို့ရေးရမဲ့နေရာမှာ I dun know လို့ရေးချင်ရေးထားတာ... ဒါက သမီးတို့ကို ဗဟုသုတပြောတာပါ ... မောင်စနေ မင်းက အမေရိကန်ဝတ္ထုတွေဖတ်နေတဲ့လူဆိုတော့ ငါပြောတာ မဟုတ်ဘူးလား ... ဒက်ဒီက ကြိုးစားလိုက်တာ သမီးမေမေထက် အင်္ဂလိပ်စာအဆပေါင်းများစွာ တော်လာတယ် ... ဆိုရှယ်လစ်ခေတ်မှာ အင်္ဂလိပ်စာကို ခုခေတ်လို အားပေးကြတာ မဟုတ်ဘူး ... ခုခေတ်မှာမှ သက်ဆိုင်သူတွေက အမြင်ကျယ်ကျယ်နဲ့ အားပေးလာတာပဲ ...-တံခါးဖွင့်ဝါဒကျင့်သုံးရင် ကမ္ဘာသုံးစကားမှာ စာဖြစ်တဲ့ အင်္ဂလိပ်စာနဲ့ စကားတော်မှဆိုတာ နားလည်ကြတယ်လေ ... တစ်ချိန်က အင်္ဂလိပ်စာကို ပစ်ပယ်ထားတဲ့ တရုတ်ပြည်တောင် ခုဆို ကလေးကအစ သက်ကြီးရွယ်အိုအထိ အင်္ဂလိပ်စကားကို သင်နေကြပြီ ... ”

“ဒက်ဒီ့ယောက္ခမ ဦးထွန်းလှဖြူဟာ အမျှော်အမြင်ရှိတယ် ဒက်ဒီ့သမီးလေးတစ်နှစ် သမီးမှာ စီးပွားရေးချဲ့မယ်ဆိုပြီး ရန်ကုန်ကိုပြောင်းလာနေထိုင်ကြတယ် ... ကံကောင်းချင်တော့ ဒီခေတ်ကိုရောက်လာတယ် ... ဒက်ဒီလည်း ကြိုးစားလိုက်တာ လုပ်သမျှ အောင်မြင်တာချည်းပဲ ... ဒါဟာ ကူဒူးနားနတ်ကြီးရဲ့ ဖေးမကူညီချက်တွေလည်း ပါမယ်ပေါ့.. ဒက်ဒီ သင်ခဲ့တဲ့ အင်္ဂလိပ်စာ ... အင်္ဂလိပ်စကားတွေဟာ



ဒီနေ့ ဒီအချိန်ထိ အရမ်းအထောက်အကူပြုတာပဲ ... ဒက်ဒီ့နေပုံထိုင် ပုံပြောပုံဆိုပုံတွေဟာ ဘွဲ့ရတစ်ယောက်လိုဖြစ်နေတော့ ... ဘယ်သူမှ ဒက်ဒီ့ကိုဘုန်းကြီးကျောင်းသားရယ်လို့ မထင်ခဲ့ဘူး ... ”

“ကိုယ်ရည်ရွယ်ထားတဲ့အတိုင်း ... ဒက်ဒီ့မိဘတွေကိုလည်း ဒက်ဒီထောက်ပံ့ကျွေးမွေးခဲ့တယ် ပြုစုခဲ့တယ် ... မုဆိုးဖိုကြီး ဦးထွန်းလှဖြူကိုလည်း ကိုယ့်မိဘလို သဘောထား ထောက်ပံ့ပြုစုခဲ့တယ် ... ဒက်ဒီ ဝါသနာပါတာက အင်္ဂရိတ်ပဲ ... ဒက်ဒီဟာ ပြဒါးရှင်ကို စွန့်လွှတ်ခဲ့ရတဲ့အချိန်က စပြီး ပြဒါးရှင်ရှာ ရှာခဲ့တယ် ... အင်္ဂရိတ်ဖိုထိုးရင် ပြဒါးရှင်ရမယ်ပေါ့... ဒါပေမဲ့ အင်္ဂရိတ်ဆရာကြီး ဦးဘိုးထော်ရဲ့ ပေ ... ပုရပိုက်တွေကို ယူမလာမိလို့ နည်းမသိဘဲ အလွဲလွဲအချော်ချော်တွေဖြစ်တယ် ... စီးပွားရေးလုပ်ရင်း အင်္ဂရိတ်ပညာတွေကို စုဆောင်းတယ် ... နည်းယူလုပ်ကြည့်တယ် ... မမှန်ကန်ခဲ့ပါဘူး ... နောက်ဆုံး ဒီပညာလုပ်တာ သမီးမေမေနဲ့ စကားများရတဲ့အထိပဲ ... သမီးဆယ်နှစ်သမီးမှာ သမီးမေမေဆုံးတယ် ... ဖေဖေလည်း အဲဒီပညာတွေကို ရပ်နားလိုက်တယ် နောက်မှ ဒီပညာကိုပြန်လိုက်စားလာတယ် ... ဘာကြောင့်လဲဆိုတော့ ကူဒူးနားနတ်မိစ္ဆာကြီးဆီမှာ ပြုခဲ့တဲ့ကတိကို ဒက်ဒီပြန်စဉ်းစားပြီး ကြောက်လာတယ် ... ”

“ကူဒူးနားဟာ တစ်နေ့ ငါ့အသည်းနှလုံးတွေကို ယူမှာပဲလို့ ဘာကြောင့်လဲဆိုရင် ... သူဟာ ဒက်ဒီ့ကိုချမ်းသာအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးပြီးပြီ ... ဒီတော့ တစ်နေ့ကျရင် ငါ့ကတိအတိုင်း အသက်ခြောက်ဆယ်ပြည့်ကာနီးမှာ ငါ့အသည်းနှလုံးတွေ ကလီစာတွေကို လာယူမှာပဲ ... ငါဖိုအောင်ရင် သူလာယူနိုင်စရာမရှိဘူးဆိုပြီး ဒက်ဒီက ဖိုကိုသဲသဲမဲမဲဆွဲခဲ့တာပါ... "

"ရပ်လိုက် ... "

ဘန်ဒွတ်က အင်္ဂလိပ်စကားနှင့် ပြော၍ ကိုမိုင်းကို လက်ပြလိုက်သည်။ ကိုမိုင်းက ကက်ဆက်ကို ပိတ်လိုက်၏။

အားလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

တစ်မိနစ်လောက်ကြာမှ စနေထွန်းက ...

"ဒီစကားတွေကို ဦးကေသရာက သူမသေမီညက ပြော‌ခဲ့တာပါ ... အဲဒီညက သူဟာကောင်းကောင်းမွန်မွန်ပါ ... ခုလို စကားတွေ အများကြီးပြောနိုင်ခဲ့တယ် ... ပြောပြီး ညဘက်မှာ အိပ်ရင်းဆုံးသွားခဲ့တာပဲ ... ဒါပေမဲ့ ထူးဆန်းတာက ဆေးရုံမှာ ရောဂါစမ်းသပ်ရှာဖွေရေး ဆရာဝန်တွေက ရောဂါရှာဖို့ သူ့အလောင်းကို ခွဲစိပ်ကြည့်တော့ သူ့ဝမ်းဗိုက်ထဲမှာ ကလီစာတွေမရှိတော့ဘဲ ... အားလုံးဟောင်းလောင်းဖြစ်နေတာကို ဆရာဝန်ရော ကျုပ်တို့ကောတွေ့ကြရတယ် ... "

"ဒါဆိုရင် ... ကူဒူးနား နတ်မိစ္ဆာကြီးက ယူသွားတယ် ... ဒါမှမဟုတ် စားသွားတယ်ပေါ့ ... "

ကိုမိုင်းက ပြောပြီး ထပ်မံ၍ ...

"မယုံနိုင်စရာဘဲ ... "



"မဟုတ်ဘူးဗျ ... ဒါမျိုးတွေဟာ ရှိတတ်ပါတယ် ... အခု ကျုပ်တို့ပစ်ကနေကျွန်းမှာလည်း ဒီနတ်ကိုးကွယ်တာတွေ ရှိနေတုန်းပဲ ... သူတို့အယူနဲ့တော့ သူတို့ဖြစ်နေကြတာပဲ... နတ်မိစ္ဆာဆိုတာ လူကို သူတို့သဘောကျရင် ကောင်းကျိုး သဘောမကျရင် ဆိုးကျိုးပေးတာပဲ ... ဒီကျွန်းဟာ ပင်လယ်ထဲမှာရှိနေတော့ လူသူအရောက်အပေါက်ဝေးနေတော့ ... နတ်မိစ္ဆာတွေကိုပဲ သူတို့က ကိုးကွယ်နေကြတာပဲ ... ကူဒူးနားကျွန်းက လူတွေလည်း ဒီလိုပဲ ကိုးကွယ်တော့ နတ်မိစ္ဆာကြီးဟာ ကြာတော့ တန်ခိုးအာဏာတစ်ခုခုထက်မြက်လာမှာပဲ ... ဒီတော့ လူ့အသည်းနှလုံးတွေကို သူ့တန်ခိုးသတ္တိနဲ့ နုတ်ပစ်တာဖြစ်ချင်ဖြစ်မှာပေါ့ ... အဲဒါတွေက သိပ္ပံနည်းနဲ့ တွက်ဆလို့မရပါဘူး ... "

ဘန်ဒွတ်က ထောက်ခံ၏။ သူက နတ်ကိုးကွယ်သည့် အမျိုးအနွယ်မှဆင်းသက်လာသူမို့ ရှေးဟောင်းအယူအဆတွေကို ပစ်ပယ်ဟန်မတူ။

◈⦿◈

www.burmeseclassic.com

www.burmeseclassic.com



## တတ်လမ်းစဉ်(၇)

စနေကိုလည်း မလွတ်ခဲ့။

ဆွတ်ပျံ့ကိုလည်း တစ်နေရာသို့ ခေါ်သွား၏။

စနေတော်တော်ဒေါသထွက်နေသည်။ ဘန်ဒွတ်က ဦးကေသရာ၏ စကားတွေ တိပ်ခွေထဲမှထွက်လာတာတွေကို ယုံသည်။

ဒါကြောင့် တစ်ခုတော့ တောင်းဆို၏။

ကူဒူးနားကျွန်းကို သူကိုယ်တိုင်လိုက်ရှာမည်။ တွေ့လျှင် ကျွန်းပေါ်တက်ပြီး ပြဒါးရှင်ကို ပြန်ယူမည်။ ပြဒါးရှင်၏တန်ခိုးသတ္တိကိုလည်း သိနေဟန်တူ၏။

အထူးသဖြင့် ထိုပြဒါးရှင်ကိုမြို့ချသော် သေခြင်းတရားမှ နှစ်ပေါင်းများစွာနေထိုင်၍ ယင်းပြဒါးရှင်ကို ဇရာစိမ်သောက်သော် ရုပ်ပြောင်းခြင်းအဖြစ်ကို ရသည်ဆိုတာကိုပဲ ဘန်ဒွတ်က စိတ်ဝင်စားခဲ့၏။

သူက သူ့အဘိုးအဘွားတွေကို မီခဲ့သည်။



အဘိုးအဘွားတွေကလည်း ထိုပြဒါးရှင်၏တန်ခိုးသတ္တိကို သိစေကာမူ တစ်ယောက်မှ စမ်းသပ်ခြင်းမပြုခဲ့ကြပါ။

ယင်းပြဒါးရှင်လုံးကို တရိုတသေပဲ သိမ်းခဲ့ကြ၏။ ကျွန်းအကြီးအကဲမျိုးဆက်နွယ်ပက်ထရစ်က ထိုပြဒါးရှင်ကို ဦးကေသရာခိုးယူသွားတာကိုသိပြီးနောက် လိုက်ဖို့အားထုတ်သော်လည်း လိုက်လို့မရခဲ့ပါ။

ဒါကြောင့် သူကမသေမီ သူ့သားဘန်ဒွတ်အား အိန္ဒိယနိုင်ငံ ကာလကတ္တားသို့ ပညာသွားရောက်သင်ယူပြီး ပညာပြည့်စုံသောအခါ အချိန်အခါရလျှင် ယင်းပြဒါးရှင်ကို လိုက်လံစုံစမ်း၍ ပြန်ယူခဲ့ရန် ပြောခဲ့၏။

တိုက်ဆိုင်ချင်တော့ ကုမ္ပဏီမှ ပဲများပို့ရေးကိစ္စနှင့် ဦးကေသရာက တစ်နေ့တွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ အသွားတွင် မြန်မာလူမျိုးဆိုလျှင် စိတ်ဝင်စားတတ်သော ဘန်ဒွတ်နှင့် တွေ့ဆုံခဲ့သည်။ သိကျွမ်းခဲ့သည်။

ဘန်ဒွတ်က မြန်မာနိုင်ငံအကြောင်းကို မေးသည်။ ဘန်ဒွတ်မှာ ထိုစဉ်က သူ့အမည်ကို ဘန်ဒွတ်လို့မပြောဘဲ 'ကရစ္စနား' ဟုပြော၍ လပ်ခနော်မြို့တွင်နေကြောင်း ပြောခဲ့၏။

မြန်မာနိုင်ငံ၏ တိုးတက်စည်ပင်အောင် ကြိုးစားမနေမှု။ မြန်မာနိုင်ငံ၏ယဉ်ကျေးမှု၊ မြန်မာနိုင်ငံ၏ လူနေမှုအဆင့်အတန်း၊ မြန်မာနိုင်ငံ၏ သာယာလှပမှုများ၊ မြန်မာနိုင်ငံ၏ အေးချမ်းမှုများကို ဦးကေသရာက ခပ်ကြွားကြွားပဲ ပြောခဲ့၏။

ဘန်ဒွတ်၏ပိုမိုစိတ်ဝင်စားမှုမှာ ဦးကေသရာ၏

www.burmeseclassic.com

www.burmeseclassic.com



အမည်ပဲဖြစ်သည်။

သူ့ရင်ထဲတွင် သူ့ဖခင်ပြောသော“ကေသရာ”ဟူသည့် အမည်ကို စွဲမှတ်ထားသည်။

ဘန်ဒွတ်အတွက် ပိုမိုကံကောင်းစေသည်မှာ ကိုမှိုင်းနှင့် သွားတွေ့ခြင်းဖြစ်သည်။

ကိုမှိုင်းမှာ သူ၏ဆပ်ကပ်ကို တည်ထောင်ပြသခဲ့သော်လည်း ယခုခေတ်တွင် ဆပ်ကပ်ကို လူတွေစိတ်မဝင်စားခဲ့တာကြောင့် သူ့ဆပ်ကပ်မှာ ပြိုကွဲသွားသည်။

တစ်ချိန်က ကမ္ဘာပတ်ကာ ပြခဲ့ဖူး၏။

ဒါပေမဲ့ သူ့ဆပ်ကပ်မှာ မြန်မာနိုင်ငံအနေနှင့် ကောင်းချင်ကောင်းမည်ဖြစ်သော်လည်း တခြားသောနိုင်ငံများ၏ ဆပ်ကပ်နှင့် ယှဉ်လိုက်လျှင် သူ့အတွက် အဆင့်နိမ့်ကျနေသည်။

သည်တော့ သူက ဆုံးဖြတ်ခဲ့၏။

ဆပ်ကပ်မလုပ်တော့ဘဲ သူတတ်ထားသည့် လက္ခဏာပညာနှင့် လုပ်စားကြည့်၏။ ခုခေတ်မှာ လက္ခဏာပညာကို ကြေညာကောင်းကောင်းနှင့် ကြေညာလျှင် လူတွေစိတ်ဝင်စားမှာပဲဆိုပြီး လက္ခဏာပညာကို ကြေညာခဲ့၏။

ဒါပေမဲ့ သည်ခေတ်မှာ လက္ခဏာဆရာ၊ ဗေဒင်ဆရာတွေက ကျောက်ခဲသလဲလို ပေါသည်။ ဟုတ်မဟုတ်တော့ မသိ။

မြို့ထဲသွားလျှင် လမ်းဘေးလက္ခဏာဆရာ၊ ဗေဒင်ဆရာတွေကို တွေ့သည်။ အမျိုးသမီးတချို့တောင် လက္ခဏာဆရာလုပ်စားနေသည်။



သူ့လက္ခဏာကို သူပြန်စစ်သည်။ ဘဝမှာ အတိုက်အခိုက်တွေနှင့် တွေ့ကြုံပြီး အောင်မြင်မှုနည်းပါးသော လက္ခဏာမျိုးဖြစ်၏။

ဒါကြောင့် သူက ယတြာလေး ဘာလေးချေပြီး ကလေးဘက်ကို သွားသည်။ စိတ်ကလေနေပြီဖြစ်ရာ ကလေးဘက်မှ မိုရေးဘက်ကို ဝင်သည်။ မိုရေးသည် တစ်ဖက်နိုင်ငံ၏ နယ်စပ်ဖြစ်၏။

မိုရေးမှတစ်ဆင့် အိန္ဒိယနယ်ထဲကို ရောက်သွားသည်။ သူက သွားရင်းလာရင်း အိန္ဒိယနိုင်ငံ၏မြို့တစ်မြို့မှာပဲ ဘန်ဒွတ်နှင့် သွားတွေ့၏။

ထိုစဉ်က သူ့ကို အိန္ဒိယပုလိပ်က ဗီဇာတွင် နေထိုင်မှုရက်ကုန်လွန်ပြီး ကျော်လွှားနေထိုင်မှုနှင့် ဖမ်းသည်။ မြန်မာဆိုလျှင် စိတ်ဝင်စားသော ဘန်ဒွတ်က အိန္ဒိယပုလိပ်လက်ထဲမှ ကိုမှိုင်းကို လာဘ်ထိုး၍ ကယ်ဆယ်ခဲ့၏။

ထိုကျေးဇူးအပြင် သုံးနိုင်ဖြုန်းနိုင်သော ဘန်ဒွတ်လက်အောက်မှာ မိတ်ဆွေမကျ၊ တပည့်မကျဖြစ်သွားသည်။

သူကပဲ ဘန်ဒွတ်ကို မြန်မာနိုင်ငံအတွင်းသို့ တရားဝင်ခေါ်လာပေးခဲ့၏။ ဘန်ဒွတ်က ခရီးသွားဧည့်သည်တစ်ယောက်ဟုတ်ဘဲ ဦးကေသရာ၏ ကုမ္ပဏီလိပ်စာကိုသုံးကာ စီးပွားရေးသမားတစ်ဦးအဖြစ် ဝင်ရောက်လာသည်။ သူ့ဗီဇာထဲတွင် မြန်မာနိုင်ငံတွင် နေထိုင်ခွင့်ရသည့်ရက်မှာ ဆယ့်လေးရက်ပဲရှိသည်။

ထိုဆယ့်လေးရက်အတွင်း အကောင်အထည်ဖော်

www.burmeseclassic.com

www.burmeseclassic.com



ရမည်ဖြစ်ရာ ပထမညတွင် ကိုမှိုင်းအား တစ်ကိုယ်လုံးအဝတ်နက်များ ဝတ်စေပြီး ဝင်ခိုင်းသည်။

ဦးကေသရာအား ပြဒါးရှင်နှင့်ပတ်သက်၍ မြိမ်းခြောက်မေးမြန်းရန် တာစူထားသည်။

သို့သော် သူခိုးဖမ်းစက်ကြောင့် ကိုမှိုင်းပြန်ထွက်ပြေးရသည်။ ဘန်ဒွတ်က နောက်ထပ်အကြိဉာဏ်ထုတ်ဆဲတွင် ဦးကေသရာကွယ်လွန်သွားကြောင်း သိရသည်။

သူက သူ့နောက်သို့ မီးခိုးကြွက်လျှောက် ရဲကလိုက်မှာလည်း စိုးသည်။ ဒါကြောင့် ဗီဇာဆယ့်လေးရက်မပြည့်မီ အိန္ဒိယသို့ ပြန်သွားသည်။

သည်တစ်ခါတော့ သူက အိန္ဒိယမှမဝင်တော့။

ထိုင်းနိုင်ငံဘန်ကောက်သို့သွားသည်။ ကမ္ဘာလှည့်ခရီးသွားဟန်ဆောင်သည်။

ဘန်ကောက်ကမှတစ်ဆင့် မန္တလေးကမ္ဘာ့လေကြောင်းလေယာဉ်ကွင်းသို့ သွားသည်။ နိုင်ငံတကာလေဆိပ်သို့ သွား၍ ဘန်ဒွတ်၏ကြိုတင်အကြောင်းကြားချက်ဖြင့် ကိုမှိုင်းက သွားကြိုသည်။

လိပ်စာကို ကိုမှိုင်း၏လိပ်စာပေးခဲ့ပြီး ဘန်ဒွတ်ကို ရန်ကုန်သို့ ခေါ်ချလာ၏။ သူ့အတွက် နေရက်က ခုနစ်ရက်ပဲရှိ၏။

သည်ရောက်မှအကြောင်းတစ်ခုခုပြပြီး ရက်တိုးချဲ့ချင် ထပ်ချဲ့။

အရာရာကို ဘန်ဒွတ်နှင့်တိုင်ပင်ပြီးသော စုံစမ်းပြီးသော ကိုမှိုင်းက စနေထွန်းကိုလေ့လာပြီးပြီမို့ စနေထွန်းဟန်ဆောင်ကာ သူမ၏အိမ်မှ ဆွတ်ပျံ့ကိုလှည့်ထုတ်ကာ သည်နေရာရောက်အောင် ခေါ်ထုတ်လာခဲ့၏။



ခုတော့မှ သူတို့လက်ထဲ စနေထွန်းရော ဆွတ်ပျံ့ပါရောက်နေဆဲ။

သူတို့က စနေနှင့် ဆွတ်ပျံ့ထံမှ လမ်းပြမြေပုံတစ်ခုကို တောင်းခံ၏။ ထိုလမ်းပြမြေပုံက ပင်လယ်ထဲသွားသော လမ်းပြမြေပုံဖြစ်၏။

ထိုမြေပုံကို ဦးကေသရာဆွဲထားမှာသေချာသောကြောင့် ဒီမြေပုံကို ဘန်ဒွတ်က လိုချင်သည်။

ကုန်းမဟုတ်ဘဲ ပင်လယ်ခရီးမို့ မြေပုံအစား'ရေပုံ'လို့ပဲ ဆိုကြပါစို့။

ဒါကို စနေရော ဆွတ်ပျံ့ပါ ငြင်းဆိုကြသည်။ ဦးကေသရာသည် သူ့အကြောင်းသာ မသေမီပြောခဲ့၏။ ဘာတစ်ခုခုကိုမှ မပေးခဲ့ပါဟု စနေထွန်းကကော ဆွတ်ပျံ့ကပါ ငြင်းဆိုကြသည်။

ထို့အတွက် ဘန်ဒွတ်နှင့် ကိုမှိုင်းတိုင်ပင်ကာ စနေထွန်းကိုရော ဆွတ်ပျံ့ကိုပါ ပြန်မလွှတ်။

ကိုမှိုင်းက ဆွတ်ပျံ့ကို ကားနှင့်တစ်နေရာသို့ ခေါ်သွားသည်။ စနေထွန်း၏ ကားကို သဃ်န်းကျွန်းရှိ တစ်ခုသော ရပ်ကွက်မှ သီရိရတနာလမ်းထဲသွားကာ စနေထွန်း၏ကားကို သူ့ခြံဝမှာ သွားရပ်သည်။

ခြံထဲတွင် ခြံစောင့်တစ်ဦးနှင့် စနေထွန်းအစွက်

www.burmeseclassic.com

www.burmeseclassic.com



တောက်တိုမယ်ရလုပ်ပေးရသော နိုင်ဦးဆိုသော သူငယ်တစ်ယောက်ပဲရှိသည်။

ကားကိုထား၍ ကိုမှိုင်းပြန်ထွက်လာသည်။

အဲသည်အချိန်တွင် ကိုမှိုင်းသည် လမ်းထိပ်တွင် မင်းစိုးထိုက်နှင့် သွားတိုးသည်။

မင်းစိုးထိုက်က ကိုမှိုင်းကို မတွေ့။

ကိုမှိုင်းကသာ မင်းစိုးထိုက်ကို တွေ့လိုက်၏။

ကိုမှိုင်းက လျှင်လွန်းသည်။ မင်းစိုးထိုက်မှန်းသိသည်နှင့် နီးစပ်ရာခြံတစ်ခုထဲသို့ တိုးဝင်ပုန်းကွယ်နေလိုက်သည်။

မင်းစိုးထိုက်လွန်သွားမှာ ပုန်းကွယ်နေရာမှ ကိုမှိုင်းထွက်လာသည်။ ပြီးတော့ ခပ်သုတ်သုတ်ကလေး လမ်းထိပ်သို့ထွက်လာ၏။

ထိုမှ တောင်ဥက္ကလာပသို့ရောက်သော လမ်းမကြီးအတိုင်း ချိုးကွေ့ကာသွားသည်။

စနေက ခုနက လမ်းသို့မဟုတ် သူရောက်ခဲ့သော သီရိရတနာလမ်းထဲမှာနေရာ မင်းစိုးထိုက်လာတာ စနေနေသည့်အိမ်သို့လာတာဖြစ်မည်။

မင်းစိုးထိုက်နှင့် စနေ ဘယ်လိုအဆက်အသွယ်ရှိနေသည်ကိုစဉ်းစားနေသည်။

ပြီးတော့ သိုက်သိုက်ဆိုသည့် ကောင်မလေး။

သိုက်သိုက်ရဲ့အမည်ရင်းက သိုက်သရဖီဖြစ်သည်။

ရုပ်ရှင်နယ်ပယ်မှ လူတစ်ယောက်က မိမိနှင့် ရင်းနှီး



ပြီး ဗီဒီယိုကားတစ်ကား ရိုက်ကူးရေးစတူဒီယိုသို့ ခေါ်သွားရာမှ သိုက်သိုက်နှင့် ကိုမှိုင်းတွေ့ခဲ့၏။

ထိုစဉ်က သိုက်သရဖီမှာ အရန်မင်းသမီးတစ်လက်ပဲဖြစ်၏။ သိုက်သရဖီ၏အလှကို ကိုမှိုင်းမက်မောတွယ်တာမိ၏။

သိုက်သရဖီကလည်း ရုပ်ရှင်မင်းသမီးဆန်ဆန်လှပေသကိုး။

ပြီးတော့လည်း ကြွကြွရွရွရှိ၏။

အပြင်ပန်းအနေနှင့်ကြည့်လျှင် သည်ကောင်မလေး ခပ်နန့်နန့်ဟုပြောရမည့်အစားဖြစ်၏။

သူမကို ကိုမှိုင်းက ချိတ်သည်။

သိုက်သရဖီကလည်း ကိုမှိုင်းကို အကဲခတ်၏။

ငွေထွက်လွယ်မည့်လူတစ်ယောက်ဟု ထင်လိုက်မိ၏။

ကိုမှိုင်းက သိုက်သရဖီကို ကားပွဲစားပီပီ အထင်ကြီးအောင် လုပ်ပြ၏။ သူ့မိတ်ဆွေဆီမှ ပိုက်ဆံတွေချေးသည်။ သူ့ဖောက်(စ်)ဝက်ဂွန်ကားဟောင်းကလေးနှင့် သိုက်သရဖီကို လိုရာသို့ ခေါ်သွားပေး၏။ ကျွေး၏။ လိုတာဝယ်ပေးသည်။

ငွေစက္ကူတန်ခိုးပဲလေ။

ကောင်မလေး ဘာခံနိုင်မှာတဲ့လဲ။

မကြာမီ သူ့ရင်ခွင်ထဲကြွေကျလာ၏။ ဒါပေမဲ့ မချေရသေးပါ။

သည်မနက် ချေမယ်လုပ်ကာမှ စနေထွန်းနှင့်တူမ

www.burmeseclassic.com

www.burmeseclassic.com



၏အစ်ကို မင်းစိုးထိုက်တို့ မထင်မှတ်ဘဲရောက်လာကြသည်။

တစ်ခါတည်း ဖွပ်သွားတာ။

မဖွဒ်ပါဘူး

ဒါတွေကို ဓွေးရင်း သိုက်သိုက်ကိုတွေ့အောင်ရှာမည်ဟု ဆုံးဖြတ်၏။ သူကာ အိမ်ကိုပြန်သည်။

သူ့ကားကို ယူသည်။

သိုက်သိုက်ရှိမည့်နေရာတွေကို လိုက်ရှာသည်။

စနေမှာ အခန်းတစ်ခန်းထဲတွင် ထည့်လှောင်ထားခြင်းခံနေရ၏။ သူ့ရင်ထဲတွင် ဘန်ဒွတ်ဆိုသောကျွန်းသားကိုကော၊ မောင်မှိုင်းကိုပါ မကျေနပ်။ ဒေါသလည်း ဖြစ်နေသည်။

ဒေါသဖြစ်တာက သူ့ကိုမလွှတ်ပေးသည့်အတွက် ဒေါသဖြစ်တာ မဟုတ်။

ဆွတ်ပုံ့ကို လွှတ်မပေးခြင်းအတွက် ဒေါသဖြစ်နေမိ၏။

သည်နေရာမှ လွှတ်ဖို့ရန် ကြံဆောင်၏။

မလွယ်ကြောပါဘဲ။

နံရံတွေမှာ အုတ်နံရံတွေဖြစ်သည်။ ပစ္စည်းသိုလှောင်ခန်းဖြစ်ဟန်တူသည်။ အောက်ခင်းမှာ အင်္ဂတေခင်းဖြစ်သည်။

ပြတင်းပေါက်ရယ်လို့မထားပါ။

အားလုံး နံရံပိတ်တွေပါ။ အထက်မျက်နှာကြက်နားမှာ လေဝင်ပေါက်အဖြစ် လက်သီးဆုပ်နီးပါးခန့်ရှိသော အဝိုင်းပေါက်ကလေးတွေကို နံရံအထက်မှာ ဖောက်ထား၏။



နွေ၏ပူအိုက်မှုကြောင့် ချွေးဒီးဒီးတောင်ကျလာ၏။

ဝင်ပေါက်ထွက်ပေါက် တံခါးတစ်ချက်ကို အပြင်မှ သော့ခတ်ပိတ်ထားသည်။

ဒေါသနှင့်တံခါးရွက်ကို အတွင်းမှနေပြီး ခြေထောက်နှင့် ဆောင့်ဆောင့်ကန်သည်။

ဝုန်းခနဲ ဝုန်းခနဲသာမြည်သည်။ ဘယ်သူကမှ တံခါးလာမဖွင့်ပါ။ တံခါးကို ကန်လို့လည်း ဘယ်သူကမှလာရောက်ကြိမ်းမောင်းဆဲဆိုခြင်း မရှိ။

စိတ်မော လူမောဖြစ်သွားသည်။ ဒေါသပြေသလိုလိုဖြစ်သွားတော့သည်။

ဒါကြောင့် အထက်ဗလာကိုယ်ထိး။

အောက်ပိုင်းတွင် ဘောင်းဘီချွတ်ပြီး အောက်ခံဘောင်းဘီကလေးနှင့်ပဲ လဲလျောင်းနေမိ၏။

ပူအိုက်မှုဒဏ် သက်သာပါစေတော့လို့။

ခက်တာက သူ၏လှုပ်ရှားမှုတွေ၊ ချွေးသီးချွေးပေါက်ထွက်မှုတွေ၊ ပူအိုက်မှုတွေကြောင့် ရေငတ်လာခြင်းဖြစ်သည်။

အနီးအနားတွင်လည်း ရေအိုးမရှိဘဲ သံမံတလင်းပြောင်ချောကြီးရှိနေသည်။

"ရေသောက်ချင်တယ်ဗျို့ … ရေပေးပါ … "

သူက ကုန်းဗွပ်အော်သည်။ တံခါးလာဖွင့်ပြီး ရေပေးမည့်သူမရှိ။

နောက်တစ်ကြိမ် အော်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရေငတ်နေတယ်ဟေ့ ... ရေငတ်နေတယ်ကွ ... ရေပေးပါ ရေပေးပါ ... "

ပြောလည်းပြော တံခါးကို ထကန်ပစ်လိုက်သည်။

တအားပိတ်ကန်လိုက်တာကြောင့် ခြေထောက် နာသွားလေရဲ့။

သူ့ဒက်စက်တာ ရှူးဖိနပ်ကိုပါ ချွတ်ထားခဲ့တာကိုး။ ဒက်စက်တာရှူးဖိနပ်မှာ အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံမှ ထုတ်လုပ်၍ပေါ့ပါးသည်။ ဤဖိနပ်၏ထူးခြားချက်မှာ ပေါ့ပါးသလောက် ခိုင်ခန့်ပြီး ရိုက်လျှင် နှက်လျှင်သုံးလို့ပါသော ဖိနပ်ဖြစ်၏။

ဒါကြောင့် သူက ဖိနပ်ကိုကိုင်ပြီး တံခါးကိုထုနှက်သည်။

ဘာမှမထူးခြားပါ။

ဘယ်တစ်ကောင် တစ်မြီးမှလာပြီး ရေမပေး။ တံခါး လာမဖွင့်။

သေချင်းဆိုးမသာတွေ။

စိတ်ပျက်လက်ပျက်နှင့် ပြန်လဲလျောင်းနေလိုက်သည်။ သူ့စိတ်သည် ဆွတ်ပျံ့ဆီသို့ ရောက်သွားလိုက်၊ ဘန်ဒွတ်ဆိုသော လူအကြောင်းကို စဉ်းစားလိုက်၊ ဘန်ဒွတ်မှတစ်ဆင့် ကိုမှိုင်းဆီသို့ရောက်ကာ စဉ်းစားလိုက်၏။

သည်လူတွေသည် လူဆိုးတွေတော့ မဟုတ်ပါ။

သို့သော် တရားမဝင်သောအလုပ်တွေကို လုပ်ကိုင်ရင်း လူဆိုးသူဆိုးဖြစ်သွားနိုင်၏။



ဥပမာ ... မိမိနှင့် ဆွတ်ပျံ့ကို ဖမ်းဆီးထားမှု။

လူတစ်ယောက်ကို ချုပ်နှောင်ထားခြင်းသည် ရဲက လွဲလို့ ဘယ်သူမှ ချုပ်နှောင်ခြင်း၊ ဖမ်းဆီးခြင်းမလုပ်နိုင်ပါ။ မကျေနပ်လျှင် ရဲကိုတိုင်နိုင်၏။ ရဲမှတစ်ဆင့် တရားရုံးတွင် တရားစွဲဆိုနိုင်၏။

ခုပိုဆိုးတာက ဘန်ဒွတ်သည် နိုင်ငံခြားသား။

သူ့ကိုအားပေးကူညီနေသူ မြန်မာအမျိုးသားကိုမှိုင်း။

ဘန်ဒွတ်က ငွေကိုလိုသလို သုံးနိုင်အောင် ဘာတွေ လုပ်လို့ ဘယ်လောက်ချမ်းသာနေသလဲ။

သူ့အတွေးတွေက လည်နေသည်။

အချိန်သည် တစ်စတစ်စ ကုန်ဆုံးသွားသည်။

အုတ်ပေါက်ကလေးတွေမှဝင်လာသော အလင်းရောင်ကွယ်ပျောက်ပြီး အားလုံးမှောင်နှင့် မည်းမည်း။

အင်း ... ညရောက်ပြီပေါ့။

သူလည်း အိပ်ပျော်သွားသည်။

တံခါးဖွင့်သံလိုလိုကြားသည်။ အအိပ်ဆက်၍ နားပါးသော စနေထွန်းမှာ လန့်နိုးသွားသည်။

မှောင်ထဲတွင် ကြိတ်ဖွင့်သောတံခါးရွက်သံနှင့် ဖြည်းညင်းစွာ ကျွိခနဲမြည်သွားသောအသံက ခိုးကြောင်ခိုးဝှက်အသံမှန်းသိသာလှ၏။

ချက်ချင်းပင် အလင်းရောင်တစ်ခုက အမှောင်ကို ဖောက်ထွင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးရောင်ပါလား။

လက်နှိပ်ဓာတ်မီးရောင်က စနေတွန်း၏မျက်လုံးတွေအပေါ် စိုးမိုးကျရောက်လာ၏။

"ဘယ်သူလဲ ... "

လက်နှိပ်ဓာတ်မီးရောင်ကို လက်နှင့်ကာလိုက်၍ စနေက မေးလိုက်သည်။

"ဂျူး ... တိုးတိုး ... "

ဝင်လာသူက ပြော၍လေသံနှင့် တစ်ဆက်တည်းပဲ

"ကျွန်မ ရှင့်ကိုလာကယ်တာ ... "

"မင်း ဘယ်သူလဲ ... "

"အပြင်ရောက်မှပြော ... "

ပြောပြီး ခပ်အုပ်အုပ်ရယ်သံနှင့် ...

"ရှင့်တစ်ကိုယ်လုံးလည်း ပရိုင်းမိတ်ခေတ်က လူသားဖြစ်နေပါရောလား ... အဝတ်အစားလေးများ ဝတ်လိုက်ပါဦး ... ခစ် ... ခစ် ... "

နောက်ဆုံး ရယ်သံကလေး။

လက်နှိပ်ဓာတ်မီးကို ပြန်ပိတ်လိုက်၏။

"ပူအိုက်လွန်းလို့ ပရိုင်းမိတ်လူသားလုပ်လိုက်ရတယ် ... မရှေ့ချောရယ် ... ရာသီဥတုက သိပ်နှိပ်စက်တာ ... "

မှောင်ထဲမှာပဲ အဝတ်အစားတွေကိုဟိုစမ်းသည်စမ်းလုပ်ပြီး ဆွဲယူဝတ်ရသည်။

"မြန်မြန်လုပ် ... "



"ကျုပ်မျက်စိက နတ်မျက်စိမဟုတ်တော့ အမှောင်ထဲမှာ ဘာမှမမြင်ရဘူး ... မီးလေး ဘာလေးထိုးပါလား ... "

"အိမ်ထဲက မီးရောင်မြင်ရင် မလွယ်ဘူး ... "

ထိုးမပေးပါ။

အမှောင်ထဲမှာပဲ ထွက်လာကြသည်။ မိန်းမပျို၏ ကိုယ်မှသင်းပျံ့သော ကိုယ်နံ့မွှေးမွှေးလေးနှင့် တစ်ခါတစ်ရံ ဆံနွယ်တွေဆီမှ လာသော ဆံနွယ်လိမ်းဆီနံ့ မွှေးမွှေးကလေးကို ရသည်။

မှောင်ထဲတွင် မမြင်ရသော်လည်း တစ်ခါတစ်ရံကိုယ်ချင်းကပ်သွားလိုက် ခွာသွားလိုက်။

အပြင်ခန်းမှ ရယ်သံမောသံတွေနှင့် မီးအလင်းရောင်သဲ့သဲ့ကလေးတွေက အတွင်းဘက်ကို ကျူးကျော်လာသည်။

အမှောင်မှ ဝိုးတဝါးအလင်းရောင်နှင့် မပီမပြင်သော မြင်ကွင်းကို မြင်လာရသည်။

"လာ ... "

မိန်းမပျိုက စနေ၏လက်ကို ဆွဲကိုင်ကာ တစ်ဖက်သို့ခေါ်သွား၏။ ဩော် ... ပိုမှောင်သွားပြန်ပါပြီ။

မိန်းမပျို၏လက်ထဲမှ လက်နှိပ်ဓာတ်မီးရောင်က ဖွေဝဲသွားသည်။

စနေသိလိုက်သည်။

သူမီးရောင်ကြောင့် မြင်လိုက်ရတာက မီးဖိုခန်းပဲဖြစ်၏။ ချက်ချင်းပင် လေအေးလေး၏ ဆီးကြိုနှုတ်ဆက်ခြင်းကို ခံလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လက်နှိပ်ဓာတ်မီးကိုပိတ်ပြီးမိန်းမပျိုကပြတင်းတံခါးကို ဖွင့်လိုက်သောကြောင့်ဖြစ်သည်။

အပြင်တွင် ကောင်းကင်မှကြယ်ရောင်လက်လက်ကလေးများနှင့် သစ်ပင်ရိပ်မည်းမည်းတို့ကို တွေ့နေရ၏။

"ကိုယ့်ကိုကယ်တဲ့ ကိုယ့်ကျေးဇူးရှင်ကို သိချင်တယ် ... မင်းဘယ်သူလဲ ... "

"ဘာလို့သိချင်တာလဲ ... "

"ကိုယ့်ကျေးဇူးရှင်မို့လို့ပေါ့ ... "

"မှောင်ထဲက မေလို့ မှတ်ထားလိုက်ပါ ... "

"မှောင်ထဲကမေ ... ဟာ ... တယ်လှပါလား ... "

"ကဲ ... သွားတော့နော် ... "

မိန်းကလေးအသံမှာ နူးညံ့သည်။ စနေထွန်းစိတ်ထဲတွင် ထိုအသံကလေးမှာ ဆွဲဆောင်မှုရှိသည်ဟု ထင်ရသည်။

စနေက ပြတင်းပေါက်ကို မှောင်ထဲတွင် ကျော်ဆင်းသည်။ ပြတင်းပေါက်အောက်ဘောင်သည် သူ့ရင်စို့လောက်ပဲရှိမည်။ စနေက ရေးတေးတေးမြင်နေရသော မျက်နှာကလေးကို စမ်းလိုက်၏။

သူ့လက်ဖဝါးများထဲတွင် ပါးနုစ်လွှာမှာ နူးနူးညံ့ညံ့ အိအိစက်စက်ရှိလှ၏။

"သွားတော့မယ်နော် ... မှောင်ထဲကမေ ... "

"သွားပါတော့ မှောင်ထဲက မောင်ရယ် ... "

သည်ပါးပြင်ကလေးတွေကို တခြားလူဆို နမ်း



ကောင်းနမ်းမည်။ စနေလည်း နမ်းတောင် သူမ ဘာမှပြောမည်မဟုတ်ပါ။ သို့သော် စနေက ကျေးဇူးရှင်ကို မပြစ်မှားတတ်ပါ။

"ကိုယ့်တစ်သက် ကျေးဇူးမမေ့ပါဘူး ... ကျေးဇူးရှင်မလေးရယ် ... "

အချိုသာဆုံး စကားကိုပြောမိသည်။

"သွားနော် ... "

သူမဆီမှ တီးတိုးသံကလေး။

ထိုသည်နောက် ပြတင်းပေါက်တံခါးက ပြန်ပိတ်သွားသည်။

စနေသည် ကြယ်ရောင်ကလေးတွေကို မော်ကြည့်လိုက်သည်။ ထိုမှစတင်ပြီး ခပ်သုတ်သုတ်ထွက်လာ၏။

အိမ်မှာ ခြံစည်းရိုးခတ်ထား၏။ သူထွက်ပြေးလာတာက အိမ်နောက်ဘက်ဖြစ်သော်လည်း ထိုအိမ်နောက်ဘက်၏ အတိုင်းအတာ အကွာအဝေးကို သူမသိပါ။

အိမ်နောက်ဘက်တွင် သူ့ကိုအန္တရာယ်ပြုနိုင်သော အန္တရာယ်အပိုင်းအစတွေ ရှိကောင်းရှိနိုင်မည်။

ဒါကြောင့် သူက မည်းမည်းကြီးတည်နေသော အိမ်ကြီးကို ပတ်ကာထွက်လာသည်။

အိမ်ရှေ့ဘက်ရောက်တော့ အိမ်ရှေ့ခန်းတွင် လျှပ်စစ်မီးများ လင်းနေသည်။

အိမ်ရှေ့ခန်းမှ မီးအလင်းရောင်တွေကပြတင်းပေါက်မှလည်းကောင်း၊ အိမ်အကြိုအကြားမှလည်းကောင်း ပြင်ပသို့ကျ

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေ၏။

မီးရောင်မြင်တော့ သူပိုသတိထားသည်။

အဲသည်လို သတိထားကာမှ ပြဿနာဝင်လာသည်။ မှောင်ထဲမှာ ဝပ်လျှောင်းနေသော ခွေးတစ်ကောင်ကို စနေထွန်း မမြင်လိုက်မိ။

"ဝုတ် ... ဝုတ် ... ဝုတ် ... "

ခွေးက မည်းမည်းမြင်လို့ ဟောင်တာထက် လူစိမ်း အနံ့၊ လူစိမ်းကိုမြင်လို့ ဟောင်တာဖြစ်မည်။

စနေမှာ ခွေးကိုအသံပေးပြီး မတားမြစ်နိုင်။

ပိတ်ကန်ရအောင်လည်း ခွေးက အလှမ်းဝေးနေ သည်။

"ဝုတ် ... ဝုတ် ... "

"ဝုတ် ... ဝုတ် ... ဝုတ် ... ဝုတ် ... "

ခွေးဟောင်သံ ညံသွားသည်။ အိမ်ရှေ့ခန်းဘက်ဆီ မှ လူတချို့၏ စကားပြောသံများ ထွက်လာသည်။ ဝုန်းဝုန်းဒိုင်းဒိုင်း အသံတွေလည်း ကြားရသည်။

ဟော ... လူတွေ သိကုန်ပြီ။

စနေထွန်း ခြေထောက်တွေက စက်ခလုတ်မပါပါ။ ဒါပေမဲ့ စက်ခလုတ်တပ်ထားသလို ခြေကုန်သုတ်တာ မြန်လှ၏။

"ဝုတ် ... ဝုတ် ... ဝုတ် ... ဂ ... "

သူ့ရှေ့မှာ အသံတစ်ခု။ စိမ်းနေသော မျက်လုံးတစ် စုံ။



နောက်ထပ် ခွေးတစ်မကောင်က သူ့ကိုဆီးကြိုလင့် သည်။

စနေထွန်း သည်းမခံနိုင်တော့ပါ။

ဖိနပ်မစီးဘဲလာသော ခြေထောက်တွေကို လေထဲ လွှားခနဲခုန်လိုက်၏။ ဖိနပ်တွေက သူ့လည်ပင်းတွင် ကြိုးနှင့် သိုင်း လွယ်လာတာမို့ စီးချိန်မရခဲ့ပါ။

သူ့ညာခြေထောက်က ခွေး၏အောက်မေးဖျားကို အရှိန်နှင့် ပင့်ခတ်ပြီးသား။

"ဂိန် ... ကိန် ... ကိန် ... "

ခွေးလေ့ခွေးလွင့် သေနာကောင်မှာ နာကျင်မှု ကြောင့် အော်ဟစ်ပြီး ပြေးတော့၏။

အိမ်ထဲမှ လူသုံးလေးယောက် ထွက်လာကြသည်။

သူတို့သည် မှုးနေကြပုံပေါ်ကာ ကိုယ်တွေက ယိုင် တိယိုင်ထိုးဖြစ်နေသည်။

"လက်နှိပ်ဓာတ်မီးထိုးစမ်း ... ထိုးစမ်း ... "

တစ်ယောက်က အော်သည်။ လက်နှိပ်ဓာတ်မီးရှိ သော လူက ဖမ်းထိုးသည်။

ထွက်ပြေးနေသော စနေ၏ကိုယ်ပေါ်ကို တိုက်ရိုက် ကျသွားသည်။

"ဟာ ... ဟိုကောင်ထွက်ပြေးပြီ ... "

"ဘာကြည့်နေတာလဲ ... လိုက်ကြလေကွာ ... "

တစ်ယောက်တစ်ပေါက်ပြောကာ စနေထွန်းနောက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ပြေးလိုက်ကြသည်။

သည်စဉ် မှောင်ထဲမှာပင် ရှေ့မှလူတစ်ယောက်ပြေးထွက်လာသည်။ သူ့လက်ထဲမှာ တုတ်တစ်ချောင်းကိုင်လို့။

"ဖမ်းလိုက်စမ်းဟေ့ ... "

လက်နှိပ်ဓာတ်မီးကိုင်ထားသူက အော်သည်။

"ဖမ်း ... ဖမ်း ... ထွန်းမောင် ... ဒီကောင့်ကို မိအောင်ဖမ်းကွာ ... "

ကျန်တစ်ယောက်က မူးမူးနှင့် အော်ပြော၏။

စနေကို မလွှတ်တမ်း လက်နှိပ်ဓာတ်မီးနှင့် ဖမ်းထိုးပေးထားသည်။

◈⊙◈



ဇာတ်လမ်းစဉ်(၈)

မီးရောင်က ရှေ့ကလူကိုပါ ဟပ်နေသည်။

ရှေ့လူသည် ခြုံပေါက်ကို စောင့်သောလူဖြစ်သည်။

သူကပဲ စနေထွန်းခေါင်းကို လွှဲရိုက်လိုက်သည်။ အရှိန်နှင့် ပြေးလာသော စနေထွန်းသည် ပြေးရင်း အဲဒီလူကို ဖြစ်လိုရာဖြစ်စေတော့ဟူသော သဘောနှင့် ခုန်ကန်ပစ်လိုက်သည်။

တစ်ပြိုင်တည်းလိုလို တိုက်ခိုက်မှုဖြစ်သွား၏။

စနေထွန်းဝင်လိုက်စဉ်မှာပင် တစ်ဖက်လူကလည်း ရိုက်ပြီးသားဖြစ်သွားသည်။

ရိုက်ချက်က လွဲသွား၏။

စနေထွန်းခေါင်းပေါ်က ကျော်ဖြတ်သွားစဉ် စနေထွန်း၏ လေထဲမှာဆောင့်ကန်လိုက်သောခြေက ဒီလူ၏ကိုယ်အထက် ပိုင်းကို ဗုန်းခနဲကန်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်လူဘယ်လိုဖြစ်ကျန်ရစ်ခဲ့သည်ကို စနေထွန်း မသိပါ။ ရှေ့ကိုပဲ စွတ်ပြေးသည်။

"ဟော့ကောင်တွေ ပြန်လာ ... ပြန်လာ ... "

လူတစ်ယောက်၏အိမ်ထဲမှ အော်ခေါ်လိုက်သံ။ ထိုခေါ်သူ၏အသံမှာ ကိုမှိုင်း၏အသံပဲဖြစ်၏။

ကြားသူတွေက နေခဲ့ပြီး မကြားသူက ဆက်လက်လိုက်လာသည်။ အဲသည်လူက လက်နှိပ်ဓာတ်မီးကိုင်ထားသူပဲဖြစ်၏။

စနေက အားစိုက်ပြေးသည်။

ခြံပြင်ဘက်ရောက်လာသည်။ လူတစ်ယောက်က မှောင်ထဲမှနေပြီး သူ့လက်ကို ဖမ်းဆွဲလိုက်သည်။

စနေထွန်း မြန်လှ၏။

သူ့ဘယ်လက်သီးကို ဆွဲသူ၏ မျက်နှာထဲသို့ ညာလက်သီးတစ်လုံး ထည့်ပေးလိုက်သည်။

သည်လက်သီးမျိုးကို တစ်ဖက်လူကလည်း ကြိုတင်မျှော်လင့်ထားဟန်တူသည်။

ဆတ်ခနဲ ငုံ့ပေးလိုက်၏။ လက်သီးက လေထဲဖြတ်ထွက်သွားသည်။

"ကိုစနေထွန်း ... ကိုစနေထွန်း ... ကျွန်တော်ပါ ... မင်းစိုးထိုက် ... မင်းစိုးထိုက် ... "

မမျှော်လင့်သော မင်းစိုးထိုက်၏အသံကိုကြားရသည်။



"ဟာ ... ကိုမင်းစိုးထိုက် ... ခင်ဗျား ... "

"ဟော့ ... မပြေးနဲ့ ... "

အော်သံနှင့်အတူ လက်နှိပ်ဓာတ်မီးရောင်က ဖျတ်ခနဲသူတို့ဘက်သို့ ခြံအတွင်းမှနေပြီး ကျလာသည်။

မင်းစိုးထိုက်က လျင်သည်။

လက်နှိပ်ဓာတ်မီးရောင်က သူ့ဆီမလာမီ သူက ခြံနံဘေးပေါက်နားတွင် ပြေးကပ်လိုက်သည်။

လက်နှိပ်ဓာတ်မီးရောင်က စနေထွန်းပေါ်တည့်တည့်မတ်မတ်ထိုးမိလာသည်။

"မင်း မပြေးနဲ့ ... "

ပြေးလာသူက မောမောသောသောပြော၏။

ပြေးလာသူလက်ထဲတွင် သေနတ်ပါကောင်းပါလာပိမ့်မည်။

"မင်းပြေးလို့ လွတ်မယ်ထင်သလား စနေထွန်းရာ ... မင်းကို ... "

သူက လက်နှိပ်ဓာတ်မီးနှင့် ထိုးထားပြီး ကြိမ်းဝါးစကားတွေကို ဆုံးအောင်တောင် မပြောလိုက်ရပါ။

နောက်ဘက်မှ အလစ်ဝင်ရောက်ပြီး မင်းစိုးထိုက်၏ ပိမ်းကြိုးဖက်ထားမှုကို ခံလိုက်ရ၏။

သူက ရုန်းကန်လှုပ်ရှားခြင်းမပြုနိုင်မီ စနေထွန်း၏ ညာလက်သီးက ယင်းလူ၏ ပါးရိုးစောင်းပေါ်သို့ ဝိုက်လက်သီးတစ်ချက်ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အရိုးမာနှစ်ခု ထိခိုက်သံ ခွပ်ခနဲပေါ်လာ၏။

ပေါ်လာသောအသံနှင့် မရှေးမနှောင်းမှာ ...

"အင့် ... "

ဘယ်လက်သီးက ယင်းလူ၏အရှိက်ထဲကို ထော
လက်သီးသုံးပြီးသွားသည်။

"အွတ် ... "

နောက်ထပ်ညာလက်သီးတစ်လုံးက ရင်ဝထဲ ထပ်
ဝင်သွား၏။

အသံက ခပ်အင့်အင့်ထွက်လာစဉ် စနေ၏ညာလ
သီးဆုပ်က ရန်သူ၏ ခေါင်းထက်ကို ထုနှက်ပြီးသားပါ။

မင်းစိုးထိုက်က လွှတ်လိုက်တော့ ခွေကျသွားသည်။
ညည်းသံတောင် ထွက်မလာ။

မီးပွင့်နေသော လက်နှိပ်ဓာတ်မီးကို စနေက
သွက်သွက်ကောက်ယူပြီးချိန်တွင် မင်းစိုးထိုက်က ထိုလူကို ငုံ့ကြ
သည်။

"သေတော့မသေနိုင်ပါဘူးနော် ... "

"ဘယ်သေမလဲ ... မေ့နေမှာပါ ... ကျွန်တော့်လက်ရာ
ကျွန်တော်နားလည်ပါတယ် ... ကိုမင်းစိုးထိုက်... လ
သွားမယ် ... "

လက်နှိပ်ဓာတ်မီးကို မဖွင့်တော့ပါ။

မီးရောင်ကြောင့် နောက်ရန်သူက မြင်မှာလည်း
သည်။ လက်နှိပ်ဓာတ်မီးကို လိုရမယ်ရကိုင်ပြီးတော့ စနေက



သော့သော့လေး ပြေးသွား၏။

တစ်နေရာရောက်မှ နောက်ကိုလှမ်းအကဲခတ်သည်။

မင်းစိုးထိုက်က သူနှင့်တစ်ပါတည်း ပါလာခဲ့ပြီးဖြစ်သည်။ တစ်ရွာလုံးမှာ ငြိမ်ငြိမ်သက်သက်ရှိသော်လည်း အသံတွေက တော့ မငြိမ်သက်ပါ။ ရေဒီယိုသံ၊ ရုပ်မြင်သံကြားစက်သံ၊ ရုံသွင်းပြီးပြနေသော ဗီဒီယိုသံတွေက သူတို့ဘက်ကို တစ်ချက်တစ်ချက် လေနှင့်လွင့်လာသည်။

သည်ဘက်မှာဖြစ်ပျက်နေသောအဖြစ်တွေကို ရွာမှ သိကြဟန်မတူပါ။

ရွာမှတာပေါင်လမ်းကလေးအတိုင်း လျှောက်လာစဉ် မြွေပါးကင်းပါးပိုးမွှားများမထိ မငြိရလေအောင် စနေထွန်းမီးထိုးသည်။

နောက်မှရန်သူတွေ လိုက်မလာပုံထောက်တော့ ဆူညံညံဖြစ်လျှင် ရွာမှလူတွေသိကုန်မှာစိုးလို့ ဖြစ်ချင်ဖြစ်မည်။ ဒါမှမဟုတ် မိမိတို့ကို အန္တရာယ်မပေးချင်တာလည်း ဖြစ်ချင်ဖြစ်မည်။

ကားလမ်းသို့ရောက်လာသည့်တိုင်အောင် သူတို့ လိုက်မလာပါ။

နွှေ၏လေက ညဥ့်ဘက်တွင် အေးပါသည်။

စနေထွန်းက လေကိုရှူလိုက်ပြီးမှ ...

"ခင်ဗျား ဘယ်လိုရောက်လာတာလဲ ... ကိုမင်းစိုးထိုက်"

"ခင်ဗျားကို ကယ်ရအောင် ... "

"ဘယ်လို ... "

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ကယ်ဖို့ပေါ့ ... "

"ခင်ဗျား ကျွန်တော်အဖမ်းခံနေရမှန်း ဘယ်လိုသိသလဲ"

"မင်းစိုးထိုက်မှာ နားတွေမျက်စိတွေသေမနေပါဘူးဗျာ..."

မင်းစိုးထိုက်က ခပ်ခန့်ခန့်ပြော၍ တစ်ဆက်တည်း ဆက်ပြော၏။

"ဒါတွေ နောက်မှပြောတာပေါ့ ... ရန်ကုန်ထဲရောက်ဖို့ အရေးကြီးတယ် ကိုစနေထွန်း ... "

"ဒီအချိန်မှာတော့ ကားအသွားအလာမရှိတော့ပါဘူး ... လှည်းကူးအထိ ခြေကျင်လျှောက် ... ခြေကျင်ပဲ ... "

"မပူပါနဲ့ ... ကျွန်တော့်မှာ မော်တော်ဆိုင်ကယ်ပါလာပါတယ် ... "

မင်းစိုးထိုက်စကားကြောင့် ငတိကို ဖက်နမ်းချင်လောက်အောင် စနေဝမ်းသာသွားသည်။

"ကျွန်တော့်ကားလည်း ဒီကောင်တွေ ဘယ်သွားထားလဲ မသိဘူး ... ရဲတိုင်မယ်ဗျာ ... "

"ခင်ဗျားကားရှိပါတယ်ဗျ ... ခင်ဗျားအိမ်ရှေ့မှာ ဒီညနေ ကျွန်တော်တွေ့ခဲ့တာပဲ ... "

"ဟုတ်လား ... "

သူက မယုံသလို တအံ့တဩမေးသည်။

မော်တော်ဆိုင်ကယ်မှာ သစ်ပင်အောက်တစ်နေရာတွင် ရပ်ထားသည်။

ပါလာသော လက်နှိပ်ဓာတ်မီးနှင့်ပဲ စနေက သူ၏



လက်ပတ်နာရီကို ထိုးကြည့်သည်။

ဆယ်နာရီခွဲပါပကောလား။

အဲသည်ညတွင် မင်းစိုးထိုက်ကျေးဇူးကြောင့် ရန်ကုန်ရှိ သူ့အိမ်သို့ပြန်လာ၏။

"အိမ်ထဲဝင်ဦးဗျာ ... စကားလေး ဘာလေးပြောရအောင်"

"သွားမယ်ဗျာ ... မေမေမျှော်နေတော့မယ် ... "

မင်းစိုးထိုက်က သူ၏အမေကို အကြောင်းပြတော့ စနေက မင်းစိုးထိုက်အား သိုက်သရဖီအကြောင်း မေးမည်ပြု၏။

နောက်မှ အို ... သူတို့မောင်နှမရန်ဖြစ်တဲ့ကိစ္စပဲ ငါနဲ့ ဘာဆိုင်သလဲဟူသော အတွေးနှင့် မမေးဘဲ ကိုမင်းစိုးထိုက်အား သူ့အားလာကယ်သည့်အတွက် ကျေးဇူးတင်ကြောင်းပြောသည်။

မင်းစိုးထိုက်အား မနက်ဖြန်တွေ့မည့်အကြောင်း ပြောလျှင် မင်းစိုးထိုက်က ယခုကိစ္စ ရဲကိုမတိုင်လိုက်ပါနှင့်ဦး ရဲကို တိုင်လျှင် ဆွတ်ပျံ့ကေသရာတစ်ယောက် ဘာမှန်းမသိရဘဲ လူတစ်စုက သတ်ပစ်မည်ထင်ကြောင်း ပြောသည်။

လမ်းတွင် မင်းစိုးထိုက်အား စနေက သူနှင့်ဆွတ်ပျံ့ ဖမ်းဆီးမိခဲ့ရကြောင်း၊ ဖမ်းသူမှာ နိုင်ငံခြားသားတစ်ဦးဖြစ်၍ မောင်မှိုင်းက ကူညီခဲ့ကြောင်းပြော၏။

မောင်မှိုင်းဆီသို့ သူတို့ဝင်ခဲ့ကြသေးသည်။

ဒါပေမဲ့ မောင်မှိုင်း၏အပေါ်ဆုံးထပ်မှာတော့ တံခါးသော့ပိတ်ထားသည်။ မောင်မှိုင်းသည် စနေထွန်းအား ဖမ်းဆီးချုပ်နှောင်ထားသည့်နေရာတွင်ရှိနေမည်မှာ သေချာသည်ဟုနှစ်ပေအောက်

www.burmeseclassic.com

www.burmeseclassic.com



လုံးတူညီစွာ တွက်ဆကြသည်။

မင်းစိုးထိုက်က သူ့အိမ်တွင်စောင့်နေမည့်အကြောင်း ပြောပြီး ပြန်ထွက်သွားသည်။

စနေက မင်းစိုးထိုက်သွားရာကို လှမ်းကြည့်၍ ခြံစောင့်ကိုထင်ပေါ်ကို လှမ်းခေါ်သည်။

ကိုထင်ပေါ်မှာ အသက်လေးဆယ်ခန့်ရှိကာ ခြံထဲတွင် သူ့အိမ်ထောင်စုနှင့် သူနေထိုင်သည်။ သားသမီးမရှိဘဲ လင်မယားနှစ်ယောက်နေသည်။

ထိုထင်ပေါ်၏ယောက်ဖမှာ စနေနှင့်အတူနေကာ ဆေးပေးမီးယူလုပ်ကာ ထမင်းဟင်းချက်ကျွေးရသည်။ ထိုထင်ပေါ်၏ မိန်းမက တစ်ခါတစ်ရံ ချက်ကျွေး၏။

သူတို့လင်မယားကို တစ်လသုံးသောင်း။

ကိုထင်ပေါ့်ယောက်ဖ အေးကျော်ကို တစ်လတစ်သောင်းခွဲပေးထား၏။

သူ၏တံခါးဘဲ(လ်)ကို တီးလိုက်သည်။

မဟာသိပ္ပံဘွဲ့ရထားသူကသူ့အိမ်တွင်အီလက်ထရွန်းနစ်ပစ္စည်းတွေကို တပ်မထားဘဲ ဘာဘွဲ့မှမရခဲ့သော ဦးကေသရာက သူ၏အိမ်မှာ အီလက်ထရွန်းနစ်ပစ္စည်းတွေ တပ်ဆင်ထားခဲ့တာကပဲ သူတို့နှစ်ယောက်၏ ထူးခြားမှုဟု ဆိုရချိမ့်မည်။

ခြံစောင့်ကိုထင်ပေါ်က တံခါးလာဖွင့်ပေးသည်။

"ကိုစနေထွန်းရယ် ... ခုမှပေါ်လာတယ် ... တို့များ စိတ်ပူလိုက်ရတာကွာ ... ဘယ်သွားနေသလဲ ... ကားကြီးကို



လည်း ခြံရှေ့မှာ လာထားသွားတယ် ... ဟိုအိမ်ဖုန်းဆက် ဒီအိမ်ဖုန်းဆက်ကြည့်တော့လည်း မောင်ရင်မလာတဲ့ အကြောင်းပြောတယ် ... ဆွတ်ပျံ့ကေသရာတို့အိမ်ကိုဆက်တော့လည်း ဆွတ်ပျံ့ကေသရာမရှိဘူးတဲ့...မောင်ရင်လည်း မလာဘူးတဲ့ ... ဘယ်သွားနေတာလဲ ... "

ဝမ်းသာအားရနှင့် ကိုထင်ပေါ်က ပြောသည်။ စနေက သင့်တော်သလိုပြန်ပြောပြီး အိမ်ထဲဝင်လာ၏။ အေးကျော်ကလည်း မအိပ်ဘဲစောင့်နေသည်။

"အစ်ကိုရယ် စိတ်ပူလိုက်ရတာ ... ကားကြီးလာထားပြီး ဘယ်သွားနေတာလဲ ... ကားကို ကျွန်တော်ပဲမောင်းပြီး ဂိုထောင်ထဲ ပို့ထားတာ ... "

"ကွာ ... နိုင်ငံခြားဧည့်သည်တွေလာနေလို့ မမျှော်လင့်ဘဲ ကြန့်ကြာသွားတာပါ ... ဘယ်သူတွေလာကြသေးလဲ... "

"လူတစ်ယောက်ပဲလာတယ် ... "

"ဘယ်သူလဲ ... "

"ကိုမင်းစိုးထိုက်တဲ့ ... ညနေသုံးနာရီလောက်က လာသွားတာ ... ဘာကိစ္စလည်းဆိုတော့ ပြောမသွားဘူး ... "

"အေး ... ငါနဲ့တွေ့ပြီးပါပြီကွာ ... "

သူက သတိရသဖြင့် ဂိုထောင်သို့ဆင်းသောဘော ပါက်ကိုဖွင့်ပြီး ဘေးဆွယ်တွင်ဆက်ထားသော ဂိုထောင်ထဲကို ဝင်းသည်။

"မီးဖွင့်လိုက်ဟေ့ ... "

www.burmeseclassic.com

www.burmeseclassic.com



သူ့အမိန့်အတိုင်း အေးကျော်က မီးဖွင့်ပေးရာ ဂို ဒေါင်တစ်ခုလုံးလင်းထင်းသွားသည်။

သူ့ကားဒက်(ရှ်)ဘုတ်ထဲတွင်ထည့်ထားသော ဆယ် လူလာကို ရှာသည်။ တွေ့၏။ ကျေနပ်သွား၏။

ကိုမိုးသည် စည်းမဲ့ကမ်းမဲ့ အောက်တန်းစားလူဆိုး လူမိုက်မဟုတ်မှန်း သိသာထင်ရှားသည်။

ဆယ်လူလာကို နှိပ်ကာ ဆွတ်ပျံ့၏အိမ်ဖုန်းကို ခေါ် သည်။ ချက်ချင်းပင် အသံကလေးတစ်သံဝင်လာသည်။

"မမလား ... ဟင် ... မမလား ... "

မေးလိုက်သူမှာ အိမ်ဖော်မလေးအေးသက်ဆွေ၏ အသံပင်

"မမလေးမဟုတ်ဘူးဟ ... ငါပါ ... စနေထွန်း ... "

"ဟယ် ... အစ်ကို ... အစ်ကိုဘယ်ပျောက်နေသလဲ ... အစ်ကို့ဆီ ဖုန်းခေါ်တာလည်း မရဘူး ... အစ်ကိုလုပ်ပါဦး မမ မနက်က ထွက်သွားပြီးကတည်းက ပြန်မလာဘူး ... ဖုန်းလည်း မလာဘူး ... ဟင့် ... "

ဟောဗျာ ... ကောင်မလေး ငိုနေပါရောလား။

"ဟဲ့ ... ငိုမနေနဲ့လေ ... ပြန်လာမှာပေါ့ဟ ... "

"မမ ဘယ်သွားမှန်းမသိဘူး ... အဟင့်ဟင့် ... "

"ဟယ် ... နင့်အစ်မက အလုပ်များတယ်လေ ... ငါလိုက်ရှာ ပေးပါ့မယ် ... "

အကြောင်းမှန်သာသိလျှင် သည်ကလေးမလေး



တွေ တစ်ခုခုပေါက်ကွဲတော့မည်။ သူတို့နှင့် ဆွတ်ပျံ့ဆိုတာ အိမ်ရှင် နှင့် အိမ်ဖော်ဖြစ်ပေမဲ့ ညီအစ်မတွေလိုနေကြသည်။

ဆွတ်ပျံ့ကို သံယောဇဉ်ရှိ၏။

"ရဲကိုတိုင်ရင် ကောင်းမလား ... အစ်ကိုပဲ မနက်ကခေါ် တယ်ဆို ... "

"ငါမခေါ်ပါဘူးဟာ ... နင့်အစ်မ နားကြားလွဲပြီးပြောတာ ဖြစ်လိမ့်မယ် ... သူပြန်လာမှာပါ ... ရဲကိုလည်း မတိုင်နဲ့ဦး အားလုံး ငါကြည့်လုပ်ပေးမယ် ... ဟုတ်ပလား ... "

"ဟုတ်ကဲ့ ... "

"နင်တို့အိပ်တော့ ... သတိဝီရိယထားအိပ် ... ကြမ်းပိုးအော် လို့ လူမနိုး ခြင်ငိုလို့ လူမနိုး နင်ငိုလို့ တိုက်ကြီးကျိုးဖြစ် နေဦးမယ် ... "

"အစ်ကိုကလည်း ... "

တစ်ဖက်က ပြောစဉ် စနေက ဖုန်းကိုချသည်။ ဖုန်း ပိတ်ပြီး အိပ်ခန်းထဲတွင် အဲယားကွန်းဖွင့်ခိုင်းထားသည်။

သူက ရေချိုးသည်။ ရေမချိုးခင် ရေကို အဝသောက် သည်။ ချုပ်ခံထားရသော ဟိုရွာမှာတုန်းက ရေသိပ်ငတ်ပြီး ကြာ တော့ ရေငတ်တာ ဆာတာပျောက်သွားရဲ့။

ခုမှပဲ သတိရကာ ရေခဲသေတ္တာဖရိ(စ်)(Fridge)ထဲမှ ရေကိုအားပါးတရ သောက်ရ၏။

နုံးနေသော ကိုယ်မှာလန်းသွားသည်။

အားပါးတရ ရေချိုးပစ်လိုက်၏။ မိမိအား ရေငတ်

www.burmeseclassic.com

www.burmeseclassic.com



အစာငတ်ထား၍ စိတ်ဓာတ်ကျအောင် ဘန်ဒွတ်နှင့် မောင်မှိုင်းဝိုင်းနှိပ်စက်ကျဟန်တူသည်။

အဲသည်ကမှတစ်ဆင့် ထမင်းစားစဉ်တွင် သူ့ကိုကယ်လိုက်သော ကယ်တင်ရှင်မိန်းကလေးကို စဉ်းစားနေ၏။

သူမသည် ဘယ်သူများလဲ။

သူမကိုယ်မှ ကိုယ်သင်းနံ့နှင့် ခေါင်းတွင်လိမ်းထားသော ခေါင်းလိမ်းဆီနံ့သည် နှင်းဆီနံ့ပဲဖြစ်သည်။

အမျိုးသမီးများ၏ ဟဲယားအွိုင်း(Hair Oil)ကို စနေမကျွမ်းကျင်ပါ။ မြန်မာဖြစ်ကော့ နိုင်ငံခြားဖြစ်တွေပါ ထုတ်နေပြီး ယခုရသော နှင်းဆီရေမွှေးနံ့က နိုင်ငံခြားဖြစ်ပဲဖြစ်ဟန်တူ၏။

သူမ၏ပါးညက်ညက်ကလေးတွေအား ကိုင်မိခဲ့သည်ကို သတိရသည်။

သူမသည် သူကိုင်တွယ်ခဲ့ခြင်းကို ဘယ်လိုမှငြင်းဆန်ခဲ့ခြင်းမရှိတာကြောင့် သူ့အပေါ် တိမ်းညွှတ်ကောင်း တိမ်းညွှတ်မှုရှိကောင်းရှိမည်။

ထမင်းကို ခွန်းနှင့်စားစဉ်ပဲ သူ့အတွေးတွေနှင့် ငိုင်နေသောကြောင့် ဖြည်းလေးနေသော သူ့အမူအရာကိုကြည့်၍ အေးကျော်က အားမလိုအားမရသံနှင့် ...

"အစ်ကိုစားလေ... စားမကောင်းဘူးလား... ငါးသလောက်ပေါင်းနဲ့ အမဲနှပ်က အစ်မလုပ်ပေးထားတာ ... ခရမ်းသီးနှပ်နဲ့ ငံပြာရည်ကြော် ... ဘူးသီးဟင်းချိုက ကျွန်တော်လုပ်ပေးထားတာ ... "



"ဩော် ... ပေ ... အေး ... အေး ... "

စနေက အေးကျော်အသံကြားမှ ယောင်ယမ်းအသံပြု၍ ထမင်းကိုပြန်စားသည်။ သည်လိုတော့လည်း အတွေးပျောက်သွားတာမို့ သွက်သွက်လက်လက်နှင့် စားကောင်းသည်။

ထမင်းစားပြီးတော့ စဉ်းစားချက်တွေ ပြန်ဝင်လာသည်။

သူ ရှေ့ဆက်ဘာလုပ်ရမလဲ။

ရဲကိုပဲ အသိပေးတိုင်တန်းပြီး ကိုမှိုင်းနှင့် ဘန်ဒွတ်ကိုရှာဖမ်းခိုင်းရမလား။ သည်သို့ဆိုလျှင် ဆွတ်ပျံ့အသက်အန္တရာယ်ကိုပဲ ထိခိုက်နေမလား။

နောက်တစ်နေ့ညနေလောက်အထိ စောင့်ကြည့်သည်။ သည်အတွင်း မိမိနှင့် မင်းစိုးထိုက်တို့ တိုင်ပင်ကာ ဆွတ်ပျံ့ရှိနေလောက်မည့်နေရာကို ရှာဖွေကယ်တင်ရမည်။

သူတို့မှ မတတ်နိုင်လျှင် ရဲကိုပေါ့။

မိမိက ဆွတ်ပျံ့ရဲ့မဟာသံမဏိတံတိုင်းဆိုတော့ သူမကို အန္တရာယ်မရှိဘဲ ပြန်ရဖို့အရေးအတွက် အကာအကွယ်ပေးရပေလိမ့်မည်။

အတွေးတွေ ဗလချာနှင့် အဲသည်ညက တော်တော်နှင့် အိပ်မပျော်။ တော်တော်လေး ညဉ့်နက်မှ အိပ်ပျော်သွားသည်။

မနက်တွင် ခုနစ်နာရီခွဲမှာ သူနိုးသည်။ ကုမ္ပဏီတွင် လုပ်စရာများကို သူစဉ်းစားသည်။

ကုမ္ပဏီမှတ်ပုံတင်တွင် နာမည်လွှဲပြောင်းရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



သူလုပ်ရဦးမည်။ ဆွတ်ပျံ့အမည်ကို ဦးကေသရာနေရာတွင် ထည့်သွင်းပြောင်းလွဲပေးဖို့ပဲဖြစ်သည်။

ဒါပေမဲ့ ဆွတ်ပျံ့မရှိဘူးဆိုတော့ သည်ဇာတ်စွကို ခဏဆိုင်းငံ့ထားရမည်။ ကုမ္ပဏီမှတ်ပုံတင်ရုံးသို့လည်းကောင်း၊ လိုင်စင်ချပေးရေးအတွက် ဆွတ်ပျံ့ပါမှဖြစ်ချိမ့်မည်။

သည်တော့ သူ့အတွက် ကုမ္ပဏီမန်နေဂျာဦးလှဗွေးမြင့်ကို ဖုန်းနှင့်မှာပြီး အလုပ်ကိစ္စတွေအတွက် ပြောစရာရှိတာတွေပြောထားမှဖြစ်မည်။

ကားကို သူက အင်ဂျင်၊ ဘီး၊ ဂီယာ၊ ဘရိတ်တွေကို အကြမ်းဖျင်း စစ်ဆေးလိုက်ပြီးမှ ဂိုထောင်ထဲမှ ထုတ်သည်။ ကားမှာ နဂိုပကတိအကောင်းအတိုင်းပဲ။

လေအေးပေးစက်ကိုစမ်းကြည့်တော့လည်း ကောင်းသည်။ ကားတွင် တပ်ဆင်ထားသော အသေးစားရုပ်မြင်သံကြားစက်ကလေးကို စမ်းကြည့်တော့လည်း ကောင်းသည်။

ကိုမှိုင်းသည် သူထင်သလိုအပေါစားလူတစ်ယောက်တော့ မဟုတ်ကြောင်း ထင်ရှားသည်။ ဦးကေသရာ၏ခြံထဲဝင်သူမှာ ကိုမှိုင်းကလွဲ၍ ဘယ်သူမှမဖြစ်နိုင်ဟု မှတ်ချက်ချသည်။

သူက ကားကို တောင်ဥက္ကလာသို့မသွားမီ ကျောက်ကုန်းကွေ့နားရှိ သပြေရိပ်လက်ဖက်ရည်ဆိုင်သို့ ဦးတည်သည်။

သပြေရိပ်တွင် လက်ဖက်ရည်သောက်ပြီးမှပဲ ဗြဟ္မစိုး လမ်းသို့ ရောက်လာသည်။

ကိုမင်းစိုးထိုက်တို့အိမ်ရှေ့တွင် ကားကိုရပ်လိုက်၏။



ဟော ... ဟိုဟာမလေးနဲ့ ဆုံပြန်ပြီ။

သူမသည် လက်ထဲတွင် ကြက်သွန်ဥတွေပါသော ကြက်သွန်ဇန်းကို ကိုင်ထားသည်။

"ဟယ် ... လူကြီးပါလား ... "

သူမက စနေကိုမြင်လျှင် ပါးစပ်မှလွတ်ခနဲ ထွက်များသည်။ ဘာမှမပြောဘဲ ကြက်သွန်ဇန်းကိုကိုင်လျက် အိမ်အတွင်း ...န်းကိုကာထားသောခန်းဆီးကို ဖယ်၍ ဝင်ပြေးသည်။

အိမ်ရှေ့ခန်းရှေ့ရှိ ဖိနပ်ချွတ်တွင် စနေကရပ်ရင်း ...ယ်သူမှမရှိသော ဧည့်ခန်းဟောင်းလောင်းကို ကြည့်ကာ လူခေါ် ...ကောင်းနိုး၊ မကောင်းနိုးစဉ်းစားနေစဉ် အိမ်ထဲမှစကားတီးတိုးပြော ...ဲတွေကို သဲ့သဲ့လေးကြားလိုက်ရ၏။

ခန်းဆီးရွှေ့လျားသွားသည်။

ကိုမင်းစိုးထိုက်၏မျက်နှာကြီးသာ ပေါ်လာ၏။

သည်တစ်ခါတော့ ကိုမင်းစိုးထိုက်၏မျက်နှာမှာ ပြုံး ...းဖြီးကြီး။

"ဝဲ(လ်)ကမ်း ... ဝဲ(လ်)ကမ်း မိုင်ဒီးယား ... "

သူက တွေ့တွေ့ချင်း ဘိုကြက်ချေးသံနှင့် ဆို၏။

"မြန်မာအိမ်လာတာ ဘယ့်နှယ့် ဘိုနောက်ချေးအိမ်ရောက်သလဲမသိဘူး ... အိမ်မှားလာပြီ ထင်ပါရဲ့ ... "

စနေက ပြုံးဖြဲဖြဲနှင့် ပြန်ပြောကာ ...

"ကျွန်တော် ဝင်ထိုင်မယ်နော် ... "

"ဟာဗျာ ... ဖင်ပါတာပဲ ထိုင်ပေါ့ ... "

www.burmeseclassic.com

www.burmeseclassic.com



ကုလားထိုင်ဟောင်းတစ်လုံးတွင် စနေထွန်းဝင်ထိုင်သည်။

"ခင်ဗျား အခုမှအိပ်ရာက ထတယ်ထင်တယ် ... "

"ညက ကားတစ်စီးအလုပ်ဖြစ်လို့ဗျာ ... အဲဒါလိုက်လုပ်ပေးတာနဲ့ တစ်နာရီထိုးကျော်မှ အိမ်ပြန်ရောက်တယ် ... "

အခန်းထဲမှ မင်းစိုးထိုက်ထွက်လာ၏။ စွပ်ကျယ်ချိုင်းပြတ်၏ ရင်အုံတွင် ရေအနည်းငယ်စိုလျက် ဆံပင်ဆံစတွေ ရေစိုနေသည်။ မျက်နှာအောက်ရှိ လည်တိုင်တွင် မျက်နှာသုတ်ပဝါတစ် ထည်ပတ်ထားသည်။

သူ့ရင်အုံ၊ သူ့ပခုံး သူ့ရင်အုံတွေက မဆိုးပါ။ ယော ကျ်ားတစ်ယောက်၏ရှိသင့်ရှိထိုက်သော ကာယဗလရှိပါသည်။

"အိုကေရဲ့လား ... "

"အိုကေပါတယ် ... ခဏနော် ... "

သူက ပြန်ဝင်သွားသည်။ သူပြန်ထွက်မလာသေး မျက်နှာကလေးတစ်ခုက ခန်းဆီးကြားမှ ချောင်းကြည့်တာကို ... သည်။

ဟိုကောင်မလေး သိုက်သိုက်ရယ်။

စနေက သူမကြည့်နေတာကို သိသဖြင့် ပါးစပ်က သူမဘက်သို့ကြည့်ကာ မသိမသာမဲ့ပြ၏။

သူမ၏မည်းနက်သော မျက်ခုံးကလေးတွေ မြင့်သွာ ၏။ ထိုသည်နောက် မျက်နှာကလေးပြန်ပျောက်ကွယ်သွားသည်။

မကြာပါ။



စတီး(လ်)လင်ဗန်းတစ်ချပ်ထဲတွင် ကွတ်ကီးသုံးလေးချပ်ပါသော လက်ဖက်ရည်ပန်းကန်ပြားတစ်ခု၊ လက်ဖက်ရည်ပါသော ပန်းကန်လုံးတစ်ခုထည့်ကာ သူမသယ်ဆောင်လာသည်။

"ကိုကိုပို့ခိုင်းလိုက်တာ သောက်ပါနော် ... "

သူမကပြော၍ ကျွန်းသားစားပွဲလေးပေါ် ချပေးလိုက်၏။ ခါးကလေးကုန်းကာ စတီးဗန်းကို ချလိုက်တာမို့ စနေထွန်းထိုင်နေရာနှင့် သူမခေါင်းလေးက နီးကပ်သွားသည်။

စနေထွန်းနှာခေါင်းထဲ ထူးထူးခြားခြားဖြစ်သွား၏။

နှင်းဆီမွှေးနံ့ကလေးက သူမခေါင်းမှ စနေ၏နှာခေါင်းထဲသို့ ထိုးဝင်လာသောကြောင့်ဖြစ်၏။

စနေထူးထူးဆန်းဆန်းဖြစ်သွားသည်။

သူမအား ဝေခွဲမရနိုင်သော မျက်လုံးများနှင့် တအံ့တသြကြည့်နေမိလိုက်စဉ် သိုက်သိုက်က သူ့ကိုမဲ့ပြုံးကလေး ပြုံးပြကာ ပြန်ဝင်သွားသည်။

ပြန်ထွက်မလာတော့ပါ။

မိန်းမပျို၏ခေါင်းမှထွက်လာခဲ့သော နှင်းဆီရနံ့သင်းသင်းကလေးကို ရှူမိခဲ့တာ မနေ့ညက။

ယခုလည်း ရှူမိပြန်သည်။

မနေ့ညက မိန်းမပျိုသည် သူမဖြစ်နေပြီလား။

ဒါလည်း ဟုတ်နိုင်မည်မထင်။

သိုက်သိုက်နှင့် မနေ့ညက မိန်းကလေးကိုစပ်လျဉ်း၍လည်းကောင်း၊ ဆက်စပ်၍လည်းကောင်း တွေးလို့မရ၊

www.burmeseclassic.com

www.burmeseclassic.com



မကြာမီပဲ မင်းစိုးထိုက်ထွက်လာသည်။ သူက ပုံစံရိုးရိုးဘောင်းဘီရှည်တစ်ထည်နှင့် လက်ရှည်အင်္ကျီတစ်ထည်ဝတ်ထားသည်။ ခေါင်းတွင် လျှာထိုးသံပုရာခွံဦးထုပ်တစ်လုံးကို ဆောင်းထား၏။

"သောက်လေဗျာ ... "

"ကျွန်တော် သပြေရိပ်က သောက်ခဲ့ပြီးပြီ ... "

"တီးမစ်ပါ ... ထပ်သောက်လို့ ဘာမှမဖြစ်ပါဘူး ... ကျွန်တော့်ရဲ့မိတ်ဖြစ် ဆွေဖြစ်ညှော်ခံတာလေးကို ခင်ဗျားလက်ခံသင့်တယ် ... "

သည်တော့လည်း မင်းစိုးထိုက်စိတ်ကျေနပ်စေရန် စနေက တစ်ငုံ နှစ်ငုံမျှသောက်လိုက်သည်။

သူက အိမ်အတွင်းကို မျက်လုံးကစားလိုက်သည်။ သိုက်သိုက်မျက်နှာကလေးကို မတွေ့ရတော့ပါ။

သူကမင်းစိုးထိုက်နှင့်ထွက်အလာမှာခန်းဆီးနောက်ကွယ်တွင် လူမမြင်ရသော်လည်း ပုန်းလျှိုးကွယ်လျှိုးနှင့် ယောက်ျားသားနှစ်ဦး၏ ပြောစကားတွေကို နားစွင့်နေသော သိုက်သိုက်။

"မိသိုက် ... "

ဟော ... နောက်ဖေးချောင်က မေမေရဲ့ခေါ်သံ။

"လာပြီ ... မေမေရဲ့ ... "

"နတ်ကရာ ကျိုးမောမနေနဲ့ဦး ... ကိုယ်မိန်းကလေးဆိုတာလည်း သတိရပါဦး ... မိသိုက်ရေ ... "

"မေမေကလည်း ... "



သူမအမေကို သိုက်သိုက် ညည်းသံကလေးနှင့်ပြောလိုက်ပေမဲ့ မျက်နှာကလေးက ပြုံးနေသည်။ သူမရင်ထဲမှာတော့...

စနေရဲ့ မျက်နှာလေးကို နောက်ထပ်မြင်ရရင်က မဂ်လာပဲပေါ့။

◇⊙◇

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၉)

ကားမောင်းရင်းပင် မနေ့ညက သူဖြစ်ပျက်လာခဲ့သော အဖြစ်တွေကို သည်တစ်ခါတော့ မင်းစိုးထိုက်ကို စုံစုံလင်လင်ပဲ ပြောပြသည်။

သူစကားဆုံးတော့မှ မင်းစိုးထိုက်က သက်ပြင်းချ၍

"ဒါဖြင့်... မနေ့ညက ခင်ဗျားကိုကယ်တာ ကျွန်တော်မဟုတ်ဘူးပေါ့ ... ဟိုမိန်းကလေးက ကယ်တင်ရှင်နံပါတ်တစ်ပေါ့"

"ဒါပေါ့ ... "

"ခင်ဗျား သူ့ကိုသိသလား ... "

"မှောင်ထဲမှာဆိုတော့ ဘယ်သိမလဲဗျာ ... သူကတော့ သူ့ကိုယ်သူ မှောင်ထဲကမေလို့ ပြောသွားလေရဲ့ ... "

"မှောင်ထဲက မေ ... ဟား ... ဝတ္ထုခေါင်းစီးတစ်ခုရဲ့နာမည်လိုလို ရုပ်ရှင်ဇာတ်ကားရဲ့ နာမည်လိုလို ... မှောင်ထဲက မေမဟုတ်ဘဲ မှောင်ထဲက အနူဆို ဒုက္ခပါပဲ ... "

"အနူတော့ မဖြစ်နိုင်ဘူးဗျ ... ကျွန်တော်ထွက်လာခါနီးမှာ



သူ့ပါးပြင်ကလေးနှစ်ဘက်ကို ကိုင်ကြည့်ခဲ့တယ် ... နူးညံ့ချောမွတ်နေတာပါပဲ ... "

"ခင်ဗျား ဆွတ်ပျံ့ကို မေ့လိုက်ပြီပေါ့ ... "

"ဘယ်မေ့မလဲဗျာ ... ကျေးရူးရှင်လေးရဲ့ ပါးကိုကိုင်မိကာမှ ဆွတ်ပျံ့ကို ပိုတောင်သတိရသေး ... "

"ကိုစနေထွန်း ... ခင်ဗျားဆွတ်ပျံ့ဟာ အခုချိန်မှာ စွတ်ပြုတ်များဖြစ်နေပြီလားမသိဘူး ... "

"သူ့ကို ဒီနေ့ရှာပုံတော်ဖွင့်မယ်ဗျာ ... ညနေခင်းမှမတွေ့ရင်တော့ ရဲတိုင်ရတော့မှာပဲ ... ဒါပေမဲ့ ခုချိန်မှာ ကျွန်တော်ကသူ့ကို တတ်နိုင်သရွေ့ မဟာတံတိုင်းလိုလုပ်ချင်တယ်"

"ကျွန်တော်လည်း အတူတူပါဗျာ ... "

ထိုစကားကြောင့် စနေက မင်းစိုးထိုက်ကို ကားမောင်းနေရင်းတန်းလန်းမှ တစ်ချက်လှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးတွေထဲ မခံချင်စိတ်ကလေးတွေတော့ ပြနေသည်။

"ခင်ဗျားက ဆွတ်ပျံ့ကို ချစ်နေတုန်းပဲလား ... "

"ဘယ်လိုပြောလိုက်တာလဲ ကိုစနေထွန်း ... ဆွတ်ပျံ့ကို ခွဲခွာခဲ့တာ ကျွန်တော်မဟုတ်ဘူး သူဗျ ... ခင်ဗျားက ကျွန်တော့်ထက်သာတာတွေ ရှိနေတော့ ... သူက ခင်ဗျားကို အထင်ကြီးပြီး ကျွန်တော့်ကို စွန့်ပစ်သွားခဲ့တာပါ ... ပထမ အချစ်နဲ့ စွန့်ခံရတဲ့သူပါ ... "

"ဒါတော့ သူ့သဘောပဲ ... "

"ကျွန်တော်လိုလူကို မယူရဲဘူးဗျ ... ကျွန်တော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပါပဲ ... ကျွန်တော့်ဘဝမှာ ခပ်ပေပေနေခဲ့တော့ ခင်ဗျားလို မဟာသံမဏိတံတိုင်းလိုလူ ဘယ်ဖြစ်မလဲဗျာ... ဘဝမှာ သူတို့လိုမိန်းကလေးတွေအတွက် ကြန့်ကြန့်ခံပေးနိုင်တဲ့ ယောကျ်ားမျိုးမှ သူတို့ချစ်ကြ လက်ခံချင်ကြတာဟာ အချစ်ရဲ့နိယာမ မဟုတ်ဘူး ... လောကရဲ့နိယာမပဲ"

"ခင်ဗျားနဲ့ ခင်ဗျားညီမကော အဆင်ပြေသွားပြီလား ... "

ခဏမျှတော့ တိတ်ဆိတ်သွားသည်။ မင်းစိုးထိုက်က သက်ပြင်းချ၍ ...

"အင်း ... ပထမတော့ ဒေါသဖြစ်တာပေါ့ဗျာ ... ရှက်လည်းရှက်တာပေါ့ ... ကျွန်တော့်ညီမ ကျွန်တော့်ကိုပြောသွားတာတွေက အမှန်ပဲဗျ ... ကျွန်တော်ဟာ အသုံးမကျတဲ့ကောင်တစ်ကောင်ပဲ ... အဖေမရှိတဲ့နောက်မှာ ကျွန်တော်ဟာ အစ်ကိုကြီးအဖရာဖြစ်သင့်တယ် ... ဒါပေမဲ့ အစ်ကိုကြီးတစ်ယောက် မပီသခဲ့ဘူး ... ကျွန်တော့်ညီမကပဲ အိမ်ရဲ့စားဝတ်နေရေးအတွက် ဝင်ငွေစာခံရရှာတာပေါ့ဗျာ ... သူဗီဒီယိုရိုက်လို့ ဆိုက်ပတ်တစ်ယောက်အနေနဲ့ ဘယ်လောက်ရမှာမို့လို့လဲဗျာ ... သူရုပ်ချောတာနဲ့ သွက်တာပဲရှိတယ် ... မင်းသမီးလည်း မဖြစ်နိုင်ပါဘူး ... စိတ်ဓာတ်ကတော့ ကောင်းတယ်ဗျာ ... သူအနစ်နာခံတယ် ... သူတစ်ပါးကိုလည်း ကူညီတတ်တယ် ... သူ့မှာ ချွတ်ယွင်းချက်တော့ရှိတယ်... အလှအပကို အင်မတန်ကြိုက်တဲ့သူဗျ ... သူ့ကိုယ်သူလည်း လှပအောင် နေတတ်တယ် ... "



သူ့ညီမလေးကိုမင်းစိုးထိုက်က တကယ်ချစ်ပါသည်။

"သူ့နာမည်က သိုက်သိုက်တဲ့လား ... "

"သိုက်သိုက်ဆိုတာ ကျွန်တော်တို့မိသားစုနဲ့ ခင်မင်တဲ့လူတွေက ခေါ်ကြတာပါ ... သူ့နာမည်အပြည့်အစုံက သိုက်သရဖီတဲ့ ... "

"ဩော် ... ဩော် ... "

ဟု စနေကဆိုပြီးမှ သူ့ရင်ထဲမှာ 'သိုက်သရဖီ'လို့ ရေရွတ်လိုက်မိသည်။ ကားက ရေဝေးသုသာန်သို့သွားသောလမ်းချိုးကလေးနားသို့ရောက်လာသည်။

"ကျွန်တော်တို့ဘယ်ကိုသွားကြမှာလဲ ကိုစနေထွန်း ... "

"ကျွန်တော့်စိတ်ကူးထဲမှာ မနေ့က ကျွန်တော်တို့ရောက်ခဲ့တဲ့နေရာကို သွားစုံစမ်းမလားလို့ ... "

"ဗျာ ... ခင်ဗျားကို ချုပ်နှောင်ထားတဲ့နေရာလား ... "

စနေ ခေါင်းညိတ်ပြလိုက်သည်။

"ဟာဗျာ ... အန္တရာယ်များတဲ့နေရာ ... "

"အန္တရာယ်များတော့လည်း ရင်ဆိုင်ရတာပေါ့ဗျာ ... ဆွတ်ပျံ့ကို သူတို့ ဘယ်မှာထားသလဲဆိုတာ အဲဒီနေရာရောက်ရင် သိရမယ်လို့ ထင်တာပဲ ... ခင်ဗျားမလိုက်ချင်ဘူးဆိုရင် နေရစ်ခဲ့ဗျာ ... ကျွန်တော် ခင်ဗျားကို အပြစ်မတင်ပါဘူး"

ပြောပြီး ကားကိုအရှိန်လျှော့ချလိုက်သည်။ မင်းစိုးထိုက် မျက်နှာနီသွားတော့သည်။

"ကျွန်တော်သတ္တိမနည်းပါဘူးဗျာ ... ဆွတ်ပျံ့အတွက်ဆို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အသက်ပေးရပါတယ် ... ဆွတ်ပျံ့ကို ကျွန်တော် ချစ်တာ အသက်ပေးပြီးချစ်တယ်ဆိုတာ သက်သေပြချင်တယ် ... ခင်ဗျားလီဗာကို ပြန်ဖိလိုက်ပါ ... "

ဘေးမှာလိုက်ပါလာသော မင်းစိုးထိုက်အသံမှာ မခံချင်သောအသံမို့ ကျယ်သွားသည်။ စနေက ပြုံးလိုက်၏။ သူ့အပြုံးအဓိပ္ပာယ်က ဘာကိုဖော်ညွှန်းအဓိပ္ပာယ်ဆောင်မှန်း မသိ။

"ကြိုက်သွားပြီဗျာ ... ခင်ဗျားနဲ့အတူ ပွဲတိုးကြရအောင်"

ပြောရင်း ကားအရှိန်ကိုမြှင့်တင်လိုက်သည်။ စနေက ဆွတ်ပျံ့အတွက် သည်လူစုကို တွေ့ချင်တာသာမဟုတ် ညကသူ့ကို ကယ်တင်ခဲ့သော ကယ်တင်ရှင်မလေး မှောင်ထဲက မေကိုပါ တွေ့ချင်နေ၏။

နာရီဝက်တောင် အဲဒီကိုမောင်းဖို့မလိုပါ။ နာရီဝက်အတွင်း ပခန်းကျော်ထန်းရည်ဆိုင်ကို ဖြတ်လာ၏။

"တောက် ... နေပူပူမှာ ထန်းရည်သောက်ရရင် ကောင်းမယ်ဗျာ ... ဆိုင်က ခမ်းခမ်းနားနားလေးပဲ ... "

ယောကျ်ားတစ်ယောက်၏ ကြိုက်နှစ်သက်မှုကို မမြိုထားနိုင်ဘဲ တောက်ခေါက်ကာ မင်းစိုးထိုက်က ပြောတော့ စနေက ရယ်၍ ...

"ကိုမင်းစိုးထိုက် ... ခင်ဗျားကလည်း ထန်းရည်ကိုမြင်တာနဲ့ ဆွတ်ပျံ့ကို မေ့သွားပလား ... ကိစ္စပြီးရင် အဲဒီမှာ ခေါင်းမဖော်တန်း လာသောက်ပေတော့ အမြည်းကော ထန်းရည်ကော ထိပ်တန်းပဲ ... ဈေးကတော့ ကြီးတယ်နော် ...



ထန်းရည်က ကြီးတာမဟုတ်ဘူး ... ကြွက်ကြော်တို့ ငှက်သားတို့က ကြီးတာဗျ ... "

"ခင်ဗျား ဒီကိုရောက်ဖူးလား ... "

"ဆွတ်ပျံ့နဲ့ တစ်ခါလာဖူးတယ် ... ကျွန်တော်တစ်ကိုယ်တည်း နှစ်ခါရှိပြီ ... "

မျက်ခုံးတွေပင့်ကာ သူ့ကို မင်းစိုးထိုက်ကလှည့်ကြည့်၏။ ဆွတ်ပျံ့ကိုတောင် ဒီနေရာကိုခေါ်နိုင်တယ်ဆိုတော့ ဒီလူလည်း တယ်မခေပါလားဆိုတဲ့ အတွေး ... ။

စနေက ရွာကလေးကိုမြင်သာသောနေရာတွင် ကားကိုရပ်လိုက်သည်။ မင်းစိုးထိုက်က ပတ်ဝန်းကျင်ကို လှည့်ကြည့်သုံးသပ်၍ ...

"ညက ဘာမှမမြင်ရတော့ ဘာမှမသိဘူး ... ခုမြင်ရတော့လည်း ရှုခင်းတွေက မဆိုးဘူး ... "

"ဩော် ... ခင်ဗျားက ခံစားတတ်တယ်နော် ... "

"ဆွတ်ပျံ့ကို ချစ်မိတဲ့အသည်းနှလုံးရှိသူတိုင်း ခံစားတတ်ပါတယ်ဗျာ ... "

ကားကို မှန်အလုံပိတ်၊ သော့ခတ်ထားခဲ့ပြီးနောက် သူတို့နှစ်ယောက်က ပြောင်ပြောင်တင်းတင်းပဲ မနေ့ကရောက်ခဲ့သော အိမ်သို့လယ်ကွင်းတွေကိုဖြတ်ပြီး သွားသည်။

လမ်းတွင် တံတောင်ကျော်ကျော်လက်ကောက်ဝတ်လုံးနီးပါး အလုံးအထည်ရှိသည့် ဝါးရင်းတုတ်တစ်ချောင်းကို တွေ့သဖြင့် မင်းစိုးထိုက်က ကောက်ယူလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘောဆီးရန်ကာပေ့ါဗျာ ... စားဆိုရင် လက်လွန်နေဦးမယ် ကိုစနေထွန်းရ ... ဒါနဲ့ဆို အိုကေပဲ ... "

"ခွေးကို သတိထားနော် ... မနေ့ညက ကျွန်တော် ခွေးနဲ့ ရန်ဖြစ်ခဲ့ရတာ ... "

လက်နက်ဆိုလို့ ဘာကိုမှဆောင်မထားသော စနေကပြောပြီး စိတ်အားထက်သန်စွာ စိုက်စိုက် စိုက်စိုက်နှင့် ပြောင်ပြောင်တင်းတင်းပဲ သွား၏။

ဘာခွေးမှလည်း မတွေ့။

ဘာရန်သူမှလည်း ရင်မဆိုင်ရ။

သူတို့ရင်ဆိုင်လိုက်ရတာက အိမ်ကြီး၏ပိတ်ထားသော တံခါးနှင့် သော့ခလောက်ပဲဖြစ်သည်။

"ဘယ်သူမှလည်း မရှိဘူး ... "

မင်းစိုးထိုက်က စိတ်ပျက်စွာ ပြောမိ၏။

"ဘယ်လိုလဲ ... ဒီကောင်တွေ လစ်ကုန်ပြီထင်တယ် ... "

"ခင်ဗျားလူတွေ သတ္တိမရှိပါဘူး ... ကိုစနေထွန်းရာ ... "

"သတ္တိမရှိတာ မဟုတ်ဘူးဗျ ... သိတတ်တာဖြစ်မယ် ... ကျွန်တော် ဒီကလွတ်သွားတော့ နောက်ကြောင်းမအေးတော့ဘူးဆိုတာသိလို့ ဘန်ဒွတ်နဲ့ မောင်မှိုင်းတို့က ခြေရာဖျောက်လိုက်တာပဲဗျ ... သူတို့စိတ်ထဲမှာ ကျွန်တော်ကရဲကိုတိုင်ပြီး ခေါ်လာမယ်ထင်နေတာ ... ဟင်း ... စနေကတစ်ကောင်ဘွား အာဇာနည်လုပ်ပြချင်နေတာ ... "

"အေးလေ ... အခုတော့ သူတို့မရှိတော့ဘူးဆိုတော့ ခင်ဗျား



မောသွားပြီပေ့ါ ... အာဇာနည် ဘာဇာနည်တွေလုပ်မနေနဲ့ ဆွတ်ပျံ့ကို ဘယ်လိုလုပ်ရှာရမလဲဆိုတာ စဉ်းစား ... ဒီကောင်တွေမရှိတော့ ဆွတ်ပျံ့ကိုရှာဖို့ရာ ခြေရာလည်းပျောက် ... ရေလည်းနောက်ပဲ ... "

ညက မိန်းကလေးကိုပါ တွေ့ချင်နေတာ မတွေ့ရတော့ စနေထွန်း စိတ်ထဲစိတ်အားထက်သန်မှုတွေ ပျောက်သွားချေပြီ။

"ရွာထဲကလူတွေကို မေးကြည့်လိုက်ရင် ကောင်းမယ်... "

သူတို့ ရွာထဲကိုဝင်ပြီး စုံစမ်းသည်။

ရွာထဲရှိလူတွေမှာ အိမ်ကြီးကိုရန်ကုန်မှ လူတစ်ဦးက လာဝယ်ထားသည်။ မနေ့ကတော့ ကုလားတစ်ယောက်နှင့် မြန်မာတစ်ယောက်လာကြတာကို သတိထားမိပါသည်ဟူသော အဖြေကလွဲပြီး ဘာကိုမှ ရေရေရာရာမဖြေနိုင်ကြ။

စနေတို့ ထွက်လာကြ၏။

"တောက် ... လူမရိုက်ရတာ နာတယ်ကွာ ... "

ရွာပြင်အရောက် တောက်ခေါက်သံနှင့်ပြောအပြီး လက်ရှိဝါးရင်းတုတ်ကြီးကို မင်းစိုးထိုက်က လွှင့်ပစ်လိုက်၏။

"အေး ... ခင်ဗျားပဲ ရိုက်မလား ... ခင်ဗျားပဲ ဗိုက်ထဲကျည်ဆန်အဝင်ခံမလား ... ကိုမှိုင်းဆိုတဲ့လူမှာ သေနတ်ရှိတယ်ဗျ ... "

"ဒီလိုဆိုတော့လည်း မင်းစိုးထိုက်ရဲ့သတ္တိနဲ့ သူ့ကျည်ဆန် ဘယ်ဟာ မာသလဲဆိုတာ ယှဉ်ကြည့်ကြသေးတာပေ့ါ"

www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးထိုက်ပြောပုံကြောင့် စနေ၏စိတ်ထဲမှာ ဒီလူ တော်တော်လေများတဲ့လူပဲလို့ တွေးတောသတ်မှတ်လိုက်၏။

တာလမ်းကလေးအတိုင်းလာစဉ်ရှေ့မှသွားနေသော မင်းစိုးထိုက်က ကိုယ်ကိုလှည့်ပြီး ရပ်လိုက်သည်။

လက်တစ်ဖက်က ခါးကို ထောက်လိုက်၏။

"ကျွန်တော်တို့ ဘာလုပ်မလဲ ... "

"ဆွတ်ပျံ့အော်ပရေးရှင်းက မပြီးသေးဘူးလေ ... ကိုမှိုင်း အိမ်ကိုသွားမယ် ... "

"ရှိပ့ါမလား ... "

"သွားကြည့်သေးတာပေ့ါ ... "

"အေး ... ကျွန်တော်လည်း တွေ့ချင်တယ် ... သိုက်သိုက် အပေါ် ရုတ်ရုတ်ရုတ်ရုတ်လုပ်ချင်တဲ့ကောင် ... "

"သိုက်သိုက်ကတော့ သနားပါတယ် ... "

"ကံကောင်းလို့ မှဲ့တစ်ပေါက်မစွန်းခဲ့တာ ... ကျွန်တော်တို့ ရောက်သွားခဲ့တာ သိုက်သိုက်ကံကောင်းတယ်လို့ ဆိုရမှာ ပဲ ... ကောင်မလေးလည်း နောင်တရနေပါပြီ ... ကျွန်တော့် အပြစ်တွေပါပဲ ... "

"သူ ဘယ်နှစ်တန်းအထိ နေခဲ့ဖူးလဲ ... "

"ဒေသမှာ ဒုတိယနှစ်အထိပဲ ... မေဂျာကတော့ ပထဝီပဲ ခင်ဗျားက ဘာလို့မေးတာလဲ ... "

"ကျွန်တော့်ကုမ္ပဏီမှာ ခန့်ထားနိုင်မလားလို့ ... "

"ဟာဗျာ ... တတ်နိုင်ရင် လုပ်ပေးစမ်းပါဗျာ ... သူ့အလုပ် မရှိရင် စိတ်လေသွားမယ် ... "

"သူကွန်ပျူတာ ရသလား ... "

"တစ်ခါက သူတက်မလို့ဘဲ ငွေဝိုင်းက လိုနေတယ် ... ဖေဖေ ဆုံးတော့ ကျောင်းလည်းမတက်ရတော့ ကျောင်းမပြီးဘူး"

"ကျောင်းမပြီးတာ ကျောင်းဒကာကြောင့်လား ... ဒါမှ မဟုတ် အုတ်သဲကျောက်လိုနေလို့လား ... "

စနေ၏ရယ်ရွှန်းပတ်ရွှန်းစကားကြောင့် မင်းစိုးထိုက် ဟက်ဟက်ပက်ပက်ရယ်သည်။ စနေ၏ ပွင့်လင်းမှု၊ ပျော်ပျော်နေ တတ်မှု၊ ဦးစီးဦးဆောင်လုပ်တတ်မှုတွေကြောင့် မင်းစိုးထိုက်က စနေ့အပေါ်မှာ ရည်းစားလုဘက်တစ်ယောက်ရယ်လို့ မမြင်တော့ပါ။

ကားကို ရန်ကုန်ပဲခူးလမ်းမကြီးပေါ် ပြန်မောင်းလာ ၏။ သူတို့ တာစူမှုက မောင်မှိုင်းအိမ်သို့။

ရန်ကုန်ပဲခူးလမ်းရောက်ကာနီးတွင်ဆယ်လူလာဖုန်း ဝင်လာ၏။

ဒက်(ရှ်)ဘုတ်ပေါ်မှ ဆယ်လူလာကို စနေထွန်း ယူလိုက်၏။

"ဟလို ... "

"... ... ... "

"ဟာ ... ဘာပြောတယ် ... "

"... ... ... "

"ဟုတ်လား ... လာခဲ့မယ် ... လာခဲ့မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတော့ ဘေးမှမင်းစိုးထိုက်အား ...

"ဝမ်းသာစရာပဲ ကိုမင်းစိုးထိုက်ရေ ... ဆွတ်ပျံ့အိမ်မှာ ပြန်ရောက်နေပြီတဲ့ ... သူ့အိမ်က ကောင်မလေးအေးသက်ဆွေက ဖုန်းဆက်တယ် ... "

"ဟာ ... ဒါဆို ဝမ်းသာစရာပဲ ... မောင်းဗျာ ... ကျွန်တော်တို့ ဆွတ်ပျံ့နဲ့ တွေ့ကြရအောင် ... "

စိတ်မောလူမောဖြစ်နေကြသူနှစ်ယောက်မှာ ဖုန်းမှလာသော သတင်းစကားကြောင့် ဖျတ်ဖျတ်လတ်လတ်ဖြစ်လာကြ၏။

လှည်းကူးတံတားနားရောက်ကာနီးတွင် ဖုန်းက ထပ်ဝင်လာ၏။ စနေက ဆွဲယူသည်။ နားထောင်သည်။

"စနေထွန်းပါ ... "

"ကို ... "

တစ်ဖက်မှ ကြည်လင်သောအသံကလေးကို သူ့ရင်ကို ဖိုသွားစေသည်။

"ဆွတ်ပျံ့ ... ဆွတ်ပျံ့လား ... "

"ဟုတ်တယ် ... ကို ... ကို အခုဘယ်မှာလဲ ... "

"ကို ... လှည်းကူးမှာ ဆွတ်ပျံ့ရဲ့ ... ဆွတ်ပျံ့ကို ကိုယ်လိုက်ရှာနေတာ ... မနေ့က ကိုယ်နဲ့ ဆွတ်ပျံ့ကို ဖမ်းခေါ်သွားတဲ့နေရာကိုသွားတယ် ... ဆွတ်ပျံ့ကို ဖမ်းထားတဲ့ ဟိုလူတွေမရှိကြတော့ဘူး ... အခု စိတ်ပျက်ပျက်နဲ့ ပြန်လာတာ ... နေပါဦး ... ဆွတ်ပျံ့ ဘယ်လိုလွတ်လာတာလဲ ... "



"အိမ်ရောက်မှ ပြောပြမယ် ... "

"ခင်ဗျားဖုန်း ကျွန်တော့်ကို ခဏလောက် ... PLEASE JUST FOR AMOMENT ... "

မြန်မာလိုရော အင်္ဂလိပ်လိုရော မင်းစိုးထိုက်ကရော တောင်းလိုက်သည်။ စနေက ကမ်းပေးပြီး ကားကို ဂရုစိုက်မောင်း၏။

ဆယ်လူလာကို မင်းစိုးထိုက်က နားဝမှာအသာတေ့၍ ...

"ဟေ့ စွပ်ပြုတ် ... "

"ဘာ ... "

"ဟေ့ စွပ်ပြုတ် ... ဘာ ဘာလဲ ... ဒီလိုစွပ်ပြုတ်လို့ခေါ်တာ ဒီကမ္ဘာမှာ ဘယ်နှစ်ယောက်ရှိလဲ ... "

"ဟင် ... ဟင် ... ကိုစိုးလား ... "

"အေးပေါ့ဟ ... ကိုစိုးမရှိလို့ ကိုကျိုးရှိရမှာလား ... "

"ဟာ ... ကိုစိုး ဘယ်လိုလုပ်ပြီး ဒီကိုရောက် ... "

"မတွေ့ချင်တဲ့လူက ရှောင်ပြေးနေပေမဲ့ တွေ့ချင်တဲ့လူကတော့ လိုက်ရှာနေမှာပဲ ... "

"ဘုရားရေ ... ဘယ်လိုဖြစ်တာလဲ ... "

"ဘုရားရေတို့ သောက်ရေတို့လုပ်မနေနဲ့ ... တွေ့ရာသချိုင်း ငါ့ချိုင်းမွေးချည်းပဲ ... "

"ဟေ့လူ ... ဘာတွေလျှောက်ပြောနေတာလဲ ... ကျုပ်ဟာလေးထွက်ပြေးသွားဦးမယ် ... "

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းစဉ်ရှေ့ကိုတည့်တည့်ကြည့်ရာမှ စနေက ပြောနေ၏။ မင်းစိုးထိုက်က သော့သော့ကလေး ရယ်သံပြုသည်။

“ကိုစိုး ... ကိုစိုးဘေးမှာ ကိုစနေရှိလား ... ”

“ရှိပ့ါ ... ”

“ဘယ်လိုတွေ့ကြတာလဲ ... ဟင် ... ”

“ရည်းစားလုဘက်တွေဆိုတော့ တွေ့ကြတာပေ့ါ ... ”

“ကိုစိုးနဲ့ ဆွတ်ပျံ့ ဘာမှမဆိုင်တော့ဘူးနော် ... ”

“ဆွတ်ပြုတ်လုပ်မနေနဲ့ ... စွပ်ပြီး ပြုတ်ထည့်လိုက်မယ် ... တို့ကတော့ ဆိုင်တုန်းပဲ ... ”

“ဟော့လူ ... ကောင်းကောင်းပြော ကျုပ်စိတ်မထင်ရင် ကားချင်းဝင်တိုက်လိုက်မယ်နော် ... ဒါမှ အီကြာကွေးဖြစ် သွားမယ် ... ”

စနေက ခပ်တည်တည်နှင့် နောက်သလိုလိုပြော သည်။

“သိပ်ကြိမ်းနေတယ် ဆွတ်ပြုတ်ရေ ... တို့ကတော့ ပုန်းလို့ ပုရွက်ဆိတ်တွင်း ရှာရမယ်ထင်တယ် ... ”

“ဟာ ... ဒီလူ ... ”

စိတ်မရှည်ဟန်နှင့် စနေကပြောကာ မင်းစိုးထိုက်၏ လက်ထဲမှ ဖုန်းကိုလုယူပြီး ဖုန်းကိုပိတ်သည်။ ဒက်(ရှ်)ဘုတ်အံဆွဲ၀ါ ပစ်ထည့်လိုက်သည်။

မင်းစိုးထိုက်က ရယ်နေ၏။

သူတို့ ဆွတ်ပျံ့ကိုတွေ့ရ၏။ ဆွတ်ပျံ့မှာ နွမ်းနယ်



နေပုံပေါ်သည်။

စနေ့မျက်နှာမှာ ရွှင်ပျနေသည်။

မင်းစိုးထိုက်မှာ မရယ်မပြုံးနှင့် ခပ်ညှိုးညှိုးမျက်နှာ။

ချစ်သူဟောင်းနှင့် ဆုံရလို့လည်း ဆွတ်ပျံ့တွင် မျက်နှာပူစရာမရှိ။

သူမ၏ အိမ်ထောင်ဘဝတည်တံ့ရေးအတွက် စနေ ကို ရွေးချယ်ခဲ့သည်မှာ မှန်သည်လို့ပဲ ယူဆလိုက်၏။

“ပြောပါဦး ဆွတ်ပျံ့ ... ဘယ်လိုလုပ်ပြီး ရောက်လာတာလဲ”

စနေက သူမကို အကဲခတ်သောမျက်နှာနှင့် မေး လေတော့ ...

“ဆွတ်ပျံ့မပြောခင် ... ကို အရင်ပြောလေ ... ပြီးတော့ ကိုစိုးနဲ့ ကိုနဲ့ ဘယ်လိုပေါင်းစည်းမိကြတာလဲ ... ”

သူမနှင့် စနေတို့ ဧည့်ခန်းမှာတွေ့သည်။ အေးသက် ဆွေခေါ် မိသက်က ဆွတ်ပျံ့၏ ပခုံးကြောကလေးတွေကို ဆိုဖာ နောက်ဘက်မှာရပ်ပြီး အသာအယာနှိပ်ပေးနေသည်။

သူမမျက်လုံးလေးတွေက ယောကျ်ားသားနှစ် ယောက်ကိုကြည့်နေ၏။ အထူးသဖြင့် သူမတစ်ခါမှ မမြင်ဖူးသော မင်းစိုးထိုက်ကို အကဲခတ်ရင်း ဒီလူဟာ တစ်ခါက မမရဲ့ရည်းစား ဟောင်းဆိုတာ သူပဲဖြစ်ရမည်ဟု တွေးနေသည်။

နေ၏အပူရှိန်က ကားလမ်းပေါ်တွင် တောက် တောက်ပါအောင် ပူနေသည်။ ကားလမ်းရှိ ပြေးနေသော ကားများ စုံ၏စက်သံတွေက တစ်ခါတစ်ခါ ခြံထဲကို ဖြတ်ကာ အိမ်ဆီသို့ သဲ့

www.burmeseclassic.com

www.burmeseclassic.com



သွဲ့ဝင်လာတတ်၏။

အဲယားကွန်းကြောင့် အိမ်ထဲမှာ အပူသက်သာနေသည်။ စနေထွန်း၏ရင်ထဲမှ အပူသည်လည်း ဆွတ်ပျံ့ကိုတွေ့ကာမှ ပိုပြီးသက်သာနေသည်။

သူက ဆွတ်ပျံ့အား သူ့အဖြစ်တွေ၊ မင်းစိုးထိုက်နှင့် တွေ့ဆုံရပုံတွေ၊ သူ့ကိုကယ်ထုတ်လာတာတွေ၊ သည်နေ့တွင် သူနှင့် မင်းစိုးထိုက်တို့ နှစ်ဦးပေါင်းပြီး ဆွတ်ပျံ့ရှိရာကို စုံစမ်းကာ ကယ်ထုတ်ဖို့ ကြိုးစားခဲ့ပုံတွေကို ပြောပြ၏။

မင်းစိုးထိုက်က တစ်လုံးမှမပြောပါ။

ချစ်ခဲ့ရသူချစ်သူဟောင်း၏မျက်နှာကိုသာ ငေးကြည့်နေသည်။

ရင်ထဲမှာ မကောင်း။

ဆွတ်ပျံ့သည် သစ်စိမ်းချိုး ချိုးသည်လို့ပဲ ထင်သည်။

ဆွတ်ပျံ့က သူမ၏နလုံးသားကို တုံးတိဖြတ်ခဲ့ပြီမို့ သူ့လိုတော့ မခံစားရတော့ပါ။

ဒါပေမဲ့ မင်းစိုးထိုက်၏ ညှိုးလျှပုံလေးကိုမြင်ရတော့လည်း စိတ်ထဲသနားမိ၏။

သူဘဝလမ်းကြောကို သူညနှင့် ဖိခဲ့တာကိုး။

ဆွတ်ပျံ့က သူမ၏အဖြစ်ကိုစိကာပတ်ကုံးမဟုတ်သော်လည်း တိုတိုနှင့် လိုရင်းကိုပဲပြောပြ၏။

"ကိုနဲ့ ဆွတ်ပျံ့ကို သူတို့ခွဲလိုက်ကြတယ် ... ဆွတ်ပျံ့ကို ထောက်ကြံ့ဘက်ခေါ်သွားတယ် ... ခေါ်သွားတဲ့လူက တခြားလူနှစ်ယောက်ပဲ ... သူတို့က ဆွတ်ပျံ့ကို အလည်အပတ်သဘောပဲ ထားပါတဲ့ ... ဆွတ်ပျံ့ကို မှဲ့တစ်ပေါက်မစွန်းစေရပါဘူးတဲ့ ... ဟုတ်လည်း ဟုတ်ပါတယ် ... အဲဒီအိမ်ရောက်အတဲ့အချိန်ကစပြီး အေးအေးဆေးဆေးကောင်းကောင်းမွန်မွန်နဲ့ ဧည့်သည်တစ်ယောက်လိုနေခဲ့ရပါတယ် ဆွတ်ပျံ့ရောက်နေတဲ့အိမ်ဟာ လမ်းကလေးတစ်လမ်းပါပဲ ညဘက်ရောက်တော့ ဆွတ်ပျံ့ကို မြန်မာဗီဒီယိုခွေတွေ ပြပါတယ် ... ဆွတ်ပျံ့စိတ်မပါဘူး ... ရှစ်နာရီလောက်မှာ ဘန်ဒွတ်နဲ့ ကိုမှိုင်းဆိုတဲ့လူ ရောက်လာတယ် ... "

"ထုံးစံအတိုင်းပဲပေါ့ ... ကိုမှိုင်းက စကားပြန် ... ဘန်ဒွတ်က အင်္ဂလိပ်လိုပြောတယ် ... သူပြောတာက ကက်ဆက်ခွေထဲမှာပါတဲ့ ဦးကေသရာရဲ့စကားတွေကို ယုံပါတယ်တဲ့ ဒီတော့ ... ဦးကေသရာစကားထဲမှာ ကျူဒူးနားကျွန်းကိုသွားနိုင်တဲ့လမ်းပြမြေပုံအကြောင်းပါတယ်တဲ့ ... "

"ရေပုံပါ ... ဒါကို ဆွတ်ပျံ့ ဘယ်လိုပြောခဲ့လဲ ... "

"ဆွတ်ပျံ့ပြောတာကို နားထောင်ဦးလေ ကိုရဲ့ ... ဆွတ်ပျံ့က မသိဘူးဘဲ ငြင်းတာပေါ့ ... ဒါကို ဘန်ဒွတ်က လက်မခံဘူး ... မြေပုံ ... အဲကိုပြောခဲ့တဲ့ ရေပုံဟာ ဆွတ်ပျံ့တို့လက်ထဲမှာပဲ ရှိမှာပဲတဲ့ ... "

"တကယ်ကော ရှိလို့လား ... ဆွတ်ပျံ့ ... "

သည်စကားကို မင်းစိုးထိုက်က ဝင်မေး၏။ ဆွတ်ပျံ့က စနေထွန်းကို ကြည့်လိုက်၏။ အဓိပ္ပာယ်ကောက်တတ်စေဟာ



www.burmeseclassic.com

www.burmeseclassic.com



စနေထွန်းဟာ ...

"ရှိတယ် ကိုမင်းစိုးထိုက် ... အဲဒီရေပုံကို ဦးကေသရာမသေမီ သုံးလေးရက်အလိုက ကျွန်တော့်လက်ထဲကို အပ်ခဲ့တယ် အခွင့်သာတဲ့တစ်နေ့မှာ ကူဒူးနားကျွန်းကို သွားဖြစ်အောင် သွား ပြီး အစွမ်းထက်တဲ့ ပြဒါးရှင်ကို ယူလိုက်ပါတဲ့ ... ရှင်၊ ရှင် ပြောရရင် ကျွန်တော်ရော ဆွတ်ပျံ့ပါ စိတ်မပါလို့ မသွား ကြဘူး ... "

"ဆွတ်ပျံ့ ဆက်ပြောပါဦး ... "

စကားဆက်ရန် မင်းစိုးထိုက်က တိုက်တွန်းသည်။ ဆွတ်ပျံ့က နောက်လှည့်၍ 'တော်တော့ ... မိသက်'ဟုဆိုကာ နှိုပ် ပေးနေတာကို ရပ်ခိုင်း၏။

"ဆွတ်ပျံ့က တင်းခံနေတော့ ဘန်ဒွတ်တို့ပြန်သွားတယ် ... ကျွန်မလည်း စိတ်ညစ်စိတ်ဆင်းရဲဖြစ်သွားတယ် ... ဆွတ်ပျံ့ က သူတို့လိုချင်တာ မပေးရင် ဘာလုပ်မလဲ ... သူတို့သတ် ပစ်မှာလား ... ဒီတော့ ဆွတ်ပျံ့က ဘေးလူတွေသိအောင် အကူအညီတောင်းဖို့ စိတ်ကူးပေါက်လာတယ် ... ဒါပေမဲ့ ဘယ်လိုတောင်းမလဲ ... ခြံက စိုက်ပျိုးရေးခြံနဲ့တူတာပါ၊ မှောင်ပြီး သစ်ပင်တွေပဲ မမှောင်ခင်က မြင်နေခဲ့ရတယ် ... လူနေအိမ်လည်း ကျဲပုံပဲ ... ဆွတ်ပျံ့ အကြံဉာဏ်ထုတ်ရင်၊ အိပ်ပျော်သွားတယ် ... ညတစ်နာရီလောက်မှာ ဆွတ်ပျံ့ အိပ်နေတုန်း ဘန်ဒွတ်တို့ ထပ်ရောက်လာတယ် ... ဆွတ်ပျံ့ အိပ်နေတဲ့အခန်းတံခါးကို ပုတ်ပြီးနှိုးတယ် ... ဆွတ်ပျံ့ထပြီ၊



သူတို့နဲ့ တွေ့တယ် ... တွေ့တွေ့ချင်း ကိုမှိုင်းကပြောတယ် စနေထွန်းလွတ်သွားပြီတဲ့ ... ထွက်ပြေးလွတ်မြောက်သွားတာ သူတို့လူတစ်ယောက်နှစ်ယောက်ဒဏ်ရာရခဲ့တယ် ... စနေထွန်းကို သတ်ဖို့လည်း မရည်ရွယ်ခဲ့ပါဘူးတဲ့ ... ဒီတော့ ကျွန်မက ဒေါသနဲ့ပြန်ပြောခဲ့တယ် ... ဩော် ... သတ်ဖို့ မရည်ရွယ်ခဲ့လို့ ရှင်က သေနတ်ကြီးနဲ့ ချိန်ခေါ်ခဲ့တာပေါ့လို့ ပြောတော့ ... သူက ရယ်ပြီး သူ့သေနတ်ကိုထုတ်ပြတယ် ကိုမှိုင်းကလေ ... ကိုမှိုင်းက ဒီသေနတ်ဟာ အစစ်မဟုတ်ပါဘူး ... ရုပ်ရှင်ထဲမှာ အသုံးပြုတဲ့ သေနတ်အတုကြီးပါတဲ့"

"သေချင်းဆိုး ... ခွေးကောင် ငါ့ကိုစီးသွားတယ် ... ငါက တော့ တကယ့်သေနတ်ထင်လို့ ... "

စနေထွန်းက ရေရွတ်တော့ မင်းစိုးထိုက်က ပြုံးမိသည်။ ပြီးမှ သူက စကားရပ်သွားသော ဆွတ်ပျံ့အား ဆက်ပြောဖို့ ခေါင်းညိတ်ပြလိုက်သည်။

"ကို လွတ်သွားတယ်ဆိုတော့ ဆွတ်ပျံ့လည်း ဝမ်းသာသွားတယ် ... ဩော် ... ပြောဖို့မေ့နေတယ် ... ဒီတစ်ခါတော့ သူတို့လာတာ နှစ်ယောက်မဟုတ်ဘူး ... သုံးယောက်ပဲ မိန်းကလေးတစ်ယောက်လည်း ပါလာတယ် ... "

"ဟုတ်လား ... ဟုတ်ပြီ ... ဟုတ်ပြီ ... ဒါဆိုရင် ကိုယ့်ကို ကယ်ထုတ်ပေးခဲ့တာ ဒီမိန်းကလေးပဲဖြစ်မယ် ... "

စနေက စိတ်အားထက်သန်မှုနှင့် ပြောမိ၏။

"သူက စကားပြောလည်တယ် . ဆွတ်ပျံ့ကိုလည်း ရိုရို

www.burmeseclassic.com

www.burmeseclassic.com



သေသေဆက်ဆံတယ် ... သူကပဲ ဘန်ဒွတ်နဲ့ ဆွတ်ပျံ့ကို စေ့စပ်ပေးတယ်... တကယ်လို့ ဆွတ်ပျံ့က သူတို့နဲ့ပူးပေါင်းဖို့ သဘောတူမယ်ဆိုရင် ဘန်ဒွတ်က ဆွတ်ပျံ့ကို ဒေါ်လာနှစ်ထောင်အရင်ပေးထားမယ် ... ရေပုံက ဆွတ်ပျံ့လက်ထဲမှာပဲထားမယ် ... သူတို့က ရေယာဉ်တစ်ခုခုကို ငှားမယ် ဒီရေယာဉ်နဲ့ ဆွတ်ပျံ့ရဲ့လက်ထဲက ရေပုံအရ ကူဒူးနားကျွန်းကိုသွားမယ် ... ပြဒါးရှင်ကိုရခဲ့ရင် ဘန်ဒွတ်က ဆွတ်ပျံ့ကို ဒေါ်လာငါးသောင်းထပ်ပေးမယ် ... ဆွတ်ပျံ့ကိုမြိတ်အထိ ဒါမှမဟုတ် စစ်တွေအထိ လိုက်ပို့ပေးမယ် ... ပြဒါးရှင်ကို မရခဲ့ရင် ဆွတ်ပျံ့ဒီဒေါ်လာနှစ်ထောင်နဲ့ပဲ ကျေနပ်ရမယ် ... ဒါကို သူနဲ့အတူပါလာတဲ့ မိန်းကလေးက နှစ်ဦးသဘောတူ ပေါင်းလုပ်ကြဖို့ ဆက်သွယ်ပေး စေ့စပ်ပေးတဲ့သဘောပဲ ... ဆွတ်ပျံ့လည်း သဘောတူလိုက်တယ်... ကိုကကော... "

သူ့ကိုမေးလာသောစကားအခြေအနေကို စနေက ပြန်မပြောသေးဘဲ သူသိချင်တာကို မေးသည်။

"အဲဒီမိန်းကလေးက ဘယ်သူလဲ ... "

"သိုက်သရဖီတဲ့ ... "

◈⦿◈



## ဇာတ်လမ်းစဉ်(၁၀)

စနေက သိုက်သရဖီ၏အစ်ကိုမင်းစိုးထိုက်ကို လှမ်းကြည့်သည်။ သိုက်သရဖီဆိုတာတော့ ယုံမှားစရာမရှိ။

ယမန်နေ့ညက ရခဲ့မိသောအနံ့နှင့် သိုက်သရဖီခေါင်းမှထွက်သော အမွှေးနံ့က တူညီခဲ့တာကိုက စနေထွန်းအတွက် စဉ်းစားစရာဖြစ်နေဆဲမှာ ယခုလို သူမဖြစ်ကြောင်းသိရတော့ စနေမအံ့ဩမိပါ။

ဒါပေမဲ့ သည်ကိစ္စတွင် သူမဘယ်လိုပါဝင်ပတ်သက်ခဲ့ရသည်ကို စနေစဉ်းစားမရ။

ဒါကြောင့် မင်းစိုးထိုက်ကို ကြည့်မိခြင်းပါ။

သည်တော့ မင်းစိုးထိုက်ကပဲ ပြောပြ၏။

"ကိုမှိုင်းအိမ်က ကိုစနေထွက်လာချိန်မှာ မိသိုက်ကို ကျွန်တော်လမ်းထိပ်မှာကော ပတ်ဝန်းကျင်မှာပါ ရှာမတွေ့ဖြစ်နေတုန်း ... ကိုမှိုင်းက ကိုစနေထွန်းရဲ့ကားနဲ့ ထွက်သွားတာကို တွေ့တယ် ... ကျွန်တော်လည်း ကိုမှိုင်းကို[illegible]သ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တုန်း ကိုစနေထွန်းနဲ့ ထွက်သွားတော့ ဘယ်ကိုသွားမလဲ ဆိုတာ သိချင်တယ် ... ဒါနဲ့ တက္ကစီကားတစ်စီးလာတာ တွေ့လို့ အဲဒီတက္ကစီကားစီးပြီး ကိုစနေထွန်းတို့နောက် နောက်ယောင်ခံလိုက်တယ် ... ကျွန်တော့်အတွက် အကြောင်းလျော့ညီသွားတာက တက္ကစီမောင်းတဲ့လူက ကျွန်တော့်အသိဖြစ်နေလို့ပဲ ... ဖောင်ကြီးဘက်သွားတဲ့ ကားလမ်းက ရွာကလေးနားရောက်တော့ ကိုစနေထွန်းတို့ ကားရပ်ပြီး ကိုစနေထွန်းရော ကိုမှိုင်းပါ ဆွတ်ပျံ့ကို ချုပ်နှောင်တဲ့ ရွာပြင်ကအိမ်ဆီသွားတာတွေ့တယ်... ကျွန်တော့် အတွက် အထူးအဆန်းပေါ့လေ... ကိုမှိုင်းကိုလည်း မသင်္ကာ ဘူး... ဒါနဲ့နောက်ယောင်ခံ လိုက်ချောင်းတာပေါ့... ခြံထဲ အထိ ကျွန်တော်ဝင်ခဲ့တာ သူတို့မသိခဲ့ကြဘူး... ခင်ဗျားနဲ့ ဆွတ်ပျံ့ကို သူတို့ပြောကြတာတွေ ကျွန်တော် ကြားခဲ့ တယ်... ဆွတ်ပျံ့ကိုကော ခင်ဗျားကိုကော ကျွန်တော် ကယ်ချင်တယ် ... ဒါပေမဲ့ ကျွန်တော်က ဘုန်းမောင့် တစ်ယောက်တည်းရယ်လေ... လူစွမ်းကောင်းသွားလုပ် လို့ကတော့ ကျွန်တော်ပဲခံသွားရမယ်ဆိုတာသိတယ် ... တိတ်တိတ်ကလေး ပြန်လာတယ်... ဘာလုပ်ရမယ်ဆိုတာ စဉ်းစားလို့ မရဘူး... "

"ရဲကိုသွားတိုင်မယ်လို့တော့ စိတ်ကူးလိုက်တယ်... ဒါပေမဲ့ ခင်ဗျားတို့ကို ဘန်ဒွတ်တို့က ဘာမှမနှိပ်စက်မညှင်းပန်းဘဲ ဧည့်သည်တစ်ယောက်လိုပဲ ပြောနေတော့ ရဲကိုသွားတိုင်



ဦး... ရဲကို သူတို့က လှည့်ကွက်လုပ်ချင်လုပ်မယ်... ဒီတော့ မတိုင်ဘဲ ကျွန်တော်ပဲ ကိုယ်တိုင်ကယ်ဖို့ ဆုံးဖြတ်လိုက် တယ်... ကျွန်တော့်ခေါင်းထဲမှာ ကိုယ့်ညီမအကြောင်းကို မတွေးနိုင်တော့ဘဲ ဆွတ်ပျံ့အကြောင်းပဲ တွေးခဲ့မိတယ်... ဆွတ်ပျံ့က ကျွန်တော့်ချစ်သူကိုး... "

ပြောစဉ် မင်းစိုးထိုက်က ဆွတ်ပျံ့ကို တစ်ချက် ကြည့်လိုက်၏။ နောက်မျက်နှာလွှဲလိုက်သည်။ ဆွတ်ပျံ့က မျက်လွှာ ကလေးချကာ ကြမ်းခင်းကိုပဲ ငေးစိုက်ကြည့်နေ၏။

စနေကတော့ သက်ပြင်းကို သဲ့သဲ့ကလေးကြိတ်ချ သည်။

"ဒါပေမဲ့ ကုသိုလ်ကံ ကောင်းချင်တော့ တောင်ဥက္ကလာထဲ အဝင် ဘောလီတံတားဘေးမှာ သိုက်သရဖီနဲ့သွားတွေ့ တယ်... နေပူပြင်းထဲမှာ ညီမလေးဟာ ခေါင်းကလေးငိုက် ဆိုက်ထား... ပိုက်ဆံအိတ်ကလေး စလွယ်လွယ်ပြီး လျှောက်နေတယ်... ဒီအချိန်မှာ သူဟာကျောင်းတက်ရဦးမဲ့ အရွယ်ပါ... ရှိရင် နောက်ဆုံးနှစ်ပေါ့... ခုတော့ ကျောင်း တောင်မနေရှာဘဲ အိမ်စီးပွားရေးအတွက် သူ့ဘဝလေးပျက် လုဆဲဆဲမှာ ကုသိုလ်ကံကောင်းလို့ လွတ်သွားခဲ့ရတာပါ... ကျွန်တော် ဒါတွေတွေးပြီး ရင်ထဲနင့်သွားတယ်... တာဝန် အရှိဆုံးက ကျွန်တော်ပါ... ကျွန်တော်က ကိုယ်ပျော်ဖို့ ကိုယ်သုံးဖို့နဲ့ တစ်ကိုယ်ကောင်းဆန်ခဲ့မိတယ်... ညီမလေး ကို ကျွန်တော် သနားသွားတယ်... ဒါနဲ့သူ့ဘေး ကားထိုးရပ်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းလိုက်တယ်… တက္ကစီပေါ်က ကျွန်တော့်ကိုလည်း မြင်ရော ညီမလေးက ပြေးမယ်လုပ်တယ်… ကျွန်တော်က သူ့ကို အတင်းခေါ်ရတယ်… နောက် ကျွန်တော့်အမှားတွေကိုလည်း ပြောပြရော သူက လမ်းပေါ်မှာပဲ ကျွန်တော့်ကို ဖက်ပြီးငိုတယ်… လမ်းသွားလမ်းလာ တချို့က ကြည့်တာပေါ့ဗျာ… ဘယ်လိုထင်ကြမလဲ မသိဘူး… ဒါနဲ့သူ့ကို တက္ကစီကားပေါ်တက်ခိုင်းပြီး ကားပေါ်မှာပဲ ချော့ရတာပေါ့… နောင်ကိုအိမ်မှာနေဖို့နဲ့ အိမ်တာဝန်ကို ကျွန်တော်ယူမဲ့အကြောင်း သူ့ကိုပြောပြရတယ်… မိသိုက်နဲ့ကျွန်တော် အစာမကြေမဖြစ်ကြဘဲ ပြေလည်သွားတယ်ပေါ့ဗျာ… ဒါနဲ့ကျွန်တော် မိသိုက်ကို အိမ်ပြန်ပို့မယ်အလုပ် စိတ်ကူးတစ်ခုရလာတာနဲ့ လက်ဖက်ရည်ဆိုင်တစ်ခုထဲကို ခေါ်သွားတယ်… တက္ကစီကားကို ကားခရှင်းပြီး ပြန်လွှတ်လိုက်တယ်… ”

“ခင်ဗျားနဲ့ ဆွတ်ပျံ့အဖမ်းခံရတဲ့အကြောင်း ကယ်ချင်တဲ့အကြောင်းတွေ ပြောမိတယ်… ပြောမိတာက မိသိုက်ဟာ ကူညီချင်တဲ့ စိတ်ဓာတ် အနစ်နာခံနိုင်တဲ့ စိတ်ဓာတ်ရှိတယ် သတ္တိရှိတယ်… အကြံဉာဏ်လည်း ပေးနိုင်တယ်… ပြီးတော့ ကိုမှိုင်းနဲ့ နွယ်နေတာကိုလည်း သိတယ်… ကျွန်တော်က အစ်ကိုပေမဲ့ မျက်နှာပူပူနဲ့ပဲ မေးရတယ်… ဒီတော့ သူက ကိုမှိုင်းဟာ သူ့အပေါ်စွဲစွဲလန်းလန်းဖြစ်နေတာ… သူ့အပေါ် ယုံကြည်တာတွေ ရှိတယ်… သူ့ဘဝလန်းလန်းဆန်းဆန်း၊



မပျက်စီးသေးပါဘူးတဲ့… ညီမလေး မလိမ်ဘူးဆိုတာ ကျွန်တော် သိတယ်… အဲဒီမှာ သူကအကြံဉာဏ်ပေးတယ်၊ ကိုမှိုင်းကို သူရှာမယ်တဲ့… ဖေါင်ကြီးကားလမ်းနားကရွာကိုအရောက် ခေါ်သွားနိုင်အောင် ကိုမှိုင်းကို အယုံသွင်းလိုက်မယ်တဲ့… ပြီးတော့ ခင်ဗျားတို့ကို အထဲကနေ ကယ်လွှတ်လိုက်မယ်… ကျွန်တော်ကတော့ အပြင်ကနေ ကူညီပေါ့ဗျာ… ”

“အေးဗျာ… ခင်ဗျားတို့ မောင်နှမကို တကယ်ကျေးဇူးတင်စရာပဲ… ဆွတ်ပျံ့ကော သူတို့ကို ကျေးဇူးမတင်ဘူးလားဟင်… ”

“တကယ်ကျေးဇူးတင်တာပေါ့ ကိုယ်ရယ်… သိုက်သရဖီ ညိုပေးလို့ ဘန်ဒွတ်နဲ့ ဆွတ်ပျံ့နားလည်မှု ယူကြတယ်… ဒီမနက်မှာပဲ သူတို့က ဆွတ်ပျံ့ကို အိမ်အထိ လိုက်ပို့ခဲ့ကြတယ်… ဒီအကြောင်းတွေကိုလည်း ကိုယ်နဲ့ ဆွတ်ပျံ့သာသိတာမို့ ဘယ်သူ့ကိုမှ မပြောပါဘူး… ရဲကိုလည်း မတိုင်ပါဘူးလို့ ကတိပေးခဲ့ရတယ်… ဒီညနေငါးနာရီမှာ သူတို့အိမ်ကို လာကြလိမ့်မယ်… သူတို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဆွေးနွေးကြလိမ့်မယ်… ”

“ဒါဆိုရင် ကိုယ်ကတော့ ရှိနေသင့်တာပေါ့… ”

“ကိုတစ်ယောက်ပဲ ဆွတ်ပျံ့နားမှာ ရှိစေချင်တယ်… လူပိုတွေဆိုရင်တော့ သူတို့လက်ခံမှာ မဟုတ်ဘူး… ”

သည်စကားကိုအပြောတွင် ဆွတ်ပျံ့က မင်းစိုးထိုက်

www.burmeseclassic.com

www.burmeseclassic.com



ကို မဝံ့မရဲကြည့်သည်။ သူမမျက်လုံးကလေးများထဲတွင် တောင်းပန်သောအသွင် အားနာသော အသွင်ပါသည်။

"ကိုစိုးနားလည်ပါတယ်... ဆွတ်ပျံ့ရယ်... ကိုစိုးမလာပါဘူး ဒါပေမဲ့ ကိုစိုးနဲ့တော့ ဆွတ်ပျံ့အဆက်အသွယ် ရှိနေစေချင်တယ်... "

ကိုစိုးက ချစ်ဦးသူ။

ကိုစိုးကို မလာပါနဲ့လို့ ပြောဖို့မှာ ဘယ်လိုမှ မစွမ်းသာ။

သူမက ဖြည်းလေးစွာခေါင်းလေးကို ညိတ်လိုက်သည်။ ကိုမင်းစိုးထိုက်နှင့် ပတ်သက်၍ စနေထွန်းက ဘယ်လိုမှ ဝင်မပြောပါ... သူသည် ဒုတိယချစ်သူပဲဟူသော အသိကနှလုံးသားတွင် အညောင့်ကလေးများ မပေါက်အောင်တော့ သတိထားသည်။

ထိုအညောင့်ကလေးတွေက မနာလိုစိတ်ပဲ ဖြစ်၏။

စနေသည် ငယ်စဉ်ကတည်းမှ မနာလိုစိတ်ကို မထားခဲ့ပါ။ မနာလိုစိတ်ဆိုတာ ကိုယ့်ထက်အရာရာမှာ သာသွားလျှင် မကောင်းသောစိတ်နှင့် မရှုစိမ့်နိုင်သောစိတ်ဖြစ်သည်။

ထိုစိတ်မျိုးသည် လူတစ်ရာမှာ တစ်ရာလုံးမဟုတ်တောင် ကိုးဆယ့်ကိုးယောက်ကတော့ ရှိတတ်ကြသည်။

ဒါကြောင့် ကိုးဆယ့်ကိုးယောက်တွင် မပါဝင်အောင် စနေထွန်းက အမြဲစိတ်ကို ဖြူစင်အောင် ကြိုးစားတတ်သည်။

သူက ဆွတ်ပျံ့အား ကုမ္ပဏီသို့ လိုက်မလားဟု မေးသည်။ သူရောက်နေချိန်မှာ တစ်နာရီခွဲရှိပြီး နေ့လယ်ချိန်။



နွမ်းနယ်နေသော ဆွတ်ပျံ့က မလိုက်နိုင်သေးပါ။ ကုမ္ပဏီအမည်ပေါက် အပြောင်းအလဲကိစ္စကို နှစ်ရက်သုံးရက် ကြာပြီးမှ လုပ်ပါဟုပြောသည်။

စနေထွန်းက မင်းစိုးထိုက်အား ကားနှင့်ပင် ခေါ်လာ၏။

ဆွတ်ပျံ့နှင့် ပတ်သက်၍ တစ်ယောက်မှ စကားမပြောကြပါ... မင်းစိုးထိုက်လိုသောနေရာတွင်သာ ချပေးခဲ့၏။ ကားပေါ်မှ အဆင်းတွင် မင်းစိုးထိုက်က စနေထွန်းကို စေ့စေ့ကြည့်၍...

"ကိုစနေထွန်း... ခင်ဗျားနဲ့ဆွတ်ပျံ့ ဘန်ဒွတ်တို့နဲ့လုပ်ရာမှာ ဘာတွေ လုပ်ကိုင်တယ်ဆိုတာ ကျွန်တော့်ကို မေ့မထားပါနဲ့ဗျာ... "

"စိတ်ချပါ... ခင်ဗျားတို့မောင်နှမကို ကျွန်တော်ယုံကြည်ပြီးသားပါ... သိုက်သိုက်ကိုလည်း ကျွန်တော့်ကို ကယ်ခဲ့တာ ကျေးဇူးမမေ့ပါဘူးလို့... ခင်ဗျားကိုလည်း ကျေးဇူးတင်တယ်... "

"အေး... ကျေးဇူးတင်ရင် ပို့မယ်ပို့ ကူးတို့ရောက်အောင်ပို့ ဆိုသလို ကျွန်တော့်ကူညီမှုတွေကို အစအဆုံး ဖြစ်စေချင်တယ်... "

"ဆွတ်ပျံ့အတွက် မဟုတ်လား... "

ပထမဆုံးအကြိမ် စနေက ဆွတ်ပျံ့အမည်သုံးလာသည်။

"ဟုတ်တယ်... ဆွတ်ပျံ့အတွက်ပဲ... ဘန်ဒွတ်တို့ကို ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော် စိတ်မချဘူး... "

မင်းစိုးထိုက်ကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောချသည်။

"ကျွန်တော်ရှိပါတယ်... "

"နှစ်ယောက်ဆိုတော့ ပိုမကောင်းဘူးလား... "

"ဆွတ်ပျံ့ကို ကာကွယ်ပေးချင်တာလား... "

"ဟုတ်တယ်... "

"ခင်ဗျား ချစ်နေတုန်းပေါ့... "

"ဆွတ်ပျံ့ကို ကျွန်တော်က ပစ်သွားတာ မဟုတ်ဘူး... သူက ခွာသွားတာ... "

"ဘာလဲ... သူ့ကိုကာကွယ်ပေးမယ်ဆိုပြီး ကြိုးစားဦးမှာလား... "

ထိုစကားသည် စနေထွန်း၏ နှုတ်မှမပြော။ ရင်ထဲမှာပဲပြောမိ၏။

စနေက ဖြည်းလေးစွာ သူ့စကားကို အသိအမှတ်ပြုသလို ခေါင်းညိတ်လိုက်သည်။

"သွားမယ်... ကိုစနေထွန်း... "

နေပူထဲမှာပဲ မင်းစိုးထိုက်တစ်ယောက် ခေါင်းငိုက်စိုက်ချကာ ဟံသာဝတီလမ်းဘက် ဝင်သွားသည်အထိ စနေစောင့်ကြည့်နေသည်။ ပြီးမှ ကုမ္ပဏီဘက်ကို ကားကိုမောင်းလာ၏။

ကုမ္ပဏီသည် သူ့ကုမ္ပဏီမဟုတ်ငြားသော်လည်း ရှယ်ယာထည့်ဝင်ချိန်မှစ၍ စနေကကုမ္ပဏီလှုပ်ရှားမှုတွေကို လုပ်ခဲ့



ရာ စနေမှာ ဦးကေသရာ၏ ပြောဆိုထားမှုကြောင့် မန်နေဂျင်းဒါရိုက်တာအဖြစ် ကုမ္ပဏီဝန်ထမ်းတွေက သိထားကြ၏။

ဦးကေသရာ ကွယ်လွန်ပြီးနောက် ထိုကုမ္ပဏီကို ဆက်လက်လုပ်ဖို့ရန် စနေက စိတ်အားထက်သန်နေသလို ကုမ္ပဏီရှိ ဝန်ထမ်းများ၏ စားဝတ်နေရေးမပျက်ပြယ်စေလိုသော စိတ်စေတနာလည်းရှိ၏။

ကုမ္ပဏီ ဝန်ထမ်းများတွင် တစ်ကိုယ်ရေတကာယ သမားတွေက မိမိတို့၏ အိမ်ထောင်စုဖြစ်သော မိဘကိုလုပ်ကျွေးနေသူတွေ သားမယားအိမ်ထောင်စုကို လုပ်ကျွေးနေကြသူတွေရှိ၏။

အခုဆင့်လစာအားဖြင့် ငါးသောင်းခွဲ၊ ခြောက်သောင်းနှင့် အနိမ့်ဆုံးတစ်သောင်းခွဲအထိ ထားရှိပေးထား၏။ တစ်သောင်းခွဲမှာ ဝန်ထမ်းအကူအညီဖြစ်သည်။

ပထမတွင် ကုမ္ပဏီက ရေသန့်ဗူးများ ဖြန့်ဖြူးရာ ရေသန့်ဗူးကားကိုမောင်းသူ ဒရိုင်ဘာနှစ်ယောက်နှင့် ဝန်ထမ်းခြောက်ယောက်ထားရှိပေးထားသည်။

စနေမရောက်မီက ရေသန့်ဗူးတွေမှာ နယ်အထိပေးထားသော်လည်း ရေသန့်ဗူးလုပ်ငန်းကို မနိုင်တော့သဖြင့် ဖြုတ်ပစ်လိုက်ရ၏။

စနေက ရေသန့်ဗူးစက်ကို ပြန်လည်လည်ပတ်ပြီး ဆက်လက်လုပ်ရန် စိတ်ကူးထားရှိ၏။

ဒါကို သူက ဆွတ်ပျံ့နှင့်လည်း တိုင်ပင်သည်။ စနေ

www.burmeseclassic.com

www.burmeseclassic.com



ဂျာ.ဦးလှဌေးမြင့်နှင့်လည်း တိုင်ပင်၏။ ဦးလှဌေးမြင့်သည် တစ်ချိန်က ရေသန့်ဗူးတာဝန်ခံဖြစ်၏။

ကုမ္ပဏီသို့ သွားရောက်၍ ညနေ ငါးနာရီထိုးကာနီး ကုမ္ပဏီပိတ်ချိန်တွင် သူက ဆွတ်ပျံ့ဆီမှ ဖုန်းရရှိသည်။ ဖုန်းခေါ်တာက ဆွတ်ပျံ့ပါပဲ။

သူမအိမ်တွင် ဘန်ဒွတ်နှင့်မောင်မှိုင်း ရောက်ရှိနေကြောင်း အကြောင်းကြားချက်ပဲ ဖြစ်သည်။

စနေသွားတော့ သူတို့နှစ်ယောက်နှင့်တွေ့၏။

သူတို့က စနေကို မပြုံးမရယ်ခပ်တည်တည်ကြည့်သလို စနေကလည်း သူတို့ကို ခပ်တင်းတင်းပဲ ကြည့်ပစ်၏။

"ကိုစနေထွန်းက ကျွန်မရဲ့ ကိုယ်ပွားပါ… သူမသိဘဲ ဘာမှ မလုပ်ချင်ဘူး… မနက်က ဒီကိုကျွန်မရောက်ရောက်ချင်း သူ့ကို အကြောင်းကြားခဲ့ပါတယ်… ဒီကိစ္စမှာ သူပါမှဖြစ်မယ်… "

မြန်မာလိုပဲ ဆွတ်ပျံ့က အေးအေးလေးပဲ ပြော၏။

ဆွတ်ပျံ့သည် စကတ်ထမီနှင့် လည်ဟိုက်ရယ်ဒ်မိတ် လက်ပြတ်အင်္ကျီကလေးကို ဝတ်ထားသည်။ ဘန်ဒွတ်ကို မောင်မှိုင်းက ပြန်ပြော၏။

ဘန်ဒွတ်က အောက်ပါအတိုင်းပြောသည်။

"ကျုပ်တို့ဟာ လူကြီးလူကောင်းတွေပါ မဒမ်ကာလု… ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ပါ… အနာဂတ်မှာ ဖြောင့်ဖြောင့်ဖြူးဖြူးပဲ လက်တွဲသွားဖို့လိုပါတယ်… ကျုပ်တို့ အလုပ်ကို



မနှောင့်ယှက်ဘူးဆိုရင်တော့ ကျုပ်တို့လက်တွဲ သွားဖို့ ဝန်မလေးပါဘူး… ဒါပေမဲ့ အခုကျုပ်တို့လုပ်ရမဲ့ အလုပ်က ခင်ဗျားနဲ့ လုပ်ရမှာပါ… မဒမ်ကာလု… ခင်ဗျားက ညက ညှိနှိုင်းသလို အလုပ်ဖြစ်မယ်ဆိုရင် နှစ်ဦးနှစ်ဖက် အကျိုးပြည့်ဝမှာပါ… "

သူ့စကားကို စနေထွန်း တိုက်ရိုက်နားလည်သော်လည်း ဆွတ်ပျံ့ကတော့ မောင်မှိုင်းမှ တစ်ဆင့်နားလည်ရ၏။

"ကို… ဘယ်လိုသဘောရလဲ… "

စနေထွန်းအား အကြံဉာဏ်တောင်းသလို ဆွတ်ပျံ့က မေးသည်။ စနေထွန်းမှာ စိတ်ကူးတစ်ခုရှိထားသည်။ ဒါကြောင့် စနေက ဆွတ်ပျံ့အား သူမသဘောကျသလို လုပ်နိုင်ကြောင်း ပြော၏။

ဆွတ်ပျံ့က သဘောတူကြောင်းပြောတော့ ဘန်ဒွတ်က ဆွတ်ပျံ့အား ဝမ်းသာအားရလာ၍ လက်ဆွဲနှုတ်ဆက်ကာ ဆွတ်ပျံ့သည် ရုပ်လှသလောက် သဘောကောင်းပြီး ဦးနှောက်ရှိသော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ချီးမွမ်းသည်။

ကိုမှိုင်းက ဆွတ်ပျံ့ကို ကျေးဇူးတင်ကြောင်းပြောသည်။

"ဒါကို ရှင်တို့ကျွန်မတို့ သဘောတူရင် စာချုပ်ကြမလား…"

"ဒီကိစ္စစာချုပ်ဖို့ မလိုပါဘူးဗျာ… ကျုပ်တို့ တစ်ဦးကိုတစ်ဦး သစ္စာမဖောက်ရင် ပြီးစတမ်းပါပဲ… "

ဘန်ဒွတ်က ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုမှိုင်းက သည်စကားမှန်ကြောင်း ထောက်ခံပြောဆို၏။ ပြီးတော့ စနေအားလာရောက်နှုတ်ဆက်ဖို့ ကိုမှိုင်းက လက်ကမ်းလိုက်၏။

"ပြီးခဲ့တဲ့ကိစ္စတွေ မေ့ပစ်လိုက်ပြီး ခင်ဗျားနဲ့ကျွန်တော် မိတ်ဆွေဖြစ်ကြစို့ရဲ့ ကိုစနေထွန်း... "

"လူကြီးလူကောင်းတစ်ယောက်ရဲ့ အိမ်ရာထဲကို ကျူးကျော်ဝင်ရောက်ခဲ့ဖူးတဲ့ သူခိုးတစ်ယောက်ကို ကျုပ်ဘယ်တော့မှ လက်ဆွဲမနှုတ်ဆက်ဘူး... ပြီးတော့ တိုင်းတစ်ပါးသားရဲ့ တပည့်ခံကျွန်ခံတဲ့လူကိုလည်း ကျုပ်က မိတ်ဆွေမမှတ်ဘူး... "

စနေထွန်း၏ စကားတွေက ဇာတိမာန်စကားသက်ရောက်သော်လည်း လူမှုရေးတွင် အနှောင့်အယှက်ဖြစ်စေကြောင်း ဆွတ်ပျံ့က ဝင်ပြော၏။

ကိုမှိုင်းမှာတော့ မျက်နှာကြီး နီထွက်သွားသည်။ ရှက်သွားပုံလည်း ရသည်။

ဒါကို ဘန်ဒွက်ကသိတော့ စနေသည်သဘောထားနုသည့် လူတစ်ယောက်ဖြစ်ကြောင်း ကြေညာသည်။

စနေက မဖြို့ပါ။

"တစ်ခုတော့ ရှိတယ်... မဆွတ်ပျံ့... ဒီလိုပဲ သူကကျုပ်တို့ကို ရန်သူလိုသဘောထားနေရင်တော့ လုပ်ငန်းမှာ အနှောင့်အယှက်ဖြစ်လိမ့်မယ်ထင်တယ်... ကျုပ်တို့ဖြစ်ပါ့မလား... ပြီးတော့ ခင်ဗျားကလည်း သူဟာ ခင်ဗျားရဲ့ ကိုယ်ပွားလို့



ဆိုထားတယ်... "

မကျေမချမ်းသံနှင့် ကိုမှိုင်းက ပြောတော့ ဆွတ်ပျံ့က...

"သူက ခံထားရတာကိုး... လုပ်ထားသူက မေ့နိုင်ပေမဲ့... ခံရသူက မမေ့နိုင်တာဟာ သဘာဝပဲ... သူဟန်ဆောင်သဘောထားကြီးတာကို မပြချင်လို့ ဒီလိုပဲ ပြောလိုက်တာဖြစ်မယ်... စိတ်ချပါ... ကျွန်မတို့လုပ်ငန်းမှာ သူမနှောင့်ယှက်စေရပါဘူး... ကျွန်မကိုယ်ပွားလို့ ပြောထားတယ်မဟုတ်လား... ကျွန်မပြီးရင် သူပြီးတာပါပဲ... ဒါလောက်ဆိုရင် ရှင်နားလည်လောက်ပါပြီ... ရှင့်ကြည့်ရတာလည်း မကျေမချမ်းတဲ့ ပုံပါပဲလားရှင့်... "

"ဒါတော့ ရှက်တာကိုး... ကျုပ်ကို သူခိုးတဲ့... "

"မဟုတ်ဘူးလားရှင့်... "

"ဟုတ်ပါတယ်... ကျုပ်မငြင်းပါဘူး... ဒါကတော့ အခြေအနေအရ လုပ်ရတာကိုး... "

"ခင်ဗျား ဝန်ခံပြီလား... "

"ဘာကို ဝန်ခံရမှာလဲ... "

စနေကိုမျက်မှောင်ကုတ်၍ကိုမှိုင်းကဆိုလေတော့...

"သူခိုးဆိုတာ... "

"ဟုတ်ပါတယ်... ကျုပ်သူခိုးပါ... "

မအီမလည်ကြီးနှင့် ပြောလိုက်သော ကိုမှိုင်းစကားကြောင့် ဆွတ်ပျံ့က ရယ်မောသည်။ သူတို့ဘာတွေပြောတာ ဆို

www.burmeseclassic.com

www.burmeseclassic.com



သော ဆန်ဒွတ်က ငေးကြည့်နေ၏။

"အေး... အဲဒီလို ဝန်ခံစမ်းပါ... ဒါဆိုကျုပ်က ခင်ဗျားကို လူရိုးလူဖြောင့်အဖြစ် သဘောထားနှုတ်ဆက်တယ်... "

စနေက လက်ကမ်းပေးသည်။ မောင်မှိုင်းက ထို လက်ကို ဆွဲကိုင်နှုတ်ဆက်၏။ ပြီးတော့ တစ်ယောက်ကိုတစ် ယောက်သွားဖြီးကြည့်ကြသည်။

ဘေးမှကြည့်နေသော ဘန်ဒွတ်လည်း မျက်နှာ ကြည်သွား၏။ ဘန်ဒွတ်က ဝင်ပြော၏။

"အားလုံးအဆင်ပြေသွားတာ ဝမ်းသာပါတယ်... တစ်ခု တော့ ခွင့်ပြုပါ မစ္စတာထွန်း... "

သည်တစ်ခါတော့ သူက စနေထွန်းအား တိုက်ရိုက် ပဲပြော၏။

"ဘာကိုလဲ... "

"ခင်ဗျား... အဲ... မဒမ်ကာလုရဲ့ အဖေဆွဲထားခဲ့တဲ့ မြေပုံကို ကျုပ်တို့ကို ပြပါဦး... "

စနေက ဆွတ်ပျံ့ကို ကြည့်လိုက်သည်။

"ဘယ်လိုလဲ... ပြလိုက်ရမလား... "

"ပြလိုက်ပေါ့... "

စနေသည် ခေါင်းကို ညင်သာစွာ ညိတ်၍ ယခင်က သူ့အတွက်ပေးထားသော အခန်းထဲ ဝင်သွား၏။ ဝါဟောင်းနေ သော စာရွက်တစ်ရွက်ကို ယူလာသည်။

"အဲဒါပဲ... "



စာရွက်ထဲတွင် ရေလိုင်းများ၊ ကြက်ခြေခတ် အမှတ် အသားများ၊ အရှေ့အနောက်တောင်မြောက် ဆွဲထားပုံများ။

တစ်နေရာတွင် ရခိုင်ကမ်းရိုးတန်းဟု ရေးထား၏။

စာရွက်ကိုကြည့်ကာ ဘန်ဒွတ်က ခေါင်းကိုညိတ်၏။

"ကျုပ်... ကျွန်းသားတစ်ယောက်ပါ... ဘယ်နေရာဘာဆို တာလေ့လာရုံနဲ့ သိပါတယ်... ဒီမြေပုံကို ကျုပ်ကို အပ်ထား မလား... "

"ဝမ်းနည်းပါတယ် မစ္စတာဘန်ဒွတ်... အလုပ်အားလုံး ဘာမှမပြီးသေးခင်မှာ ဒီမြေပုံကို ကျုပ်ခင်ဗျားကို မအပ်နိုင် သေးပါဘူး... "

"မစ္စကာလု(စ်)... "

"အဲ... ခင်ဗျားပြောတဲ့ နတ်ဘုရားမဒမ်ကာလု(စ်)ကလည်း ကျုပ်နည်းတူပါပဲ... "

"ကျုပ်မှာ ဒေါ်လာနှစ်ထောင် စရန်ပေးထားတာလေ... "

"မှန်ပါတယ်... ဒီမြေပုံက ဒေါ်လာနှစ်ထောင်ထက် တန်ပါ တယ်... နောက်တော့... "

"ကိုစနေထွန်း... ကျွန်တော်တို့ တစ်ယောက်ကို တစ် ယောက် ယုံကြည်ဖို့ လိုတယ်ဗျ... "

ကြားမှ ကိုမှိုင်းက ဝင်ပြော၏။ စနေက ဆွတ်ပျံ့ကို ကြည့်သည်။ ဆွတ်ပျံ့က ခေါင်းညိတ်ပြသည်။

သည်တော့မှ စနေက မြေပုံပါသော စက္ကူကို ဘန် ဒွတ်အား ပေးအပ်လိုက်သည်။ ဘန်ဒွတ်က ကျေးဇူးတင်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောၡ် ဆွတ်ပျံ့ကို ဦးညွတ်၏။

ကျေနပ်ပုံလည်း ရသွား၏။

သူတို့ထွက်သွားသောအခါ စနေထွန်းရော ဆွတ်ပျံ့ပါ နှစ်ယောက်သား အားပါးတရ ရယ်မောကြသည်။

ဘန်ဒွတ်ကို ပေးလိုက်သော ရေပုံမှာအတုဖြစ်နေသောကြောင့်ပေတည်း။

◇⊙◇



## ဇာတ်လမ်းစဉ်(၁၁)

"ဩော်... အစ်ကိုရယ် ဘာတွေလုပ်လာပြန်တာလဲ... "

"ကျေးဇူးရှင်ကို ကျေးဇူးဆပ်တာလေ... "

"ဟယ်... အစ်ကို... အဲဒီလိုတော့ မလုပ်နဲ့... "

"မရဘူး... တို့ကိုစွန့်စွန့်စားစား ကူညီခဲ့တာ... ညီမတစ်ယောက်တည်းပဲရှိတယ်... အဲဒီညက ညီမကို ကိုမှိုင်းတို့ မိလိုက်ရင် မလွယ်ဘူးနော်... "

အိမ်ရှေ့စားပွဲပေါ်တွင် မိန်းမဝတ် ရယ်ဒီမိတ်အဝတ်အစားတွေ၊ အထည်တွေ၊ ပိုက်ဆံအိတ်လှလှကလေးနှစ်လုံး၊ စားသောက်စရာတွေ။

စနေထွန်းက သိုက်သရဖီကို တွေ့ရှိပြီးနောက် ပေးအပ်ခြင်းဖြစ်သည်။ သိုက်သရဖီမှာ အားနာနာနှင့် ငြင်းဆိုသည်။

"သိုက်သိုက် ကူညီခဲ့တာ... လူလူချင်း မျှတတဲ့အခွင့်အရေးတစ်ရပ်အနေနဲ့ ကူညီခဲ့တာပါ... ဘာကိုမျှ မမျှော်ကိုးပါဘူး အစ်ကိုရာ... "

www.burmeseclassic.com

www.burmeseclassic.com



"မမျှော်လင့်ပေမဲ့ တို့က အလိုက်သိရမယ် သိုက်သိုက်... မနေ့က သိုက်သိုက်နဲ့ တွေ့တာတောင် သိုက်သိုက်မသိ ဟန်ဆောင်တယ်... ဒါပေမဲ့ သိုက်သိုက်ခေါင်းမှာ ဆွတ်ထားတဲ့ အမွှေးနံ့ကိုတော့ သိုက်သိုက်မဖျောက်နိုင်ဘူး...စပရေးဆီနံ့ပဲလေ... နှင်းဆီမွှေးနံ့ပေါက်နေတာ... "

သိုက်သိုက်က စနေထွန်း၏ ပါးနပ်ပုံကိုအံ့ဩသလို ကြည့်နေ၏။

"မနေ့ကမှ ဆွတ်ပျံ့နဲ့တွေ့မှ သိုက်သိုက်မှန်း သိလိုက်တာ... ကိုမင်းစိုးထိုက်ကလည်း အကြောင်းစုံ ပြောပြတယ်လေ... ဒီတော့ ကျေးဇူးရှင်မလေး သိုက်သိုက်ကို ကျေးဇူးတင်ပါတယ်ဆိုပြီး ပါးစပ်နဲ့ ပြောလို့မပြီးဘူး... ဒါကြောင့် ကျေးဇူးတင်ခြင်း လက်ဆောင်တွေ ယူလာတာ... "

သိုက်သိုက်သည် စနေထွန်းအား အဓိပ္ပါယ်တစ်မျိုး သက်ရောက်သော မျက်လုံးတို့နှင့် ကြည့်၏။

"ဒါထက် အန်တီရော... "

"ဆန်သွားဝယ်တယ်... "

"ကိုမင်းစိုးထိုက်ကော... "

"ကားပွဲစားတန်းကို သွားတယ်... ဒီကားပွဲစားတန်းက အောက်ကားတွေ များလွန်းလို့ မစွံဘူးတဲ့... စားကျက်ပြောင်းမယ်ပြောနေတယ်... "

"သိုက်သိုက်ကရော... "

"သိုက်သိုက်က... "



ပြောရင်း တစ်နေ့ကအဖြစ်ကို ပြန်ပြောင်းတွေးမိဟန်နှင့် မျက်နှာကလေးညိုသွားသည်။ ငိုမဲ့မဲ့ကလေးဖြစ်သွား၏။

အဲသည် ငိုမဲ့မဲ့ကလေးဖြစ်သွားတာကိုက တစ်မျိုးချစ်စရာကောင်းသည်။

"သိုက်သိုက်က စိတ်ဓာတ်လည်းကောင်းတယ်... စာရိတ္တလည်းကောင်းတယ်လို့ ကိုမင်းစိုးထိုက်က ပြောတယ်... သိုက်သိုက်တက္ကသိုလ်က ဒုတိယနှစ် ထွက်လိုက်ရတယ်ဆို... "

သိုက်သိုက်က ခေါင်းလေးညိတ်ပြ၏။

"ဒီလိုလုပ်... တို့ကုမ္ပဏီမှာ သိုက်သိုက်ဝင်လုပ်... ပထမတော့ ဝန်ထမ်းအကူပေါ့နော်... သိုက်သိုက်ကို နှစ်သောင်းပေးမယ်... နောက်ပို့စ်နေရာရရင် အဲဒီမှာ ထည့်ပေးပြီး လစာပါတိုးပေးမယ်... "

"အစ်ကို တကယ်ပြောတာလားဟင်... "

သိုက်သိုက်မျက်နှာလေးမှာ လင်းသွားသည်။ မေးလိုက်သံကလေးပင် ဝမ်းသာအားရရှိလှသည်။

"တို့ ဆွတ်ပျံ့နဲ့လည်း ဆွေးနွေးပြီးပါပြီ... သူကသဘောတူတယ်... ဆွတ်ပျံ့ကလည်း သိုက်သိုက်ကို ထပ်တွေ့ချင်နေသေးတယ်... "

"ဆွတ်ပျံ့... သြော်... သိပြီ... ဟိုအစ်မ... သူကအစ်ကိုနဲ့ဘာတော်သလဲဟင် အစ်ကို... "

သူမမျက်လုံးကလေးတွေမှာ စိတ်အားထက်သန်မှု

www.burmeseclassic.com

www.burmeseclassic.com



နှင့်ဝင်းဝင်းလက်နေသည့်ပုံ။

စနေက ပြုံးလိုက်၏။ သူနှင့်ဆွတ်ပျံ့သည် ချစ်သူများဖြစ်ကြောင်း ပြောတော့မည်ဟုပြုပြီးမှ မင်းစိုးထိုက်ကို အားနာမိသည်။

"သူက အစ်ကို့မိတ်ဆွေပါ... တို့နဲ့သူနဲ့က ကုမ္ပဏီပါတနာတွေပါ... သူရောကိုယ်ပါ ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာတွေပါ သိုက်သိုက်... "

တစ်စုံတစ်ခု မျှော်လင့်နေရာ ယခုမှ စိတ်သက်သာရာရသွားသလို သိုက်သိုက်က သက်ပြင်းကလေး ကြိတ်ချလိုက်၏။

"အစ်မကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုက်ပါ... တစ်ပတ်နှစ်ပတ်ဆို ဖြစ်လိမ့်မယ် ထင်တာပဲ... "

သူမထင်မြင်ချက်နှင့် သူမပြောနေသည်။ သူမတကယ်အလုပ်လုပ်ချင်နေမှန်းသိတော့ စနေက နှစ်ခြိုက်စွာ ပြုံးလိုက်၏။

"ဒီလောက်ကလေးပါပဲ... "

"ခဏနော် အစ်ကို... "

သိုက်သိုက်က အိမ်တွင်းဝင်သွားသည်။ သိုက်သိုက်ပြန်ထွက်လာသောအခါ စတီးဗန်းတွင် ယမန်နေ့ကလိုပဲ တီးမစ်(စ်)က ပါလာ၏။

စနေထွန်းက တီးမစ်၊ ကော်ဖီမစ်တို့ကို မကြိုက်။ ဒါတွေက ရောဂါကိုပေးလွန်း၏။

တောင်ဒဂုံတွင် နေထိုင်သော သူ့မိတ်ဆွေ၏ဖခင်



ဦးသောင်းသည် ကော်ဖီမစ်ကို အင်မတန်ကြိုက်သည်။

စနေထွန်းကလည်း ဝယ်ပေးသည်။ သူ့မိတ်ဆွေကလည်း ဝယ်ပေး၏။

အဘိုးကြီးက သောက်သည်။ သောက်တာကြာတော့ အသက်ရှူကြပ်သော ရောဂါပေါ်လာသည်။

ဒါကြောင့် စနေက ဒါတွေကို အိမ်မှာမသောက်။

ကပ်စေးနဲလို့ ပြောချင်ပြောကြပါစေ။ နံနက်တိုင်း သူ့အိမ်မှာဆို ဘလက်ကော်ဖီကို သံပုရာရည် ညှစ်ထည့်သောက်တတ်၏။

တစ်ခါတစ်ရံမှသာ မော်ဒန်တို့လို သပြေရိုပ်တို့ဆီမှာ လက်ဖက်ရည်သွားသွား သောက်တတ်၏။

ဒါပေမဲ့ သိုက်သိုက်ဖျော်ပေးသော ကော်ဖီမစ်ကို မငြင်းပယ်ပါ။ သူမတောင် ကိုယ့်လက်ဆောင်တွေကို လက်ခံခဲ့တာပဲလေ။

"သိုက်သိုက်အကောင်းဆုံးဖျော်ပေးတာအစ်ကိုရဲ့...ကောင်းပါတယ်နော်... "

"ဟာ... ကောင်းပြီလေ... ဒီလက်ရာမျိုးနဲ့ဆို လူတွေ... "

"လူတွေ ကြိုက်ကြမှာပဲနော်... "

"သောက်ပြီး လူတွေထွက်ပြေးကုန်ကြလိမ့်မယ်... "

သူ့စကားကြောင့် ကောင်မလေးက တခစ်ခစ် ရယ်သည်။ စနေက မိန်းကလေးတွေနဲ့တွေ့လျှင် ခင်မင်အောင် နောက်တတ်ပြောင်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြရပါလျှင် သူနှင့် သိုက်သိုက်သည် ထိုရောအခါ မှစ၍ ငယ်ပေါင်းကြီးဖော်တွေလို ရင်းနှီးသွားခဲ့ကြပါသည်။

သိုက်သိုက်သည် အလှကြိုက်မလေးလို့ သူ့အစ်ကိုက ဆိုခဲ့သည်။ မှန်လည်းမှန်ပါသည်။

လူကမချမ်းသာသော်လည်း အလှကုန်ပစ္စည်းတွေကိုတော့ မက်မက်မောမော ဝယ်တတ်သည်။ သူမကိုယ်ကို လှပမွေ့ယဉ်ပေ့ဆိုသည့် အဝတ်အစားတွေကို ဆင်တတ်သည်။

သူမ၏ ကိုယ်လုံးကလေးနှင့် မျက်နှာကလေးကို လှအောင်ပြင်နေတတ်သည်။

အစားအစာကို ဝမှာဆိုပြီးတော့ လျှော့စားတတ်သည်။ အဆီအစိမ့်တွေကို ရှောင်သည်။ သူမကိုယ်လုံးကလေးကို မော်ဒယ်တန်းဝင်အောင်ပြုစု၏။

ဩော်... ဒါလည်း ဝဋ်တစ်မျိုးပါလားနော်...

အဲသည် ကောင်မလေးက ချောမောသော စနေထွန်းကို ရင်ထဲမှာ စိတ်ဝင်တစား သိမ်းဆည်းထားမိသည်ဆိုလျှင် အပြစ်မဆိုပေ။

စနေထွန်းကတော့ ဒါတွေသိချင်မှသိမည်။

သိလည်း မတုန်လှုပ်။

သူ့ကိုချစ်ခဲ့ကြိုက်ခဲ့သော တစ်ဖက်သက်မိန်းကလေးတွေရှိခဲ့ဖူးသပေါ့။ မိမိ၏ ချောလှမှု၊ မိန်းကလေးတွေချစ်ကြိုက်မှုဆိုတာကလည်း ဘက်မမီသော ပါရမီတစ်မျိုးပါပဲ။

သူမက စနေကိုချစ်ခဲ့မိသော်လည်း စနေက စိတ်



မဝင်စားပါ။ သူစိတ်ဝင်စားတာ ဆွတ်ပျံ့ကေသရာရယ်၊ သူလုပ်ရမည့် အလုပ်တွေရယ်။

အဲသည်အထဲမှ ကူဒူးနားကျွန်းသို့ သွား၍ ပြဒါးရှင်ကို ရှာဖွေယူရမည့်အလုပ်ပါ ပါဝင်လာသည်။

သူက ဘာန်ဒွတ်နှင့် မောင်မှိုင်းကို နှစ်သက်သည် မဟုတ်။

ဆွတ်ပျံ့၏ သဘောတူမှုအခြေအနေကြောင့်သာ လက်ခံလိုက်ခြင်းဖြစ်သည်။

တစ်ချိန်ချိန်တွင် တစ်ခုခုဖြစ်လာနိုင်သည်ကို ကြိုတင်သိမြင်သဖြင့် ဦးကေသရာပေးခဲ့သော ရေပုံကိုသူက လမ်းကြောင်းများပြောင်းအောင် အရှေ့အနောက် တောင်မြောက်လမ်းကြောင်းတွေ ပြောင်းသလို မူရင်းထက်လတ္တီတွဒ်ဒီဂရီ၊ လောင်ဂျီတွဒ်ဒီဂရီတွေပါ ပြောင်းပြီးရေးဆွဲခဲ့၏။

ဒါကို ဘာန်ဒွတ်တို့အား ပေးလိုက်ခြင်းဖြစ်၏။

ဘာန်ဒွတ်တို့က ယူဆောင်သွားပြီးနောက်တစ်နေ့တွင် လာပြန်ပေးသည်။ သူတို့ကြိတ်ပြီး ကူးထားလိုက်မှာတော့ ထုတ်ဖော်မေးစရာပေါင်မလို။

သွားမည့်ခရီးကို စနေ၊ ဆွတ်ပျံ့၊ ဘာန်ဒွတ်နှင့် မောင်မှိုင်းတို့ ကြိတ်ကာ ဆွေးနွေးကြသည်။ အဲသည်ပိုင်းမှာ မောင်မှိုင်းက ဆရာကြီး။

သူ့အဆိုက ရန်ကုန်က မထွက်ဘဲ ပုသိမ်က ထွက်မည်။ စက်လှေနှင့်သွားမည်။ စားနပ်ရိက္ခာ၊ လက်နက်ဆေးဝါးနှင့်

www.burmeseclassic.com

www.burmeseclassic.com



စက်ဆီအလုံအလောက် ယူဆောင်သွားမည်။ ခရီးကို ဘင်္ဂလားဒေ့ရှ် ပင်လယ်အော်မှ အနောက်မြောက် ဒီဂရီမဖြတ်ဘဲ ချိုးဖြတ်မည်။ စသည်စသည်ဖြင့် တင်ပြ၏။

သူပြောသရွေ့ကို စနေနှင့် ဆွတ်ပျံ့က ဘာမှ မကန့်ကွက်၊ မငြင်းဆိုဘဲ ခေါင်းပဲညိတ်သည်။

ညိတ်မှာပဲပေါ့။

စနေနှင့် ဆွတ်ပျံ့ကလည်း အကြံအစည်တစ်ခုရှိသည်။ ထိုအကြံအစည်ကိုတော့ ဘန်ဒွတ်နှင့် မောင်မှိုင်းမသိပါ။ သူတို့နှစ်ဦးရဲ့ အကြံအစည်တွင် စနေက ခေါင်းဆောင်သည်။

သူ့အကြံအစည်ကို မင်းစိုးထိုက်အား ပြောပြပြီး လိုအပ်တာတွေကို အကူအညီတောင်းထားသည်။

မင်းစိုးထိုက်မှာ စနေကို ကူညီရမည်ထက် ဆွတ်ပျံ့အတွက် ကူညီရေးကိုသာ အာရုံထားသည်။

ဒါကို စနေ ရိပ်မိသော်လည်း စိတ်ထဲမှာ ဘယ်လိုမှ သဘောမထား။

သူတို့အကြံက ဘန်ဒွတ်တို့ ရန်ကုန်မှ ပုသိမ်သို့ မထွက်မီ မိမိတို့က ကိုယ့်စက်လှေနှင့် ကူဒူးနားကျွန်းသို့ သွားနိုင်ရေးပဲဖြစ်၏။

ကူဒူးနားကျွန်းသို့ လမ်းလွဲရေပုံကို အားကိုးပြီးသွားရောက်ကြမည့် ဘန်ဒွတ်တို့မှာ ပင်လယ်ထဲ တဝဲလည်လည် ဖြစ်နေမှာကြောင့် ကူဒူးနားကျွန်းပေါ်တွင် မိမိတို့နှင့် ဆုံစရာအကြောင်းမရှိ။



မင်းစိုးထိုက်မှာ ယခင်ကလို မဟုတ်ဘဲ ကြိုးစားသည့် လူတော်လူကောင်းဖြစ်စပြုလာသည်မို့ စနေက ဆွတ်ပျံ့နှင့် တိုင်ပင်ကာ လိုသရွေ့ငွေကို ထုတ်ပေးသည်။

ထိုငွေပေါင်းသည် သူတစ်ဦးတည်းမဟုတ်။

သူနှင့် ဆွတ်ပျံ့နှစ်ဦးပေါင်းငွေသာ ဖြစ်သည်။ ဘန်ဒွတ်က ဘယ်လိုက ဘယ်လိုရမှန်းမသိသော ဒေါ်လာငွေတွေကို လှို့ဝှက်ယူလာကာ ကိုမှိုင်းအကူအညီနှင့် မြန်မာငွေများကိုလဲလှယ်ပြီး ခရီးလမ်းအတွက် သုံးနေချိန်တွင် တရားဝင်ငွေအဖြစ်ရထားသော မိမိတို့က ထိုငွေများကို မိမိတို့ကိစ္စအောင်မြင်ရေးအတွက် သုံးရာမှ နှမြောတွန့်ဆုတ်နေစရာမရှိဟု စနေက ယုံကြည်ထားသည်။

ဒါကြောင့် စက်လှေငှားရမ်းရေး၊ စားနပ်ရိက္ခာနှင့် ဆေးဝါးစက်သုံးဆီမှအစ ဝယ်ယူရရှိနိုင်ရန် လှုံ့ရည်လည်သော မင်းစိုးထိုက်အား လိုသမျှငွေကို ထုတ်ပေးခဲ့၏။

သူ့ကိုယ်သူ လူကောင်းဖြစ်အောင် ပြုပြင်နေသော မင်းစိုးထိုက်က ငွေစုငွေရင်းကို ဘယ်၍ဘယ်မျှသုံးသည်ကို စာရင်းနှင့် ပြန်ပြ၏။ ပိုလျှင်ပြန်ပေး၊ လိုအပ်လျှင် တောင်းယူ။

သူတို့ကြိတ်ပြီး လှုပ်ရှားချိန်တွင် ဘန်ဒွတ်တို့နှင့် အဆင်ပြေအောင် ပေါင်းရသည်။ ဒါကြောင့် ကိုမှိုင်းဆရာကြီး လုပ်သရွေ့ခေါင်းညိတ်ခဲ့ကြလေသည်။

တစ်ရက်တွင် သတင်းစာမှ ကြော်ငြာတစ်ခုထည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ရေကြောင်းကျွမ်းကျင်မှု စက်လှေသမားများနှင့် စက်လှေတွင် လိုက်ပါနိုင်သော ထမင်းချက်တစ်ဦးကို အလိုရှိကြောင်း ကြော်ငြာပင်ဖြစ်၏။

ဒါကို စနေက တွေ့သော် ဘန်ဒွတ်တို့ကြော်ငြာဖြစ်ကြောင်းသိ၏။ သူက မင်းစိုးထိုက်နှင့် တွေ့ဆုံဆွေးနွေးပြီး ပိ[ါ]တို့ အယုံကြည်ရဆုံးသော လူတစ်ဦးကို ရှာကာ ဘန်ဒွတ်တို့ အပ[ါ]သူလျှိုအဖြစ် သွတ်သွင်းထားဖို့ ကောင်းကြောင်းပြော၏။

အစစအရာရာကို မဆက်သည်တိုင် တီးခေါက်[ပြီး]ထားသည့် မင်းစိုးထိုက်က ရက်ပိုင်းအတွင်း လူတစ်ယောက်ကို ရှ[ာ]ပေး၏။

သူ့အမည်မှာ ကိုရွှေစံဖြစ်သည်။

တားဝယ်သားဖြစ်သည်။ စကားပြောလျှင် အနည်[း]ငယ်ဝဲ၏။ သစ္စာလည်းရှိသည်။ လည်လည်ပတ်ပတ်လည်း ရှိသည်။ သူ့ကို ဘန်ဒွတ်တို့ဆီမှာ အလုပ်ရလျှင် ငါးသောင်းပေးမည်။ သူ[တ]ို့လုပ်သမျှကို မိမိတို့အား လျှို့ဝှက် အကြောင်းပြန်ရမည်ဟု စနေ[က]ပြောသည်။

ကိုရွှေစံက သဘောတူသည်။

ဘန်ဒွတ်တို့ထံသွားသည်။ ရွေးသည့်လူစာရင်းထဲမှ ကိုရွှေစံ ပါသွားသည်။

ထိုလူစာရင်းကို ဘန်ဒွတ်နှင့်ကိုမှိုင်းက စနေတို့[ထံ]လာပြ၏။ ကောင်းသလိုကြည့်လုပ်ပါဟုဆိုပြီး စနေတို့က ပိ[ါ]လမ်းကို မိမိတို့သွားရေးအတွက် လုံးပမ်းကြသည်။



ကိုရွှေစံကို စက်လှေအလုပ်သမားအဖြစ် ခန့်အပ်ကာ ဆီလောင်းတာဝန်ခံ ကိုဘန်ဒွတ်တို့က ပေးလိုက်ကြ၏။

ခေါ်သောလူမှာ စုစုပေါင်း ငါးယောက်ဖြစ်၏။

ဘန်ဒွတ်မှာ မန္တလေးသို့ ပြန်ရကာနီးလာသည်။ သက်ဆိုင်ရာသို့ သူက ရန်ကုန်တွင် အကြောင်းကြားပြီး သူနေထိုင်ရာသွားရာကို ရန်ကုန်မှ မန္တလေးသို့ ပြန်အကြောင်းကြားပေး၏။

သူပြန်လျှင် မန္တလေးလေဆိပ်မှပဲ ထွက်ခွာပြန်ရပေမည်။ နိုင်ငံတကာလေဆိပ်က မန္တလေးတွင်လည်း ရှိရာ သူလာစဉ်က သူ့ဗီဇာအမှတ် သူ့နိုင်ငံခြားမှတ်ပုံတင်မိတ္တူပါ ပေးထားခဲ့ရသည်။

အဲသည်အတွက် သူ့အတွက်ပင်လယ်ခရီးထွက်ဖို့အတွက် ခွကျနေရာ လူလည်မောင်မှိုင်းက မစိုးရိမ်ပါနှင့် ပုသိမ်မှ ထွက်ခွာသွားနိုင်အောင် သူလုပ်ပေးပါမည်ဟု ဆို၏။

ထိုသတင်းစကားကို ကိုရွှေစံကရပြီး စနေတို့ထံ နီးစပ်ရာ ဖုန်းနှင့်ပို့ပေးခဲ့သည်။

စနေတို့မှာလည်း ခွကျနေသည်။

ပထမ စီစဉ်ခဲ့ကြတာက ခရီးထွက်လျှင် စနေ၊ ဆွတ်ပုံ့နှင့်အတူ မင်းစိုးထိုက်က လိုက်ပါမည်ဖြစ်၏။

သူပင်လယ်ခရီးကို လိုက်လျှင် သူ့အမေကိုသိုက်သိုက်နှင့် ထားခဲ့ရမည်ဖြစ်သည်။

ဒါပေမဲ့ ဒါတွေကို သိုက်သိုက်သိလာတော့ သူမပါ မင်းစိုးထိုက်တို့နှင့် လိုက်မည်ဟု ပြောလာ၏။

မင်းစိုးထိုက်က သူ့အမေကို ပြုစုမည့်သူမရှိဟုဆို၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ခက်တာလိုက်လို့ ကိုကိုရာ... မေမေ့ကို ဒေါ်လေး အေးညွန့်ဆီပို့ထားခဲ့ပြီး အိမ်တံခါးသော့ခတ်ပစ်ခဲ့ပေါ့... တစ်ပတ်နှစ်ပတ်ကြာမှာပဲဟာ ကိုကိုရာ... "

ဒါကို မင်းစိုးထိုက်က လက်မခံပါ။

ပထမ ချော့ပြော၏။ မရတော့ ဆူပူမာန်မဲမိ၏။

သည်တော့ စိတ်ကောက်စိတ်ဆိုးပြီး သူမအစ်ကို့ကို ဆန္ဒပြသည်။ ထိုဆန္ဒပြချက်က မင်းစိုးထိုက်ကို စကားမပြော။ တစ်ရက်နှစ်ရက် ထမင်းမစားဘဲ ဆန္ဒပြသည်။

ညသန်းခေါင်တွင် သူမမှောင်ထဲမှာ ထမင်းတွေ ဟင်းတွေ ထခိုးပြီး သူမခြင်ထောင်ထဲစားတာကို မင်းစိုးထိုက်ရော မေမေပါမသိပါ။

မေမေက အကြောင်းစုံသိသွား၏။

သမီးကလေးအတွက် ပင်လယ်ခရီးမှာ စိတ်ပူသော်လည်း လက်ရှိထမင်းမစားဘဲ နေတာကို ပိုစိတ်ပူသည်။

သိုက်သရဖီကို ဖျောင်းဖျပြောဆို၏။

ကောင်မလေးက ဇွတ်မှဇွတ်။ မရပါ။

ဒါကို စနေရော ဆွတ်ပျံ့ပါသိသွား၏။ ဆွတ်ပျံ့သည် သိုက်သရဖီ၏ အိမ်သို့တစ်ခေါက်နှစ်ခေါက် ရောက်ဖူး၏။

သိုက်သရဖီကို စကားပြောရာ သိုက်သရဖီ၏ သူမအပေါ်လေးစားစွာ ဆက်ဆံမှု၊ ပွင့်လင်းမှုတွေအပြင် ဘန်ဒွတ်တို့နှင့် အဆင်ပြေအောင် သူတို့လက်မှလွတ်အောင် လုပ်ပေးခဲ့သော ကျေးဇူးကြောင့် သိုက်သရဖီကို သူမကခင်သည်။



တစ်ခုတော့လည်း သတိထားမိ၏။

သိုက်သရဖီသည် သူမ၏ မောင်တော်ကို စိတ်ဝင်စားနေသည့် အကြောင်းကို မိန်းမသားချင်းမို့ အကဲခတ်မိ၏။

ဒါပေမဲ့ သူမစိတ်ထဲမှာ မနာလိုဝန်တိုခြင်းမဖြစ်မိ။

သိုက်သရဖီ ပင်လယ်ခရီးကို လိုက်ချင်ကြောင်း သိတော့ စနေက မခေါ်လိုသော်လည်း ဆွတ်ပျံ့က...

"မထူးပါဘူး ကိုရာ... ခေါ်လိုက်ပါတော့... မင်းစိုးထိုက်ကိုပဲ အကျိုးအကြောင်းပြောပြီး လိုက်ခွင့်ပေးလိုက်ပါ... "

"သူ့အစ်ကို ကိုယ်တိုင်က မလိုက်စေချင်တာ ဆွတ်ပျံ့ရဲ့..."

"ရပါတယ်... ခေါ်ပါ... ဆွတ်ပျံ့လည်း တစ်ယောက်တည်း ပျင်းနေတာသိုက်သရဖီလိုက်လာရင်မိန်းမဖော်တစ်ယောက်တော့ ရတာပေါ့... ကိုမပြောချင်နေ... ဆွတ်ပျံ့ပဲ ကိုစိုးကို ပြောမယ်... "

ချစ်ဦးသူကို ဆွတ်ပျံ့က တစ်ခွန်းတည်းပြောလိုက်တာနှင့် ပြီးတော့မည်ကို စနေကသိသည်။

ဒါဆို သူ့ထက် ကိုစိုးက ဂိတ်သာသွားနိုင်၏။

မိန်းမဆိုတာ သူမတို့စကားကို နားထောင်သော ယောကျ်ားတွေအပေါ် သဘောကျမြဲမဟုတ်လား။

"နေ... နေ... ကိုယ်ပဲပြောပါ့မယ်... "

ဆွတ်ပျံ့နှင့် မင်းစိုးထိုက်လေပေးဖြောင့်သွားမှာကို စိုးရိမ်တာထက် ဆွတ်ပျံ့က မိမိအား သူမစကားကို ကတ်ဖဲ့လုပ်သူဟု အမြင်အထင်များမှာ စိုးရိမ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စနေက မင်းစိုးထိုက်အား သိုက်သရဖီလိုက်ပါနိုင်ရေးအတွက် ရှေ့နေလုပ်၏။

မင်းစိုးထိုက် ငနဲသားက မဖြစ်ပါဘူးဗျာဟု ငြင်း၏။

နောက်ဆုံးလက်နက်တစ်ခုပဲ စနေက သုံးလိုက်၏။

ဆွတ်ပျံ့က လိုက်စေလိုကြောင်း၊ ပင်လယ်ခရီးတွင် မိန်းမသားဆိုလို့ သူမတစ်ဦးတည်း ရှိရာသိုက်သရဖီလိုက်ခြင်း အားဖြင့် သူမအတွက် မိန်းမဖော်ရနိုင်ကြောင်း ပြောလိုက်၏။

ဆွတ်ပျံ့ကို လက်နက်သဖွယ် စနေထွန်းက အသုံးချလာတော့ မင်းစိုးထိုက်ခမျာ ခေါင်းညိတ်လိုက်ရတော့၏။

"ခင်ဗျားသဘောပဲဗျာ... လမ်းခရီးမှာတော့ခင်ဗျားပဲ ကြည့်ထိန်းတော့ ကိုစနေထွန်းရေ... ဒီကောင်မလေးက ခပ်ပေါ့ပေါ့ဗျ... ဖွတ်ကလေး... ကျုပ် အစ်ကိုတော်တဲ့လူတောင် သူ့ကို ကြောက်မိတယ်... "

သူမလိုက်ခွင့်ရမည်ကို သိုက်သိုက်သိသောအခါ ဝမ်းအသာကြီး သာသွားရှာသည်။

သူမအား ကိုမှိုင်းကတွေ့ဖို့ ကြိုးစားသော်လည်း သူမက ပါးနပ်စွာ ရှောင်ခဲ့သည်။

မိမိကို ကယ်တင်တာနှင့် ပတ်သက်ပြီး စနေက သိုက်သိုက်ကို မေးမည်ကြံသော်လည်း အခွင့်မသာလို့ မမေးဖြစ်ခဲ့။

ကိုမှိုင်းမှာ မိမိအား သိုက်သိုက်က အဆက်အသွယ်မလုပ်တာကြောင့် မိမိကို သိုက်သိုက်က တစ်ပတ်ရိုက်သည်ထင်ပြီး ကြိတ်ဒေါပွနေမိချိန်တွင် ဘန်ဒွတ်က ဆွတ်ပျံ့တို့နှင့် ဆက်သွယ်



ကာ နောက်နှစ်ရက်ကြာလျှင် ပုသိမ်မြို့သို့ သွားမည်ဖြစ်ကြောင်း ပုသိမ်ဆိပ်တွင် စက်လှေစောင့်နေမည်ဖြစ်ကြောင်း အသိပေး ပြောကြားလိုက်၏။

သည့်ဘက်မှာလည်း စနေနှင့် မင်းစိုးထိုက်ကြိုးစားမှုကြောင့် အဆင်သင့်ဖြစ်နေချေပြီ။

စနေက လူမှုရေးအလိုက်သိသည်။

မင်းစိုးထိုက်၏ အပြောကို မစောင့်ဘဲ မိမိတို့ ခရီးထွက်နေမျိုနိတွင် မင်းစိုးထိုက်နှင့် သိုက်သိုက်၏ မေမေမှာ ငွေလိုနေမှာပဲဆိုကာ ငွေငါးထောင်ကိုမင်းစိုးထိုက်နှင့်ပဲ ပေးခိုင်းလိုက်၏။

မင်းစိုးထိုက်က ကျေးဇူးတင်ကြောင်း ပြောကာ သွားပေးပြီး မေမေကို ပုဇွန်တောင်ရှိ ဒေါ်အေးအေးညွန့်အိမ်သို့ ရွှေ့စေသည်။

ဒေါ်အေးအေးညွန့်မှာ အမေ့ညီမတစ်ဝမ်းကွဲ တော်စပ်၏။ သူတို့အားလုံး တက်တက်ကြွကြွနှင့်ပျော်ရွှင်နေကြသည်။

လက်နက်ဆိုလို့ သူတို့တွင် သေနတ်အစားလောက်လေးခွနှင့် ဓားတွေသာပါလာ၏။

ခုခေတ်က သေနတ်ကို အလွယ်တကူရှာလို့ရသောခေတ်မဟုတ်ပါပေ။

ဝတ္ထုရေးတာတောင် သေနတ်အကြောင်း များများရေးသော ခေတ်ဝတ္ထုများကိုတောင် တားမြစ်ထားသည် မဟုတ်ပါလား။

တစ်ရက်အလိုတွင် တစ်ယောက်နှင့်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ဆက်သွယ်လိုက်ကြသည်။

စက်လှေက လှိုင်မြစ်ထဲမှာထားပြီး ကြည့်မြင်တိုင် ဆိပ်ကမ်းမှ လှိုင်မြစ်ထဲရှိ စက်လှေသို့ ကူးကြရ၏။

ညခုနစ်နာရီတွင် စနေနှင့် ဆွတ်ပျံ့က ကြည့်မြင်တိုင် ဆိပ်ကမ်းမှနေ၍ အမှောင်ထဲတွင်ပင် စက်လှေမှာ မီးတစ်လုံးတည်း ထွန်းထားတာမို့ ထိုစက်လှေရှိရာသို့ လှေနှင့် အရောက်ကူးကြသည်။

သူတို့၏ အဝတ်အစားအိတ်တွေ ထိုနေ့လယ်ကတည်းက လျှို့ဝှက်ပို့ခဲ့ပြီးပါပြီ။

ခုနစ်နာရီခွဲတွင် မင်းစိုးထိုက်နှင့် သိုက်သိုက်မောင်နှမတို့ ရောက်လာကြသည်။

မင်းစိုးထိုက်မှာ တည်ငြိမ်သော်လည်း သိုက်သိုက်မှာ မြူးနေသည်။

သူမကို စက်လှေပေါ်မှာ စောင့်ကြည့်နေသူတစ်ယောက်ရှိ၏။

သူ့အမည်က ဆွေခက်။

ဆွေခက်က လက်နက်ကိုင်တပ်တစ်ခုမှ စစ်ထွက်တစ်ဦးဖြစ်သည်။ ထိုတပ်တွင်နေစဉ်က သူသည်အကြပ်တပ်သားတစ်ဦးဖြစ်ကာ ရေဒီယိုဆက်သွယ်မှုနှင့် ရေပုံကို ဖတ်တတ်သူ။

ဆွေခက်မှာ မင်းစိုးထိုက်နှင့် ခင်မင်ပြီး စနေက ရေပုံဖတ်တတ်သူ တစ်ဦးလိုသည်ဆိုသောကြောင့် ဆွေခက်ကိုခေါ်လာ၏။



ရေကြောင်းပြရေပုံချပ်ကြီးတစ်ချပ်က စက်လှေ၏ ထပ်ဆင့် အခန်းတစ်ခုထဲတွင် ရှိနေသည်။

ဆွေခက်မှာ လူပျိုလူရွယ်ဖြစ်ကာ လှပသော ဆွတ်ပျံ့နှင့် သိုက်သိုက်မိန်းကလေးနှစ်ဦးပါလာသဖြင့် သည်ခရီးမှာ ငြီးငွေ့ဖွယ်ရာ ခရီးတစ်ခုမဟုတ်တော့သည်ကိုတော့ တွက်ဆမိပြီးဖြစ်၏။

"လူတွေ စုံပြီနော်... "

ဤခရီးတွင် ကြီးကဲသူမှာ စနေထွန်းပဲဖြစ်သည်။

စနေထွန်းက ပဲ့နင်းကြီး ဦးသာမြတ်ကိုမေးသည်။ ဘက်ထရီမီးနှင့် ထွန်းထားသော မီးအိမ်မှ အလင်းရောင်သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ဝိုးတစ်ဝါးသော်လည်းကောင်း လင်းလင်းချင်းချင်းသော်လည်းကောင်း မြင်နေရသည်။

"စုံပါပြီ... ကျုပ်စစ်ဆေးပြီးပါပြီ... "

ပဲ့နင်းကြီးဦးသာမြတ်က ဖြေသည်။ သူသည်စက်ဧလှတွင် ပဲ့နင်းဖြစ်လာသည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ ပင်လယ်အတွေ့အကြုံလည်း ရင့်ကျက်၏။ ဘုရားတရားမြဲ၍ တည်ငြိမ်မှုလည်းရှိ၏။

စနေကလက်ပတ်နာရီကို ငုံ့ကြည့်သည်။

"ရှစ်နာရီထိုးရင် ထွက်မယ် ဦးလေး... "

"ကောင်းပြီ... မောင်စနေ... "

ကမ်းဘက်မှ တစ်ခါတစ်ရံ ကားသံတွေကြားရသည်။ ကြည့်မြင်တိုင်အောက်လမ်းမကြီးမှာ မီးတွေမလင်းတစ်လှည့်

www.burmeseclassic.com

www.burmeseclassic.com



လင်းတစ်လှည့်ရှိနေ၏။

လေသည် ညင်းညင်းသာသာလေးပဲ တိုက်နေ၏။

ဆယ်လူလာ တယ်လီဖုန်းခေါ်သံ။

ဆယ်လူလာကို ခါးမှာချိတ်ထားရာမှ စနေက ဖြုတ်လိုက်၏။ နားထောင်သည်။ စကားအနည်းငယ်ပြန်ပြော၏။ ထပ်နားထောင်သည်။

သူ့အနားတွင်ဘယ်သူမှ မရှိကြတော့ပါ။ ပြီးလျှင် ဆယ်လူလာကို ပြန်ပိတ်ကာ ကက်ဆက်အထပ်ဆီသို့ သွား၏။

ဆွတ်ပျံ့နှင့် သိုက်သရဖီက တစ်ခန်းတည်းမှာ နှစ်ယောက်။

"ပျော်ကြလား... "

"အပျော်ခရီးထွက်သလို ပျော်တာပါ ကိုရာ... "

စနေ၏အမေးကို အိပ်စင်ကိုရှင်းလင်းနေသည့် ဆွတ်ပျံ့က ပြန်ပြောသည်။ သိုက်သိုက်က တံမြက်စည်းလှည်းနေသည်။ စနေနှင့်ဆွတ်ပျံ့ဘယ်လိုဆိုတာကို မင်းစိုးထိုက်က ပြောကြားချက်ကြောင့် သူမသိပြီးခဲ့သလို ရှိနေသည်။

"သွားမဲ့နေရာမှာ အန္တရာယ်မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းနေရတယ်... "

"ဟင်ကွာ... သူ့စကားက ဘာကြီးလဲ... "

"ဘာအန္တရာယ်များ ရှိနေလို့လဲ အစ်ကိုရဲ့... "

ဆွတ်ပျံ့က မီးရောင်အောက်တွင် ညည်းတွားတွားလေးဆိုလိုက်သလို တံမြက်စည်းလှဲတာကို ရပ်တန့်၍ သိုက်သိုက်



ကမေးသည်။

"မိုးလေဝသ အန္တရာယ်၊ ကိုယ့်ရေပြင်ထဲမှာ ကိုယ်ရှိနေပေမဲ့ ဘာဘာညာညာအစစ်ဆေးခံရမဲ့အန္တရာယ်၊ မထင်မှတ်ရင် ပင်လယ်သမုဒ္ဒရာထဲမှာ... လှည့်စားပြတိုက်နေတတ်တဲ့ အန္တရာယ်၊ သူများရေပိုင်နက်ထဲ ကိုယ်ရောက်သွားရင် အဖမ်း ခံရမဲ့ အန္တရာယ်၊ တစ်ခါတစ်လေ မမျှော်လင့်ဘဲ... ရေချိုတို့ စားနပ်ရိက္ခာတို့ ပြတ်သွားတဲ့အန္တရာယ်... "

"တော်တော့... တော်တော့... ဒါတွေကြားတာနဲ့ပဲ စိတ်ညစ်သွားပြီး ပျော်မလားလို့ လိုက်မိပါတယ်... မြွေဆိုးတက်နင်းမိတယ်ဆိုတာလို ဖြစ်နေပြီ... ဖွဟဲ့... လွယ်ပါစေ ဖယ်ပါစေ... "

"အေး... ဟုတ်ပါရဲ့နော်... သိုက်သိုက်ပြောသလိုပဲ ဒီလူကြီးပါးစပ်ပုတ်ကြီးနဲ့ လျှောက်ပြောနေတာ... သွား... ကို့ပါးစပ်ကို လေဆာနဲ့ သွားတိုက်ဆေးပစ်လိုက်... "

"ကိုး(လ်)ဂိတ်နဲ့ လုပ်စမ်းပါ မမရဲ့... "

"ဟီ... ဟိ လေဆာက ကြော်ငြာကောင်းတယ်လေ... "

"ဈေးသက်သာတာလည်း ထည့်တွေးဦး... "

နောက်ဆုံးစကားကိုပြောပြီး အခန်းထဲဝင်လာသူက မင်းစိုးထိုက်။

"ကိုစိုး... ကိုစိုးသူငယ်ချင်းကို ပြောဦး... ခရီးဖြင့်မထွက်ရသေးဘူး... ရင်တုန်စရာတွေ လာပြောနေတယ်... "

"ကိုစနေထွန်း... ဆွတ်ပြုတ်က ကြောက်တတ်တယ်ဗျ...

www.burmeseclassic.com

www.burmeseclassic.com



ရင်တုန်စရာဆိုတော့ ခင်ဗျားဘာရာစီယာချောင်ချောင်ပေး ထားတယ် ထင်တယ်... ”

“ဟယ်... ”

ဆွတ်ပျံ့က မင်းစိုးထိုက်အား ခေါင်းအုံးနှင့် လှမ်း ပေါက်လိုက်သည်။ ရည်းစားဟောင်း ရည်းစားသစ်ဆိုတော့ သူတို့ ပြောချင်ရာ ပြောကြသည်။ ဗိုင်းရယ်ဖြစ်ကြသည်။

စနေက မျက်နှာကို မျက်နှာပိုးသတ်၍...

“သတင်းလာတယ်... အဲဒါ ပြောမလို့... ”

“ခရီးဖြင့် မထွက်ရသေးဘူး... မိုးလေဝသ သတင်းလာပ လား... ဘာတဲ့လဲ... ”

“မဟုတ်ဘူး သိုက်သိုက်ရဲ့... ကိုယ်တို့လူ ကိုရွှေစံဆီပါ...”

ကိုရွှေစံဆိုတော့ မင်းစိုးထိုက်ရော ဆွတ်ပျံ့ပါ စိတ် ဝင်စားသွားကြ၏။

“ကိုရွှေစံက ပြောတယ်... ကိုယ်နဲ့ဆွတ်ပျံ့ဆီကို ဒီည အဲဒီကို လာစဉ်မှာ ဖုန်းဆက်တာ အခါခါဆိုပဲတဲ့... ကိုယ်တို့က ရီပ လိုင်း ပြန်မလုပ်ကြဘူးတဲ့... သူတို့ဒီညနေက တိုင်ပင်တာ လည်း ကြားတယ်... ကူဒူးနားကျွန်းကို ရောက်ပြီးရင် ကိုယ် နဲ့ ဆွတ်ပျံ့ကိုထားပစ်ခဲ့ကြဖို့ တိုင်ပင်နေကြတယ်တဲ့... အဲဒါ ကိုရွှေစံဆီက အင်ဖော်မေးရှင်းပဲ... ကိုယ်ကပြောလိုက် တယ်... တို့တော့ သွားကြပြီ... ခင်ဗျားလည်း သူတို့နဲ့ လိုက်မသွားဘဲ အကြောင်းတစ်ခုခုပြပြီး ရှောင်နေခဲ့လို့... ပြီးတော့ အကြောင်းတစ်ခုခုရှာမရရင် လစ်တော့လို့ ပြော



လိုက်တယ်... ”

“ဟုတ်တယ်... ဒါမှသူ့ခမျာ ပင်လယ်ထဲမှာ ဒုက္ခမရောက် ရမှာ... ”

“မမ ဘာဖြစ်လို့လဲဟင်... ”

အကြောင်းမသိသည့် သိုက်သိုက်က ပြောနေသော ဆွတ်ပျံ့ကို စပ်စုသည်။

“ဟဲ့... ကောင်မလေး... နင်မရှုပ်နဲ့... ကိုယ့်ဟာကိုယ်နေ... နင့်အလုပ်မဟုတ်ဘူး... ”

မင်းစိုးထိုက်က သူ့ညီမကို လှမ်းမာန်သည်။

“ဩော်... ဩော်... ဒါကတော့ ကိုယ့်အလုပ်မဟုတ်ဘူး ပေါ့နော်... ဘန်ဒွတ်နဲ့ ကိုမှိုင်းလက်ထဲက အစ်ကိုနဲ့ မမကို ညီမလေး ကယ်တုန်းက နင့်အလုပ်မဟုတ်ဘူးလို့ ပြောခဲ့ပါ လား... သူက အခုမှ... ”

“အံမယ်... ဖင်ခေါင်းကျယ်လိုက်တာ... ”

“ဟယ်... အစ်ကိုက ညီမကို ဒီလိုပြောရသတဲ့လား... ပြန် ရင် မေမေ့ကို တိုင်ပြောမယ်... ”

“တိုင်တိုင်... နင့်ကို ဘန်ဒွတ်တို့ ပြောသလို ကျွန်းပေါ်မှာ ထားခဲ့မယ်... ”

“လာမခြောက်နဲ့... မကြောက်ဘူး... ”

“ကိုမင်းစိုးထိုက်... တော်ပါတော့... လမ်းခရီးမှာ ခင်ဗျား အစ်ကို... ခင်ဗျားအဖေပဲ... ကလေးမလေးကို သိပ်မကြိမ်း ပါနဲ့ဗျာ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဟေး... အစ်ကို့ဆီက တစ်မှတ်ရပြီကွ... မမဆွတ်ပျံ့ နှစ်မှတ်ရအောင် ပြောလိုက်ပါဦး... "

"မင်းအစ်ကိုကိုတော့ တို့က လက်မြှောက်ပါတယ်ကွာ..."

"ဆွတ်ပြုတ်နော်... "

မင်းစိုးထိုက်၏ မာန်လိုက်သံ။

"ဘာဆွတ်ပြုတ်လဲ... ကြက်လား... ဝက်လား... "

ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြတာမို့ စနေက ဝင်နောက်သည်။ ဆွတ်ပျံ့မျက်စောင်းကလေးက ကမ္ဘာမပြိုသော်လည်း ဖြစ်နိုင်လျှင် သူ့အခန်းမှ လွင့်ထွက်သွားစေလိုသော မျက်စောင်းလေး။

ဒုန်းခနဲ တစ်ချက်မြည်သွား၏။ စက်လှေတုန်သွား၏။

"ဟဲ့... ဘုရား... ဘာပါလိမ့်... "

ဆွတ်ပျံ့က အသံမဆုံးမီမှာ စက်လှေက တဒီးဒီး မြည်ကာ အခန်းမှာ တုန်ခါလာသည်။

မီးတွေက ယခုရှိဆဲမှ ပိုလင်းလာ၏။

စနေက လက်ပတ်နာရီကို ကြည့်လိုက်၏။

ရှစ်နာရီ ထိုးနေပြီ။

"စက်လှေထွက်ပြီ... "

စနေက အော်ပြောသည်။ ဒါကို သိုက်သိုက်က ကြားလျှင် ...

"ဟာ... စက်လှေထွက်ပလား... စက်နှိုးတာကိုး... သွာ၊



ကြည့်ဦးမှပဲ... "

တံမြက်စည်းကို ချပြီး ကက်ဆက်ခန်းထဲမှ ထွက်သွားသည်။ စိတ်မချသော မင်းစိုးထိုက်က...

"သိုက်သိုက်... ညီမလေး... ကုန်းပတ်စွန်းနား သိပ်မကပ်နဲ့နော်... ရေထဲမူးပြီး ထိုးကျသွားမယ်... "

သူ့ညီမလေးကိုတော့ သူစိုးရိမ်သား။

"သိုက်သိုက်က ကလေးစိတ် မကုန်သေးဘူး... "

ဆွတ်ပျံ့က မှတ်ချက်ချသည်။

◈ ◉ ◈

www.burmeseclassic.com

www.burmeseclassic.com



## ခေတ်လမ်းစဉ်(၁၂)

လမ်းတွင် အန္တရာယ်မရှိခဲ့ပါ။

မထင်မှတ်သော ပြဿနာကလေးတစ်ခုသာ ဖြစ်ခဲ့၏။ ထိုပြဿနာက ကာယကံရှင် ကိုယ်စီပဲ သိကြသည်။

စက်လှေထွက်ပြီး ဒုတိယနေ့တွင် ရေပုံကို ကတ်ဆက်ခန်းထဲတွင်ချပြီး ဆွေခက်က ရေပုံကို ဖတ်သည်။ ဘေးမှာရှိနေသော စနေထွန်း၊ မင်းစိုးထိုက်နှင့် ဆွတ်ပျံ့တို့အား ရေပုံကို ဖတ်ကာ ဘယ်ကျွန်းကို ဘယ်ဒီဂရီမှာ ဖြတ်ကျော်လာပြီး စက်လှေက ဘယ်နေရာကို ဦးတည်သွားနေသည်ဆိုပြီး ရှင်းလင်းပြောပြ၏။

သူက ပင်လယ်ရေပြင်ကို ကတ်ဆက်ပြတင်းပေါက်မှနေကာ မှန်ပြောင်းနှင့် ကြည့်သည်။

သူရောက်နေသော စက်လှေရောက်ရာ နေရာနှင့် ရေပုံကို ယှဉ်ကာ ကွန်ပတ်စူးတစ်ခုနှင့် တိုင်းထွာကြည့်သည်။ ရခိုင်ကမ်းလွန်ပင်လယ်နှင့် မိုင်ရှစ်ဆယ်အကွာတွင် ရောက်နေကြောင်း အသိပေးသည်။



ဦးကေသရာဆွဲခဲ့သော မြေပုံမှ အညွှန်းနှင့် တိုက်ဆိုင်ကြည့်သည်။ ညွှန်ပြချက်နေရာကို မရောက်သေးဟုပြောသည်။

ပြီးတော့ ရေကြောင်းသွားလာမှုကို ကြည့်ဦးမည်ဆိုကာ ထွက်သွားသည်။ ဆွေခက်သည် အသက်သုံးဆယ်နီးပါးရှိ၏။

ခုခေတ်အခေါ် လူပျိုကြီးလို့ပဲ ခေါ်ရမည်။

အချိန်မှာ နေ့လယ်ခင်း ရောက်နေပြီ။

ပင်လယ်မှနေသည် အပူတပြင်းတောက်ကာ ပင်လယ်ကြီး တစ်ပြင်လုံး ပြာလဲ့နေသည်။

လှိုင်းလေငြိမ်သက်တာမို့ ပင်လယ်တစ်ပြင်လုံးကကြည့်လိုက်လျှင် သာယာပြီး သင်ဖြူးဖျာကြီးခင်းထားသလို ရှိနေ၏။

လေက တောင်ဘက်နှင့်အနောက်ဘက်မှ တိုက်တ်တာကြောင့် လေမမှန်သဖြင့် ရွက်တွေကိုချထား၏။

စက်လှေစက်သံမှာ ချပ်ချပ်ချပ်ချပ်နှင့် ညင်ညင်သာာ မြည်၍ ပင်လယ်ပြင်ကို တိုးဝှေ့နေသည်။

ပန်းကလေးတစ်ပွင့်က စက်လှေဦးမှ ကုန်းပတ်ပါမှာ လှလှပပကလေး ပွင့်လို့။

သည်ပန်းကလေးကို ပထမညကပဲ ဆွေခက်မက်ာခဲ့ရသည်။ အလှကြည့်ဖို့ကောင်းတဲ့ ပန်းကလေး။

"နှစ်ဆယ့်တစ်ရာစု ပင်လယ်နတ်သမီးကလေးပါလား... မေခလာလား... ဂရိနတ်သမီး အက်ဖရိုဒိုက်တီး(စ်)လား..."

www.burmeseclassic.com

www.burmeseclassic.com



ရှင်ရှင်ကလေးပြောလိုက်သော ဆွေခက်စကား ကြောင့် ပင်လယ်ပြင်ကို ဟိုဟိုဒီဒီကြည့်နေသော သိုက်သိုက်က လှည့်ကြည့်၏။

ဆွေခက်ကို ယမန်နေ့ညကပဲ သူမတွေ့ခဲ့ပြီးပြီ။

စကားမပြောဖြစ်ခဲ့။

"လူကြီး ကြည့်စမ်း... ပင်လယ်ကြီးက လှလိုက်တာ... "

သူမက ပခုံးပေါ်ဝဲနေသော ဆံနွယ်ကလေးများ အား လေကတဖျတ်ဖျတ် ထိုးနေခြင်းကို ကာသောအားဖြင့် လက် တစ်ဘက်ဖြင့် စုစည်းရင်း ပြောနေသည်။

လှနုတ်သမီးကလေးသည် မိန်းကလေးဝတ် ခစ်ကါ မောက်ကြွက်စုပ်ပါသော လည်ပြတ်တီရှပ်နှင့် ကိုယ်ကြပ်အသ ရောင် ဂျင်းဘောင်းဘီတိုကလေးကို ဝတ်ထားသည်။

ကြွရွသော ရွှေရင်။

ဂျင်းအသားရောင် ဘောင်းဘီတိုကလေးထဲမှ ျ ပြီး ပြည့်ဖြိုးသော ပေါင်တံနှင့် လှပသွယ်တုတ်သော ခြေတံကလေ တွေက ဝင်းဝါလှပအိညက်လှသည်။

ခြေတွင် အဝတ်ဖိနပ်ပါးကလေးကို စီးထား၏။

"ဘာပြောတယ်... "

သူမ၏ ပြည့်ဖြိုးသော နှင်းဆီချပ်လွှာ နှုတ်ခမ်း အာကလေးမှာ အပြုံးကလေးတင်လို့။

"လှလို့ပြောတာပါဗျာ... မင်းကလေးက ဒီအဝတ်အ လည်း ကြည့်ကောင်းတာပဲ... နာမည်ဘယ်လိုခေါ်...



"ရှင်ခေါ်သလို မေခလာပဲပေ့ါ လူကြီးရယ်... "

"ဟာ... မေခလာဆိုတာ အဆိုတော်ပဲလေ... "

"အဆိုတော် မေခလာက အရင်လာသလား... ဇနက္ကဇာတ် တော်ထဲက ပင်လယ်နတ်သမီးကလေး မေခလာက အရင် လာသလား လူကြီး... "

"မေခလာတော့ မခေါ်ချင်ပါဘူး... သိုက်သိုက်လို့... "

"ရှင်... "

"မင်းနာမည်လေးခေါ်လိုက်လို့ လန့်သွားသလား... လှတဲ့ မိန်းကလေးဆို တို့နှလုံးသားမှာ ထောက်လှမ်းရေးလုပ်ဖို့ သမိုင်းတင်ပြီးသား... "

"ဩော်... သမိုင်းပြုစုရေးနဲ့ လာတိုးနေတာကိုး... "

"တို့မိတ်ဆွေဖြစ်ကြပြီပေ့ါနော်... "

"တစ်သက်လုံးပဲ မိတ်ဆွေဖြစ်ပါစေလို့ ဆုတောင်းထားမယ်"

"ဟာကွာ... "

သူက ဟာကွာနှင့် အဆုံးသတ်လိုက်ရသည်။ ဆွေ ခက်နားမှထွက်ကာ သိုက်သိုက်က ကက်ဆက်ဘက် ပြန်လျှောက် သွားသည်။ သူမကိုယ်မှ အမွှေးနံ့တွေက ဝေ့ခနဲကျန်ခဲ့ပြီး ပင်လယ် လေမှာ လွင့်မျောသွားသည်။

"နေက ပူတယ်နော်... "

ဆွေခက်က စကားလိုက်စပြန်၏။ သူမနှင့်ယှဉ် လျှောက်နိုင်အောင် ကြိုးစားသည်။ သူ့ဘဝတွင် မိန်းကလေးတွေ ကို ရည်းစားတစ်ယောက်ပြီး တစ်ယောက်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့တွင် ရည်းစားတစ်ထောင် လင်ကောင်းတစ်ယောက်ဟု ဘယ်ပညာရှိက ချိုးချိုးဖွဲ့ဖွဲ့ ထားခဲ့သည် မသိပါ။

ဆွေခက် ပညာရှိကလည်း ရည်းစားတစ်ရာ ကြင်ယာ တစ်ယောက်ဟု ဟစ်ကြွေးဖို့ရန် ရည်းစားထားခဲ့၏။ မမအရွယ် ညီမအရွယ်၊ တန်းတူအရွယ်တွေ။

ဒါပေမဲ့ သူကမရွေးခင်သူ့ကိုပဲ ကောင်မလေးတွေက ပစ်သွား၏။ အကြောင်းမူ မိန်းကလေးဆို ငွေနဲ့စက်ထောသည့်ခေတ်တွင် ဆွေခက်မှာ အင်မတန်ကပ်စေးနည်းသောလူဖြစ်သည်။

ခေါက်ဆွဲတစ်ခွက်ကို တစ်မျှင်စီဝေစားချင်သူ။ အချိုရည်တစ်ခွက်ကို တစ်ဝက်စီမျှသောက်ချင်သူ။ တတ်နိုင်လျှင် ကိုယ့်နှပ်ချေးကို ထောပတ်လုပ်စားလို့ ရလျှင်စားမည့်သူ။

သူ့ကို သူ့အပေါင်းအသင်းတွေက ကိုဒါဝတ်၊ကိုဒါချွတ်ဟု ခေါ်ကြသည်။ သူ့ကုလားနာမည်မဟုတ်ပါ။ အင်္ကျီတစ်ထည်လုံချည်တစ်ထည်ကို ရက်ပေါင်းများစွာ ဒါပဲဝတ်၊ ဒါပဲချွတ် လုပ်တတ်သောကြောင့် ဒါဝတ်ဒါချွတ်ဟု ခေါ်သည်။

ပြီးတော့ ကပ်စေးနည်းသူပီပီ ပိုက်ဆံကုန်မှာစိုးသလောက် ပိုက်ဆံကိုလည်း ခုန်မင်၏။

သူ့အကြောင်းသိကြသူတွေက ပိုက်ဆံဝါလားဟု မခေါ် ပိုက်ဆံပတ်ကလားဟု ခေါ်သည်။ ပတ်ကလားဆိုတာ အရှုးပဲ။

ပိုက်ဆံရမည့်သူဆိုလျှင် မစင်တောင်ကြုံးမည့်လူစား။



လေက ဆွေခက်ပိုက်ဆံပတ်ကလား၊ ကိုဒါဝတ်ဆီမှ တိုက်သဖြင့် သူ့ဆီမှ လာသော အနံ့အသက်ကြောင့် ကောင်မလေးနှာခေါင်းရှုံ့လိုက်၏။

"ရှင်သွားတော့... "

"တို့လည်း ကက်ဘင်ကိုသွားမှာပဲ သိုက်သိုက်... "

ညစ်ပတ်နံစော်သော လူတစ်ယောက်နှင့် သိုက်သိုက်ယှဉ်မလျှောက်လိုပါ။

ဆွေခက်မှာ မိမိကိုယ်က မသန့်ရှင်းသော်လည်း သူများဆီမှ သန့်ရှင်းတာကို လိုချင်သည်။ ဒါကြောင့်သိုက်သိုက်ကိုယ်မှ ဆွတ်သောအမွှေးနံ့သာတွေကို တစ်ဝကြီးလိုက်ရှူသည်။

ကိုယ့်ကိုယ်မှ အမွှေးနံ့သာတွေကို ပိုက်ဆံကုန်မှာစိုးလို့ မလူးမလိမ်းမပြန့်ဘဲ သူများပိုက်ဆံအကုန်ခံထားသော အမွှေးနံ့သာတွေကိုတော့ အခမဲ့လိုက်ရှူသည်။

"သိပ်အမွှေးများတာပဲနော် သိုက်သိုက်... "

"ဘာ... "

"ဩော်... သိုက်သိုက်က အမွှေးတွေ... အဲ... အဲ... သိုက်သိုက်က အမွှေးနံ့သာတွေ ကြိုက်လွန်းလို့ထင်တယ်... မွှေးနေတာပါပဲဗျာ... "

"ဟင်း... ရှင့်လိုင်ပြာရည်ကိုယ် အောက်မေ့နေလား... "

"ဘာလဲ... မမွှေးလို့လား... "

"င်ပြာရည်လို နံလွန်းအားကြီးလို့... "

လှည့်ပြောစဉ် ကက်ဘင်သို့ တက်သော [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထစ်ကို ခြေထောက်စမ်းလိုက်ရာ ခြေချော်သွား၏။

"အမေ့... "

သူမကိုယ်ကလေး ယိုင်သွားတော့သည်။

အနားတွင်ရှိသော ဗူပျိုကြီး ဆွေခက်ကသာ ဖမ်းပေးမထားလိုက်လျှင် ပစ်လဲသွားမှာသေချာသည်။

ခုတော့ သူမကိုယ်ကလေးက ဆွေခက်ရင်ခွင်ထဲ ရောက်သွား၏။

သိုက်သရဖီ၏ အိထွေးလုံးကျစ်သော ခန္ဓာကိုယ်ကလေးကို ဖက်လိုက်ရသော ဆွေခက်ခမျာ ရင်ထဲတွင် ပီတိသော မနုဿလှိုင်းတွေ ရိုက်ခတ်သွားသည်။ ကောင်မလေးမှာ လုံးကျစ်၍ အသားကလေးတွေက ချောမွတ်အိနေသည်။

"အိုး... "

ကောင်မလေးက သူ့ကိုတံတောင်နှင့် တွက်လိုက်သည်။ မျက်စောင်းလေးထိုးလိုက်ပုံက ဒိုင်းခနဲနှင့် လွင့်သွားစေမည့်ဟန်။

ဆက်လက်ဖက်ထားလိုက်ချင်သေးသည်။ မသင့်တော်တာမို့ မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်လိုက်သည်။

ကောင်မလေး နှာခေါင်းရှုံ့ကာ တက်သွား၏။ စိတ်ထဲမှ အတော်နံတဲ့လူကြီးပဲ ရေမှချိုးရဲ့လားဟု တွေးသည်။

လှေခါးအောက်မှာ ငိုင်ကျန်ရစ်ခဲ့သူက ဆွေခက်။

အတော်လှ၊ အတော်ဖက်လို့ ကောင်းတဲ့ကောင်မလေးပဲ။ အဟီး... အသားကလေးတွေက နူးအောင်ပေါင်းထားတဲ့



ဘဲသားလို အိနေတာပဲ။

ရင်ထဲမှ မပျောက်နိုင်တဲ့အတွေး။

သူ့ရင်ထဲမှာ အဲဒီအထိအတွေ့ကို မပျောက်နိုင်ဘဲ စွဲကျစ်ရစ်ခဲ့သလို သိုက်သရဖီနှာခေါင်းထဲမှာ စွဲကျန်ရစ်ခဲ့တာ ချစ်ရနံ့မဟုတ်။

ဆွေခက်၏ နံလွန်းသော အကျႌမှ ချွှင်းပတ်နံ့။

အမလေးတွေးရင်း မသောက်ရဘဲ မူးလိုက်တာနော်။

သည်အဖြစ်တွေကို ကိုယ့်ရင်ထဲမှာပဲ ကိုယ်ထားလိုက်ကြသည်။ ဆွေခက်ခမျာ ကောင်မလေးအပြောကြောင့် တော်တော်ကလေးတော့ ရှက်သွားရသည်။

ဒါကြောင့် နောက်တစ်နေ့ကစပြီး သူ့ကိုယ်သူ ရေဖတ်တိုက်သည်။ ကိုယ့်မျက်နှာကို ရေဖတ်အဝတ်ဆပ်ပြာနှင့် စင်ကြယ်အောင် ဆေးကြော၏။

ပင်လယ်တွင်းတွင် ရေချိုကိုချွေတာရသည် ဖြစ်ရာ ဘုံးပေါလအော ပင်လယ်ရေနှင့်ပဲ ဆေးပစ်လိုက်ကြသည်။

ရေချိုကို တတ်နိုင်သရွေ့ ချွေတာကြရ၏။

စနေတို့မှာ နှစ်ရက်မျှလှိုင်းမူးသော ဒဏ်ခံရပြီး အစားအသောက်ပင် မစားနိုင်။

သူ့ကိုအထဲမှာ ကြံ့ကြံ့ခံနိုင်တာက သိုက်သရဖီပဲ။

ဒီကောင်မလေးအစားလျှော့စား၊ အဆီအဆိမ့်တွေမစားလို့ ပင်လယ်ဒဏ်မခံနိုင်ဘူး ထင်နေတာ။ သူမက တကယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ခဲတုံး။

မူးနေသူတွေကို သူမကတောင် ပြုစုလိုက်သေး၏။

လှိုင်းမူးတယ်ဆိုတာ တစ်ပြိုင်တည်း မမူးကြပါ။

ပထမ မူးသူ၊ နောက်မူးသူ။

အစွမ်းထက်သော ဆေးတွေကြောင့် သူတို့မူးပဲမူးပြီး အော့အန်ခြင်းများ မေ့မြောခြင်းမရှိ။

ပင်လယ်ထဲတွင် အစားအသောက်များများစားသူ၊ အဆီအဆိမ့်များများစားသူသည် မစားသူထက် လှိုင်းမူးသောဒဏ် ပိုခံရသည်ကို သိက်သရဖိကို ချိန်ထိုး၍ စနေထွန်းမှတ်ချက်ချသည်။

ပထမကျွန်းတွေကို ကျော်သည်။

ဘင်္ဂလားပင်လယ်အော်ထဲတွင် ကျွန်းတွေများသည်။

အနောက်တောင်သို့ စက်လှေက ရွေ့လျားလှသော အခါ ကျွန်းတွေနည်းနည်းလာ၏။ ရေပြင်က ပိုပြာလာ၏။

စနေထွန်းက ဦးကေသရာ၏ ရေပုံညွှန်းအတိုင်း ဆွေခက်၏ လမ်းညွှန်ချက်အတိုင်း သွားချိန်တွင် မှန်ပြောင်းနှင့် မကြာခဏ ကြည့်ရ၏။

ပင်လယ်ကူးသင်္ဘောအချို့ ဖြတ်သွားတာကို မှန်ပြောင်းထဲမှာ မြင်ရ၏။

သုံးရက်လောက်ကြာတော့ လူတွေပျင်းလာကြ၏။

ကုန်းမှလာသူတွေပီပီ ကုန်းကိုပဲတွေ့ချင်ကြသည်။ ကုန်းကိုပဲ နင်းချင်ကြသည်။



ဘယ်ကြည့်ကြည့် ရေပြင်ပြာပြာနက်နက်နှင့် ငါးတွေ၊ လင်းပိုင်တွေ မြူးတာ၊ ကစားတာ၊ ငါးမန်းတွေအုပ်လိုက်ဖွဲ့ပြီး သွားနေတာတွေကို တွေ့ရတော့ ပထမအထူးအဆန်းပဲ။

ပျော်ရွှင်ငေးမောနေမိကြသည်။ တအံ့တသြဖြစ်မိကြသည်။

နောင်မြင်ရဖန်များတော့လည်း ရိုးသွားသည်။ ပျင်းသွားသည်။

လမ်းတွင် ဘာအန္တရာယ်မှ မတွေ့ပါ။ အိန္ဒိယသမုဒ္ဒရာတွင်းသို့ ချဉ်းနင်းဝင်ရောက်နေပြီ ဖြစ်ကြောင်း သည်မနက်ပိုင်းတွင် ဆွေခက်က သတိပေးပြီးနောက် စက်လှေကလေး ဆယ့်ငါးဒီဂရီအလိုက် ရွေ့လျားစဉ် ညနေပိုင်းမှာ ကူဒူးနားကျွန်းကို ရောက်လာကြသည်။

ကူဒူးနားဟု သိရခြင်းမှာ ကျွန်းအထက်တွင် တောင်ကြီးတစ်တောင်မှာ မှိုပွင့်ကြီးပွင့်နေသည့်ပမာ အဝေးက မြင်နေရသည်။

ထိုကျွန်းတွင် ဤတစ်ခုက ထူးထူးခြားခြားဖြစ်တာကို မှိုပွင့်သည့် သဏ္ဍာန်ကျောက်တောင်မျိုးသည် တစ်ခြား မည်သည့်ကျွန်းမှာမရှိဟုသော ဦးကေသရာ၏ ပြောကြားချက်ဖြစ်၏။

နောက်တစ်ခုက ကျွန်းပေါ်တွင်အုန်းပင်များ လုံးဝမပေါက်ဘဲ တခြားသော သစ်ပင်များ ပေါက်နေခြင်းဖြစ်၏။

ကျွန်းကိုတွေ့တော့ စနေထွန်းတို့ လှုသိုက်အော်ဟစ်ကြသည်။ ခုန်ပေါက်မြူးတူးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကို တစ်ပတ်ပတ်ကြည့်၏။

ကျွန်းမှာ ကျွန်းကြီးမဟုတ်ဘဲ ကျွန်းလေးပဲဖြစ်၏။

ကျွန်းပတ်လည်တွင် ထူးခြားတာကို သတိပြုမိကြသည်။

ကျွန်းပတ်လည်မှာ ကျောက်တုံးကျောက်ဆောင်တွေမရှိဘဲ လှိုင်းလိပ်တို့သည် တဝေါဝေါအော်မြည်ကာ ကျွန်း၏ သဲတောင်ခုံများပေါ်သို့ လှိုင်းလိပ်တွေတက်ရောက် ပျောက်ကွယ်သွားတတ်၏။

"ရေချိုးလို့ ကောင်းမဲ့နေရာပဲ... "

ဆွေခက်က အကဲခတ်ကြည့်ပြောကာ မလှမ်းမကမ်းတွင် ရပ်နေသော သိုက်သိုက်အား...

"သိုက်သိုက်တို့ ရေချိုးချင်ချိုးပါလား... ကိုယ့်ကိုကိုယ် ချောင်းသာရောက်နေတယ်လို့ပဲ အောက်မေ့လိုက်... "

"အေး... မောင်ဆွေခက်... ရေချိုးရင်း ငါးမန်းပွဲတော်စာ အဖြစ် တည်ခံရမှာလည်း မမေ့နဲ့ဦး... "

ပွဲနင်းကြီး ဦးသာမြတ်က ပြောရင်းတစ်နေရာသို့ ညွှန်ပြသည်။ သူတို့နှင့်မနီးမဝေးမှာ မည်းခနဲ မည်းခနဲရေပေါ်မှာ ပေါ်ပေါ်သွားသော ငါးမန်းတောင်တွေကို တွေ့ရသည်။

သိုက်သိုက်က ဆွေခက်ကို အဖက်လုပ်စကားပြောခြင်းမရှိဘဲ ကျွန်းဘက်ကို လက်ညှိုးထိုးပြကာ စနေထွန်းကို တစ်စုံတစ်ခု မေးနေ၏။

စနေထွန်းက ခေါင်းခါပြ၏။



စနေထွန်းနားတွင် ဆွတ်ပျံ့ရှိနေပြီး ကျွန်းဘက်ကို မှန်ပြောင်းနှင့် ကြည့်နေ၏။

ဦးသာမြတ်က ရေစူးကို ကြည့်၏။

ကျွန်းဘက်ကို စက်ရှိန်လျှော့ကပ်ရန် အမိန့်ပေးကာ သူကိုယ်တိုင် ပဲ့ကိုကိုင်သည်။ ကျွန်း၏ သွင်ပြင်က ပိုမိုကြီးလာသည်။

ငှက်လည်းမရှိ။

တောတိရစ္ဆာန်လည်းမတွေ့။

"ကျွန်းက မှောင်လှတယ်... ကိစ္စပြီးရင်တော့ မြန်မြန်ပြန်ခွာမှပဲ... "

စနေထွန်းက မှတ်ချက်ချသည်။

နေကို မော့ကြည့်သည်။ ပူပြင်းသော နေမှာနီမြန်းစအသွင်ကို ဆောင်နေပြီး ရေပြင်အထက် ကောင်းကင်ပြင်မှ အဝေးရှိမိုးကုတ်စက်ဝိုင်း ရေပြင်ကျယ်ကြီးထဲကို ဦးစိုက်စပြုနေ၏။

အပူရှိန် လျော့ကျမသွားသေးပါ။

"ဖွီး... ကုန်းထက် ပင်လယ်သမုဒ္ဒရာက ပိုပူတာပဲ... ကိုဆွေခက်... ကျွန်တော်တို့ ဘင်္ဂလားပင်လယ်အော်ထဲမှာပဲလား... "

ကိုဆွေခက်ကို လှမ်းမေးသည်။

"ရေပုံအရဆိုရင် အိန္ဒိယ သမုဒ္ဒရာစပ်ထဲ ရောက်နေပြီ... ရှေ့ဆယ်မိုင်လောက် တိုးဝင်လိုက်ရင် အိန္ဒိယရေပြင်ပိုင်နက်ထဲပဲ... "

www.burmeseclassic.com

www.burmeseclassic.com



ကိုဆွေခက်က သည်နေရာမှာတော့ တော်သည်။ သူ့ဘက်ကို သိုက်သရဖိက လှည့်ကြည့်ကာ မသိမသာ ပြုံးပြရာ လူပျိုကြီးခမျာ သဘောခွေ့၍ ရင်ထဲမှာ နွေးခနဲ ဖြစ်သွားရှာသည်။

"သည်ဟာမလေး ရလိုက်ရင်တော့ အိုကေပဲ... ငါလည်း ရွေးရင်း ရွေးရင်းအသက်ကြီးလာပြီ... အမေလည်း သဘောတူမှာပါပဲ... "

ဟု စိတ်ကူးယဉ်လိုက်၏။

စက်လှေက ပြေးဆင်းလာသော ရေပြင်နှင့် ကမ်းစပ်သိပ်မဝေးသည့် နေရာတွင် ထိုးရပ်သည်။ ရေအတိမ်အနက်ကို ကြည့်၏။ ပင်လယ်ဒီရေအတက်နှင့် ပင်လယ်ဒီရေအကျနေရာကို ခန့်မှန်းကာ သဲထဲမနစ်ရန် စက်လှေကို ကျောက်ချရပ်နားလိုက်၏။

စက်လှေလုပ်သားတွေရော ကျွန်လူတွေပါ တန်းစီစေသည်။

စနေက လူတွေကို ပြောကြားသည်။ ထိုကျွန်းသည် မိမိတို့ ရေပိုင်နက်ထဲတွင် ရှိသော ကျွန်းမဟုတ်သည့်ပြင် မည်သည့် လူမျိုးများ နေထိုင်ကြသည်ကို မသိကြောင်း၊ ကျွန်းပေါ်တွင် အန္တရာယ်ရှိမည် မရှိမည်ကို မပြောနိုင်ကြောင်း၊ မိမိတို့လာကြသူတွေထဲမှ ကျွန်းပေါ်ကို လိုက်လိုကလိုက်။ မလိုက်လိုက စက်လှေပေါ်တွင် နေနိုင်ကြောင်းပြောတော့ စက်လှေသမား နှစ်ယောက်မှအပ ကျွန်လူတွေက ကျွန်းပေါ်တက်မည်ဖြစ်ကြောင်း ပြောပြ၏။

အသင့်လုပ်ထားသော မီးတုတ် မီးစည်းအချို့ကို ကျွန်းပေါ်သို့ ယူလာကြရန် စနေထွန်းကပြော၍ ဘိုဝီဓားကို အိမ်နှင့်



တွဲပြီး ချည်ထားသော ခါးပတ်ကို စနေထွန်းက ပတ်သည်။

မင်းစိုးထိုက်က ဓားအိမ်နှင့် ထည့်ထားသော ငှက်ကြီးတောင်ဓားကို ကျောတွင်စလွယ်သယ်ပိုးလိုက်သည်။

သိုက်သိုက်နှင့် ဆွတ်ပျံ့က ဘက်ထရီမီးအိမ်တစ်ခုစီယူသည်။ ဦးသာမြတ်က...

"ဒီကနေ့ လပြည့်နေ့ပဲ... ဒီရေတက်မဲ့ နေ့ပဲ... တစ်ကျွန်းလုံး လရောင်ထိုးနေမှာ သေချာတယ်... "

"ကျွန်တော်တို့က သောင်ပြင်မှာ နေမှာမှ မဟုတ်ဘဲ... ကျွန်းထဲက တောထဲကိုသွားမှာ... ဒီတော့ မီးအိမ်လိုတယ်"

"မောင်ရင်တို့ကို ကိုယ်တို့က မလာမချင်းစောင့်နေရမှာလား မောင်စနေထွန်း... "

"ဟုတ်တယ် ဦးလေး... "

စက်လှေ ကုန်းပတ်ပေါ်မှ အောက်ဘက်သဲပြင်အထိ ကုန်းဘောင်ပျဉ်ပြားများကို ချထိုးပေးသည်။ ကုန်းဘောင်ပေါ်မှ ဆင်းလျှင် ရေကခါးလယ်လောက်ရောက်နေသည်။

"ဒါ ဒီရေကျချိန်မို့ပဲ... ဒီရေသာ တက်ရင်တော့ ဒီနေရာဟာ လူတစ်ရပ်အမြင့်ပဲ... "

ဟုနောက်မှ ဆင်းလိုက်လာသည့် ဦးသာမြတ်က ဆိုပြန်သည်။

ဘာပဲပြောပြော သူတို့ကျွန်းကမ်းစပ်ပေါ်သို့ တက်လာနိုင်ကြသည်။

သဲသောင်ပြင်စပ်တွင် ဂဏာန်းများပြေးနေတာကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့၏။ လူတွေကိုတွေ့တော့ မျက်လုံးကလေးတွေ ပြူးတိပြူးကြောင်နှင့် ကြည့်ကြ၏။

ပြီးတော့ ဘေးတိုက်ရွေ့လျားပြေး၏။

"လောကမှာ ဂဏန်းလိုလူစားလည်းရှိတယ်... တည့်တည့်မသွားဘဲ ကပ်ဖဲ့ဘေးတိုက်သွားတဲ့ လူစားတွေ... "

မင်းစိုးထိုက်က ပြောတော့ ကြားမိသော ဆွေခက်က...

"အဲဒါ လူ့ပွဲစားခေါ်တယ်... ဟုတ်တယ်နော် သိုက်သိုက်..."

"အဲဒါ ရှင့်လိုလူစား လူကြီးရဲ့... "

သိုက်သိုက်၏ ပြန်ပက်လိုက်သော စကားကြောင့် လူတချို့က ရယ်ကြသည်။ စက်လှေအလုပ်သမားတစ်ယောက်က လက်တစ်ဝါးစာရှိသော ဂဏန်းတွေကို မီးဖုတ်စားဖို့ဆိုပြီး လိုက်လံကောက်ကာ ကျွတ်ကျွတ်အိတ်ကြီးထဲ ထည့်သည်။

"ဂဏန်းဆိုတာ လပြည့်နေ့မဟုတ်ဘဲ လကွယ်ညတွေမှာ တွင်းထဲက ထောင်ထွက်တယ်ဆိုရင် ဂဏန်းတွေအတော်ပေါပုံရတယ်... "

ဦးသာမြတ်က မှတ်ချက်ချ၏။

ရေစပ်မှ ကုန်းအထက်ခပ်လှမ်းလှမ်းသို့ ရောက်လာကြ၏။

သဲသောင်ပြင်ကြီး တစ်ခုလုံးက ပြန့်ပြူးနေ၏။

မှိုပွင့်လို ကျွန်းထက်မှာမိုးနေသော ကုန်းတွင်းမှ ကျောက်တောင်ကြီးကို ဆွတ်ပျံ့က မော်ကြည့်၏။



စနေက သူ့လက်ပတ်နာရီကို ကြည့်သည်။

ငါးနာရီထိုးပြီးနေပြီ။ ကောင်းကင်တွင်ရှိသော နေလုံးနှင့် တိမ်တွေမှာလိမ္မော်ရောင်၊ ပုစွန်ဆီသွေးရောင် ထောက်စပြုနေ၏။

ကျွန်းပေါ်မှာ လေတသုန်သုန် တိုက်နေသဖြင့် ပူမှန်းတောင် မသိ။ ပြီးတော့ ကိုယ်တစ်ဝက်ရေစိုထားကြသည်က ရှိသေး၏။

"ဒီမှာ ဘယ်နှစ်ရက်နေမလဲ... "

ဦးသာမြတ်မေးခွန်းက မေးထိုက်ပါသည်။ စနေကို မင်းစိုးထိုက်နှင့် ဆွတ်ပျံ့က လှမ်းကြည့်၏။

"ဒီညနဲ့ မနက်ဖြန်တစ်နေ့ပဲ... မနက်ဖြန်ည စက်လှေပြန်ထွက်မယ်... "

"ဖြစ်ပါ့မလား ကိုစနေထွန်း... ခင်ဗျားကိစ္စက တစ်ခါတည်းနဲ့ ပြီးပြတ်ပါ့မလား... "

"ဖြစ်ပါတယ်... ကိုမင်းစိုးထိုက်... ကျွန်းသေးတော့ ရှာရတာလွယ်ပါတယ်ဗျာ... "

ဦးသာမြတ်မှာ သူတို့ပြောတာတွေကို စိတ်ဝင်စားမိသော်လည်း လူကြီးပီပီမစပ်စုမိပါ။

စနေထွန်းက သူတို့အား ဤကျွန်းဘက်တွင် တစ်ချိန်ကပင်လယ်ဓားပြများ ရှိခဲ့ရာ သူတို့တိုက်လို့ရထားသော ဥစ္စာရတနာတွေကို ထိုကျွန်းပေါ်မှာ သိုဝှက်ထားတာမို့ လိုက်လံရှာဖွေလိုကြောင်းသာ ဦးသာမြတ်ကို အသိပေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ရတနာရှာဖွေရာတွင် ဦးသာမြတ်တို့အား လိုက်လံဖို့ မခေါ်ခဲ့ပါ။ တကယ်လို့ ရလာလျှင် မိမိတို့ဝေစုထဲမှ ဦးသာမြတ်နှင့် စက်လှေသမားတွေကို ပေးမည့်အကြောင်းသာ ပြောခဲ့၏။

ညစာကို နေမဝင်မီ ကျွန်းသောင်ခုံပေါ်မှာပဲ ဖြစ်သလိုစား၏။ ငါးဖမ်းမိသော စက်လှေအလုပ်သမားက ငါးတွေကို မီးဖုတ်၏။

ဒါပေမဲ့ ထူးဆန်းတာက ငါးသေများ၏ အခွံကို ခွာလိုက်လျှင် အတွင်းမှ ငါးအသားနှင့်အဆီမတွေ့ဘဲ ရွှေရောင်ပြောင်ဝင်းနေသော အတွင်းအခွံသားများနှင့် သဲတွေကိုပဲ တွေ့ရတော့၏။

အားလုံးပဲ အံ့သြထိတ်လန့်သွားကြသည်။

ပင်လယ်အတွေ့အကြုံများသော ဦးသာမြတ်က မိမိတို့ ရောက်နေသော ကျွန်းသည် ထူးဆန်းသော ကျွန်းတစ်ခုဖြစ်ဟန်တူကြောင်း။ ဒါကြောင့် ကျွန်းပေါ်တွင် တွေ့သမျှမြင်သမျှတွေကို မစားမသောက်ဖို့ အသိပေးသည်။

စက်လှေသမားတွေမှာ လန့်တော့ လန့်သွားကြသည်။

ညမိုးချုပ်ချိန်မရောက်မီကလေးတွင် စနေထွန်းတို့အုပ်စု ကျွန်းကလေးအတွင်းရှိ တောအုပ်ထဲ ဝင်လာ၏။

တောအုပ်ထဲ ရောက်သည်နှင့် တစ်စတစ်စအမှောင်ထုက ချဉ်းကပ်လာသည်။



စနေထွန်းတို့ လူစုထဲမှာ ဆွေခက်ပါလာသည်။ ဆွေခက်ပါလာတာကို ဘယ်သူကမှ သဘောမကျပါ။

သူက ဇွတ်ကပ်လိုက်လာခြင်းဖြစ်၏။

မှောင်တော့ ဆွေခက်မှ လွဲပြီးကျန်လူတွေ၏ လက်ထဲတွင်ရှိသော ဘက်ထရီလက်ဆွဲမီးအိမ်တွေ ထွန်းကြသည်။

ပတ်ဝန်းကျင်တစ်ခုလုံးအားလုံး ထင်းလင်းအောင်ထိန်လင်းနေသည်။ အလင်းရောင်ရှိလာတော့လည်း သွားရလာရတာ အားရှိ၏။

"သိုက်သိုက်တို့ရှိတဲ့ မီးအိမ်လေးလုံးကို ဖွင့်နေရင် ဘက်ထရီအားကုန်သွားရင် ဘယ်လိုလုပ်မလဲ... နှစ်လုံးဖွင့်ပြီး နှစ်လုံးကို ချန်ထားဖို့ ကောင်းတယ်... "

သိုက်သိုက်က အကြံပေးသည်။

ကျန်လူတွေက သဘောတူကြသည်။

နှစ်လုံးဖွင့်သည်။ ကျန်နှစ်လုံးကို ပိတ်ထားလိုက်ကြသည်။

တစ်တောလုံး တစ်ကျွန်းလုံး တိတ်ဆိတ်နေသည်။ တစ်ခါတစ်ခါမှသာ ဝေးကွာခဲ့ပြီဖြစ်သော ကမ်းစပ်ဘက်ဆီမှ ကမ်းခြေသို့ လှိုင်းတိုးသံသဲ့သဲ့ကို ကြားတတ်ရ၏။

"တစ်ကျွန်းလုံး ငှက်မရှိတာ တကယ်အံ့သြစရာပဲလေ... ဘာတွေတွေ့မလဲတော့ မသိဘူး... "

"ကျွန်းတိုင်း ငှက်ရှိတာမှ မဟုတ်ဘဲ... တချို့ကျွန်းတွေ ငှက်ကလေးတွေ ရှိတယ်... ငှက်သိုက်တောင် လုပ်တာ...

www.burmeseclassic.com

www.burmeseclassic.com



"ကို... အဲဒါ ဘာဖြစ်လို့... "

"ကုန်းမြေနဲ့ နီးလို့ပေါ့... "

မှောင်ထဲတွင် စကားပြောရင်း သစ်ပင်ရှိုနှယ်တွေကိုဖြတ်သည်။

လန့်သွားသော မင်းစိုးထိုက်အသံ။

သူ့လက်တွင် ကိုင်ထားသော မီးအိမ်အောက်မှ ပါးပျဉ်းထောင်နေသော မြွေတစ်ကောင်။

မြွေ၏တစ်ကိုယ်လုံးမှာ စိမ်းနေသည်။ ခေါင်းက တြိဂံပုံဖြစ်သည်။

"အမယ်လေး... မြွေ... "

ဆွတ်ပျံ့က အော်သံလေးပေးသည်။ နီးရာလူဖြစ်သော သိုက်သိုက်ကို ဖက်လိုက်၏။ မြွေနှင့်သူမက အနီးကပ်ဆုံး။

"မမ မလှုပ်နဲ့... "

သိုက်သိုက်က ဆွတ်ပျံ့ကို သတိပေးသည်။ မြွေကိုလည်း စိုက်ကြည့်နေ၏။

"ရှပ်... "

လေထဲတိုးဖွေ့သံ တစ်ခုထွက်လာပြီး မြွေလည်ပင်းမှာ ပြတ်ထွက်သွားသည်။

ဓားကိုအသုံးပြုလိုက်သူက မင်းစိုးထိုက်ရယ်။

"သတိထားပြီး လျှောက်ကြပေတော့... ညဘက်တွေမှာ မြွေတွေအစာရှာထွက်တတ်ကြတာပဲ... "

ဓားရှည်ကို အိမ်ထဲပြန်ထည့်ကာ မင်းစိုးထိုက်က



ပြောသည်။

သည်စဉ်မှာပင် အရိပ်မည်းမည်းများသည် သူတို့ဆီသို့ တစ်ဟုန်ထိုး ပျံ့လွင့်ဝင်လာသည်။

ဘယ်အရပ်ဘယ်ဒေသမှ မသိရသော လူတစ်စုဖြစ်၏။ သူတို့လက်များထဲတွင် လက်နက်များ ကိုင်မထားပါ။ လက်နက်တွေအစား ပိုက်ကွန်တွေ ကိုင်ထားသည်။

ယင်းပိုက်ကွန်များသည် ရပ်နေသော လူတစ်စုအပေါ်ကို ထိုးကျလာသည်။

ပိုက်ကွန်အမိမခံလိုက်ရသူမှာ သိုက်သိုက်သာလျှင်ဖြစ်၏။

လူတစ်စု၏ ဖမ်းဆီးခြင်းကို လူတစ်စုက ခံလိုက်ရသည်။

ဖမ်းဆီးသော လူတွေမှာ စုစုပေါင်း တစ်ရာကျော်လောက်ရှိကောင်းရှိမည်။ သူတို့နှုတ်မှ ဟစ်ကြွေးသံတွေက ဆူညံနေသည်။

"ကူဒူးနား... ကူဒူးနား... "

အသံတွေက ကျွန်းပေါ်မှာ ဟိန်းနေသည်။ သူတို့၏ ဟစ်ကြွေးသံများသည် အသည်းတုန်စရာကောင်းသော ဟစ်ကြွေးသံများဖြစ်၏။

ဒါပေမဲ့ ထွက်ပေါ်လာသော လရောင်အောက်တွင် မြင်နေရသော သည်လူစုသည်ကျွန်းပေါ်မှ အရိုင်းအစိုင်းတွေမှ ဟုတ်ပါလောဟု ထင်စရာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အရပ်တွေမြင့်မားပြီး အသားဖြူသည်။ ရုပ်ရည်ရူပကာယ လှသည်။ မိန်းမများသည် ရှည်လျားသော ဆံပင်များကို သူတို့၏ ပခုံးထက်မှ အောက်ခြေအထိ ချထားရာ ထိုဆံပင်တွေက မည်းမည်းနက်နက်နှင့် ဖြူသောအင်္ကျီအစိတ်အပိုင်းများအပေါ် ဖုံးလွှမ်းနေသည်။

ယောကျ်ားတွေမှာ လည်ကုတ်အထိ ရှည်သော ရွှေအိုရောင်ဆံပင်တွေရှိသည်။ အားခွန်ဗလတွေ ကောင်းကြသည်။

တူညီသော အချက်မှာ သူတို့ယောကျ်ားမိန်းမအားလုံး အဝတ်အစားမဝတ်ဘဲ ရှိုက်ဖိုကြီးငယ်အားလုံးပေါ်သည်အထိ ဝတ်လစ်စလစ်ဖြစ်သည်။

ဒါကိုကြည့်၍ စနေထွန်းက အော်ပြော၏။

"ကိုမင်းစိုးထိုက်တို့... ဆွတ်ပျံ့တို့ရေ... ကျွန်တော်တို့တော့ ကျောက်ခေတ်လူသားတွေ အလယ်ကိုရောက်နေကြပြီ..."

မင်းစိုးထိုက်ကလည်း ပိုက်ကွန်အတွင်းမှ အော်ဟစ်ပြောဆိုသည်။ ဆွတ်ပျံ့မှာကြောက်ကြောက်နှင့် မင်းစိုးထိုက်ကို တွယ်ဖက်ထားရင်း...

"ကိုစိုး... ကိုစိုးလုပ်ပါဦး... လုပ်ပါဦး... "

"သူတို့ ကိုယ်တို့ကို ဘာမှမလုပ်နိုင်ပါဘူး... ဆွတ်ပျံ့ရယ်... ဆွတ်ပျံ့ကို အထိမခံပါဘူး... "

သည်စဉ် စနေက သူတို့နားရောက်လာ၏။

"ကိုမင်းစိုးထိုက်... အသားယူစကားတွေ ပြောမနေစမ်းပါနဲ့ဗျာ... ဆွတ်ပျံ့ ဒီဘက်ကိုလာ... "



"ဟာ... ခင်ဗျား ဘာလုပ်တာလဲ... ဒီမှာ ဆွတ်ပျံ့ ကြောက်နေလို့ အားပေးနေတာဗျ... "

"မပေးနဲ့... အားပေးစရာရှိ ကျုပ်ပေးမယ်... ကျုပ်မှာ အားဆေးတွေ အများကြီး စားထားတယ်... "

ပိုက်ကွန်တွင်းမှာပဲ ဆွတ်ပျံ့ကို စနေက သူ၏နံဘေးသို့ ဆွဲခေါ်ယူကာ တီးတိုးသံနှင့်...

"ဆွတ်ပျံ့... အဲဒါကို အိပ်မက်တစ်ခုလိုပဲ ထားလိုက်... မကြာခင်အိပ်မက်က နိုးလာလိမ့်မယ်... အခုလူတွေ လက်ထဲမှာ ဘာမှပါမလာဘူး... မပါလာဘူးဆိုတာ လက်နက်ကိုပြောတာ... သူတို့ ကိုယ်တို့ကိုဒုက္ခမပေးနိုင်ပါဘူး... "

"ကူဒူးနားကျွန်းသားတွေနဲ့ တူတယ်... "

"ဟုတ်တယ်... "

ဒါပဲပြောနိုင်သည်။ ကူဒူးနား ကူဒူးနားဟုအော်ဟစ်နေကြသူလူများသည် နွယ်များနှင့် ယက်ထားသော ပိုက်ကွန်တွင်းရှိလူတွေကို ပိုက်ကွန်တန်းလန်းနှင့် ခေါ်သွားကြ၏။

ခွေခက်မှာ မျက်နှာငယ်ကလေးနှင့် ဘုရားကယ်ပါ ဘုရားကယ်ပါဟု ရေရွတ်ရင်း ပါသွား၏။

တောထဲရှိ သစ်ပင်တွေ ချုံပုတ်တွေကို ဖြတ်လာကြ၏။

မကြာမီ မှိုပွင့်သဏ္ဌာန်ရှိသော ကျောက်ဆောင်ကြီး၏အောက်ခြေကို ရောက်လာသည်။

လရောင်သည် ထွန်းလင်းပီပြင်စွာ အရာခပ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်နိုင်အောင် လွှမ်းထားသည်။

မိမိတို့၏ မီးအိမ်များမှာ ကျကျန်ရစ်ခဲ့ကြသည်။ ကျွန်းသားတွေက ဒါကို ကောက်မယူလာကြ။

ပါးစပ်မှ ကူဒူးနား ကူဒူးနားဟု ထပ်မနားအော်သံတွေက ကြောက်ခမန်းလိလိ ဆူညံနေသည်။

ဆွတ်ပျံ့မှာ တုန်လှုပ်သော်လည်း ချောက်ချားသော်လည်း ဒါတွေကို မျိုသိပ်နိုင်သည်။

"ဒက်ဒီပြောခဲ့သားပဲ... ဒီလူတွေဟာ ကူဒူးနားဆိုတဲ့ စကားကလွဲပြီး ဘာမှမပြောဘူးတဲ့... ဟယ်... ဟိုမှာကြည့်စမ်းကို... "

စကားပြောဆဲ တန်းလန်းမှ ဆွတ်ပျံ့က တစ်နေရာကို ထိတ်လန့်တကြား ညွှန်ပြလိုက်သည်။

စနေအပြင် သူမညွှန်ရာကို ကျန်လူနှစ်ယောက်က လိုက်ကြည့်၏။

ကြောက်စရာကောင်းသည့် ရုပ်တုကြီးတစ်ခု။

လူနှစ်ရပ်ခန့် အမြင့်ရှိမည်။ ခေါင်းတွင် သစ်ရွက်သရဖူပန်းများကို ဆောင်းပေးထားသော ခေါင်းပြောင်ပြောင်နှင့် လူ့လိုလို ဘီလူးလိုလို အရုပ်ကြီးဖြစ်၏။

မျက်လုံးတစ်လုံးက ရဲနေ၍ အခြားမျက်လုံးတစ်ဘက်တွင် ပြောင်ပြောင်လက်လက်ရှိနေ၏။ မတ်တပ်ရပ်နေရာ ဝမ်းဗိုက်ကြီး ပူထွက်နေ၏။ မျက်နှာက အဖုအထစ်တွေရှိလျက် ဆေးနီလား သွေးလားမသိသော နီရဲသော ပါးစပ်ကြီးကို ဟထားသည်။



အတွင်းမှ သွားတွေအစွယ်ရာတွေ ရှိနေ၏။

ငါးမန်းသွားနှင့် ငါးမန်းစွယ်များကို ရုပ်တုပါးစပ်ထဲမှာ တပ်ပေးထား၏။ ဆွေခက်က

"ဘုရား... ဘုရား... ကြောက်စရာကြီးပါလား... ခင်ဗျားတို့နဲ့ လိုက်လာတာ ကျုပ်တော့ ကိုယ့်သေတွင်းကိုယ်တူးမိပြီထင်ပါ့ဗျာ... ဒီလိုမှန်းသိ ကျုပ်လိုက်တောင် မလိုက်ဘူး..."

"တိတ်တိတ်နေစမ်းပါဗျာ... ခင်ဗျားတင် မဟုတ်ဘူး... ကျုပ်တို့ပါ အားလုံးသေကြမှာ... ဒါပေမဲ့ မသေခင် ကျုပ်တို့လွတ်အောင် ရုန်းမယ်... ရုန်းမရရင် ကျုပ်တို့နဲ့အတူ ဒီကောင်တွေကိုပါ တတ်နိုင်သလောက် ခေါ်သွားမယ်... "

စိတ်တိုတိုနှင့် မင်းစိုးထိုက်က ပြောတော့စနေကပါ

"ခင်ဗျားစကားကို ကျုပ်ထောက်ခံတယ် ကိုမင်းစိုးထိုက်... ကျုပ်ကတော့ သေဖို့ရာ မတွက်သေးဘူး... လွတ်မြောက်ဖို့ပဲတွက်တယ်... "

"ဒါကတော့ ခင်ဗျားမှာ တူနှစ်ကိုယ်နီးဖို့ရာ ရှိနေတာကိုး... ဒါထက် သိုက်သိုက်... သိုက်သိုက်လည်း မမြင်ပါလား... "

"မပူပါနဲ့ ကိုမင်းစိုးထိုက်... ကောင်မလေးက အင်မတန်လျင်... အင်မတန်ပါးတာ... ကူဒူးနားကောင်တွေ ချုံတွေထဲက ထွက်လာကတည်းက သူကမှောင်ရိပ်ထဲခိုပြီး ပြေးတာ မြင်လိုက်တယ်... "

"ခက်ပြီဗျာ... ဒီတောထဲမှာ သူမမြင်မကန်းနဲ့... "

"သူ့မှာ... မျက်လုံးတွေ ခြေတွေလက်တွေရှိပါတယ်...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုတောင် ဘန်ဒွတ်တို့လက်က ကယ်ထုတ်နိုင်သေးခဲ့တာ ... သူ့ကိုယ်သူ စွမ်းဆောင်နိုင်ပါလိမ့်မယ်... မပူပါနဲ့ဗျာ ... ”

စနေက အေးအေးဆေးဆေးပဲပြောကာနတ်ရုပ်ကြီးဘက်ကြည့်နေ၏။ ထိုမှ နတ်ရုပ်တုကြီး၏ မျက်လုံးတစ်ဖက်မှတောက်ပနေသောအရာတစ်ခုကို ကြည့်ကာ ဘေးမှဆွတ်ပျံ့အားတီးတိုးသံနှင့် ...

“တွေ့လား ... ဟိုတစ်ဖက်မျက်လုံးက တောက်နေတာအဲဒါ ပြဒါးရှင်ပဲ ... ဆွတ်ပျံ့ဒက်ဒီထားခဲ့တာ ဒီအတိုင်းပဲရှိတယ် ... ”

“မပြောပါနဲ့တော့ ကိုရယ် ... ဒီပြဒါးရှင်ကို စိတ်နာတယ်... ဆွတ်ပျံ့တို့ အခုသေဘေးရောက်တာ ဒီပြဒါးရှင်ကြောင့်ပဲ ဒီပြဒါးရှင်ဟာ ကောင်းကျိုးပေးမှာမဟုတ်ဘူးဆိုတာ ဆွတ်ပျံ့တော့ ထင်တာပဲ ... ”

“ဆွတ်ပျံ့ကလည်းကွာ ... အလကားနေရင်း စိတ်အားငယ်နေတယ် ... ကိုယ်တို့မှာ လက်နက်တွေပါလာပါတယ် ... သူတို့ မသိမ်းသေးပါဘူး ... ”

စနေပြောသည့်အတိုင်း ကျွန်းပေါ်မှလူတွေက သူတို့၏လက်နက်တွေကို မသိမ်းသေးချေ။

ပိုက်ကန်ကိုသာ သူတို့အပေါ်ဖုံးအုပ်မြဲ ဖုံးအုပ်ထားသည်။

စနေက ဆွတ်ပျံ့အတွက်သာ စိတ်ပူသည်။ ဆွတ်ပျံ့



သည် သိုက်သိုက်လို စိတ်ခိုင်မာသော မိန်းကလေးမဟုတ်ပါ။ ကောင်းမည်ထင်သော သာယာစီးဘက်သို့လိုက်သည့် စိတ်ဓာတ်ရှိသူလေလားဟု စဉ်းစားနေမိ၏။

သည်စဉ် လူတစ်ယောက်က သစ်သားနတ်ရုပ်တုကြီး၏ခြေရင်းရှိ ကြီးမားသော ကျောက်တုံးကြီးတစ်တုံးပေါ်သို့ တက်လိုက်၏။

ထိုကျောက်တုံးကြီးမှာ လေးထောင့်သဏ္ဍာန်ရှိပြီး ဖျက်ကျဲယ်၏။ လူနှစ်ယောက်ယှဉ်အိပ်နိုင်သော ကျောက်တုံးကြီး ဖြစ်၏။

သူက ကျောက်တုံးကြီးပေါ်တက်လိုက်သည်နှင့် ကူဒူးနား ... ကူဒူးနားဟု အော်ဟစ်နေသော အသံများတိတ်သွား၏။

ထိုကျောက်တုံးဘေးတွင် အပင်တစ်ပင်ရှိ၏။ အရွက်မှာ လက်ဝါးပုံသဏ္ဍာန်ရှိကာ ပန်းသီးနှင့်တူသော အသီးလေးငါးလုံးက တွဲရရွဲသီးကျနေသည်။

နတ်ရုပ်တုကြီး၏အောက်ခြေတွင်ကျနေသော သစ်ရွက်ပန်းကုံးတစ်ခုကို အဲဒီလူကကောက်ယူကာ သူ့လည်တိုင်တွင် စွပ်ပြီး ‘ကူဒူးနား ... ’ဟု အသံနက်ကြီးနှင့် တစ်ချက်အော်လိုက်၏။

သူ့အော်သံက နက်ကျောလှ၏။

တခြားလူတော့ မပြောနိုင်။ စနေတောင် ထိုအော်သံကြီးကြောင့် ကျောစိမ့်သွား ၏။

◇⊙◇

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၃)

သူတို့ရုပ်တွေက လှပနေသောကြောင့်သာကြောက်စရာမကောင်းသလိုဟု ထင်နေရ၏။

ကိုယ်လုံးတီးရှိသော မိန်းကလေးများသည်ကျောက်တုံးကြီးနားတွင်ပိုင်းရုံလျက်နတ်ရုပ်ကြီးကို လက်နှစ်ဖက်မြှောက်ကာ 'ကူဒူးနား ... ကူဒူးနား ... 'ဟု ကြွေးကြော်ကြသည်။

ဆံပင်တွေ ဖုံးလွှမ်းနေသော ထိုမိန်းမချောလေးများကိုကြည့်၍ ဆွေခက်မှာ ကိုယ့်ဘေးကိုတောင် ကိုယ်မေ့ကာ ဤမိန်းမလှလေးတစ်ယောက်ယောက်ကို အပြန်မှာစက်လှေပေါ်ခိုးတင်သွားရလျှင် ကောင်းမှာပဲဟူသော အတွေးနှင့်အညီ ပလူးချင်စိတ်ပင် ပေါက်လာ၏။

"ဆွတ်ပျံ့တို့တော့ ယဇ်ပူဇော်ခံရတော့မယ်ထင်တယ်... "

ကြောက်ကြောက်ရွံ့ရွံ့အသံနှင့် ဆွတ်ပျံ့က ပြော



သည်။ လရောင်အောက်တွင် သူမတို့ ပတ်ပတ်လည်မှာရှိနေသောကျွန်းသားတွေကို လှည့်ကြည့်၏။

ကျွန်းသားတချို့က သူမတို့အား ခပ်စိမ်းစိမ်းကြည့်နေကြ၏။

"ဆွတ်ပျံ့ပြောတာ အမှန်ပဲဗျ ... ကျွန်တော်တို့ကို ယဇ်ပူဇော်ပြီးရင် သူတို့ ကျွန်တော်တို့ကို စားကြသောက်ကြတော့မယ်ဗျ ... အာသာငန်းငန်းနဲ့ကြည့်နေတဲ့ သူတို့မျက်လုံးကြီးတွေကို ကြည့်ပါလား ... "

ဆွတ်ပျံ့စကားနှင့် အခြေအနေကိုမူတည်၍ မင်းစိုးထိုက်က သုံးသပ်စကားတွေဆိုသည်။

"ကျွန်တော်တို့မှာ လက်နက်တွေရှိတယ်လေဗျာ ... ပိုက်ကွန်ကို ဓားတွေနဲ့ ဖြတ်ထွက်ပြီး ထိုးခုတ်ထွက်ပြေးမယ်... ဟိုမှာ လကိုတိမ်ဖုံးတော့မယ် ... အဲဒီအချိန်မှာ ဓားနဲ့ပိုက်ကြိုးတွေကို လှီးဗျာ ... နွယ်တွေဆိုတော့ ကြိတ်လှီးရင်ပြတ်ပါတယ် ... "

စနေက လွတ်ရာလွတ်ကြောင်းအတွက် အကြံဉာဏ်များပေး၏။

"ဟယ် ... ကြည့်စမ်းပါဦး ... သူတို့လက်သည်းကြီးတွေကကြောက်စရာ ... ကြည့်ကြစမ်း ... "

တုန်ယင်သောအသံနှင့် ဆွတ်ပျံ့ပြောတာမှန်သည်။ မိန်းမတွေပဲဖြစ်ဖြစ်၊ ယောကျ်ားတွေပဲဖြစ်ဖြစ် သူတို့လက်သည်းမည်းမည်းကြီးတွေမှာ လက်ချောင်းတစ်ချောင်းစာနီးပါးရှည်ထွက်ကာ

www.burmeseclassic.com

www.burmeseclassic.com



သိန်းစွန်ငှက်များ၏ လက်သည်းလို၊ နှုတ်သီးလိုကောက်ကွေးချွန် ထွက်နေကြသည်။

"အဲဒါတွေဟာ သူတို့ရဲ့လက်နက်တွေပဲဗျ ... "

ပြောလိုက်သည့် ဆွေခက်စကားအဆုံးတွင်ကျောက်ဖျာပေါ်တက်နေသော ကူဒူးနား ... ကူဒူးနားဟု ကြွေးကြော်နေသည့် လူက ထွက်ပေါ်နေသောလမင်းနှင့် ဖုံးအုပ်လုဆဲဆဲတိမ်တိုက်ကိုကြည့်ကာ ကူဒူးနား ... ကူဒူးနားဟုအော်ပြီး လမင်းနှင့် တိမ်တိုက်ဘက်ကို လက်နှစ်ဖက်မြှောက်ထိုးလိုက်၏။

ချက်ချင်းပင် လက်တွေဆီမှ အနီရောင်တန်းတွေ ထွက်လာသည်။ ထိုအနီရောင်တန်းများမှာ ဆလိုက်ထိုးသလို ရှည်လျားသည်။

စနေထွန်းတို့၊ ဆွေခက်တို့မှာ နှုတ်မှ ဟာ ... ဟာနှင့် ဖြစ်နေကြသည်။ လူအုပ်ကြီးသည် ချက်ချင်းပင် စနေထွန်းတို့ကို ပိုက်ကွန်ထဲမှာပင် ပင့်ချီမြှောက်လိုက်ကြသည်။

"အမယ်လေး ... "

ဆွတ်ပျံ့က ကြောက်ကြောက်ရွံ့ရွံ့နှင့် အော်သည်။ သူတို့တစ်ကိုယ်လုံး သည်လူတွေ၏လက်ထဲမှာ ပါရှိကာ အထက်သို့ မြှောက်တက်သွား၏။

လမင်းနှင့် အမည်းရောင်တိမ်တိုက်ကိုပူဇော်ကြခြင်း ဖြစ်ဟန်တူ၏။

"ဒီကောင်တွေ လကို ကိုးကွယ်ကြတာဗျ ... "

ကူဒူးနား ... ကူဒူးနားဟု အော်ဟစ်နေကြသော



လူတွေ၏အသံတွေကြားမှ စနေထွန်းက အော်ဟစ်ပြောဆိုနေ၏။ ဆွေခက်က ...

"ကျုပ်တို့တော့ ဒုက္ခပါပဲဗျာ ... ကျုပ်တို့ကို လပြပြီး ယဇ်ပူဇော်တော့မှာနဲ့တူတယ် ... အမေရေ ... အမေ့သားအဖြစ်ဆိုးပြီဗျ ... ကယ်ပါဦး အမေရေ ... "

ငိုသံပါကြီးနှင့် အော်ဟစ်ပါလေတော့၏။

ကြောက်လွန်းသဖြင့် အသားတွေ တဆက်ဆက်တုန်နေသော ဆွတ်ပျံ့မှာ မျက်လုံးကလေးတွေ မှိတ်ထားမိသည်။

"ကိုဆွေခက် ... အော်မနေနဲ့ ... ယောကျ်ားပီပီ ရန်းကန်ရမယ်ဗျ ... ကျုပ်တို့ ပိုက်ကွန်ကြိုးဖြတ်ချိန်မှာ ခင်ဗျားက ပိုက်ကြိုးတွေကို ဆွဲ ... ထွက်ပေါက်ရလိမ့်မယ် ... "

အားပေးသည်။ သူတို့ကို လူတွေက ပြန်ချလိုက်၏။

ခြေထောက်နှင့် မြေကြီးထိသည်နှင့် တစ်ပြိုင်တည်း လကို တိမ်မည်းမည်းက ဖုံးသွားတော့၏။

အဲသည်မှာ စနေက သူ့ဓားကိုထုတ်သည်။ နွယ်တွေကို လှီးဖြတ်သည်။ မင်းစိုးထိုက်ကလည်း ဓားရှည်ကိုထုတ်သည်။ သူ့ဘေးမှ နွယ်တွေကို လှီးဖြတ်၏။

လက်သန်းလုံးခန့်ရှိသော ပိုက်ကွန်နွယ်တွေမှာ လွယ်ကူသည်ထင်သော်လည်း လှီးဖြတ်ရာ မာကျောသဖြင့်အတော်လှီးဖြတ်ယူရသည်။

စနေဘက်မှ ခြောက်ချောင်းခုနစ်ချောင်းပြတ်ထွက်သွားချိန်တွင် မင်းစိုးထိုက်ဘက်မှလည်း ခြောက်ချောင်းခုနစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ထွက်သွားသည်။

အမှောင်ထုသည် သူတို့ကိုကော တစ်ကျွန်းလုံးကိုပါ လွှမ်းမိုးသွားပြီဖြစ်ရာ သူတို့လှုပ်ရှားချက်ကို ကျွန်းသားတွေက သိဟန်မတူ။

ဆွတ်ပျံ့မှာ မျက်လုံးကလေးမှိတ်ထားကာ သူမ အဖေသင်ပေးခဲ့သော သံဗုဒ္ဓေဂါထာကိုပဲ ရွတ်ဆိုနေ၏။ သူမမေ့မသွားရန်ကိုလည်း သတိထားသည်။ ဘေးဘက်တွင် အသံတွေက မြည်ဟိန်းနေသည်။

စနေက လဘက်ကိုကြည့်၏။

"ကိုမင်းစိုးထိုက် ... လကို တိမ်ဖုံးတာလွတ်တော့မယ် ... ဓားကိုပြန်ထည့် အခြေမပျက်နေ ... "

စနေက သူ့ဓားကို ဓားအိမ်ထဲသို့သွင်းပြီးပြီ။ သူ့စကားကို မင်းစိုးထိုက်ကလည်း ကြားသည်နှင့်အညီ သိုင်းပိုးထားသော ဓားကို ဓားအိမ်ထဲပြန်ထည့်လိုက်သည်။

လရောင်တစ်စထက် တစ်စ ပြန့်ပြူးလာသည်။

ချက်ချင်းပဲ ကူဒူးနား ... ကူဒူးနားဟု အော်နေသော အသံများ တိတ်သွားတော့သည်။

"ဒီကမ္ဘာကြီးမှာ တကယ်ထူးဆန်းတဲ့အဖြစ်အပျက်တွေ ... အရာတွေရှိနေတာပဲ ... ကျွန်တော်တို့အခုလိုဖြစ်ပျက်တာ ဘယ်လိုသိကြမှာလဲဗျာ ... "

"အေးလေ ... ကမ္ဘာကြီးတစ်နေရာက အဖြစ်အပျက်ကို ကွန်ပျူတာ အီးမေး(လ်)တို့ ... အင်တာနက်တို့နဲ့ မပေးရင်



ကမ္ဘာ့တစ်နေရာမှာဖြစ်နေတာတွေကို ဘယ်သူသိမှာလဲ ကို စနေထွန်း ... အခု ဒီကျွန်းမှာ ဒီလိုလူရိုင်းဆန်ဆန် လူသားတွေရှိနေတာ ဘယ်သူသိမှာလဲ ... "

"ဘာလူမျိုးတွေလည်း မသိပါဘူးဗျာ ... အန်ကယ်ဦးကေသရာပြောသလို သူတို့ရဲ့ဘာသာစကားက ကူဒူးနားပဲဖြစ်တယ် ... ကိုးကွယ်တော့လည်း လနဲ့ နတ်ရုပ်တုကိုပဲ ကိုးကွယ်တယ် ... ရုပ်တွေကလည်း လှ ... အသားကလည်း ဖြူတယ် ... ကျောက်ခေတ်လိုပဲ အဝတ်အစားမဝတ်ကြဘူး ဘာတွေလဲ ... "

စနေထွန်းနှင့် မင်းစိုးထိုက် အချီအချပြောနေကြ၏။

"ကျွန်တော် ဗီဒီယိုကင်မရာယူလာဖို့ စိတ်မကူးမိတာ မှားတယ်ဗျ ... အဲဒါတွေကို ဗီဒီယိုနဲ့ မှတ်တမ်းတင်ပြီး ကမ္ဘာကို ပြစားလို့ရတယ် ... ပိုက်ဆံလည်း ထောမှာ ... "

"အရေးထဲမှာ ခင်ဗျားကလည်း စီးပွားတွက် တွက်နေပြန်ပြီ ... သေမှာလည်း သတိထားဦးလေ ... သေမှာဆိုလို့ ကိုဆွေခက်ကို သတိရတယ် ... ကိုဆွေခက်ရော ... "

"ကျွန်တော့်ဘေးမှာ မေ့လဲနေပြီဗျ ... လက်နက်ကိုင်တပ်က ထွက်လာတဲ့လူက ဘယ်လိုဖြစ်တာလဲ ... "

"မြင်ရတာတွေက သွေးပျက်စရာကြီးဆိုတော့ သူလည်း လန့်သွားမှာပေါ့ ... "

တကယ်တော့ ဆွေခက် သတိမမေ့ပါ။ သူ သတိရနေပါသည်။ တမင် မေ့ချင်ဟန်ဆောင်နေခြင်းဖြစ်၏။ သူမေ့သွား

www.burmeseclassic.com

www.burmeseclassic.com



လျှင် ဆွတ်ပျံ့က သူ့ကိုအရေးတယူလာရောက် ပြုစုမှာပဲဟူသော စိတ်ကူးနှင့် သတိမေ့ဟန်ဆောင်နေခြင်းဖြစ်၏။

ဒါပေမဲ့ ဆွတ်ပျံ့က မလာပါ။

ကျောက်တုံးကြီးဘက်ကိုသာ ကြည့်နေ၏။

ကျောက်တုံးနားတွင် လှပသောမိန်းကလေးတစ်ယောက်ကို ပန်းကုံးများ၊ သစ်ရွက်ပန်းကုံးများနှင့် လူတချို့က လည်တိုင်မှာ စွပ်ပြီး တန်ဆာဆင်ပေးကြသည်။

အဲဒီမိန်းကလေးသည် ထိတ်လန့်သောအသွင်နှင့် ရှန်းကန်နေ၏။ ကျွန်းသားတွေက ထိုမိန်းကလေးကို ဖမ်းချုပ်သည်။

ကျောက်တုံးကြီးပေါ် ဆွဲတင်၏။

"ဘာတွေဖြစ်ကုန်ကြတာလဲဗျာ ... ဒီမိန်းကလေးမှာ ဘာအပြစ်ရှိလို့လဲ ... "

မင်းစိုးထိုက်က ကြည့်၍ တအံ့တဩပြောသည်။ သူတို့မြင်ရချက်က ပေလေးငါးဆယ်လောက်ပဲကွာမည်။

ပထမဆုံး ကျောက်တုံးပေါ်တက်သူသည် သစ်သားနက်ရုပ်တုကြီးကို လက်နှစ်ဖက်မြှောက်လျက် ကူဒူးနားဟုအော်၏။ ကျန်လူတွေကလည်း ကူဒူးနားဟု လိုက်အော်သည်။

နတ်ရုပ်တုကြီးရှေ့ရှိလူက လက်နှစ်ဖက်မြှောက်၍ ဘယ်ညာယိမ်းသောအခါ အချုပ်အနှောင်ခံရသော မိန်းကလေးနှင့် အချုပ်အနှောင်ပြုလုပ်သူများမှတစ်ပါး ကျန်လူတွေက နတ်ရုပ်တုရှေ့မှလူ ယိမ်းသလို လိုက်ယိမ်းသည်။ ရှေ့ကိုဦးညွှတ်လျှင် လိုက်ညွှတ်သည်။



သူတို့အော်သံများက တစ်ကျွန်းလုံးဟိန်းထွက်နေ၏။ လရောင်တွင် သူတို့အော်သံ၊ သူတို့ယိမ်းထိုးနေမှုများသည် မကောင်းဆိုးဝါးဆန်လှသည်။

"ကိုရယ် ... ဆွတ်ပျံ့တို့တော့ မကောင်းဆိုးဝါးကျွန်းကို ရောက်လာပြီနဲ့ပတူတယ် ... "

"ကမ္ဘာမြေကြီးရဲ့ အကွက်တစ်ကွက်မှာ ဒါမျိုးတော့ ရှိမှာပဲ ဆွတ်ပျံ့ရယ် ... ကမ္ဘာကြီးတစ်ခုလုံးယဉ်ကျေးအောင် လုပ်နေကြပေမဲ့ လူသူအရောက်အပေါက်နည်းတဲ့နေရာတွေမှာ မကောင်းဆိုးဝါးဆန်တဲ့ ဒါမျိုးတွေရှိနေမှာပဲ ... "

စံနေက ပြောစဉ် နတ်ရုပ်တုမှာ ရပ်နေသူက သူ၏ ပါးစပ်မှ ကူဒူးနားဟုအော်ဟစ်ပြီး သူ့လက်သည်းရှည်ရှည်ချွန်ချွန်ကြီးနှစ်ဖက်နှင့် မိန်းကလေး၏ ဝမ်းဗိုက်ထဲကို စိုက်ချလိုက်ပါသည်။

မိန်းကလေး၏အော်လိုက်သံက နားကွဲလုမတတ်ရှိသည်။ ဆွတ်ပျံ့သည် နားကိုလက်ကလေးနှစ်ဘက်နှင့် လျင်လျင်ပိတ်သည်။

နှုတ်မှ ရှိုက်သံကလေးပေါ်လာ၏။

မျက်လုံးကလေးတွေကို စုံမှိတ်ထားသည်။ မကြည့်ရဲတော့ပါ။ ထိုသည်နောက် တဖြည်းဖြည်း ခွေကျသွားရှာသည်။

မိမိကိုယ်ကို ထိန်းသိမ်းနိုင်စွမ်း ကုန်သွားရှာပြီပဲ။

လူအများသည် သေဆုံးသွားသော မိန်းကလေးအနား အလုအယက်သွားကာ သူမ၏ဝမ်းဗိုက်ထဲမှ ကလီစာတွေ၊ အသားတွေကို လုယက်ယူငင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြိန်ရည်ယှက်ရေ အစိမ်းအတိုင်းစားသောက်ကြ

သည်။

"ဘုရား ... ဘုရား ... ဒါမျိုးတွေကို နိုင်ငံခြားရုပ်ရှင်ဗျ ဗီဒီယိုတွေထဲမှာသာ မြင်ခဲ့ဖူးတာ ... အခုတော့ အပြင်မှ တကယ်ပါပဲလား ... "

မင်းစိုးထိုက်က တုန်လှုပ်ချောက်ချားစွာ ရေရွတ် သည်။ သူ့ရေရွတ်သံကို စနေက ဂရုမပြုဘဲ မေ့သွားသော ဆွတ်ပျံ့ ကိုသာ ပါးကလေးကိုပုတ်ပြီး ဆွတ်ပျံ့ ... ဆွတ်ပျံ့နှင့် ခေါ်သည်။

အဲသည်တွင် သတိမေ့ဟန်ဆောင်နေသော ဆွေ ခက်သတိရလာပြီး စားသောက်နေသော လူတွေကိုကြည့်ကာ ...

"ကျုပ်တို့တော့ တစ္ဆေသရဲတွေနဲ့ လာတိုးနေပြီ ... "

ဟု အော်ပါတော့၏။

စားသောက်သူများထဲတွင် အစာမရလို့ မစား သောက်ရသူတွေရှိသည်။ သူတို့က သူတို့အတွက် အစာမရသောအ ဒေါသနှင့် အော်သည်။ စနေထွန်းတို့ဘက်ကို ဝိုင်းအုံလာကြသည်။

"ကဲ ... ကိုမင်းစိုးထိုက်ရေ ... တစ်ပွဲတစ်လမ်းနဲ့ သူ့အသက် ကိုယ့်အသက်လုရမဲ့အချိန်ရောက်ပြီ ... "

စနေက ပြောကာထရပ်သည်။ သူ့ဓားကိုထုတ်လိုက် ၏။ သူ့ဓားမှာ စစ်ခါးပတ်တွင် အိမ်နှင့်ထည့်ထားသည်။

"ဒုက္ခပါပဲဗျာ ... ကျွန်တော့်မှာလက်နက်မရှိတော့ဘူး... "

ဆွေခက်က အားငယ်မှုနှင့် ညည်းသည်။ ပြီးတော့

"ကျွန်တော်က တိုက်ရင်းသေချင်တဲ့ကောင် ... လာမဲ့ဘေး



ပြေးတွေ့ချင်တာ ... လက်နက်မရှိတော့ အသေခံရတော့ မယ် ... "

"တိုက်ပွဲတစ်ပွဲမှာ စိတ်ဓာတ်ချည်းပြောလို့မရဘူး ... စိတ် ဓာတ်အရေးကြီးသလို လက်နက်လည်း အရေးကြီးတယ် ... ကဲ ... ကိုဆွေခက် ... ပေဘာဒီ ခါးပတ်ကို ခင်ဗျားယူပြီး လာတဲ့လူတွေကို ရိုက်ပေတော့ဗျာ ... "

စနေက စကားနှင့်အတူ သူ့ခါးမှ စစ်ခါးပတ်ကို ချွတ်

ပေးလိုက်သည်။

"ကျေးဇူးပဲ ကိုစနေရ ... အဲဒါရရင်တော့ တင်းပုတ်တစ်ခု ရသလိုပဲ ... ချမယ်ဗျာ ... "

"ကိုမင်းစိုးထိုက် ... ခင်ဗျားက ဆွတ်ပျံ့ရဲ့ ပထမလူ ... ကျွန်တော်က ဆွတ်ပျံ့ရဲ့ ဒုတိယလူ ... ဆွတ်ပျံ့ပါမသွားဖို့ အတွက် ခင်ဗျားနဲ့ ကျွန်တော်က ဆွတ်ပျံ့ရဲ့ မဟာသံမဏိ တံတိုင်းပဲပေါ့နော် ... "

"စိတ်ချ ... စိမ်လိုက် ... "

စနေ၏အပြောကို မင်းစိုးထိုက်က ရဲဝံ့စွာ ပြော၍ သူတို့နှစ်ယောက်လုံး ဖြတ်ထားသော ပိုက်ကွန်နွယ်ကြိုးတွေကို ဖြဲ ရဲထွက်လိုက်ကြ၏။

ရုပ်ရည်နှင့်မလိုက် မကောင်းဆိုးဝါးဆန်သော ကျွန်း သားတွေမှာ သူတို့ထံ ပြေးဝင်လာကြသည်။

◇⊙◇

www.burmeseclassic.com

www.burmeseclassic.com



## ဓာတ်လမ်းစဉ်(၁၄)

ပိုက်ကွန်အပြင်ဘက်သို့ သူတို့သုံးယောက် ရောက်နေကြသည်။

သူတို့အပြင်ဘက်ရောက်လာတာကို ကျွန်းသားတွေက အံ့အားသင့်ပုံမပေါ်။

သူတို့၏လက်သည်းရှည်ကြီးတွေပါသော လက်များကို မြှောက်ဝင်အလာ စနေထွန်းက ပထမလူ၏ဝမ်းဗိုက်ထဲသို့ ဓားနှင့် စွပ်ခနဲ တန်းထိုးထည့်၏။ ဒုတိယလူ၏မျက်ခွက်ထဲကို ဘယ်လက်သီးနှင့် ထိုးပစ်လိုက်သည်။

မင်းစိုးထိုက်ဘက်မှလည်း လူတွေကို တစ်ယောက်ပြီးတစ်ယောက် ခုတ်ပစ်ချသည်။ ဓားသွားက ခုတ်လိုက်တိုင်း ခုတ်လိုက်တိုင်း အိခနဲ အိခနဲ ဝင်သွားသည်။

ပစ်ပစ်လဲကုန်သည်။

သည်စဉ်မှာ ရဲခနဲ ရဲခနဲအရာဝတ္ထုတွေ ဝင်လာသည်။



မီးတုတ် မီးစည်းတွေ ... ။

အော်သံ ဟစ်သံတွေလည်း ကြားရသည်။ လူအော်သံတွေဖြစ်သည်။

လူတစ်စုသည် မီးတုတ်တွေ ဓားတွေလှံတွေ၊ တုတ်တွေကိုင်ကာ ပြေးဝင်လာကြသည်။ သူတို့နှင့်အတူ မိန်းကလေးတစ်ယောက်ပါ ပါလာသည်။ သူမသည် တီရှပ်နှင့် ဂျင်းဝတ်ထားသည်။

တောထဲစဝင်ကတည်းက သည်အဝတ်အစားမို့ မြင်တာနှင့် စနေထွန်းတို့မှတ်မိကြသည်။

"သိုက်သိုက် ... သိုက်သိုက် ... သိုက်သိုက်တို့လာပြီ ... "

"မိသိုက်တို့လာပြီဟေ့ ... "

ခုတ်ရင်း ထစ်ရင်းက မင်းစိုးထိုက်က ကြွေးကြော်၏။ တစ်ခုထူးတာက ကျွန်းသားများသည် မီးတုတ်များကိုမြင်သည်နှင့် အကြောက်ရွံ့ကြီး ကြောက်ရွံ့ကာ နောက်သို့ဆုတ်ပြေးကြ၏။

မခုခံဘဲ ဆုတ်ပြေးတော့ ဝင်တိုက်သူတွေကပိုအတင့်ရဲသည်။

"ကိုစနေထွန်း ... ကျွန်တော် မပြောဘူးလား ... ဒီကောင်တွေ ကျောက်ခေတ်က ကောင်တွေပါလို့ ... မီးမမြင်ဘူးကြဘူး ... ပြေးကုန်ကြပြီ ... "

အော်ဟစ်ပြောဆိုနေသော မင်းစိုးထိုက်၏အသံ။

သူ့လက်ချက်နှင့်လည်းကောင်း၊ စနေထွန်းလက်ချက်နှင့်လည်းကောင်း ခွေခနဲ၊ ခွေခနဲ ရန်သူတွေလဲကျကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်းစိုးထိုက် ... ဆွတ်ပျံ့ကိုခေါ်သွား ... ကျန်တဲ့လူ
တွေကို ကျွန်တော်တို့ ဆက်လိုက်တိုက်မယ် ... "

စနေထွန်းပြောတာကို မင်းစိုးထိုက်နားထောင်သည်။ ဘယ်ပခုံးထက်တွင် ဆွတ်ပျံ့ကို ထမ်း၍ ညာဘက်လက်က ဓားနှင့် ဝှေ့ယမ်းရင်း နောက်မှရောက်လာသူ စက်လှေသမားတွေနှင့် လာလမ်းကို ပြန်ပြေး၏။

သိုက်သိုက်မှာ ဓားကိုင်ထားရင်း နှုတ်မှအော်ဟစ်ကာ တွေ့သမျှ ကျွန်းသားတွေကို လိုက်ခုတ်သည်။

သူမနှင့် စနေထွန်းသည် ခုတ်ရင်း ခုတ်ရင်း သူတို့လူတွေနှင့် ကွဲသွားသည်။

ကူဒူးနားဆိုသော ကျက်သရေမဲ့သောအသံများလည်း မကြားရတော့ပါ။

သူတို့နှစ်ယောက်သည် မောမောပမ်းပမ်းနှင့် သစ်ပင်တစ်ပင်ကို မှီထိုင်လိုက်ကြသည်။

လရောင်သည် မြင်သည်ထက်မြင့်ကာ တက်တက်လာသည်။ မြင့်မားသော သစ်ပင်များကြောင့် လရောင်ပင် မြေပြင်မှာ မလင်းတလင်းဖြစ်လာသည်။

"သိုက်သိုက် ... ကျေးဇူးတင်သကွာ ... ဦးသာမြတ်တို့ကို
သွားခေါ်သလား ... "

စနေက ချွေးစေးများနှင့် ပေရေပြီး ဆံပင်တွေ ဖရိုဖရဲဖြစ်နေသော သိုက်သိုက်ကို ကျေးဇူးတင်သော မျက်နှာနှင့် ပြောသည်။ သိုက်သိုက်က ဓားကိုဘေးချရင်း ...



"ကျွန်းပေါ်က အကောင်တွေ ... သိုက်သိုက်တို့ဘက်အလာမှာ သိုက်သိုက်က နီးရာအမှောင်ထဲဝင်လိုက်တယ် အစ်ကိုကို ... ချုံပုတ်တစ်ခုထဲ ထိုးဝင်ပြီးတော့ ပုန်းနေလိုက်တယ် ... အစ်ကိုတို့ကို ကျွန်းသားတွေက ဖမ်းခေါ်သွားတာမြင်တယ် ... သိုက်သိုက်လည်း ဘာလုပ်ရမှန်းမသိဘူး ... နောက်မှ ဦးသာမြတ်တို့ကိုခေါ်ပြီး သိုက်သိုက် အစ်ကိုတို့ကို လိုက်ရှာကယ်ဖို့ ဆုံးဖြတ်လိုက်တယ် ... ဒါနဲ့ ကမ်းခြေက စခန်းကို အမောတကောပြန်ပြေးရတာပေါ့ ... သိုက်သိုက် လမ်းမှတ်မိထားလို့ တော်တော့တယ် ... လကလည်းသာ စဆိုတော့ လမ်းကို မှတ်မိတယ် ... ဦးသာမြတ်တို့ကို အကျိုးအကြောင်းပြောပြတော့ သူတို့လည်း မျက်လုံးပြူးနေကြတာပေါ့ ... နောက်ဆုံး မကယ်ရင် မဖြစ်ဘူး ... ကယ်မှပဲဆိုပြီး အမောတကောလိုက်လာကြတာ ... သိုက်သိုက်တို့ရောက်လာတဲ့အချိန်ဟာ အချိန်မီကလေးပဲလေ ... အစ်ကိုတို့ ချကုန်ကြပြီ ... "

"သိုက်သိုက်က သိပ်သတ္တိရှိတာပဲ ... ဆွတ်ပျံ့တောင် သိုက်သိုက်လို သတ္တိမကောင်းဘူး ... "

"ကိုယ် အရေးကြုံတော့ သက်လုံကောင်းရတာပဲ အစ်ကို... သိုက်သိုက်ရင်ထဲမှာ အစ်ကို့ကို အဆုံးရှုံးမခံနိုင်ဘူးလေ..."

ပြောစဉ် သူမက စနေကို မက်မောတွယ်တာမှု အပြည့်ပါသော မျက်လုံးများနှင့် ကြည့်ဘိသည်။

စနေ ယောကျ်ားပဲ။

www.burmeseclassic.com

www.burmeseclassic.com



သည်မျက်လုံးတွေကို သိတယ်ပေါ့။

ဒါပေမဲ့ လက်သုတ်ပဝါတွေ့တိုင်း နှုတ်ခမ်းပါးနား မသုတ်တတ်သော စနေ၏မူလစိတ်က သိုက်သိုက်၏မျက်လုံးတွေကို ရင်ထဲမှငြင်းဆိုလိုက်သည်။

သူက သိုက်သိုက်ရှိရာသို့ ထသွားသည်။

သူနှင့် သိုက်သိုက်က သုံးလေးပေပဲ ကွာပါသည်။ သိုက်သိုက်နားတွင် ဒူးထောက်ချကာ သိုက်သိုက်၏လက်မောင်း အိအိကလေးနှစ်ဖက်ကို ကိုင်လိုက်သည်။

"သိုက်သိုက် ... "

"ဟင် ... အစ်ကို ... "

"သိုက်သိုက် ... ကိုယ့်အသက်ကိုယ်ကယ်တာ နှစ်ခါရှိပြီနော် ကိုယ့်ရင်ထဲမှာ တစ်သက်မမေ့ပါဘူး ... "

"အစ်ကိုရယ် ... "

သိုက်သိုက်နှုတ်မှမြည်တမ်းကာ ခေါင်းကလေးက အောက်သို့ ငုံ့သွားသည်။ စနေက သက်ပြင်းကလေးချ၍ ...

"ပထမတုန်းကလည်း သိုက်သိုက်ကယ်ခဲ့တာပဲ ... အဲဒါ ဘယ်လိုလုပ် ကယ်ခဲ့တာလဲ ... "

သည်တော့လည်း သိုက်သိုက်ရဲ့ခေါင်းကလေးက မော့လာသည်။ သူမ၏နှုတ်ခမ်းနီနီးကလေးတွေက တဖြည်းဖြည်း လှုပ်ရှားလာသည်။ ညင်သာသောအသံကလေးက ထွက်လာသည်။

"ကိုကိုက အကူအညီတောင်းလို့ သိုက်သိုက်က အစ်ကို့ကို ကယ်ဖို့ ဆုံးဖြတ်ခဲ့တယ် အစ်ကို ... ကံကောင်းချင်တော့



သိုက်သိုက်က ကိုမှိုင်းရှိတဲ့အိမ်ကိုသွားဖို့ ထွက်အလာမှာ ကိုမှိုင်းနဲ့ သွားတွေ့တယ် ... လမ်းမှာတွေ့တော့ သိုက်သိုက်က မိန်းမမာယာနဲ့ ကိုမှိုင်းကို မျှားရတာပေါ့ ... ငတီကြီးက သိုက်သိုက်ကို စွဲနေတော့ လှည်းကူးနားက အိမ်ကိုခေါ်သွားတယ် ... သိုက်သိုက်ဘဝကို အဆုံးစီရင်ဖို့လေ ... ဒါပေမဲ့ သိုက်သိုက်က သူ့ကို ဝေ့လည်ကြောင်ပတ်လုပ်ရတာပေါ့ ... သူ့လူတွေကိုလည်း ဝေ့လည်ကြောင်ပတ်လုပ်ပြီး အရက်တိုက် ရတော့တာပဲလေ ... အစ်ကိုရဲ့ ... "

"သူတို့မူးနေတုန်း သိုက်သိုက်လည်းစွန့်ပြီး အစ်ကို့ကို ကယ်ထုတ်ပေးလိုက်ရတာပဲ ... ဒါပါပဲ အစ်ကိုရာ ... "

စနေသည် သိုက်သိုက်ကို လေးစားမှုနှင့် ခေါင်းကို ညွတ်လိုက်သည်။ ပါးစပ်မှလည်း ပြောမိ၏။

"သိုက်သိုက်ရဲ့သတ္တိ ... သိုက်သိုက်ရဲ့ စိတ်ဓာတ်ကို ကိုယ် လေးစားပါတယ် ... ကိုမင်းစိုးထိုက်ပြောတုန်းက သိပ်မယုံဘူး ... သိုက်သိုက်ဟာ ကူညီချင်တဲ့စိတ်ဓာတ်ရှိတယ် ... အနစ်နာခံလိုတဲ့ စိတ်ဓာတ်ရှိတယ်ဆိုတာ အခုကိုယ်တွေ့လက်တွေ့ သိရပြီ ... "

ကိုမင်းစိုးထိုက် နာမည်ပါလာမှ သူမသည် သတိရလာကာ ပြူးပြူးပျာပျာဖြစ်လာသည်။

"ကိုကိုတို့ ဘယ်ရောက်သွားလဲ ... သူတို့ လွတ်သွားလား"

သူတို့ဆိုတာ မင်းစိုးထိုက်တို့အပြင် ဆွတ်ပျံ့နှင့် ဆွေခက်တို့ကိုပါ ဆိုလိုကြောင်း စနေနားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့လွတ်သွားကြပါပြီ ... ကူဒူးနားတွေ ဆုတ်ပြေးချိန်မှာ သူတို့ကို လွတ်အောင် ဦးသာမြတ်တို့နဲ့ အတူပြေးခိုင်းလိုက်တယ် ... ဆွတ်ပျံ့ကို ကိုမင်းစိုးထိုက် ထမ်းခေါ်သွားတယ် ... "

"ကူဒူးနား ... ကူဒူးနားဆိုတာ ကျွန်းပေါ်က အရိုင်းအစိုင်းတွေလား ... "

"ဟုတ်တယ် ... အဲဒီကောင်တွေဟာ သိပ်ထူးဆန်းတာ ... သူတို့ရဲ့နတ်ဆရာဆိုရင် မှော်အတတ်ပညာကိုလည်း တတ်တယ် ... သူတို့အချင်းချင်းလည်း ပြန်စားတယ် ... တကယ့်ကန်နီဘယ်(CANNIBAL)တွေပဲ ... "

ကန်နီဘယ်(CANNIBAL)ဆိုသောစကားကို သိုက်သိုက်နားမလည်ပါ။ဆယ်တန်းအောင်ခဲ့စေကာမူကသိုလ်ကံကောင်းလို့ ဆိုရမလား။ အဲဒီအထဲ အင်္ဂလိပ်စကားလုံးနားမလည်ပါ။ မကြွယ်ဝပါ။

ကန်နီဘယ်ဆိုတာ လူသားစားလူရိုင်းများကို ဆိုလိုခြင်းဖြစ်သည်။ စနေက အကျယ်ချဲ့ပြောမနေပါ။

"သူတို့လိုက်လာရင် ခက်မယ် အစ်ကို ... အစ်ကိုနဲ့ သိုက်သိုက် စက်လှေကိုအမီပြန်ကြမယ် ... "

"ကိုယ်တို့မလာမချင်း စက်လှေထွက်မှာမဟုတ်ဘူးလာ ... သွားကြစို့ ... "

သိုက်သိုက်လက်ကလေးကို ဆွဲတူပြီး တောကိုဖြတ်သည်။ စနေ၏နာရီက ဆယ့်နှစ်နာရီခွဲကိုပြနေ၏။ တစ်နာရီကျော်



လောက်တွင် သဲသောင်ပြင်ကို ရောက်လာ၏။

အဲဒီမှာ သူတို့အသံများကို ကြားလာရသည်။

ကူဒူးနား ... ကူဒူးနားဆိုတဲ့ အသံတွေ။

သူတို့နှစ်ယောက် ဟန်မဆောင်နိုင်ဘဲ သဲသောင်ပြင်ပေါ် ပြေးကြသည်။ ကူဒူးနားဆိုသောအသံများသည် ကျွန်းထဲက လာသလို၊ ပင်လယ်ထဲက လာသလို၊ သူတို့နောက်မှ လာသလိုဖြစ်နေသည်။

သဲမြေပေါ်မှာ ပြေးရတာ သိပ်မသွက်။

ကျွန်းကို ပတ်ပြေးရသဖြင့် ဘယ်၍ဘယ်မျှရှည်ကြာအောင် ပြေးရမည်မသိ။

အသံတွေက နီးနီးလာသည်။

ထိုအသံများသည် သူတို့နောက်မှမဟုတ်ပါ။

ရှေ့မှမြည်ဟီးအော်ဟစ်နေသောအသံများဖြစ်၍ ညအချိန်တွင် တုန်လှုပ်ချောက်ချားစရာဖြစ်သည်။

မကြာမီ ရေပြင်ပေါ်တွင် တလှုပ်လှုပ်ပေါ်နေသော စက်လှေကိုမြင်ရပြီး စက်လှေပေါ်မှ မီးတုတ်တွေ လေထဲပြန်ဝဲကာ ကမ်းခြေပေါ်သို့ ကျလာသည်။

လူတစ်အုပ်သည် အော်ဟစ်နေကြသည်။ ရေထဲဆင်းဖို့ ကြိုးစားရန် မီးတုတ်တွေ၏အလင်းရောင်နှင့် မီးအပူရှိန်ကြောင့် နောက်ဆုတ်ပြေးကြသည်။

မီးကို ကြောက်ဟန်တူသည်။

"သိုက်သိုက် ... ရေထဲမှာ ကုန်းဘောင်ထိုးထားတာရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



ရေထဲဆင်းပြီး ကုန်းဘောင်ပေါ်တက်ပြေး ... အနားကပ်လာတဲ့ကောင်မှန်သမျှ ခုတ် ... ”

မောနေသည့်အထဲမှ စနေက ပြော၏။ ကောင်မလေးမှာလည်း မောနေချေပြီ။

“အ... အစ်ကို ... အစ်ကို ... ဟော ... ဟဲ ... ဟော ... ”

သူမပါးစပ်မှ လေတွေထွက်သလို ယိမ်းထိုးနေသော ကိုယ်ကလေးကိုကြည့်ကာ စနေထွန်းစိုးရိမ်သွား၏။

“သွား ... သွား ... ကုန်းဘောင်ရှိမယ် ... ကုန်းဘောင်ဆီ ကိုပဲသွား ... ကိုယ်ခံချကြည့်မယ် ... သွား ... ”

သူမ၏ကိုယ်ကလေးကို အသာတွန်းလိုက်ကာ သဲပြင်ပေါ်မှာ မငြိမ်းသေးပဲ လောင်နေသော မီးတုတ်ချောင်းကို ကောက်ယူလိုက်သည်။

သည်စဉ်လက်သည်းကြီးတွေဆန့်ပြီး ပြေးလာသော အကောင်နှစ်ကောင်ကို မီးတုတ်နှင့် ဆီးရိုက်၏။

“အူး ... ဝူး ... ”

တိရစ္ဆာန်တွေလို အော်ဟစ်သည်။ မီးတုတ်အရိုက်ခံရသောမျက်နှာတွေကို လက်များနှင့် အုပ်ကာ နောက်ဆုတ်ပြေးကြသည်။

“ပြေး ... ပြေး ... သွား ... သွားတော့ ... ”

စနေက အော်ဟစ်သတိပေးတာကို သိုက်သိုက်က နားခံသည်။ စက်လှေပေါ်မှလူတွေက စက်လှေကုန်းဘောင်ပျဉ်ပြားကို ဆွဲလှုပ်ဆဲဆဲ သိုက်သိုက်တက်ပြေးလာတာကို မြင်သည်။



“လာဟေ့ ... လာ ... လာ ... ”

“ပြေးလာ ... ပြေးလာ ... ”

စက်လှေပေါ်မှ လူတွေက တစ်ယောက်တစ်ပေါက် အော်သည်။ သိုက်သိုက်က တစ်ခုတည်းသော ကုန်းဘောင်ပြားပေါ်တွင် သူမကိုယ်ကိုထိန်းရင်း စက်လှေပေါ်ရောက်အောင်သွား၏။

လူတွေက ဝိုင်းဝန်းကြိုဆိုကြသည်။

စနေထွန်းကလည်း ကျွန်းသားတွေ တန့်သွားခိုက် ကုန်းဘောင်ပေါ်တက်ပြေးတော့၏။

“ဝေးဟေးဟေး ... ”

စက်လှေပေါ်မှလူတွေကလည်း ကျွန်းသားတွေ မလိုက်နိုင်အောင် တန်ပြန်ခြောက်လှန့်သည်။

စနေကကုန်းဘောင်ပေါ်မှ စက်လှေပေါ်ရောက်တော့ ဝိုင်းဝန်းလက်ခုတ်တီး ဩဘာပေးကြသည်။

“ဟာ ... ”

“ဟာ ... ကြည့်ကြစမ်း ... ”

ကုန်းဘောင်ကို သူတို့ဆွဲကြစဉ် ကျွန်းပေါ်ကိုလက်ညှိုးထိုး၍ အော်ကြသည်။

ကျွန်းပေါ်မှ ကျွန်းသားအချို့မှာ လူအသွင်သဏ္ဍာန်မှ အရိုးစုတွေဖြစ်သွားကြသည်။ တချို့လူတွေမှာ အရပ်တွေကတစ်စတစ်စရှည်လာကြသည်။

ဒါတွေကိုကြည့်၍ စက်လှေပေါ်မှ လူတွေထိတ်လန့်တကြားအော်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသာမြတ်က စနေထွန်းတို့အား ...

"မောင်စနေထွန်းရေ ... ဒီကျွန်းပေါ်မှာရှိကြတဲ့လူတွေဟာ လူတွေမဟုတ်ဘူး ... မင်္ဂလာဆိုးဝါးတွေကွ ... ဟော့ ဟော့ ... ကျောက်ဆူးကို မြန်မြန်နှုတ် ... "

သူကိုယ်တိုင် စက်ခန်းကို ပြေးသည်။

သူတို့သည် ငိုင်မနေကြပါ။

ကိုယ်လုပ်စရာရှိတာ ကိုယ်လုပ်တော့သည်၊ ကျောက်ဆူးတင်သူက တင်၊ စက်နှိုးသူက နှိုး။

"မီးမောင်း ... မီးမောင်း ... "

စနေက အော်ပြောသည်။

သူတို့တွင် မီးမောင်းပါလာ၏။ အင်ဂျင်စက်နှိုးသံနှင့် မရှေးမနှောင်း အလုပ်သမားတစ်ယောက်က မီးမောင်းထိုးသည်။

အရိုးစုများသည် ရေထဲသို့ ဆင်းလာကြသည်။

ထိန်လင်းစူးရှသော မီးမောင်းဒဏ်ကို မခံနိုင်ဟန်ဖြင့် ကမ်းစပ်ပေါ်ပြန်တက်ပြေးသည်။

"ဘုရား ... ဘုရား ... ဘယ်လိုသတ္တဝါတွေပါလိမ့် ... တစ်သက်မှာတစ်ခါပဲ ကြုံဖူးတယ် ... သိုက်သိုက်ကြောက်စရာကြီးဟဲ့ ... "

ဘေးမှစိုက်ကြည့်နေသော သိုက်သိုက်ကို ဆွတ်ပျံ့က ပြောတော့ ခုနက သတ္တိကောင်းပါသည်ဆိုသည့် သိုက်သိုက်မှာ မျက်နှာအပျက်ကြီးပျက်ကာ တုန်ယင်သောအသံကလေးနှင့် ...

"မမ ... ဒါသရဲတစ္ဆေတွေပဲ ... သရဲတော့ သိုက်သိုက်လည်း



ကြောက်တယ် ... ဟီး ဟီး ... "

အသံကလေးက ငိုသံပါ။

"ဘုရားစာရွတ် ... ဘုရားစာရွတ် ... ဘုရားစာရွတ်ရင် သရဲတွေ မလာနိုင်ဘူး ... "

ဆွတ်ပျံ့ကပြောကာ သံဗုဒ္ဓေဂါထာကို ကျယ်လောင်စွာ ရွတ်သည်။ ဒါပေမဲ့ ကြောက်နေသောစိတ်ကြောင့် သံဗုဒ္ဓေဂါထာမှာ အမြီးအမောက် ခေါင်းကိုယ်ထည်တည့်အောင်တောင် မမှန်တော့။

သူတို့အဖြစ်မှာ မြင်ရသူတွေအတွက် အသည်းထိတ်စရာလည်း ကောင်းသည်။ ရယ်စရာလည်း ကောင်းသည်။

အရုပ်ဆိုးသောသတ္တဝါတွေက ကမ်းစပ်မှရေထဲကို ဆင်းလာကြပြန်၏။ ရေထဲရောက်လေ အရုပ်က ပိုဆိုးလေဟုထင်ရ၏။

စက်လှေပေါ်မှ အော်သံဟစ်သံတွေနှင့် ရှုပ်ယှက်ခတ်နေသည်။ စနေမှာ လူလူချင်း ရင်ဆိုင်တွေ့ရလျှင် တော်ရဲ့။

ခုတော့ မယုံကြည်နိုင်စရာ အနိဋ္ဌာရုံသတ္တဝါတွေကြောင့် ဘာလုပ်ရမှန်း မသိပါ။

နာနာဘာဝတွေနှင့်လည်း စစ်မခင်းဖူးပါ။

ဒါပေမဲ့ စက်လှေကမူရင်းရှိရင်းစွဲနေရာမှ အလျင်အမြန်အရှိန်နှင့် ခွာချေပြီ။

အတွေ့အကြုံများလှသည့် ဦးသာမြတ်က ...

"ဒီကောင်တွေဟာ ပင်လယ်ကျတ်တွေဖြစ်မယ် ... ကျွန်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာလာ ရှာတည်နေတာဖြစ်မယ် ... မင်းတို့ မကြောက်ကြနဲ့ ... ဘုရားကိုပဲ အာရုံပြုပြီး ဒီကောင်တွေကို မေတ္တာပို့ကြ ... သူတို့ဟာ တို့ကိုကြီးကြီးမားမားတော့ အန္တရာယ်မပြုနိုင်ပါ ဘူး ... "

"ဗျာ ... ဒီကောင်တွေကို မေတ္တာပို့ရမယ် ... ဟာ အဓိပ္ပါယ်မရှိတာ ... အဘရေ ဒီကောင်တွေက ဖုတ်ကောင်တွေဗျ... မေတ္တာတော့မပို့ဘူး ချမယ်ဗျာ ... "

စက်လှေသမားတစ်ယောက်ဖွတ်။

လှမ်းဆဲသည်။

စနေက ဦးသာမြတ်အား ...

"ဦးလေး ... ဒီလိုသတ္တဝါတွေ တွေ့ဖူးလား ... "

"တွေ့ဖူးပါ့ကွာ ... ဂျတ်ဆိုတာ တစ္ဆေသရဲတော့ မဟုတ်ဘူး ... ပရလောကထဲက နာနာဘာဝထဲမှာပါတယ် ... သူတို့ဟာ တစ္ဆေသရဲနဲ့စာရင် ကမ္ဘဇိဒ္ဓိတော့ရှိတယ် ... လူလိုဖန်ဆင်းပြီးနေနိုင်တယ် ... အခု မင်းတို့တွေ့ခဲ့တာ ပင်လယ်ထဲက ဂျတ်တွေပဲ ... ရေသတ္တဝါတစ်မျိုးပေါ့ ... "

"ဟာ ... ဒါဆိုရင် ရေသတ္တဝါထဲမှာ ဘာလို့ထည့်မတွက်လဲ ဦးလေး ... "

"သူတို့မှာ နာမ်ပဲရှိတယ် ... ရုပ်အစစ်မရှိဘူး ... သာမန်လူတွေကလည်း သူတို့ကို မတွေ့နိုင်ဘူး ... "

"ဒါဆို ... ကျွန်တော်တို့က ထူးကဲလို့တွေ့တာပေါ့ ... "

"ဒီလိုပဲ ဆိုရမှာပဲ ... "



"တောက် ... ဗီဒီယိုနဲ့ ကင်မရာယူမလာမိတာ နာတာပဲ... ဦးလေးရာ ... "

မချင့်မရဲနှင့် စနေက ညည်းလိုက်သည်။

"ဒါတွေထား ... လွတ်ဖို့အရေးကြီးတယ် ... ဟော ... ဟော ဟိုမှာ လိုက်လာကြပြီ ... "

မီးမောင်း၏စူးရှသော အရောင်မှာ သူတို့နှင့် ဝေးကွာသွားသဖြင့် အလင်းရောင်အားနည်းသွားသဖြင့် ထိုအားနည်းသောအလင်းအောက်မှာ ရှည်ရှည်ကောင်တွေက တိုးလာ၏။

ဒါပေမဲ့ စက်လှေမှာ ကွာလှမ်းခဲ့ပြီမို့ သူတို့ဆက်မလိုက်ဘဲ ရပ်တန့်ရုံပဲ ရပ်တန့်ကျန်ခဲ့ကြ၏။

စက်လှေပေါ်မှာလည်း အန္တရာယ်ကင်းသွားပြီမို့ လူတွေတစ်စ တစ်စငြိမ်သက်လာ၏။

ရယ်လားမောလား စကားပြောလားဖြစ်လာကြသလို ယခုညမှာ ကြုံခဲ့ရသောအဖြစ်ကို ပြောမဆုံးပေ။

"ခင်ဗျားနဲ့ ညီမလေးပြတ်ကျန်ရစ်ခဲ့လို့ စိတ်ပူလိုက်ရတာဗျာ ... ညတွင်းချင်း ပြန်ရှာမယ်လုပ်ကြတုန်း ... ဒီသတ္တဝါတွေရောက်လာတာပဲ ... မကောင်းဆိုးဝါးဆိုတာ အစကမယုံဘူးဗျ ... အခုတော့ ဘယ်လိုဆုံးဖြတ်ရမှန်းတောင် မသိဘူး ... "

မင်းစိုးထိုက်က ကုန်းပတ်ပေါ်မှာ စနေကိုပြောနေသည်။ မီးမောင်းကို ပြန်ပိတ်၍ စက်လှေပေါ်တွင် ရှီးရှီးမီးလုံးလေးသာ ထိန်လင်းအောင် ထွန်းထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကျတ်ဆိုတဲ့ကောင်တွေဟာ နွေအလင်းရောင်နဲ့ စူးရှတဲ့ အလင်းရောင်ဆို သူတို့ကြောက်တယ် ... မီးထိန်နေရင် မလာရဲဘူးလို့ ဂမ္ဘီရစာအုပ်တစ်အုပ်ထဲမှာ ဖတ်ရတယ် ... အင်း ... ဒီညတော့ တို့မအိပ်ဘဲ ကင်းအလှည့်နဲ့ထားမှပဲ"

စနေက သူ့လက်ပတ်နာရီကိုကြည့်၍ ...

"အခု နှစ်နာရီကျော်နေပြီ ... နောက်သုံးနာရီဆို နေထွက်လာပါပြီ ... ဦးလေးတို့အိပ်ချင်အိပ်ကြတော့ ... ကျွန်တော်စောင့်မယ် ... "

"မင်းတစ်ယောက်တည်းမဟုတ်ဘူးလေ ... ဒီစက်လှေပေါ်မှာ ငါရယ် ... မင်းရယ် ... မင်းစိုးထိုက်ရယ် ... ဆွေခက်ရယ် လေးယောက်တောင်ရှိတာ တစ်ယောက်ကိုတစ်နာရီ လောက်စောင့်မယ် ... ငါက ပထမ ... စနေထွန်း မင်းက ဒုတိယ ... တတိယက မင်းစိုးထိုက် ... နောက်ဆုံးလူက ဆွေခက်ကွာ ... မိန်းကလေးတွေတော့ အိပ်ပါစေတော့"

တကယ်တော့ ဒီညမှာ မိုးလင်းအထိ ဘယ်သူမှ အိပ်မပျော်ခဲ့ပါ။

ကမ်းနှင့် ဝေးကွာသောတစ်နေရာတွင် စက်လှေကို ကျောက်ချသည်။ ရှေ့ဘာဖြစ်လာဦးမလဲဆိုသော အတွေး၊ ဖြစ်ပျက်ခဲ့သော အတွေးတွေကြောင့် စက်လှေပေါ်မှလူတွေမှာ တစ်ယောက်မှ အိပ်မပျော်ခဲ့ပါ။

ဦးသာမြတ်က လူကြီးပီပီ ပါးစပ်မှ ဘုရားစာများ၊ မေတ္တာသုတ်များကို စိပ်ပုတီးစိပ်ကာ ရွတ်ဆိုသရဇ္ဈာယ်သည်။ သံ



ပုံးတစ်ခုထဲ ရေထည့်၊ စိပ်ပုတီးကိုနှစ်ကာ ဘုရားစာ၊ တရားစာများ ရွတ်ဆိုကာ စက်လှေကို ဦးမှပဲ့အထိ ပတ်ပတ်လည်ရေလိုက်လောင်းသည်။

"ဦးသာမြတ်လုပ်ပုံတော့ စိပ်ပုတီးရေထဲနှစ်ထားတာ စိပ်ပုတီးချမ်းနေရှာတော့မယ် ... "

ဟု မင်းစိုးထိုက်က နောက်သည်။

ဒါကိုသိုက်သိုက်ကသိတော့ သူမအစ်ကိုကိုဆူသည်။ စနေကတော့ ပြုံးနေခဲ့သည်။

သူ့ရင်ထဲမှာ အခဲမကြေတာက ပြဒါးရှင်ကို မရနိုင်သေးတာကိုပဲ။

◇⊙◇

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၅)

နေရောင်အောက်မှပင် သူတို့ငြင်းကြ ခုန်ကြသည်။

သူတို့ဆိုတာက မင်းစိုးထိုက်၊ စနေထွန်း၊ ဆွတ်ပျံ့၊ သိုက်သရဖီတို့ဖြစ်ကြသည်။

ညက ငရဲပြည်ဖြစ်ခဲ့သလောက် ယခုတော့ အားလုံးမှာ မြင်မြင်သမျှ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။ သာယာနေသည်။

မနက်ခင်းမှာ နေခြည်ကနုနုကလေးနှင့် ပင်လယ်ပြင်ကို ပက်ဖျန်းသော်လည်း နေကတဖြည်းဖြည်းတက်လာသည်နှင့် အမျှ ပူပူလိုက်လာသည်။

ထိုအပူကို ဂရုမစိုက်နိုင်အောင် သူတို့ငြင်းခုန်နေကြ၏။

အဲသည်မှာ စနေထွန်းနှင့် မင်းစိုးထိုက်တို့က တစ်ဖက်။

ဆွတ်ပျံ့နှင့် သိုက်သိုက်တို့က တစ်ဖက်။



အဓိကအကြောင်းအရင်းမှာ ... စနေနှင့် မင်းစိုးထိုက်က ကူဒူးနားကျွန်းသို့ပြန်သွားကာ ပြဒါးရှင်ဆိုတာကို အရယူချင်ပြီး ကူဒူးနားကျွန်းကို ပြန်မသွားဘဲ အိမ်ကိုပဲပြန်ရန် ဆွတ်ပျံ့နှင့် သိုက်သိုက်က ပြောနေ၏။

သူတို့အနီးတွင် ခါးထောက်ကာ ကွမ်းဝါးရင်းနား ထောင်နေတာက ဦးသာမြတ်ပဲ။

အဘိုးကြီးက အသက်ငါးဆယ်လောက်ရှိပေမဲ့ ပင်လယ်ထဲမှာ လှေသမားဘဝထဲက ကြမ်းကြမ်းတမ်းတမ်းသွားလာခဲ့ရသူမို့သည်ကနေ့အထိ အသက်နှင့်မလိုက်အောင် သန်မာနေသည်။

ရှေ့နောက်လည်း စဉ်းစားတတ်တာမို့ စနေထွန်းတို့က နေ့ရာထားသည်။

"ပြန်မယ် ... ကိုတို့မသွားရဘူး ... "

"ကိုကိုရော ... အစ်ကိုရော ဒီလောက်အန္တရာယ်များတဲ့ ကျွန်းကိုဘာလို့ ထပ်သွားရမှာလဲ ... ဒီပြဒါးရှင်ဆိုတာက ကိုယ့်အသက်ထက်ပိုပြီး တန်ဖိုးရှိနိုင်ဦးမလား ... "

"ကောင်မလေး နားမလည်ရင် အသာပါးစပ်ပိတ်ထား ... ကိုစနေထွန်းတို့ ပိုက်ဆံအဲဒါလောက် အကုန်ခံ ... လူတစ်စုနဲ့ ဒီပစ္စည်းကို လိုချင်လို့ အတိုက်အခံလုပ်လာခဲ့ပြီးမှ ပြန်ဆုတ်ရမယ်ဆိုတာ လုံးဝအဓိပ္ပါယ်မရှိဘူး ညီမလေး ... "

"သိုက်သိုက်တို့က စိုးရိမ်လို့ပြောနေတာ ... "

"သိုက်သိုက်ရယ် ... တို့အတွက် စိတ်မပူပါနဲ့ ယောက်ျားတွေပါ ... "

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရော … အစ်ကိုကော ကျွန်းပေါ်မှာတစ်ခုခုဖြစ်သွားခဲ့ရင် … ဒီမှာက ညီမလေးတို့ချည်းပဲ ကိုစနေထွန်း အစ်ကိုရဲ့ … "

"ခက်ပါပြီ … "

"မခက်နဲ့ ခက်တာက ကိုတို့ပဲ … "

ဆွတ်ပျံ့ကလည်း စနေကို ဝင်ပြောသည်။ စနေက သက်ပြင်းချ၍ အနားမှနားထောင်နေသော ဦးသာမြတ်အား …

"ကဲ … ဦးလေး … ဒီမိန်းကလေးတွေနဲ့ စကားပြောလို့မပြီးနိုင်ဘူး … ဦးလေးပဲ ဂျပ်(ချ်)(Judge) … အဲ ဒိုင်လုပ်ပြီး ဆုံးဖြတ်ပေးပါ … "

ပထမက ရတနာတူးဖော်မယ်လို့ စနေတို့ကပြောခဲ့ကြသည်။ ယခုတော့ ညကအဖြစ်တွေနှင့် ပတ်သက်ပြီး ဦးသာမြတ်ကအစ စက်လှေသမားအားလုံးက ထူးဆန်းသောပြဒါးရှင်ကိုလာယူကြောင်း သိရ၏။

"မင်းတို့က ငါ့ဘက်ဦးတည်လာတာကို: … "

"ဦးလေးပဲ ဆုံးဖြတ်ပေးပါ … "

စနေထွန်းကပြောတော့ မင်းစိုးထိုက်က ဆွတ်ပျံ့နှင့် သိုက်သိုက်အား …

"ဦးလေးက တို့အထဲမှာ အသက်အကြီးဆုံးပဲ … အတွေ့အကြုံဗဟုသုတလည်း များတယ် … လူကြီးတစ်ယောက်ဆုံးဖြတ်ရာမှာ ဆွတ်ပျံ့ရော ညီမလေးပါ ဝင်မရှုပ်နဲ့ … ကဲ ပြောပါ ဦးလေး … "



"ကျုပ် မေးစမ်းပါရစေဦး … မောင်ရင်တို့က ပြဒါးရှင်ပြောတော့ … ဒီပြဒါးရှင်ဆိုတာ တွေ့ကြရဲ့လား … ဂမ္ဘီရအနေနဲ့ဆိုရရင် ဒီပြဒါးရှင်ဆိုတာ သိပ်အစွမ်းထက်တာ … လူတွေနဲ့တောင် မထိုက်တန်ဘူး … "

"အဂ္ဂိရတ်ဆရာကြီးဦးဘိုးထော်ဆိုတဲ့လူက အောင်မြင်ခဲ့တဲ့ပြဒါးရှင်ပါ … အဲဒါကို ဆောင်ထားရင် စီးပွားသိဒ္ဓိပြီးတယ် ကိုးဆယ့်ခြောက်ပါးဝေဒနာပျောက်နိုင်တယ် … ဒီပြဒါးကို ရေစိမ်သောက်ရင် ရုပ်ပြောင်းရုပ်လွှဲဖြစ်နိုင်တယ် … အသက်ရှည်နိုင်တယ် … "

"အင်း … ပြဒါးရှင်ဆိုတာ ကြားဖူးပဲ ကြားဖူးတယ် … လက်တွေ့မှာတော့ မမြင်ဖူးဘူး … ဂမ္ဘီရပညာဆိုတာ အင်မတန်ဆန်းကြယ်သားကလား … ညကတောင် လူအသွင်ဆောင်တဲ့ မကောင်းဆိုးဝါးတွေနဲ့ တွေ့ခဲ့သေးတာပဲ … "

"သူတို့ … အဲဒါတွေနဲ့ ထပ်တွေ့မှာစိုးလို့ သမီးတို့ကပြောနေတာပါ အဘ … "

ဆွတ်ပျံ့က စိတ်တိုဟန်နှင့် ဝင်ပြော၏။

"အဘစိတ်ထင်ပြောရရင် ဒီမကောင်းဆိုးဝါးပင်လယ်ကျတ်တွေဟာ လပြည့်လကွယ်မှာသာ အသက်ဝင်ကြတာပါ … ကျန်အချိန်မှာ သူတို့မရှိနိုင်ကြတော့ဘူး … နေရောင်ခြည်ရဲ့အရောင်ခတ်တွေနဲ့ အလင်းရောင်ကို မခံရဲကြပါဘူး … သူတို့သွားမယ်ဆိုရင် သွားလို့ရပါပြီ … "

"ဟေး … ဦးလေးက သိပ်တော်တာပဲ … "

www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးထိုက်က ရင့်ကျူးတော့ ဦးသာမြတ်က ပြုံး၍

"တစ်ခုတော့ ရှိတာပေါ့ကွယ် ... လူဟာ ဘာလုပ်လုပ် ... ကိုယ်လုပ်တဲ့အခါမှာ အကျိုးအမြတ်ကြည့်ရမယ် ... ဒီအကျိုးအမြတ်ရဲ့အောက်ခြေက စူးစမ်းခြင်းပဲကွယ့် ... "

"ဦးလေး ဘာကိုဆိုလိုတာလဲ ... "

"မင်းတို့က ပြဒါးရှင် ... ပြဒါးရှင်သာပြောတယ် ... ဒီပြဒါးရှင်ဆိုတာကို တွေ့ပြီးကြပလား ... "

"ဟာ ... တွေ့တာပေါ့ ကူဒူးနားနတ်ရုပ်တုကြီးရဲ့ မျက်လုံးတစ်ဖက်တည်းမှာရှိတယ် ... ညက တွေ့ခဲ့တယ် ... "

"ကိုစနေထွန်းပြောတာ မှန်တယ် ... ညကပဲ ကျွန်တော်တွေ့ခဲ့ပါတယ် ... "

စနေထွန်း စကားကို မင်းစိုးထိုက်က ဝင်ထောက်ခံသည်။ သည်တော့ ဦးသာမြတ်က မိန်းကလေးတွေဘက် ခေါင်းလှည့်စောင်း၍ ...

"သမီးတို့အဘပြောမယ်... ယောကျ်ားကောင်း ယောကျ်ားမြတ်ဆိုတာ အကျိုးရှိတာ တစ်ခုကိုလုပ်မယ်လို့ ဆုံးဖြတ်ပြီးရင် နောက်မဆုတ်ရဘူး ... နောက်မတွန့်ရဘူး ... အောင်မြင်တဲ့အထိ လုပ်ရတယ် ... ဒါမှ ယောကျ်ားလို့ခေါ်တယ်ကွယ့် အခု ဒီပြဒါးရှင်ရရင် သမီးတို့ အဘတို့အားလုံး အကျိုးရှိကြမှာပဲ ... ယုတ်စွအဆုံး ကမ္ဘာပေါ်မှာ ကုမရနိုင်ဘူးဆိုတဲ့ ဟို ... အဲ ... အေအိုင်ဒီအက်(စ်) ... ရောဂါဆိုတာတောင် ပျောက်အောင် ကုသနိုင်မယ်လို့ အဘထင်တယ် ... "



"အဘကလည်း မဖြစ်နိုင်တာကို စိတ်ကူးယဉ်တယ် ... အလကားပါ ... "

သိုက်သိုက်က ဝင်ပြောသည်။ ဦးသာမြတ်က စိတ်မဆိုးဘဲ ရယ်သံနှင့်အတူ ...

"ဒီနေ့ ဒီခေတ်မှာတော့ ဒါတွေဟာ ယုံစရာမရှိဘဲ ကြားရရင် ရယ်စရာဖြစ်ပေမဲ့ ဂမ္ဘီရပညာရဲ့ ဝိဇ္ဇာနည်းတွေမှာ အံ့မခန်းပညာတွေရှိတယ် ... အဲဒါကို သိပ္ပံပညာတွေနဲ့ တွက်လို့မရဘူး ... ညကအဖြစ်ပဲ ကြည့်စမ်း ... ကျုတ်တို့ နာနာဘာဝတို့ဆိုတာ သိပ္ပံပညာမှာမရှိပေမဲ့ ဝိဇ္ဇာပညာမှာတော့ ရှိတယ်လေ ... ဒီပြဒါးရှင်သာ ဟုတ်ရိုးမှန်ရန် အားလုံးအကောင်းချည်းပဲ ... "

"ကဲပါ ဦးလေးရာ ... သူတို့ကတော့ ကျွန်တော်တို့ကို တားမှာပဲ ... သွားဆို အခုပဲသွားကြမယ် ... "

"ပြောမရရင် သွားကြ ... သွားသေကြ ... ဒီကတော့ လာကယ်လိမ့်မယ် မထင်နဲ့ ... "

စိတ်ဆိုးမာန်ဆိုးဝိုသံပါလေးနှင့် ပြော၍ ဆွတ်ပျံ့လှည့်ထွက်သွားသည်။ စနေက ဆွတ်ပျံ့နောက်လိုက်ကာ ပခုံးကလေးနှစ်ဖက်ကို မျက်နှာချင်းဆိုင်ကိုင်လိုက်ကာ ...

"ဆွတ်ပျံ့ရယ် ... စွန့်စားခြင်းအလုပ်ဆိုတာ ယောကျ်ားတွေရဲ့အလုပ်ပါ ... စီးပွားရေးပဲဖြစ်ဖြစ် ဘဝမှာပဲဖြစ်ဖြစ် ပညာရေးအတွက်ပဲဖြစ်ဖြစ် ... စွန့်စားနိုင်မှ အောင်မြင်မှုရနိုင်တာပါ ... ညကအဖြစ်ကြောင့် ဆွတ်ပျံ့စိတ်ပူမနေပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့လည်း ကိုယ့်အန္တရာယ် ကိုယ်သိပါတယ် ... ကိုယ့်လက်ထဲရောက်မဲ့ပစ္စည်းဟာ သီသီကလေးပဲလိုတော့တာ ဒီမှာ လက်လျှော့လိုက်ရင် တစ်သက်လုံးယူကျုံးမရဖြစ်သွားမယ် ... "

ဆွတ်ပျံ့က ဘာမှမပြောသော်လည်း မျက်ဝန်းမှ မျက်ရည်တွေကျလာ၏။ ထိုမှရှိုက်သံနှင့် 'ကိုသဘောပဲ'ဟုပြောကာ ပခုံးတွင် စနေထွန်း၏တင်ထားသော လက်နှစ်ဖက်ကို ပုတ်ချလိုက်သည်။

ကက်ဘင်ရှိရာသို့ ထွက်သွား၏။

မင်းစိုးထိုက်က သက်ပြင်းချ၍ သိုက်သိုက်က မထူးတော့သော မျက်နှာနှင့် ...

"ဒီလိုဆိုလည်း သေလည်းအတူတူ ... ရှင်လည်း အတူတူ သိုက်သိုက် အစ်ကိုတို့နဲ့လိုက်မယ် ... "

"သိုက်သိုက် နင်နေစမ်း ... "

မင်းစိုးထိုက်က ဟောက်လိုက်သည်။ သိုက်သိုက်က ခေါင်းကိုခါ၍ ...

"သိုက်သိုက် ... အစ်ကို့ကို အားကိုးလိုက်လာတာ ... အစ်ကို တစ်ခုခုဖြစ်သွားကြည့်ပါလား ... သိုက်သိုက်က ကိုကို့ကို အားကိုးလိုက်လာတာ ... ကိုကိုတစ်ခုခုဖြစ်သွားကြည့်ပါလား ... "

"တို့ဘာမှမဖြစ်ဘူး ... စိတ်မပူနဲ့ ... ခုကတည်းက နိမိတ်နဲ့မှာမရှိတဲ့စကားတွေပြောနေတယ် ... "



ပြောပြီး မင်းစိုးထိုက်ထွက်သွား၏။

စနေက သိုက်သိုက်၏ လက်ကလေးတစ်ဖက်ကို လာရောက်ကိုင်ညှစ်ကာ ...

"သိုက်သိုက် ... ညီမ ... တို့အတွက် စိတ်မပူပါနဲ့ ... သိုက်သိုက်စိတ်ခေတ်ရေးရာကောင်းမွန်ပြီး သတ္တိရှိမှန်းသိတယ် ဒါပေမဲ့ မလိုက်စေချင်ဘူး ... "

"အစ်ကိုတို့က သံမဏိတံတိုင်းလို လူစားဆို ... "

"အေး ... သံမဏိတံတိုင်းလိုလူစားမို့ ပြောနေတာပါကွာ ကျွန်းပေါ်မှာအရေးအကြောင်းကြုံလာရင် သိုက်သိုက်အတွက် ကိုယ်တို့က ကာကွယ်ပေးနေရတာနဲ့ အချိန်တွေလစ်ဟင်းကုန်မယ်... သိုက်သိုက်က ကိုယ်တို့အတွက် အနှောင့်အယှက်ဖြစ်စေချင်သလားဟင် ... "

သည်တော့လည်းသိုက်သိုက်ကခေါင်းကလေးယမ်းပြသည်။ ပြီးတော့မှ လေသံလေးနှင့် ...

"သိုက်သိုက် အစ်ကို့အပေါ် ဘယ်လိုမေတ္တာစေတနာထားတယ်ဆိုတာ အစ်ကိုသိမှာပါ ... "

"သိပါတယ်ကွာ ... သိုက်သိုက်ကို တို့အသိအမှတ်ပြုပါတယ် သိုက်သိုက် မလိုက်ခဲ့ပါနဲ့နော် ... သိုက်သိုက်တစ်ခုခုဖြစ်သွားခဲ့ရင် တို့တစ်သက်လုံး ကိုယ့်ကိုယ်ကို ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး ... "

ကျေးဇူးရှင်မလေးကျေနပ်အောင် ချော့မော့သံနှင့် စနေထွန်းကပြောသည်။ သိုက်သိုက်က သက်ပြင်းကလေးချ၍ ...

www.burmeseclassic.com

www.burmeseclassic.com



"မြန်မြန်သွားပြီး မြန်မြန်ပြန်ခဲ့နော် ... "

"စိတ်ချပါ ... "

သိုက်သိုက်သည် ဆွတ်ပျံ့ထက် နားလည်မှုပိုရှိသည်ဟု စနေထင်သည်။ ဆွတ်ပျံ့တို့ကတော့ ဘွဲ့သာရထားတယ်၊ နားလည်မှုခက်နေပါလား။

ယောကျ်ားလေးနှစ်ယောက်သည် စက်လှေတွင် ချိတ်ထားသော အသက်ကယ်လှေကလေးပေါ်တွင် ဓားရှည်နှစ်လက်၊ သောက်ရေတစ်ပုလင်း၊ ဓာတ်ဆီတစ်ဂါလံ၊ ဒီဇယ်ဆီတစ်ဂါလံကို စက်လှေကို မူရင်းနေရာသို့ ပြန်ကပ်ခိုင်း၍ ကမ်းသို့လှေကလေးနှင့် လှော်ခတ်သွားကြသည်။

ညက သူတို့သွားခဲ့သောလမ်းကို ရှာကြံကြ၏။

မှတ်ဉာဏ်ကောင်းသလောက် မျက်စိအကင်းပါးသော သူတို့အတွက် သွားလမ်းကိုကောင်းကောင်းသိသည်။

နှစ်ယောက်လုံး၏ စိတ်ထဲတွင် နေ့အလင်းရောင်ကြောင့်လည်းကောင်း၊ ပြဒါးရှင်ကိုရရှိလိမ့်မည်ဟူသောအသိကြောင့်လည်းကောင်း ကြောက်ရွံ့စိတ်တွေ ကင်းနေကြ၏။

"ဟောဒီနေရာဟာ ကျွန်တော်တို့ကို ပိုက်ကွန်တွေနဲ့ ဖမ်းတဲ့နေရာဖြစ်လိမ့်မယ် ... "

တစ်နေရာအရောက်တွင် မင်းစိုးထိုက်က ပြောသည်။ စနေထွန်းက ခေါင်းကိုညိတ်သည်။

သူတို့ ဆက်လျှောက်သွားကြသည်။

ထွက်လာစဉ်က ရှစ်နာရီခွဲ။



သူ့တို့ညက ဖမ်းဆီးချုပ်နှောင်မှုကို ခံခဲ့ရသည့်နေရာသို့ရောက်တော့ ကိုးနာရီခွဲကာနီးပြီ။

အဲသည်မှာ ဆယ်မိနစ်လောက်နားပြီး အရိပ်အခြည်ကြည့်သည်။ သူတို့နားတွင် အမည်မသိ၊ အမျိုးအမည်မဖော်နိုင်သော ဆူးပင် ချုံပင်များရှိသည်။

သစ်ပင်တွေကလည်း ခပ်မြင့်မြင့်ပေါက်နေရာ နေရောင်ခြည်ပင် အလုအယက်ခေါင်းလျှိုးဝင်နေကြရသည်။

တစ်တောလုံးသည် တိတ်ဆိတ်နေ၏။

တစ်ခါတစ်ခါမှ ဒီရေလှိုင်းတို့ ကမ်းခြေသို့ တိုးဝှေ့သံကြားကြရသည်။

"အဖြစ်ကတော့ မယုံနိုင်စရာဘဲဗျ ... ကျွန်တော်တို့ဖြစ်ပုံကို ရန်ကုန်ကလူတွေပြောပြစမ်း ... ဘယ်သူမှယုံကြမှာမဟုတ်ဘူး ကိုစနေထွန်း ... "

"စာရေးဆရာတစ်ယောက်ကိုပြောပြီး အဲဒီအဖြစ်ကို ဝတ္ထုရေးခိုင်းကြည့်ပါလား ... မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်ရေးတယ်လို့ ဆိုကြမှာပဲ ... "

"လောကကြီးမှာ သိပ်ဆန်းကြယ်တဲ့အဖြစ်တွေဟာ စိတ်ကူးယဉ်သလိုပါပဲ ... စိတ်ကူးယဉ်တွေထဲမှာလည်း အဲဒီဆန်းကြယ်တဲ့အဖြစ်တွေဟာ တကယ်ရှိတတ်တယ် ... အဲဒါဟာ ဂမ္ဘီရလို့ပဲ ခေါ်မလားပဲ ... "

"ကဲ ... ကိုစနေထွန်း ... ခရီးဆက်လိုက်ကြဦးစို့ရဲ့ ... ညက အကောင်တွေမျိုးတွေ့ရင် လက်မနှေးနဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက် ပြောစရာမလိုပါဘူးဗျာ ... မိန်းကလေး တစ်ယောက်ကိုချစ်တတ်ဖို့ လက်နှေးရင် နှေးမယ် ... ရန်သူနဲ့ ရင်ဆိုင်ရာမှာ စနေထွန်းလက်မနှေးတတ်ပါဘူး ... ခင်ဗျားအတွက်သာ ခင်ဗျားစဉ်းစားပေတော့ ... "

မင်းစိုးထိုက်က ပခုံးတွေ တွန့်ပြကာ လေကလေး တချွန်ချွန်ထွက်သွားသည်။

ရန်သူအရိပ်အခြည်ကို စနေထွန်းက သုံးသပ်ကြည့်သည်။ သိပ်တိတ်ဆိတ်ခြင်းကို မကြိုက်ပါ။

သစ်ပင်တွေပေါ် ကြည့်သည်။

မင်းစိုးထိုက်လို အလေ့သုံးဆယ်မရှိ။

မင်းစိုးထိုက်က ရှေ့မှသစ်ပင်ငယ်ကလေးတွေ၊ ချုံပုတ်ငယ်ကလေးတွေကို တိုးဝှေ့နေသဖြင့် မြွေကင်းအန္တရာယ်ကို စနေက သတိပေးနေရ၏။

တစ်နေရာအရောက်တွင် စနေနှာခေါင်းကို ပွစိပွစိလုပ်သည်။

မနှစ်မြို့စရာကောင်းသော အနံ့တစ်ခုကို သူက ရှူရှိုက်မိသည်။

ပုပ်အဲ့အဲ့နှင့် နံသောအနံ့။

"ဟာ ... ကိုမင်းစိုးထိုက် ခဏနေဦး ... "

သူက ကျယ်ကျယ်လည်းမပြောရဲသဖြင့် ခပ်လှမ်းလှမ်းမှ မင်းစိုးထိုက်ကို ခပ်အုပ်အုပ်လေသံနှင့် လှမ်းခေါ်သည်။

မင်းစိုးထိုက် ခြေတွေတုံ့သွားသည်။



သူက လှည့်ကြည့်၏။

"ဘာလဲဗျ ... "

"အနံ့ရတယ်ဗျ ... "

"ဘာနံ့လဲ ... "

"ပုပ်စော်လိုလိုပဲ ... မသင်္ကာစရာဘဲ ... "

မင်းစိုးထိုက်က စနေလိုပဲ နှာခေါင်းကို ရှုံ့မဲ့ ရှုံ့မဲ့နှင့် လေထဲခေါင်းမော့ရှူသည်။ ပြီးမှ ...

"ကျွန်တော်တော့ ဘာမှမရဘူး ... "

"ပုပ်စော်နံ့လိုပဲ ... ဟော ... မနံပြန်ဘူး ... "

"အိုး ... အဟားဟား ... "

မင်းစိုးထိုက်က စနေကိုကြည့်ရယ်လျှင် စနေက ...

"ဘာလဲဗျ ... ဘာကြောင်တာလဲ ... "

"ကြောင်တာမဟုတ်ဘူး ... ကျွန်တော် ခုနကလေလည်ခဲ့တဲ့အနံ့ဖြစ်မယ် ... "

"ဟာဗျာ ... ထွီ ... "

စနေထွန်းခမျာ မျက်နှာကလေးရှုံ့မဲ့ပြီး ရှုံ့ရှာစွာ ထွီခနဲ တံတွေးတွေးလိုက်ရုံမက ...

"ခင်ဗျား အတော်စုတ်ပဲ့တဲ့လူ ... လမ်းသွားရင်း လေလည်ရတယ်လို့ ... မြင်းတွေ နွားတွေကျနေတာပဲ ... ထွီ ... "

"တတ်နိုင်ဖူးလေဗျာ ... လူကဓာတ်ကြီးလေးပါးနဲ့ပြီးတယ်ဆိုတော့ ... တစ်ခါတစ်ခါလည်း အဲယားပါဝါ(Air Power) လေးပြရတာပေါ့ဗျာ ... "

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ဗျာ ... ခင်ဗျား အဲယားပါဝါကို အီရတ်သွားပြီး အမေရိကန်လေတပ်နဲ့အနိုင်သွားပြချေ ... ထို့ ခင်ဗျားက မသေခင်ကတည်းက ပုပ်နေတာပဲ ... ဝမ်းလေး ဘာလေး နုတ်ပါဦး ... "

"ရုပ်မြင်သံကြားထဲက ကြော်ငြာတွေမြင်တာနဲ့ပဲ ဝမ်းနုတ်ပြီးသားဖြစ်နေတာပါပဲဗျာ ... အဟီးဟီးဟီး ... "

အားမနာ လျှာမကျိုး အလိုက်မသိသော သေချင်းဆိုးကောင်က တဟီးဟီးရယ်ပြီး ရှေ့မှထွက်သွားတော့သည်။ ရှုံ့ရှုံ့မဲ့မဲ့နှင့် စနေထွန်းက လိုက်သွားရင်း လူ့လောကမှာ နောက်ကျန်နေခဲ့တဲ့ လူဟာ ရှေ့မှလူရဲ့ အရှိုးအီးရှူနေရပါကလားဟူသော သံဝေဂနှင့် လိုက်သွားရှာပါတော့၏။

သူက မင်းစိုးထိုက်ထက် အရင်ဦးအောင်ကျော်တက်ခဲ့ပါလေသည်။

"ဟာ ... "

သူ့အသံထွက်သွား၏။

"ဘာလဲဗျ ... နံပြန်ပါကလား ... ဒီတစ်ခါတော့ ခင်ဗျားက ကျွန်တော့်ရှေ့ကနေ ... ကျွန်တော်တရားခံမဟုတ်ဘူး..."

မချိုမချဉ်မျက်နှာနှင့် သစ်ပင်တွေကြားမှတက်လာရင်း မင်းစိုးထိုက်က ပြောသည်။

သူသည်လည်း သစ်ပင်တွေအပြင်ရောက်ရော ...

"ဟိုက် ... အမယ်လေး ... "

သူရော စနေပါ အသံမထွက်လို့မရပါ။



သူတို့ရှေ့တွင် မြေကွက်လပ်ကြီးဖြစ်နေ၏။ ထိုမြေကွက်ထဲတွင် မြောက်များစွာသော လူရိုးစုတွေ စုပုံနေ၏။ လူရိုးစုများမှာ အကောင်းပတိပုံပန်းမပျက်ပါ။

လဲလျောင်းနေကြသည်။ တစ်ခုနှင့် တစ်ခုထပ်နေကြသည်။ လူရိုးစုတွေနှင့် မနီးမဝေးမှာ ကျောက်ခုံကြီးတစ်ခုရှိ၏။ အဲသည်ကျောက်ခုံကြီးမှာမှ သစ်ရွက်များကို ပန်းကုံးလိုလုပ်ကာ ဆွဲပြီး ကိုယ်ယိုးကားယားမှောက်ခုံကြီး မြေပြင်ပေါ်မှ တစ်ဝက်၊ ကျောက်တုံးခုံကြီးပေါ်မှာ ထင့်နေသော အရိုးတစ်စု။

အဲသည်နားမှာမှ ညကတွေ့ခဲ့ရသော မကောင်းဆိုးဝါးသစ်သားနုတ်ရုပ်ထုကြီး။

"ဘုရား ... ဘုရား... ဒါ ညက ကျွန်တော်တို့တွေ့ခဲ့တဲ့နေရာပဲဗျ ... "

"ဟုတ်တယ် ... ကိုမင်းစိုးထိုက် ဒီနေရာဟာ ညကကျွန်တော်တို့ရောက်ခဲ့ပြီး တိုက်ပွဲဖြစ်ခဲ့တဲ့နေရာ ... ဒီမှာတွေ့လား ... ခင်ဗျားတို့ ကျွန်တော်တို့ လက်ချက်နဲ့ ကျိုးပဲ့နေတဲ့ အရိုးစုတွေ ... "

အဲရိုးစုလေးငါးဆယ်ခုမှာ စနေပြောသလို ခေါင်းတခြား ကိုယ်တခြားကျိုးပဲ့နေသည်။

ယခုတော့ အရိုးစုတွေမှာ မလှုပ်နိုင် မရှားနိုင် ငြိမ်သက်နေရသောအခြေအနေရှိနေသည်။

"ဟိုခုံပေါ်ကလူဟာ နတ်ဆရာပဲ ... တွေ့လား ပန်းကုံးနဲ့ ... "

www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်တစ်ပျက် ကျောက်ခုံပေါ်မှာမှောက်ခုံတင်နေသော အရိုးစုကိုပြသည်။

ကျောက်ခုံထိအောင် စနေသွားသည်။ အဲသည်နားမှာလည်း ပြိုနေသော အရိုးစုတစ်စုရှိ၏။

ထိုအရိုးစုတွင် ပန်းကုံးများရှိနေ၏။

သူသည် မင်းစိုးထိုက်အား လက်ညှိုးထိုးပြသည်။

"အဲဒါက သူတို့အချင်းချင်း ရင်ခွဲသတ်ပြီး ကူဒူးနားနတ်ကြီးကို ပူဇော်ခံရတဲ့ မကောင်းဆိုးဝါးမဖြစ်မယ် ... "

ပြောပြီး လှည့်လိုက်တော့ အပင်တစ်ပင်ကိုမြင်လိုက်၏။ ထိုအပင်မှာ ညက မကောင်းဆိုးဝါးနတ်ဆရာခူးခဲ့သော အသီးတချို့ထွက်နေသည့် အပင်။

အသီးမှာ နိုင်ငံခြားပန်းသီးလိုပဲ စိုရွဲမှည့်ရွဲပြီး နီမြန်းသော အရောင်ရှိ၏။

စနေကတော့ ပန်းသီးလို့ပဲ ထင်၏။

ပန်းသီးတော့မဟုတ်ပါ။ အကြောင်းက အပင်က ပန်းသီးပင်နှင့်မတူသောကြောင့်ဖြစ်၏။

မြင်တာနှင့်စားချင်လာသောကြောင့် စိတ်ကိုမထိန်းနိုင်ဘဲ ဆွတ်ယူစားသုံးမိ၏။

သူ့ရင်ထဲမှာ ရေခဲလိုအေးမြကာ ပါးစပ်ထဲ မွှေးကြိုက်သွားသည်။

ပန်းသီးလိုမချိုဘဲ နှင်းသီးလိုနူးညံ့သည့်အတွင်းသားများရှိ၏။



"ဟာ ... ကိုစနေထွန်း ... ခင်ဗျား ဘာတွေလျှောက်လုပ်နေတာလဲ ... မစားကောင်းတဲ့အသီးဆို ခင်ဗျားသေလိမ့်မယ် ... "

မင်းစိုးထိုက် အော်သံကြားမှ သူသတိရလာ၏။ ပန်းသီးနှင့်တူသော အသီးကို လွှင့်ပစ်လိုက်သည်။ သူ့စိတ်ကူးထဲ နတ်ရုပ်ကြီးပေါ်တက်ဖို့ အသိဝင်လာ၏။

◇⊙◇

www.burmeseclassic.com

www.burmeseclassic.com



## ဇာတ်လမ်းစဉ်(၁၆)

"ကဲ ... ခင်ဗျားက ကျွန်တော့်ခြေထောက်အောက်မှာနေ ကျွန်တော်က ခင်ဗျားပခုံးပေါ်တက်မယ် ... တဖြည်းဖြည်း ထိုင်ရာကနေ ထပြီး မတ်မတ်ရပ် ... နတ်ရုပ်ကြီးကို ကျွန်တော်မေးကိုင်ပြီးတက်မယ် ... "

စနေက သူ့အစီအစဉ်ကို ပြောပြ၏။

သူ့ခါးကြားထဲတွင် မှန်သားနှင့် ပြုလုပ်ထားသော ငွေကြုတ်ကလေးတစ်ခုကို ချိတ်ထားသည်။ ကွမ်းရွက်အချို့ကို အိတ်ကပ်ထဲမှာ ထည့်ထား၏။

ဘုရိုင်ယန်ကွက်စိတ်အကျိုအသားရောင်မှာ ညစ်ပေနေသည်။

နှစ်ယောက်လုံး နတ်ရုပ်ကြီးကို မော်ကြည့်နေစဉ် နတ်ရုပ်ကြီးလှုပ်သွားသည်ဟု ထင်ရသည်။

"ကြည့်စမ်း ... ကိုမင်းစိုးထိုက် ... နတ်ရုပ်ကြီးက လှုပ်သွားသလိုပဲ ... "



"ဟုတ်တယ် ... ကျွန်တော်လည်း ထင်လိုက်သလိုပဲ"

"ကျွန်တော်တော့ မယုံဘူးဗျာ ... ရောက်မှတော့ မထူးဘူး ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်ပဲ ... "

စနေက သိပ္ပံသမားပီပီ မယုံမကြည်ဆိုသည်။ ထိုစဉ် သူ့နားထဲ လူတစ်ယောက်၏ 'မလုပ်နဲ့ ... မလုပ်နဲ့ ... 'ဟူသော အော်ဟစ်ပြောဆိုသံလို ကြားရသည်။

နားတွေထဲကို လက်ညှိုးနှင့် ထိုးမွှေပစ်၏။

"ဘာလုပ်တာလဲ ... "

"နားယားလို့ ... "

ပြောလိုက်သော စနေထွန်း၏မျက်နှာမှာ တစ်မျိုးဖြစ်နေသည်ဟု မင်းစိုးထိုက်ထင်၏။

"ကဲ ... လုပ်ဗျာ ... "

မင်းစိုးထိုက်က နတ်ရုပ်အောက်ပိုင်းဘက် မျက်နှာမူကာ ထိုင်ပေး၏။ လေဒဏ် မိုးဒဏ်ကြောင့် ရုပ်တုကြီးမှာ ရေညှိတွေတက်၍ ပြောင်ချောလျက် ပွတတကြီးဖြစ်နေ၏။

နတ်ရုပ်ပေါင်ပိုင်းကိုကိုင်ပြီး စနေက သူ့ခြေထောက်နှစ်ဖက်နှင့် မင်းစိုးထိုက်၏ပခုံးနှစ်ဘက်ကို ခွနင်း၏။

"ထတော့ ... "

ပခုံးနှစ်ဖက်ပေါ်တွင် တည်ငြိမ်စွာရပ်ကာ စနေထွန်းကပြောသည်။ နတ်ရုပ်တုကြီး၏ ပြောင်ချောနေသော သစ်သားပေါင်ရင်းကြီးကို မှေးကိုင်လျက် မင်းစိုးထိုက်က ထသည်။

အားကောင်းမောင်းသန်ယောကျ်ားများ...ကာ

www.burmeseclassic.com

www.burmeseclassic.com



အရပ်အမောင်းကောင်းကြသူမို့နတ်ရုပ်ကြီး၏မျက်လုံးအထိ ကောင်းကောင်းမီသည်။

စနေက သူ့ဘိုဝိဓားဦးနှင့် နတ်ရုပ်တုကြီး၏ မျက်လုံးတစ်ဖက်ထဲ ထိုးထည့်လိုက်စဉ် မချည့်မဆံ့အော်သံတစ်ခုလို ကြားလိုက်ရ၏။

မင်းစိုးထိုက်အော်သံထင်ပြီး ငုံ့ကြည့်၏။

မင်းစိုးထိုက်က ဘာမှမဖြစ်သလို ပကတိမော်ကြည့်နေတာကိုတွေ့ရမှ နတ်ရုပ်ထဲရှိ တောက်ပနေသော ငွေရောင်အလုံးကလေးတစ်လုံးကို ဓားဦးနှင့်ကော်ထုတ်လိုက်သည်။

ကွမ်းရွက်နှင့် ယင်းငွေရောင်လိုတောက်ပနေသော ဆီးစေ့ခန့်အလုံးကလေးကို ငုံမိသည်အထိ လုံးထွေးဖုံးအုပ်ကာ ခါးတွင်ချိတ်ထားသော ငွေကြုတ်ကလေးထဲကို ထည့်လိုက်ပြီးအပေါ်မှ ကွမ်းရွက်နှင့် ကြုတ်ကို ပြန်အုပ်သည်။

ကွမ်းရွက်များနှင့်လုံးထွေးပြီး ကြုတ်ကို သူ့ဘောင်းဘီဘေးအိတ်ထဲ ထည့်လိုက်၏။

ထိုစဉ်မှာပင် လေပြင်းတွေ တိုက်သလို တဝိုးဝိုးအသံပေါ်လာသည်။ သစ်ပင်တွေက မလှုပ်ရှားဘဲ အဲဒီအသံကြီးပေါ်တာကို မိမိတွင်မက မင်းစိုးထိုက်ကပါ ကြားသလိုဖြစ်လာ၏။

ထို့ပြင် သစ်သားနတ်ဆိုးရုပ်တုကြီးထဲမှ တဒီးဒီးအော်သံတွေက ပျားကောင်များပျံဝဲသလို အသံတွေ။

"ဆင်း ... ဆင်း ... မြန်မြန်ဆင်း ... "

မင်းစိုးထိုက်က သတိပေးသည်။ သူလည်း ထိုင်ချ



သည်။ စနေမှာ တစ်စုံတစ်ယောက်က သူ့ရင်ကို တွန်းလိုက်ခြင်းခံရသည့်နှယ် ပက်လက်လန်ကျသွား၏။

သို့လင့်ကစား ...

သူက အလျင်အမြန်ခုန်ချလိုက်သည်နှင့် ကြုံသောကြောင့် ဘာမှမဖြစ်ပါ။

သူတို့နှစ်ယောက်သည် မရွံ့မရှာဘဲ အရိုးစုတွေကို ဆွဲယူစုပုံ၏။ နတ်ရုပ်တုကြီး၏ခြေရင်းမှာဖြစ်သည်။

"ကဲ ... တစ်ဘဝလူတွေ မင်းတို့လွတ်ရာကျွတ်ရာသွားကြပေတော့ ... "

မင်းစိုးထိုက်က ပြောရင်း ဓာတ်ဆီတွေ၊ ဒီဇယ်ဆီတွေကို သစ်သားနတ်ဆိုးရုပ်ကြီး၏ ကိုယ်အောက်ပိုင်းရော၊ စုပုံထားသော အရိုးစုတွေပေါ်ကိုပါ လောင်းချသည်။

ပြီးတော့ စနေက ဂက်(စ်)မီးခြစ်ကို ခြစ်ကာ အရိုးစုပုံထဲ မီးခြစ်ကို ပစ်ထည့်လိုက်သည်။

လောင်စာဆီဆွဲနေသော အရိုးစုပုံကြီးမှာ ဝုန်းခနဲထလောင်တော့၏။

မီးတောက်ကြီးက ကြောက်မက်ဖွယ်ရာ ထိုးတက်လာသည်။ နတ်ဆိုးရုပ်ကြီးကိုပါ ဝါးတော့၏။

"အန်ကယ်ရေ ... အန်ကယ့်အသည်းနှလုံးတွေကိုပါစားတဲ့ ဒီနတ်ရုပ်တုကြီးကို ကလဲ့စားချေပေးလိုက်ပြီ အန်ကယ်ရေ"

စနေက အော်ပြောသည်။ ထိုစဉ်မှာပင် သူတို့နားထဲ ငိုညည်းသံတွေ၊ အော်ဟစ်သံတွေကြားလာရသည်။ ဘာအကောင်

www.burmeseclassic.com

www.burmeseclassic.com



အထည်မှ မမြင်ရပါ။

နှစ်ယောက်သား ဓားရှည်တွေဆွဲကိုင်ကာ ခပ်သုတ်သုတ်ထွက်ပြေးလာကြသည်။

သူတို့နောက်မှာ ကျန်ရစ်ခဲ့တာက မီးဟုန်းဟုန်းတောက်လောင်ကာ ကျန်ရစ်ခဲ့သော သစ်သားရုပ်တုကြီးနှင့် အရိုးစုတွေ။

လူငယ်နှစ်ယောက်၏စွန့်စားမှုတွေကို မိုက်ရူးရဲလား၊ သူရဲကောင်းလားလို့ သိသူမြင်သူတွေက အတိအကျပြောနိုင်စွမ်းရှိမည်မဟုတ်ပါ။

ဆယ့်နှစ်နာရီကျော်တွင် ကမ်းခြေသို့ရောက်လာကြ၏။ လူအားလုံးသည် စက်လှေပေါ်တွင် စိတ်ပူစွာ စောင့်နေကြသည်။

စနေတို့ ပြေးလာတာကို မြင်တော့ ဟေးဟေးဟုပျော်ရွှင်မြူးတူးစွာ အော်ကြတော့၏။

စက်လှေပေါ်ကို စနေတို့ရောက်လျှင် ဦးစွာ စနေကိုပြေးဖက်သူတွေက ဆွတ်ပျံ့နှင့် သိုက်သိုက်။

မင်းစိုးထိုက်က စိတ်တိုစွာ ရေရွတ်လိုက်၏။

"ငါ့ကျတော့ ဘယ်သူမှကြိုမဲ့ ဖက်မဲ့လူမရှိဘူး ... "

◇⊙◇



သူတို့စက်လှေက ကူဒူးနားကျွန်းမှ ထွက်ခွာလာသည်။

စက်လှေခွာစဉ် တစ်ကျွန်းလုံးမှာမီးခိုးတွေဖုံးနေချေပြီ။

စနေတို့ရှို့ခဲ့သောမီးက တောကိုပါ ဆက်လက်လောင်ဟာန်ရှိပါသည်။

စနေတို့ မျက်စိအောက်မှ ကျွန်းကိုပျောက်ကာ မီးခိုးငွေ့ကလေးတွေကို တောက်ဆဲနေရောင်မှာ မြင်နေရချိန်တွင် စနေကလည်းကောင်း၊ မင်းစိုးထိုက်ကလည်းကောင်း သူတို့အတွေ့အကြုံတွေကို ကုန်းပတ်အထက်မှာ ပြောကြားခဲ့၏။

ပြီးတော့ ပြဒါးရှင်ကိုကြည့်ချင်သူများအား ပြလို့မဖြစ်နိုင်ကြောင်း ကြေညာလိုက်သည်။

စက်လှေအလုပ်သမားတွေကို မပြသော်လည်း ဦး

www.burmeseclassic.com

www.burmeseclassic.com



သာမြတ်အပါအဝင် ဆွေခက်နှင့် ဆွတ်ပျံ့တို့ကို တိုးတိုးတိတ်တိတ် ကတ်ဘင်ထဲမှာ ပြ၏။

စက်လှေလုပ်သားများမှာ ငွေကြေးကလွဲပြီး ဘာမှ စိတ်မဝင်စားသဖြင့် အတင်းအဓမ္မတောင်းဆိုကြည့်မည့်သူလည်း မရှိပါ။

ကြုတ်၏ဘေးကဖြစ်သော မှန်ကလေးထဲတွင်မြင်ရသော ကွမ်းဖက်နှင့် ဖုံးအုပ်ထားသည့် ပြဒါးရှင်မှာ အလုံးအထည် မမြင်မတွေ့ရသော်လည်း ပြဒါးရှင်ရှိနေကြောင်းတော့ ထင်ရှား၏။

နံရံနှင့်တွဲရိုက်ထားသော ခုံပေါ်တွင်တင်ထားသော ကြုတ်အတွင်းမှ ကွမ်းရွက်မှာ လှုပ်နေသည်။

ကြုတ်က မလှုပ်ဘဲ အတွင်းမှပြဒါးအုပ်ထားသော ကွမ်းရွက်က လှုပ်နေသဖြင့် ပြဒါးအသက်ဝင်နေသည်ဟု ဦးသာမြတ်က ဆိုသည်။

ထုတ်ကြည့်ချင်ပေမဲ့ မထုတ်ရဲ။

ပြဒါးရှင်ဆိုတော့ ပြဒါးပျံပြေးမှာစိုးသည်ဟု စနေက ပြော၏။

ပြဒါး၏အစွမ်းသတ္တိကို သူသိသည်။

လက်နှင့်ကိုင်ထားတာတောင် မြဲလှသည်မဟုတ်။

တစ်ခုတော့ ထူးဆန်းတာဖြစ်ပွားသည်။ ပြဒါးကို ကြည့်၊ ကြုတ်ကို လုံခြုံသောနံရံကပ်ဗီရိုထဲမှာ သိမ်းဆည်းပြီးနောက် မနက်စာစားပြီး စနေတစ်ရေးအိပ်သည်။

ခဏကလေးအတွင်းမှာပင် သူ့အခန်းထဲမှ အော်သံ



ကြီးကြားရသည်။

လူတွေက အပြေးအလွှား သူ့ကက်ဘက်ကိုသွား၏။

မင်းစိုးထိုက်မှာ အိပ်သာတက်နေခိုက်ဖြစ်၏။

စနေသည် အိပ်စင်ထက်တွင် အိပ်ရာမှ သူ့လည်ပင်းကို သူညှစ်နေသည်။

"အမယ်လေး ... ဒုက္ခပါပဲ ... လုပ်ကြပါဦး ... "

ဒါကိုကြည့်ကာ ဆွတ်ပျံ့ကအော်ဟစ်သည်။ ပွဲနင်းကြီးမှာ ပွဲကိုင်မှုကို သူ့လူတစ်ယောက်အား ပေးထားခဲ့ပြီး ဆွတ်ပျံ့နှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့သူ။

သူကပဲ စနေကို 'မောင်စနေ ... မောင်စနေ'ဟု ခပ်ကြမ်းကြမ်းလှုပ်ကိုင်ခေါ်သည်။

လည်ပင်းမှ လက်ကိုဖြုတ်သည်။

စနေ သတိရလာ၏။ ဟင်ခနဲ အသံထွက်ကာ ထထိုင်၏။

"မင်း ဘာဖြစ်တာလဲ ... မောင်စနေထွန်း ... "

သည်တော့ စနေထွန်းက ...

"ကျွန်တော် ဘာဖြစ်လို့လဲ ... "

"မင်းပဲ မင်းကိုယ်မင်း အော်ပြီး အိပ်ရာထဲမှာ လည်ပင်းကို ညှစ်နေတယ် ... "

စနေက စဉ်းစား၍ ...

"ကုဒုံးနားနတ်ဆိုးကြီးကို အိပ်မက်မက်တာပါ ... ကြောက်စရာကြီးဗျာ ... ကျွန်တော့်ဆီရောက်လာပြီး ငါ့ကိုပေး

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဥစ္စာပေးလို့တောင်းတယ် ... ”

“ဗမာစကားနဲ့လား ... ”

“ဟုတ်တယ် ဦးလေး ... အဲဒီလိုတောင်းပြီးရော ကျွန်တော့် လည်ပင်းကိုညှစ်တော့တာပဲ ... ကျွန်တော်လည်း လန့် အော်မိတော့တာပဲ ... ”

“မနက်က မင်းတို့ပင်ပင်ပန်းပန်းလုပ်လိုက်ရတာရယ် ... မဟုတ်တရုတ်အသံတွေကြားတော့ စိတ်စွဲပြီး အိပ်မက်မက် တာဖြစ်မယ် ... ဘာကြောင့်လဲဆိုတော့ မင်းပြောခဲ့တဲ့ ကုဒူးနားနတ်ဆိုးကြီးဟာ ဗမာလိုမှမတတ်ဘဲ ... ဗမာလိုပြော တယ်ဆိုကတည်းက မင်းစိတ်ထဲမှာ စွဲနေလို့ဖြစ်မှာပဲ ...”

စနေက သက်ပြင်းချလိုက်၏။ အိမ်သာတက်ရာမှ အပြေးအလွှားရောက်လာသော မင်းစိုးထိုက်က သည်အကြောင်းသိရလျှင် ရယ်သည်။

“ခင်ဗျား နတ်ဆိုးကြီး ဒီပင်လယ်ကိုရေကူးပြီးလိုက်မလာနိုင်ပါဘူးဗျာ ... ”

စနေက ငိုင်နေသည်။ အကြောင်းမှာ သူ့စိတ်မှာ ဘာကြောင့်မသိ လေးလံထိုင်းမှိုင်းနေသည်။

သိုက်သိုက်က စနေကိုကြည့်ရင်း မျက်နှာကို အထိတ်တလန့် အမူအရာနှင့် လက်ညှိုးထိုးလျက် ...

“ကြည့်ပါဦး ... အစ်ကို့မျက်နှာဘယ်လိုဖြစ်တာလဲ ... ပြာညိုကြီးဖြစ်နေတယ် ... ”

သူမစကားမှန်သည်။ လူတွေက စနေ၏မျက်နှာမှာ



ဖြူဝင်းပြောင်ချောနေရာ ယခုပြာညိုညိုကြီးဖြစ်စပြုနေသည်ဟု ပြောကြ၏။

စနေ မျက်မှောင်ကုတ်လိုက်၏။

ဆွတ်ပျံ့ဆီမှ မှန်သေးလေးတစ်ချပ်ကိုတောင်းယူလိုက်သည်။

ဟုတ်ပါရဲ့ ... ။

သူ့မျက်နှာမှာ ညိုပြာပြာကြီးဖြစ်စပြုနေ၏။ သူတုန်လှုပ်သွားသည်။

ဘာဖြစ်ပြီလဲ။

ဒါပေမဲ့ ညအိပ်ရာဝင်ချိန်အထိ ညိုပြာပြာဖြစ်သည်က လွဲ၍ ဘာမှထူးခြားမလာသောကြောင့် အားလုံးစိတ်သက်သာရာ ရသွားသည်။

စက်လှေက နှေးနှေးမှန်မှန် ခုတ်နေသည်။

ကျွန်းတချို့ကို ဖြတ်လာသည်။ မြန်မာ့ရေပိုင်နက် ဘင်္ဂလားပင်လယ်အော်ထဲသို့ရောက်နေကြောင်း ဆွေခက်က အသိ ပေးသည်။

ရန်ကုန်သို့ပင် ခုတ်မောင်းမည်ဖြစ်သည်။

ညနေပိုင်းလောက်တွင် စက်လှေပေါ်တွင် ရုတ်ရုတ် သဲသဲဖြစ်တော့သည်။

စနေထွန်းက ကိုယ်တွေယားလာကြောင်း ဆွတ်ပျံ့ ကိုပြောသည်။ ဆွတ်ပျံ့က ရှီးရှီးပဲတင်ကာ ယားသည့်နေရာတွေကို ပါလာသော မက်ဖင်ကယ်ဆေးနှင့် လိမ်းပေး၏။

www.burmeseclassic.com

www.burmeseclassic.com



မသက်သာပါ။

မဖုအပိန့်တွေ ထွက်လာ၏။

မျက်နှာမှ အရောင်မှာမပျောက်သည့်အပြင် ယောင်အမ်းသလိုပင်ဖြစ်လာသည်။

ညနေပိုင်းတွင် စနေ၏အခန်းကို ဝင်မိသော ဆွတ်ပျံ့မှာ ထိတ်ထိတ်လန့်လန့် ငိုသံပါအောင် ငိုမိတော့၏။

ကြားရသော လူတွေက ကက်ဘင်ရှိရာသို့ ပြေးလာကြသည်။ စနေသည် မှန်တစ်ချပ်ကိုကိုင်ပြီး သူ့မျက်နှာကို သူကြည့်နေသည်။

နှာခေါင်းမှာ ကြီးမားကာ အရိုးကြီးတစ်ခု ဖုထွက်သလိုထွက်နေသည်။ ဆံပင်တွေရှည်ကာ မျက်နှာတွင် နီကြောင်ကြောင်အမွေးတွေပေါက်နေသည်။ ပါးစပ်က မို့နေသည်။

မျက်လုံးတွေက နီရဲရဲ။

လက်တစ်ခုတွင် အရိုအဖုကြီးတစ်ခု ထွက်နေရုံမက ၄င်းလက်တွင်လည်း နီကြောင်ကြောင်အမွေးတွေ။

"ဟာ ... "

"ဘယ်လိုဖြစ်တာလဲ ... "

"ဟိုက် ... တစ်မျိုးကြီးပါလား ... "

သူတို့တစ်ယောက်တစ်ပေါက် ပြောမိဆိုမိကြသည်။ စနေမှာ သူ့ရုပ်ကို သူမှန်ထဲမြင်ကတည်းက ယူကြုံးမရဖြစ်နေသည်။

ဘယ်လိုအကြောင်းကြောင့် သည်လိုဖြစ်ရပါလိမ့်။

"ကိုရယ် ... ကို ... ကို ဘယ်လိုဖြစ်တာလဲ ... "



ဆွတ်ပျံ့က ငိုသံပါလေးနှင့် သူ့လက်ကိုလှုပ်ခါလှုပ်ခါပြီး မေးသည်။

သတင်းစကားတွေကြောင့် စက်လှေပေါ်မှ လူတွေက စနေထွန်းကို လာလာကြည့်ကြ၏။ ဦးသာမြတ်က သူ့လူတွေကို အော်သည်။

"ဟေ့ကောင်တွေ ကိုယ့်လုပ်ငန်းကိုယ်လုပ် ... ဒါပွဲကနေတာမဟုတ်ဘူး ... သွားကြ ... စက်မောင်းတဲ့အကောင်မောင်း ... ပဲ့ကိုင်တဲ့အကောင် သွားကိုင် ... စက်လှေမှောက်မယ် ... နင်အမေကလွှား ... "

ဆူဆဲလွှတ်သည်။ သူကတော့ မသွား။ လူကြီးပီပီ မေးနေချေသည်။

"မင်း ဘာတွေများ အမှားလုပ်ခဲ့သလဲ ... ဥပမာတောထဲမှာ အပြောမှားတာတို့ ... တောထိုင်မိတာတို့ ... "

စနေက ဝမ်းနည်းကြေကွဲစွာ ခေါင်းကိုယမ်းပြသည်။

"ဒါဆို ... မင်းကို ဟိုကူဒူးနားနတ်ကြီးများ ပြုစားလိုက်သလား ... "

စနေက ခေါင်းယမ်းပြန်သည်။ ပထမတော့ အဘိုးကြီးစကားကို လက်ခံချင်သလိုလို၊ နောက်စဉ်းစားပြီး ခေါင်းယမ်းပြခြင်းဖြစ်သည်။

အဘိုးကြီး စဉ်းစား၏။ နောက် ...

"မတော်မတည့်တာတွေများ မင်းစားခဲ့သေးလား ... "

စနေက ခေါင်းယမ်းမည်အလုပ် ဘေးတွင်ရှိသော မ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာနှင့် ကြည့်နေသော မင်းစိုးထိုက်က ...

"ဟာ ... ဟော့လူ ... ခင်ဗျားစားတယ်လေ ... ဟိုပန်းသီးလို အသီးမျိုးစားတာလေ ... "

သည်တော့မှ ...

"ဟုတ်တယ် ... ကျွန်တော် စားခဲ့မိတယ် ဦးလေး ... ဒါပေမဲ့ အကုန်လုံးမဟုတ်ပါဘူး ... တစ်ကိုက် နှစ်ကိုက်စားတာပါပဲ ... ကျန်တာ လွှင့်ပစ်လိုက်တယ် ... "

"မင်းနှယ်ကွာ ... ပါးစပ်နဲ့ လျှာကို မထိန်းဘဲ ကြုံကြုံဖန်ဖန် စားတယ် ... အဲဒီအသီးမစားကောင်းတဲ့အသီးမို့ အဆိပ်သင့်တာပဲကွ ... "

"ဒါဆိုရင် ... ဘာလုပ်ရင် ကောင်းမလဲဟင် အဘ ... "

ဦးသာမြတ်ကို ဆွတ်ပျံ့က အားကိုးတကြီးမေးသည်။

"အဘ ... အဲဒါတော့ မကုတတ်ဘူးကွယ် ... ရန်ကုန်ရောက်မှပဲ ဆေးရုံတက်ပြီး ကုပေါ့ကွယ် ... "

"ရန်ကုန်အထိလည်း ရောက်ရော ကျွန်တော်လည်း မျောက်လုံးလုံးဖြစ်ပြီပေါ့ ... "

စိတ်ပျက်ဝမ်းနည်းစွာ စနေထွန်းက ပြောလျှင် ဆွေခက်က ...

"ဒီတော့လည်း တိရစ္ဆာန်ရုံမှာ သွားနေလိုက်ဗျာ ... "

"ဟင် ... ရှင် ဘာပြောတာလဲ ... "

သိုက်သိုက်က မခံနိုင်သဖြင့် ရန်တွေ့လိုက်သည်။



သည်တော့လည်း ဆွေခက် ခေါင်းပုသွားသည်။

သိုက်သိုက်က စိတ်ကူးရလာဟန်နှင့် ...

"ကိုကို ... ဒီလိုလုပ်ရင် မကောင်းဘူးလား ... "

"အင်း ... ပြော ... "

"ကိုကိုတို့ယူလာတဲ့ ဓာတ်လုံးရှိတယ်လေ ... အဲဒီဓာတ်လုံးကို ရေထဲစိမ်ပြီး တိုက်ကြည့်ပါလား ... ဒီဓာတ်လုံးက ရုပ်ပြောင်းရုပ်လွှဲရတယ်ဆို ... အစွမ်းထက်ရင် သူ့ဒီရုပ်ကြီးပျောက်ပြီးတော့ နဂိုရုပ်ပြန်ဖြစ်လာမှာပေါ့ ... "

"ဟုတ်တယ် ... ဟုတ်တယ် ... သိုက်သိုက်ပြောတဲ့အကြံကောင်းတယ် ... ဖြစ်နိုင်တယ် ... "

ဝမ်းသာအားရနှင့် ဆွတ်ပျံ့က ပြော၏။

ထိုအကြံကို အားလုံးလက်ခံကြကာ သိုက်သိုက်ကို စိတ်ကူးကောင်းသော မိန်းကလေးဟု ချီးမွမ်းကြသည်။

သိုက်သိုက်မှာ စနေထွန်းမျောက်ပုံစံဖြစ်လာသည်ကို ကြည့်ပြီး ရင်ထဲမှာ ကြေကွဲနေမိသည်။

သူမအကြံပေးသလို ဖြစ်ပါစေဟု ဆုတောင်းမိ၏။

ကြုတ်ထဲမှပြဒါးရှင်ခေါ်သည့် ပြဒါးဓာတ်လုံးကို ဦးသာမြတ်ကအများဆန္ဒအရ ထုတ်ယူသည်။

သူက ဘုရားတရားနှင့်မို့ သူပဲကိုင်ထိုက်သည်လို့ အများက ယူဆ၏။

ဖန်ခွက်တစ်လုံးထဲ ရေထည့်၏။

တောက်ပြောင်နေသော ပြဒါးလုံးကို ကွမ်း[illegible]မှ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ကာ လက်ညှိုးလက်မနှင့် ညှပ်ကိုင်ကာ ရေတွင်နှစ်သည်။

ပြဒါးလုံးမှာ တဝင်းဝင်း တပြောင်ပြောင်ဖြစ်နေပါသည်။

ဦးသာမြတ်က ပါးစပ်မှ တစ်စုံတစ်ခုကို တတွတ်တွတ်နှင့် တီးတိုးရေရွတ်သည်။ လူတွေက အကဲခတ်နေကြသည်။

ထို့သည်နောက် ဓာတ်လုံး သို့မဟုတ် သူတို့အခေါ် ပြဒါးရှင်ကို ကွမ်းရွက်နှင့် ပြန်လုံးအုပ်ပြီး ကြုတ်ထဲပြန်ထည့်၏။

အဲသည်အချိန်မှာ ဆွတ်ပျံ့က ပြဒါးရှင်ရေစိမ်ရေကို ကိုင်ကာ ...

"ဒါတွေဟာ ဒက်ဒိဂျေးဓူးတွေပဲ ... ဒက်ဒီပြောလို့ သိထား ရတာတွေပဲ ... ကဲ ... ကို သောက်တော့ ..."

ဖန်ခွက်ကိုယူ၍ စနေထွန်းက ဖန်ခွက်တွင်းရှိရေကို သောက်ချလိုက်သည်။

"ဟား ... ရင်ထဲကို အေးဆင်းပြီး ဘာကြောင့်မှန်းမသိဘူး တစ်ကိုယ်လုံးကို ကြက်သီးဖြန်းဖြန်းထသွားတာ ..."

စနေကပြောပြီး ဖန်ခွက်ကို ပြန်ပေးသည်။ လူတွေက သူ့အခြေအနေကို စောင့်ကြည့်နေကြသည်။

စနေတွင် ဘာမှပြောင်းလဲမှု ဖြစ်မလာပါ။

သူက လူတွေကိုလှမ်းကြည့်ကာ မချည့်သွားဖြီး နှင့် တိုးတိုးကလေး ပြောသည်။

"တို့မျောက်ဖြစ်လာမှာကို စောင့်ကြည့်နေကြတာလား ... ဟင် ... စောင့်ကြည့်နေကြတာလား ..."



ဆွတ်ပျံ့ရင်ထဲ နင့်ခနဲခံစားလိုက်ရသည်။

သိုက်သိုက်မှာ မျက်ရည်ကလေးဝဲသွား၏။ ပြီးတော့ ငိုသံပါလေးနှင့် ...

"အစ်ကို ဘာမှလည်း မပြောင်းလွဲပါလား ... စနေထွန်းရဲ့ နဂိုရုပ်ကို ပြန်မလာတော့ဘူး ... ဒီဓာတ်လုံးလည်း မစွမ်းပါဘူး ... အလကားပဲ ..."

"ဟုတ်တယ် ... ဘယမှာမှမထူးခြားဘဲ ... ဖွတ် ..."

ခွေခက်က ပြောပြီးထွက်သွားသည်။ အားလုံးပင် ညှိုးငယ်သွားသည်။ ဦးသာမြတ်က ...

"လူမှာ ဝဋ်ကြွေး ... ကံကြွေးဆိုတာ ရှိတယ် ... ဝဋ်ပါလာရင်တော့ ခုလိုမဖွယ်မရာဖြစ်လာတာဘဲ ... ဒါပေမဲ့ စောင့်ကြည့်ကြပါဦးလေ ..."

ဒါပဲပြောပြီး ထွက်သွားသည်။

စနေက နီးရာအောက်အိပ်စင်ပေါ် ထိုင်ချလိုက်သည်။ ပန်းသီးနှင့်တူသော အသီးကို မဆင်မခြင်စားခဲ့မိတာကို နောင်တရနေသည်။

သူ ဒီဘဝနှင့် လူတောထဲ ဘယ်လိုတိုးမလဲ။

လူတွေက သူ့အပေါ် ဘယ်လိုဆက်ဆံကြမှာလဲ။

ဆွတ်ပျံ့ကကော သူ့ကိုတိရစ္ဆာန်တစ်ပိုင်း လူတစ်ပိုင်း ဖြစ်နေတာကို ချစ်နိုင်ပါဦးမလား။

တွေးနေစဉ် သူ့တစ်ကိုယ်လုံး ယားယံလာသည်။

"အား ... ယားတယ် ... ယားတယ် ..."

www.burmeseclassic.com

www.burmeseclassic.com



သူက ထအော်ပါတော့သည်။ လူတွေအထိတ်ထိတ် အလန့်လန့်ဖြစ်ကုန်ပါသည်။

စနေမှာ ယားယံမှုကြောင့် တစ်ကိုယ်လုံး ဟိုကုတ် ဒီကုတ်ဖြစ်ကုန်သည်။

ထိုသည်နောက် တဖြည်းဖြည်းငြိမ်ကျသွား၏။

မေ့မြောသွားခြင်းသာဖြစ်သည်။ ဆွတ်ပျံ့မှာ မျက်ရည်တွေ စီးကျလျက်က စနေကို တတွတ်တွတ်ခေါ်နေ၏။

စနေက မသိတော့။

ထိုအခိုက်မှာပဲ သိုက်သိုက်က စနေ၏မျက်နှာကို လက်ညှိုးထိုးအော်လိုက်၏။

စနေ၏မျက်နှာတွင် ရှိနေသောပြာနှမ်းနှမ်းညိုတိုတို အရောင်တွေ တဖြည်းဖြည်းဆုတ်ယုတ်ပျောက်ကွယ်လာကာ နဂို သွေးရောင်များ ပြန်ဖုံးလာသည်။

အမွှေးအမျှင်တွေလည်း ကျွတ်ကျကုန်သည်။ လူတစ်ယောက်၏ ပြောင်ရှင်းသော နဂိုပကတိအရေးပြားပြင်များပေါ် လာသည်။

ယင်းမှပြည့်တင်းသော အသားအရေနှင့်အတူ မို့ သောပါးစပ်မှာလည်း ပိန်ချိုင့်ပျောက်ကွယ်သွား၏။

အရေပြားတို့သည် ပြည့်တင်းရာမှ မသိမသာအရေး အကြောင်းကလေးတွေပြန်ပြောင်းသွား၏။

မျက်နှာသွင်ပြင်ပါ တစ်စပြီးတစ်စပြောင်းလာ၏။

"ဟာ ... "



"ဟယ် ... "

"ဟာ ... ကြည့်စမ်း ထူးလိုက် ... "

"ကို ... "

တစ်ယောက်တစ်ပေါက် အသံတွေ ... ။

အဲသည်အခိုက်မှာ စနေပြန်သတိရလာ၏။ သူက ငိုရှိုက်နေသော ဆွတ်ပျံ့ရင်ခွင်ထဲမှ လူးလဲထလိုက်၏။

"ဘယ်လိုဖြစ်တာလဲ ... "

ဆွတ်ပျံ့က ကြောက်ကြောက်လန့်လန့်အော်သည်။

"ဆွတ်ပျံ့ ... ကိုယ် ဘာဖြစ်သွားတာလဲ ... အိပ်ပျော်သွားသလိုပဲ ... "

"ကိုယ့်ကိုယ်ကို မှန်ထဲပြန်ကြည့်ပါဦး ... "

ပြောလည်းပြော ဆွတ်ပျံ့က ထိုင်ရာမှတုန်လှုပ် ချောက်ချားစွာ ထရပ်သည်။

စနေက ဘေးမှမှင်သက်နေသော လူတွေကိုကြည့် ပြီးသော် အိပ်စင်ထက်မှ မှန်ချပ်ကို ဆွဲယူလိုက်သည်။

မှန်ထဲရှိ သူ့ရုပ်ကို ကြည့်လိုက်၏။

"ဟာ ... "

သူအလန့်တကြားအော်သည်။ မှန်ကိုလည်း စိတ် ဆိုးမာန်ဆိုးလွှင့်ပစ်လိုက်မိသည်။

မှန်ထဲမှာ တွေ့ရသော သူ့ရုပ်သွင်မှာ ငယ်ငယ်ချော ချော စနေထွန်း၏ရုပ်သွင်မဟုတ်တော့ပါ။

ပျိုမြစ်သောနဂိုရုပ်သွင်ကွယ်ပျောက်၍ ထိုနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



အစားဝယ်ယူတာက အသက်ငါးဆယ်နီးပါးရှိ လူကြီးတစ်ဦး၏မျက်နှာ။

ထိုမျက်နှာရှင်ကို စနေထွန်းသိသည်။

ရင်းနှီးခင်မင်ခဲ့သည်။

ယောက္ခမလောင်းကြီး ဦးကေသရာမျက်နှာကြီးပါတည်း။

ဒါကြောင့် ဆွတ်ပျံ့က ဘယ်လိုဖြစ်တာလဲဟု အော်ဟစ်ခဲ့ခြင်းဖြစ်သည်။

ယခုတော့ ဆွတ်ပျံ့မှာ မေ့လဲနေပါချေပြီ။

◇⊙◇



## ဇာတ်လမ်းစဉ်(၁၇)

သည်လိုဖြစ်လိမ့်မည်ဟု စနေမတွေးခဲ့ပါ။

တစ်သက်တွင် ကြုံတောင့်ကြုံခဲသောဖြစ်ရပ်လို့ပဲ ဆိုရပါချိမ့်မည်။

"ကျွန်တော်ပြဒါးရှင်ရဲ့ ရေကို သောက်ချိန်မှာ ဆွတ်ပျံ့က သူ့ဒက်ဒီအကြောင်းပြောတော့ ကျွန်တော့်စိတ်က ဦးကေသရာအကြောင်းတွေးပြီး ဦးကေသရာအကြောင်းနဲ့ပတ်သက်လို့ သူ့ကိုပဲ စွဲမြဲမြင်ယောင်မိတယ် ... အဲဒီမှာ ရေကိုသောက်လိုက်တာပဲ ... "

ဦးကေသရာ၏မျက်နှာကြီးနှင့် စနေထွန်းကပြောပြသည်။ လူတွေ တအံ့တသြဖြစ်ကြသည်။

ဆွတ်ပျံ့မှာ တုန်လှုပ်ထိတ်လန့်မှုတွေဖြစ်ရာမှ ဝမ်းနည်းကြေကွဲခြင်းတို့ရောက်လာ၏။

"ငါ ... ငါ ဒီမျက်နှာကြီးကို ဘယ်လိုချစ်ရပါ့မလဲ ... ဆရာက

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရှင်လာတဲ့ ဒက်ဒီမျက်နှာကြီးကို ... အို ... ငါ့အဖေမျက်နှာကြီးနဲ့ ကို့ကို ငါဘယ်လိုချစ်ရပ့်ါမလဲ ... "

စိတ်ထဲမှာ ဝမ်းနည်းပက်လက်ဖြစ်မိ၏။

စနေ့ကို ဖက်ကာ ဝမ်းနည်းဝမ်းသာငိုကြွေးပြန်သည်။ အသက်ငါးဆယ်ခန့် စနေထွန်းက ဆွတ်ပျံ့ကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိတော့။

သူကိုယ်တိုင် စိတ်ထဲမှာကြေကွဲဝမ်းနည်းနေမိသည်။ ဆွတ်ပျံ့၏ခံစားချက်ကို သူသိ၏။

သူ့တွင်ရှိသော အမွေးအမျှင်မှန်သမျှ အကုန်လုံးပျောက်ကွယ်ကုန်သော်လည်း လူငယ်တစ်ယောက်လို သန်မာမှုအသွင်မှာလည်း လျော့ပါးကုန်ဆုံးခဲ့ပါပြီတည်း။

"အစ်ကို ... အစ်ကို့ဖြစ်ပုံက စိတ်စွဲလန်းရာကို ရုပ်ကသွားလိုက်တာပဲ ... ဒီတော့ ဒီပြဒါးရှင်ခတ်လုံးဟာ အတော်ထိရောက်ပေါက်မြောက်တဲ့ ခတ်လုံးဆိုတာ ထင်ရှားပါပြီ ဒီတော့ အစ်ကို ဒီခတ်လုံးရေထပ်စိမ်ပြီး သောက်လိုက်ပါလား ... အဲဒီတော့မှ အစ်ကို့ရဲ့ မူလအခြေအနေအတိုင်း ပြန်ဖြစ်လာမှာပေါ့ ... "

သိုက်သိုက်၏အကြံပေးချက်က အဆိုးပါ။

ဒါကို မင်းစိုးထိုက်အပါအဝင် လူတွေက ဝိုင်းဝန်းထောက်ခံကြသည်။

ဆွတ်ပျံ့က ဘာမှမပြောပါ။

ဒက်ဒီမျက်နှာကိုပဲ စိုက်ကြည့်နေ၏။ ဒက်ဒီမျက်လုံး



တွေက အကောင်းပကတိအတိုင်းရှိနေပြီး ယင်းမျက်လုံးများတွင် ကြေကွဲမှု ထိတ်လန့်မှုတွေ ရောနေသည်။

မင်းစိုးထိုက်က ခတ်လုံးကိုကြုတ်ထဲမှ အထုတ်တွင် ပြဒါးရှင်ကို တွေးရင်း စိတ်နာသွားသော ဆွတ်ပျံ့က မင်းစိုးထိုက်လက်တွင်းရှိ ကြုတ်ကို လက်နှင့်ပုတ်ချလိုက်သည်။

အမှတ်မထင်မို့ မင်းစိုးထိုက်လည်း မရှောင်နိုင်ပါ။

လက်ရှိမှန်ကြုတ်ကလေးက ပြုတ်ကျသွားကာ အံဖုံးက ပွင့်ထွက်သွားသည်။

အတွင်းရှိ ပြဒါးရှင်လုံးမှာ ကြမ်းပြင်ပေါ်သို့ ပွင့်ထွက်ကျသွားသည်။ ၄င်းအားပတ်ထားသော ကွမ်းရွက်နှင့် ပြဒါးရှင်မှာ တခြားစီဖြစ်သွား၏။

ပြဒါးရှင်ကို မင်းစိုးထိုက်က လှမ်းကောက်လိုက်၏။

သူ့လက်နှင့် ပြဒါးရှင်လုံးထိမိချိန်တွင် အံ့သြဖွယ်ရာဖြစ်လာ၏။

သူ့လက်က ပြဒါးရှင်လုံးကို ဖမ်းယူခြင်းမပြုနိုင်မီ ပြဒါးရှင်လုံးမှာ အထက်သို့ပြန်တက်သွား၏။

သူက 'ဟာ ... ဟာ ... 'ဟု အော်ကာ လိုက်ဖမ်း၏။

တောက်ပသောအရောင်နှင့် ပြဒါးရှင်လုံးမှာ မမိဘဲ အခန်းထဲရှိ လေထဲမှာ ပျံနေသည်။

"ဖမ်းကြပါဗျို့ ... ဖမ်းကြပါ ... လိုက်ဖမ်းကြပါ ... "

မင်းစိုးထိုက်က အော်သည်။ သူကိုယ်တိုင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖမ်း၊ လူတွေလည်း ဖမ်းသည်။

မမိပါ။

လေထဲပျံဝဲရာမှ ကက်ဘင်တံခါးပေါက်သို့ရောက်သွားကာ အပြင်သို့ တစ်ရှိန်ထိုးပျံတက်သွားလျက် ဝင်တော့မည့်နေရောင်ခြည်အောက်ရှိ လေထဲမှာပဲ လွင့်ပျံပျောက်ကွယ်သွား၏။

လူတစ်ယောက်၏ ငိုသံ။

ဘယ်သောအခါမှ မငိုခဲ့ဖူးသော စနေထွန်း၏ ဝမ်းနည်းကြေကွဲလှိုက်လှဲသော ငိုသံ။

◈⦿◈

BURMESE CLASSIC .com

သည်အဖြစ်ကို ကြုံခဲ့ရသူတွေ ဘယ်တော့မှလည်း မေ့နိုင်ကြမည် မဟုတ်ပါ။

တသသပြောနေကြဦးမှာ သေချာသည်။

သူတို့အဖြစ်ကို မသိကြသူတွေထဲမှာ ဘန်ဒွတ်နှင့် ကိုမှိုင်းလည်း ပါသည်။

စနေတို့က သူတို့အား တစ်ပတ်ရိုက်သွားပြီဟု သိထားသည်နှင့် တစ်ပြိုင်နက် သူတို့ ပုသိမ်ကိုအရောက်သွား၏။



ညကြီးမောင်းရသောကြောင့် လမ်းတွင် ကားတိုက်မှုဖြစ်၏။

ပုသိမ်ဝင်ကာနီးမှာဖြစ်ခဲ့ခြင်းပါ။

သည်အမှုက ရဲစခန်းကိုရောက်သည်။ ရဲကစစ်ဆေးသည်။ ဘန်ဒွတ်သည် ကိုမှိုင်း၏အစီအစဉ်နှင့် နိုင်ငံခြားမှ တိုင်းရင်းသားအသွင်ဆောင်လာခြင်းဖြစ်၏။

သူ့တိုင်းရင်းသားမှတ်ပုံတင်မှာ အတုဖြစ်ကြောင်း စစ်ဆေးတွေ့ရှိကာ သူရော ကိုမှိုင်းရော ဖမ်းဆီးခြင်းခံခဲ့ရတော့၏။

ဒါတွေကို ရန်ကုန်ရောက်ပြီး စနေတို့နောက်မှသိရ၏။

စနေ့ရင်ထဲမှာ ကြေကွဲခဲ့ရ၏။

ဦးကေသရာမျက်နှာကြီးနှင့် သူ့ကို ဆွတ်ပျံ့ကာ ဘယ်လိုလုပ် ချစ်နိုင်၊ လက်ထပ်နိုင်ပါ့မလဲ။

သည်တော့ မိမိကိုယ်ကို ကျွန်တော်လူကောင်း၊ မောင်သံချောင်းဖြစ်အောင် ကြိုးစားနေသော ချစ်ဦးသူမင်းစိုးထိုက် ရင်ခွင်ထဲကိုပဲ ပါသွား၏။

သည်နေရာမှာ အချစ်နှင့်ပတ်သက်ပြီး သတ္တိရှိတာက သိုက်သရဖီခေါ် သိုက်သိုက်။

စနေထွန်း ဘယ်ဘဝရောက်နေပါစေ ချစ်မည်ဟူသော ချစ်တရားခွင်မှ ဆုံးဖြတ်ချက်နှင့်အညီ အသက်ငါးဆယ်ခန့် ဦးကေသရာသို့မဟုတ် စနေထွန်း၏ ရင်ခွင်ထဲကို တိုးဝင်လိုက်သည်။

စနေထွန်း၏ကြေကွဲမှုတို့ကို ကုစားပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြဒါးရှင်ထက်တောင် အစွမ်းထက်နေသည့် သိုက် သိုက်လို့ခေါ်မလား။

ဒါမှမဟုတ် အချစ်ကိုးကွယ်သူ သိုက်သိုက်လို့ခေါ် မလား။

စောင့်ကြည့်ရဦးမှာပါ။

BURMESE CLASSIC .com

ဆုံဂူဦးမယ်ကွယ်
စောညို
၂၃-၂-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com

